www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

ရင်ခုန်သံချင်း နိုးခွဲရင်



www.burmeseclassic.com

www.burmeseclassic.com







# ရင်မိုး ၆
## (ဆေးတက္ကသိုလ်)




စီစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







**ခင်မင်မိပါသော စာရေးဆရာမ ယင်းမာမြိုင် ... သို့/**

ဆရာမရှင့် ...

ပထမဦးဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ရမှာမို့ ကျွန်မရဲ့အမည်ကို ပြောပြပါမယ်။ ကျွန်မ နာမည်ကတော့ ခင်စိမ်းမြလို့ ခေါ်ပါတယ်။ ကျွန်မ ဒီစာကို ရေးဖြစ်သွားတာကတော့ ကျွန်မကို ပြုစုနေတဲ့ ကလေးမလေးရဲ့အကြံပေးချက်ကြောင့် ဆရာမလေးဆီရေးဖို့ ဆုံးဖြတ်မိတာပါ။ တကယ်တော့ ကျွန်မ အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဆရာမလေးရဲ့ဝတ္ထုတွေ တစ်အုပ်မှ မဖတ်ဖူးခဲ့ပါဘူး။ စိတ်တော့ မဆိုးပါနဲ့။ ဘာကြောင့်မဖတ်ဖူးသလဲဆိုတော့ ကျွန်မအရွယ်ဟာ ဆရာမလေးတို့ရေးတဲ့ အချစ်ဝတ္ထုကို မပြောနဲ့ ရိုးရိုးသာမန် သတင်းစာ၊ ဂျာနယ်တောင် မနည်းကို ဖတ်ယူရတဲ့ အသက်(၈၀)အရွယ် အဘွားကြီးအိုအရွယ် ဖြစ်နေလို့ပါပဲ။

---

[illegible]

www.burmeseclassic.com

www.burmeseclassic.com



အတွားကြီးအိုဖြစ်မှ ခေတ်ပေါ် အချစ်ဝတ္ထုစာရေးဆရာမလေးဆီ မိတ်ဆက်စာရေးဖြစ်သွားတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩမဆုံးပါဘူး။ တကယ်တော့ ဒီစာရေးရခြင်းအကြောင်းရင်းက ဆရာမလေး ဖိတ်ခေါ်ထားတဲ့ ဆယ်အုပ်မြောက်အမှတ်တရ အထူးထုတ် ဝတ္ထုစာအုပ်လေးအတွက် ပရိသတ်ဆီကရေးပို့လာမယ့် စာတ်လမ်းထဲကနေ ရွေးချယ်ပြီး အသုံးပြုပါမယ်ဆိုတဲ့ အမှာစာလေးကြောင့်ပါ။

ကျွန်မကို လာလာပြုစုပေးရတဲ့ Home Care (မှာမ်းကဲ)လုပ်ပေးတဲ့ ကလေးမလေးကတော့ ဆရာမ ယင်းမာမြိုင်ရဲ့ အမာခံပရိသတ်ပါ။ ကျွန်မဆီ ရောက်လာတိုင်း သူ့ရဲ့ပလတ်စတစ်ခြင်းလေးထဲမှာ ဆရာမရဲ့ဝတ္ထုစာအုပ်ဟာ အမြဲပါလာတာပါ။ သူ့အားလပ်ချိန်လေးတွေမှာ ဝတ္ထုကို သဲကြီးမဲကြီးဖတ်တဲ့ မိန်းကလေးပါ။ ကျွန်မလည်း သူ့ဆီက စပ်စုမိပြီး ဆရာမလေးရဲ့ ဝတ္ထုဇာတ်လမ်းတွေ၊ ဆရာမလေးရဲ့ ကိုယ်ရေးကိုယ်တာတွေ စသဖြင့် သိပြီး ရင်းနှီးနေပါတယ်။

လွန်ခဲ့တဲ့ ဆယ်ရက်လောက်က ဖြစ်မယ်ထင်ပါတယ်။ ကျွန်မကိုပြုစုတဲ့ ကလေးမလေး ... အဲ ... သူ့နာမည်လေးက သူဇာပါရှင့်။ သူဇာက ဝတ္ထုဖတ်ရင်း ဆရာမလေးရဲ့အမှာစာကိုတွေ့တော့ ကျွန်မကို ဖတ်ပြပြီး ဆရာမလေးရဲ့ပို့စကတ်အရွယ် ဓာတ်ပုံလေးကိုပြတယ်။ အမှာစာကတော့ ကျွန်မ ခုနကရေးထားတဲ့ ပရိသတ်ဆီက ဇာတ်လမ်းဖိတ်ခေါ်စာပါ။ သူဇာကလည်း





ဆယ်ကျော်သက်လေးမို့ စိတ်ကူးယဉ် အချစ်ဇာတ်လမ်းလေးတွေ ဇန်တီးတတ်လှတာမို့ ရေးပို့ချင်တယ် ပြောပါတယ်။ သူ ရေးပို့ဖြစ်သလား။ မရေးပို့ဖြစ်ဘူးလား ဆိုတာ ကျွန်မ မသိရသေးပါဘူး။

သူ့ကိုလုံးဝအသိမပေးဘဲ အိမ်ကမြေးကိုတောင် အသိမပေးဘဲ ဆရာမလေးဆီ ကိုယ်တွေ့အချစ်ဇာတ်လမ်းကို မျက်စိမကောင်းတဲ့ကြားက ကြိုးကြိုးစားစား ရေးပို့ဖြစ်သွားတဲ့သူက ကျွန်မပါပဲ။ ဘာကြောင့် ဒီလိုစိတ်ကူးရပြီး ရေးပြချင်သွားသလဲဆိုတာ ကျွန်မ ခုထိ ကိုယ့်ကိုယ်ကိုယ် မသိသေးပါဘူး။ ဒါပေမဲ့ ကျွန်မ ဆရာမလေးရဲ့ဓာတ်ပုံလေးကို မြင်လိုက်တာနဲ့တင် စိတ်ထဲမှာ ပဋ္ဌာန်းဆက်ပါခဲ့သလိုပဲ တရင်းတနှီး ဖြစ်မိတယ်။ အလိုလိုခင်မင်မိတယ်။

ကျွန်မရဲ့ဇာတ်လမ်းလေးကို ဆရာမလေးသာ ရေးဖြစ်ခဲ့မယ်ဆိုရင် ကျွန်မ ရင်ထဲမှာ နှစ်ပေါင်းငါးဆယ်နီးပါးလောက်သိမ်းထားရတဲ့ ဝေဒနာတွေ သက်သာသွားမယ်လို့ ထင်ပါတယ်။ ဆရာမလေးသာရေးပြီး ထုတ်ဝေဖြစ်ခဲ့မယ်ဆိုရင် တစ်စုံတစ်ရာဟာ ထူးခြားသွားမယ်လို့လည်း ယုံကြည်မိပါတယ်။ ဒါကြောင့် ဇာတ်လမ်းတစ်ပုဒ်ကို တစ်သက်လုံး ဘယ်သူ့ကိုမှ အသိမပေးခဲ့ဖူးပေမယ့် ဆရာမလေးကို ပထမဦးဆုံး အသိပေးခြင်းနဲ့ ရေးဖြစ်မိပါပြီ။ နောက်ဆုံးအနေနဲ့ ကျွန်မရဲ့အချစ်ဇာတ်လမ်းလေးကို သုံးဖြစ်သည်ဖြစ်စေ၊ မသုံးဖြစ်သည်ဖြစ်စေ ကျွန်မ ခင်မင်မိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး ဖတ်ဖြစ်သွားတယ်ဆိုရင်တောင် အလိုလို ဝမ်းသာနေပါပြီ။

ဇာတ်လမ်းကိုတော့ သီးသန့်ဖြစ်အောင် ဒီစာနဲ့ရော မရေးပါဘူးရှင်။ နောက်စာရွက်အထပ်မှာ ရေးပေးလိုက်ပါတယ်။

အချိန်ပေးပြီး ဖတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အချိန်ကာလ၊ နေရာ၊ လူအမည်တွေကိုလည်း အတိအကျသာ ရေးပေးလိုက်ပါတယ်။ ဇာတ်လမ်းကို ဆရာမလေး သင့်တော်သလို ပြင်ဆင်အသုံးပြုနိုင်ပါတယ်။ အဓိက,ကတော့ အချိန်ကာလ၊ နေရာ၊ လူအမည်တွေကို မပြောင်းစေချင်တာပါ။ ဖြစ်နိုင်မယ်ဆိုရင်ပေါ့လေ။ ဘာကြောင့်လဲဆိုတော့ ကျွန်မက "မိုင်းထွန်းလုံ" အပေါ် မတရားခဲ့ဘူးထင်လို့ သူ့ကို တောင်းပန်ချင်တဲ့အတွက် သူ့နာမည် ကျွန်မနာမည်တွေကို အတိအကျ သုံးစေချင်တာပါ။

ဆရာမလေး အောင်မြင်မှုတွေ ဆတက်ထမ်းပိုးတိုးပြီး (ဆယ်အုပ်)မြောက်မှသည် အုပ်ရေရာချီထုတ်ဝေနိုင်တဲ့ အထင်ကရ စာရေးဆရာမတစ်ဦး ဖြစ်ပါစေလို့ ဆုတောင်းပေးလျက် ...

(ဒေါ်ခင်စိမ်းမြ)

အမှတ်(...)၊ အင်းလျားလမ်း

ကမာရွတ်မြို့နယ်

ရန်ကုန်မြို့။

Ph: – ...............

♥ ○ ♥



# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com



## ၁

"ဇာတ်လမ်းက တော်တော့်ကို ရေးလို့ကောင်းမယ့်ဇာတ်ပဲ။ ဆယ်ကျော်သက်အရွယ်မှာ သိပ်ချစ်ခဲ့ကြတဲ့ ချစ်သူနှစ်ဦးပုံစံလေးပေါ့။ အဆင့်အတန်းချင်း မတူပေမယ့် တကယ့်ကို စစ်မှန်တဲ့အချစ်စစ်နဲ့ ချစ်ခဲ့ကြတာ။ သိပ်လည်း romantic ဖြစ်တယ် ကိုထွတ်ရယ်"

ယင်းမာသည် လက်ခံရရှိထားသော ပရိသတ်ဆီမှ ရေးပို့ကြသည့် ဇာတ်လမ်းပေါင်းများစွာထဲမှ ထိုဇာတ်လမ်းတစ်ပုဒ်ကို စိတ်ဝင်တစားဖြစ်ကာ ထပ်ကာ ထပ်ကာ ပြောပြမိသည်။ အခုခေတ်ပုံစံ အချစ်ဝတ္ထုလေးတွေ ဖန်စီလေးတွေ ရေးနေရတာ အနည်းငယ် ငြီးငွေ့ပြီး ဘာရေးရရင်ကောင်းမလဲ စဉ်းစားနေချိန်မှာ (၁၉၅၀)ကျော်ကာလများက ပုံရိပ်တွေ ထင်ဟပ်နေသည့် အချစ်ဇာတ်လမ်းလေးတစ်ပုဒ်သည် ယင်းမာကိုများစွာ ဆွဲဆောင်သွားပါသည်။





ဖြစ်နိုင်ရင် ပီပီပြင်ပြင်လေး ရေးနိုင်အောင် အဲဒီအချိန်ကာလက ဝတ်စားဆင်ယင်မှုကို မြင်ချင်သည်။ ဓာတ်ပုံလေးတွေ ကြည့်ချင်သည်။ ယင်းမာထံတွင် နှစ်ဖက်ဘိုးဘွား ဘယ်ဘက်ကမှ မရှိတော့သည်ဖြစ်ရာ ဒီလိုကာလအကြောင်းတွေ ပြောပြလွမ်းမောစေမည့်သူ ဘယ်သူမှ မရှိခဲ့ပေ။ ဒါကြောင့် အခုလက်ခံရရှိသော ဒေါ်ခင်စိမ်းမြ၏ဇာတ်လမ်းမှာ ယင်းမာအတွက်တော့ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းမျိုးဖြစ်နေသည်။

"အဲဒီအဘွားက ရေးတော့ ရေးပေးလိုက်တာပဲ။ ဒါပေမဲ့ ဇာတ်လမ်းရဲ့အသေးစိတ်လေးတွေ သိရရင် ပိုကောင်းမယ်။ ဒါမှ ပိုပီပြင်လာမှာ"

ယင်းမာ ဆက်ပြောပြန်သည်။ ကိုထွတ်ကတော့ ဝတ္ထုရှားအရသာ ခေါင်းညိတ်နေရတဲ့ပုံစံဖြင့် သူ့ရှေ့မှာ ကတ္တီပါစလေးခင်းပြီး တင်ထားတဲ့ စိန်လုံး၊ ပတ္တမြားလုံး၊ နီလာလုံးလေးတွေကိုသာ အသေးစိတ် စစ်ဆေးနေပါသည်။ ကျောက်မျက်ရတနာအကဲဖြတ်ကျွမ်းကျင်ကာ ကိုယ်တိုင်လည်း နိုင်ငံတကာလှည့်ပြီး ရတနာကုန်သည် လုပ်နေသော မင်းထွတ်တင်သည် ယင်းမာကို သူကိုယ်တိုင် ချစ်မြတ်နိုးပြီး၊ လက်ခံနိုင်သည့် မိန်းကလေးပုံစံမျိုးမို့ မိဘသဘောတူကြသောအခါ ကျေကျေနပ်နပ် လက်ခံခဲ့တာတော့မှန်သည်။ သို့သော် ယင်းမာ စိတ်ထဲတွင် သိကိုသိနေသည်မှာ ကိုထွတ်သည် ယင်းမာ၏ဝါသနာကို နားမလည်၊ ယင်းမာ၏ အလုပ်ကို အထင်မကြီးသောသူဟူ၍တည်း။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာ၏မိဘတွေနဲ့ မင်းထွတ်တင်၏မိဘတွေမှာ မိတ်ရင်းဆွေရင်းတွေဖြစ်ပြီး သားပေးသံမီးယူ ပြောကြဆိုကြသောအခါ ယင်းမာ ခေါင်းမညိတ်ရခင် ...

"ယင်းမာကို မိဘစီစဉ်လို့ လက်ခံတာမဟုတ်ဘူး။ ကိုယ်လည်း မြတ်နိုးမိလို့ လက်ခံတာပါ၊ အချစ်ကိုဖွဲ့နွဲ့ပြီးတော့ မပြောပြတတ်ဘူး။ ဒါပေမဲ့ ယင်းမာကို ကိုယ်ချစ်ပါတယ်"

ဟူသော မာနမင်းသားကြီး မင်းထွတ်တင်ဆီက ထိုစကားကိုကြားရလျှင် ယင်းမာ တစ်ယောက် ဘဝင်တွေမြင့်ကာ အဟုတ်ထင်သွားခဲ့တာပါ။

ဘာကြောင့်လဲဆိုတော့ ယင်းမာတို့အသိုင်းအဝိုင်းထဲမှာ မင်းထွတ်တင်ဟာ ပုံပြင်ထဲက မင်းသားလေးတစ်ပါးလိုပဲ ဖြစ်ခဲ့တာ။

တစ်ဦးတည်းသောသား၊ ခေတ်ပညာတတ်၊ ဘိုးဘွားစဉ်ဆက် ကျောက်မျက်ရတနာလုပ်ငန်းကို လုပ်ကိုင်ခဲ့သလို သူကိုယ်တိုင်လည်း ကျောက်မျက်ရတနာလုပ်ငန်းရှင်၊ ဥစ္စာပေါ၊ ရုပ်ချော၊ မပွေမရှုပ်၊ တည်ကြည် စသော ဂုဏ်ဒြပ်တွေနဲ့ သတင်းမွှေးနေခဲ့သော မင်းထွတ်တင်ကိုဆို လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာပါ။ ဘယ်မိန်းကလေးကိုမှ လက်မခံခဲ့ဖူးသော မင်းထွတ်တင်ထံမှ "ယင်းမာကို ချစ်ပါတယ်"ဆိုသော စကားသည် အင်မတန်မှ ကြားရခဲသောစကားဖြစ်ကာ တန်ဖိုးရှိလှသလို ခံစားရစေပါသည်။



သူ့ကိုသာ လက်ခံလိုက်ရင် ငါ့လောက်ကံကောင်းတဲ့သူ ကမ္ဘာပေါ်မှာ မရှိတော့။ ငါ့လောက် ဘဝမှာ ပြီးပြည့်စုံတဲ့သူလည်း မရှိတော့ဆိုတဲ့ ကျေနပ်ပီတိတွေနဲ့ ယင်းမာ လက်ခံခဲ့မိသည်။ မိဘစကားလည်း နားထောင်တဲ့သူ၊ ကိုယ်ကျေနပ်ရသောဘဝမျိုးကိုလည်း ပိုင်ဆိုင်ခွင့်ရှိတဲ့သူအဖြစ် ယင်းမာ တစ်ယောက်၊ မင်းထွတ်တင်နဲ့ စေ့စပ်ရတာကို အကျေနပ်ကြီး ကျေနပ်ခဲ့ဖူးပါသည်။

ကျေနပ်ခဲ့ဖူးပါသည်ဟု ဘာကြောင့်သုံးရသလဲဆိုတော့ သူနဲ့အနီးကပ်တွေ့ဆုံရတဲ့ အချိန်တိုင်းမှာတော့ ယင်းမာဟာ မင်းထွတ်တင်ကို မကျေမနပ်ဖြစ်ရတဲ့ ခံစားချက်တွေမကြာခဏ ဖြစ်ပေါ်ရရှိပင်။ ယင်းမာဟာ ဝါသနာအရ လုံးချင်းအချစ်ဝတ္ထုလေးတွေရေးပြီး ကိုယ်တိုင်ထုတ်ဝေရသဖြင့် မင်းထွတ်တင်ကိုလည်း ကိုယ်နဲ့သက်ဆိုင်ရမည့်သူဟု သဘောထားပြီး ဝတ္ထုဇာတ်လမ်းတွေအကြောင်း၊ ဝတ္ထုပုံနှိပ်ရမယ့်အကြောင်း၊ မျက်နှာဖုံးပန်းချီတွေအကြောင်း၊ ကွန်ပျူတာစာစီစာရိုက်အကြောင်း၊ ထုတ်ဝေရေးအကြောင်း၊ ကြော်ငြာအကြောင်း စသဖြင့် ပြောပြတိုင်း မင်းထွတ်တင်ဘက်မှ ဝတ္ထုရေးကျေ နားထောင်ပေးတဲ့ အမူအရာအပြင် ဘာမှ မျှော်လင့်လို့မရ။ ဘာအကြံမှမပေး။ ဘာဝေဖန်ချက်မှမလာ။

"ဩော် ... အင်း ... ဟုတ်လား ... ဒါပေါ့ ... အေးလေ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေဟာ မင်းထွတ်တင်ဆီမှ ပုံမှန်လိုလိုကြားရသော တုံ့ပြန်ချက်တွေသာ။ ဘယ်တော့မှ ဂရုတစိုက် စိတ်ဝင်တစား ပြန်ပြောတာသည် မကြားရသလောက် နီးပါးပင်။ ထိုသို့သုံးလေးခါမက တုံ့ပြန်ခံရတော့ ယင်းမာ တဖြည်းဖြည်းနဲ့ မင်းထွတ်တင်ကို မကျေမနပ် ဖြစ်ဖြစ်လာတတ်သည်။

သူကိုယ်တိုင်ကကျတော့ ယင်းမာ၏ကိစ္စတွေကို ဘယ်တော့မှ စိတ်ဝင်စားခြင်း၊ ဂရုစိုက်ခြင်းသာ မရှိပေမယ့် သူ့ကိစ္စတွေကျတော့ ယင်းမာဟာ နားထောင်ပေးရသည်၊ အကြံပေးရသည်။ ဆွေးနွေးရသည်။ အဲဒီလို မလုပ်ချင်လို့လည်းမရအောင် သူက ...

"အဲဒါ ယင်းမာ သိဖို့လိုတယ်။ သိထားသင့်တယ်၊ ဒီလိုဟာမျိုးက သင်ပေးတိုင်းတောင် တတ်ချင်မှတတ်တာ။ တချို့ဆို ပိုက်ဆံပေးပြီးတော့တောင် သင်တန်းတက်ရတယ်။ ယင်းမာကတော့ ကိုယ်နဲ့အနီးကပ်နေရတဲ့သူမို့ သင်ပေးခွင့်ရတုန်း သင်ပေးတာ။ သေသေချာချာကြည့်၊ သေသေချာချာ နားထောင်နော်။ ကိုယ်ပြန်မေးတဲ့အခါ မေးမယ်။ ယင်းမာ ဘယ်လောက်တတ်ပြီလဲဆိုတာ သိချင်တယ်"

ဟူ၍ သူ့ရဲ့စိန်ကျောက်ပတ္တမြားတွေအကြောင်း။ ဘယ်လိုအရည်အသွေးကြည့်ရတယ် ဆိုတဲ့အကြောင်း၊ တန်ဖိုးဘယ်





လိုဖြတ်ရတယ်ဆိုတဲ့အကြောင်း၊ ဈေးကွက်က ဘယ်နိုင်ငံမှာဆိုရင်တော့ ဘယ်လို၊ ဘယ်နိုင်ငံတွေက ဘာကိုအကြိုက်များတတ်တယ်၊ ဘယ်ပုံစံကတော့ ဘယ်လူမျိုးတွေအကြိုက် စသဖြင့်ပြောရင်းဆိုရင်း သင်လည်းသင်ပေး၊ သူ့ရဲ့ဈေးကွက်တွေအကြောင်းလည်းပြောနှင့် ယင်းမာကို ဆွဲခေါ်သွားတတ်သည်။

အစကတော့ သူဆွဲခေါ်သော စကားတွေကြားနားယောင်ပြီး ယင်းမာလည်း သူသင်ပေးသမျှ၊ ပြောပြသမျှတွေ စိတ်ဝင်တစားပင် လေ့လာမှတ်သား ဆွေးနွေးဖူးပါသည်။ ဒါပေမဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန်မရှိဘဲ သူ့အလှည့်ကျ ယင်းမာ ပါရပြီး ယင်းမာ အလှည့်ကျသူက မပါလာသောအခါ ယင်းမာဟာ မကျေနပ်စိတ်တွေဖြင့် အလိုမကျ ဖြစ်ခဲ့ရပေါင်း မနည်းတော့။

အခုလည်း ယင်းမာသည် အမှတ်မရှိစွာပင် ယင်းမာရင်ထဲကို လာငြိသော ဒေါ်ခင်စိမ်းမြ၏ အချစ်ဇာတ်လမ်းအကြောင်း ပြောပြမိပြန်သည်။

"ယင်းမာ အားရင် ဆိုင်လာခဲ့ပါလား၊ စကားပြောကြတာပေါ့"

ဟု သူပဲ ဖုန်းဆက်၊ လိုလိုလားလားခေါ်ပြီး ယင်းမာလည်း တကယ်သွားရော၊ သူ့ရုံးခန်းထဲမှာ သူကတော့ စိန်တွေ ကျောက်တွေ ရှေ့ချပြီး တစ်လုံးပြီးတစ်လုံး ကောက်ကိုင်ကြည့်ပြီ နေလျက် ယင်းမာကတော့ သေးမှာစကားထိုင်ပြောနေရတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါသည်။ "စကားပြောကြတာပေါ့"ဆိုတာဟာ နှစ်ယောက်အတူတူ စကားပြောဖို့ မဟုတ်ဘဲ ယင်းမာကသာ စကားပြောပေးရတဲ့သူ ဖြစ်နေသည်။

"ကိုထွတ် ... ကိုထွတ်"

"ဟင်"

"ယင်းမာ စကားပြောနေတယ်လေ"

"အင်းလေ ... ကိုယ်နားထောင်နေတာပဲဟာ"

"ကိုထွတ် မျက်လုံးတွေက ယင်းမာ့ဆီမှာမှ မရှိဘဲ"

"နားထောင်တာပဲကွာ၊ မျက်လုံးက လူကိုကြည့်ဖို့လိုလို့လား"

"လူတစ်ယောက် စကားပြောတဲ့အခါ အဲဒီလူရဲ့စကားကို စိတ်ဝင်စားသလား၊ စိတ်မဝင်စားဘူးလားကို သိသာစေတာဟာ နားထောင်သူရဲ့မျက်လုံးတွေပဲတဲ့။ တကယ်စိတ်ဝင်စားတဲ့သူဟာ စကားပြောတဲ့သူကို စိုက်ကြည့်ပြီးတော့ကို နားထောင်တာတဲ့"

"ဟား ဟား ဟား ... ယင်းမာက စာရူးပေရူးပဲ။ စာတွေသိပ်ဖတ်ပြီး ဟိုဟာမှတ် ဒီဟာမှတ်နဲ့ အဲဒီစာတွေထဲက ပြောတာတွေကို အမှန်လို့ပဲ ထင်နေတာပါလားကွာ။ တကယ်တော့ စာတွေထဲက ပြောတာတွေနဲ့ အပြင်မှာဖြစ်တတ်တာတွေ မတူပါဘူး"



"အဲဒီလို တစ်ဖက်သတ်ကြီး မစွပ်စွဲပါနဲ့။ စာထဲမှာရေးတာနဲ့ အပြင်မှာဖြစ်တာ မတူနိုင်ဘူးလို့ သိမ်းကျုံးမပြောပါနဲ့"

"သိမ်းကျုံးမပြောပါဘူး။ မတူတဲ့အချက်တွေလည်း ရှိတတ်တယ်လို့ ပြောတာပါ"

"ကိုထွတ်ပဲ စကားပြောကြမယ်ဆိုပြီး ယင်းမာကို ဖုန်းဆက်တယ်။ တကယ်လည်းတွေ့ရော ဘာမှလဲ မပြောဘူး။ ယင်းမာက ကော်ဖီဆိုင်တစ်ဆိုင် သွားထိုင်ပြီးတော့များ စကားအတူတူပြောကြမှာလားလို့"

"ကော်ဖီသောက်တာပဲ ကိုယ့်ရုံးခန်းထဲက ကော်ဖီကော်ထဲမှာ ကြိုက်တာသောက်လို့ရတယ်၊ ကက်(ပ)ချီနိုသောက်မလား၊ လာတေးသောက်မလား၊ မွှန်ခါသောက်မလား၊ အက်(စ)ပရယ်ဆိုးသောက်မလား၊ ကြိုက်တာရွေးပြီးခလုတ်နှိပ်သောက်ရုံပဲ"

မင်းထွတ်တင်ကတော့ ယင်းမာ ရစ်စရာမရှိ ရှာကြံရစ်တယ် ထင်နေသည်။ သူ့ရုံးခန်းအကျယ်ကြီးထဲမှာ ရေခဲသေတ္တာလည်းရှိသည်။ ကော်ဖီမျိုးစုံကို ခလုတ်နှိပ်လိုက်တာနဲ့ ကော်ဖီရည်များ ထွက်ကျလာသော ကော်ဖီစက်လည်းရှိသည်။ မိုက်ခရိုဝေ့(ဗ်)မီးဖိုလည်းရှိသည်။ ဒီတော့ အပြင်မှာ သွားထိုင်စားပြီး အချိန်ဖြုန်းဖို့ မလိုဟုထင်သည်။ သူလည်း ယင်းမာကို တွေ့ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမာလည်း သူ့ကိုတွေ့ချင်လိမ့်မှာ သေချာသည်။ ဒါကြောင့် အားတုန်း ခဏတွေ့ပြီး စကားပြောကြမယ်ဆိုတာကို ယင်းမာ ဘာကြောင့် နားမလည်နိုင်ရသနည်း။

"ကိုထွတ်လိုသာ လှူတိုင်းတွေးကြမယ်ဆိုရင် ကော်ဖီဆိုင်၊ လက်ဖက်ရည်ဆိုင်တွေ ရောင်းတောင်ရောင်းရမှာ မဟုတ်ဘူး။ ထမင်းဟင်းလည်း နေ့တိုင်း အိမ်မှာချက်စားလို့ရတာပဲဆိုပြီး ဘယ်သူမှ ထမင်းဆိုင်မှာ စားကြမှာမဟုတ်တော့ဘူးပေါ့"

ယင်းမာ မကျေမနပ်ဖြစ်ပြီး ဆက်ပြောနေပေမယ့် မင်းထွတ်တင်ကတော့ ယင်းမာ၏ စကားတွေကို စိတ်ဝင်စားပေးဖော်မရ၊ အရေးလုပ်ဖော်မရပါ။ အနက်ရောင် ကတ္တီပါခင်းပေါ်မှာရှိနေသည့် သွေးနီရောင် အစက်တစ်စက်လို ဖြစ်နေသော ပတ္တမြား တစ်လုံးကိုသာ စိတ်ဝင်တစား ကြည့်လေသည်။ ကြည့်လည်းကြည့်ရင်း ပါးစပ်မှလည်း ...

"ကောင်းလိုက်တဲ့ အရည်၊ ကြည့်စမ်း ယင်းမာ။ တစ်လုံးစာည်းနဲ့ကို တင့်တယ်နေတာ။ လော့ကတ်ခတ်ရင်ကောင်းမလား။ လက်စွပ်လုပ်ရင်ကောင်းမလား စဉ်းစားရတော့မယ်။ ဒီလိုမျိုးတစ်စုံစာလောက် လက်ဝတ်လက်စားတွေ ဝယ်စုတဲ့လူမျိုးတွေ အကြိုက်ပေါ့။ ဒါ ကိုယ်တို့မိဘဘိုးဘွားပိုင် တွင်းက ထွက်တာလေ"





ဟူ၍လည်း သူ စိတ်ဝင်စားသော အကြောင်းအရာကိုသာ ဦးတည်ပြောပါသည်။ မျိုးရိုးလိုက် တွင်းထွက်ရတနာလုပ်ငန်းကိုသာ လုပ်ကိုင်ကြသလို ကျောက်တွင်းတွေလည်းပိုင်သော မင်းထွတ်တင်အတွက် သူ့လောကဟာ စိန်၊ ပတ္တမြား၊ နီလာ၊ ကျောက်သံရတနာကလွဲရင် ဘာမှအရေးမကြီးဘူးဟု ထင်ပုံရသည်။

"ကိုထွတ် ခဏလေးပဲဖြစ်ဖြစ် ယင်းမာ ပြောတဲ့အကြောင်းအရာကို စိတ်ဝင်စားပေးလို့ မရဘူးလား"

"ကိုယ် စိတ်ဝင်စားတာပဲလေ၊ နားလည်းထောင်ရင်း အလုပ်လည်းလုပ်ရင်းပေါ့"

"ကဲ ... ဒါဖြင့် ယင်းမာ ဆွေးနွေးနေတာကို ဘယ်လိုသဘောရလဲ"

"ဘာကိုလဲ"

"ကြည့် ... နားထောင်နေတယ်ဆိုပြီး"

ယင်းမာ တော်တော်စိတ်ညစ်သွားပေမယ့်လည်း သူ့ရဲ့ ဒီလိုပုံစံ၊ ဒီလိုအကျင့်၊ ဒီလိုအမူအရာကို ကြုံလာခဲ့ရတာလည်း ခြောက်လနီးပါးရှိနေပြီမို့ အထူးတလည် စိတ်ဆိုးစိတ်ကောက်တာမျိုး မလုပ်ချင်တော့ပါ။ စိတ်ကောက်လည်း ကောက်တဲ့သူသာ လက်လျှော့သွားရမည်။ သူကတော့ စိတ်ကောက်တာကို အရေးတယူ ချော့မော့တာမျိုးမရှိလှ။ တစ်ခါတလေ ယင်းမာ စိတ်ကောက်နေတာကိုပင် သူက မသိပါတဲ့။ ဒီတော့ စိတ်ကောက်ရတဲ့သူသာ အရှုံးဖြစ်ရသဖြင့် ယင်းမာ စိတ်မကောက်ဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ... ဆောရီး၊ ယင်းမာ ပြောတဲ့အကြောင်းအရာတွေက များနေတော့ ကိုယ်ဘယ်ဟာကို ရည်ရွယ်မှန်း မသိတော့ဘူး"

"ယင်းမာ ပြောတဲ့အကြောင်းအရာက တစ်ခုတည်းပါ"

"တစ်ခုတည်းတော့ မဟုတ်ပါဘူး။ ကော်ဖီဆိုင် သွားချင်တာလည်းပါတယ်။ ဝတ္ထုရေးမယ့်အကြောင်းလည်းပါတယ်။ ကိုယ်က ယင်းမာပြောတဲ့စကားကို ဂရုမစိုက်လို့ အပြစ်တင်တာလည်း ပါတယ်လေ"

"ယင်းမာ ကိုထွတ်ကို တစ်ခုတည်း သိစေချင်တာဟာ"

"ကဲ ... ပြော ... ပြော ... ဘာလဲ"

မင်းထွတ်တင် ဒီတစ်ခါတော့ အလျှော့ပေးဟန်ဖြင့် သူ့အလုပ်တွေ အသာထားလိုက်ဟန်ဖြင့် ယင်းမာကို သေသေချာချာကြည့်လိုက်ရင်း စိတ်ဝင်စားဟန်ပြပါသည်။ ယင်းမာလည်း မှုမနေအားဘဲ သူစိတ်ဝင်စားပြတုန်း အမြန်ပြောရပါသည်။

"ယင်းမာဆီ စာမူရေးပို့တဲ့ ဒေါ်ခင်စိမ်းမြ ဇာတ်လမ်းကို စိတ်ဝင်စားတယ်။ ပိုသိချင်တယ်။ ယင်းမာ သူ့ကိုပြန်ဆက်သွယ်ရင် ကောင်းမယ်ထင်တယ်လို့ ကိုထွတ်ကို ဆွေးနွေးတာ"

"ယင်းမာ သဘောပဲပေါ့။ ဒါက ယင်းမာနဲ့ဆိုင်တဲ့အလုပ်လေ။ ယင်းမာ ဆုံးဖြတ်ပေါ့။ ကိုယ်လည်း ကိုယ့်အလုပ်





ကို စိတ်ဝင်စားတယ်။ ယင်းမာလည်း ယင်းမာ့အလုပ်ကို စိတ်ဝင်စားတယ်။ ပြီးတာပဲပေါ့။ ကိုယ် ဘာမှအကြံမပေးတတ်ဘူး"

တကယ်တော့ ယင်းမာလည်း ကိုထွတ်ဆီက အကြံတောင်းတာ မဟုတ်ပါဘူး။ ရင်ထဲမှာရှိတာတွေကို ကိုယ်နဲ့သက်ဆိုင်သူတစ်ယောက်ကို အသိပေးကြည့်ချင်တယ်။ ရင်ဖွင့်ချင်တယ်ဆိုတဲ့ စိတ်ကူးနဲ့ ပြောနေမိတာပါ။ သူ့ဆီက ဘာအကြံမှရနိုင်မှန်း သိနေပြီးသားပါ။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၂

“ခင်မင်လေးစားရသော အဘွား ဒေါ်ခင်စိမ်းမြရှင်။ အဘွားရဲ့စာတ်လမ်းလေးကို ဖတ်လိုက်ရတော့ ကျွန်မ တကယ်ပဲ နှစ်သက်မက်မောစွာ ရေးချင်သွားပါတယ်။ အစုခေတ်စကားကိုတော့ အဘွားသိချင်မှသိမယ်။ အစုခေတ်စကားမှာတော့ ရင်ထဲကို ထိသွားတယ်ဆိုရင် Heart (ဟတ်)ထိသွားတယ်လို့ ပြောကြပါတယ်။ ကျွန်မလည်း အဘွားရဲ့ စာတ်လမ်းကြောင့် heart ထိသွားပါတယ်။ အဘွားရဲ့ချစ်ဦးသူဖြစ်ခဲ့တဲ့ (ဦး)စိုင်းထွန်းလှံနဲ့ အဘွားတို့ အဝေးကြီးဝေးခဲ့ကြတယ်နော်။ အဘွားက သူ့ဆီမရောက်ရောက်အောင် ပြန်လာခဲ့မယ်လို့ ကတိတွေပေးခဲ့မိတယ်။ ဒါပေမဲ့ အကြောင်းကြောင်းတွေကြောင့် ပြန်မရောက်ခဲ့နိုင်ဘူး။ အဲဒီအတွက် guilty ဖြစ်နေခဲ့တယ်၊ အဘွားကြောင့် သူ့ဘဝများပျက်သွားမလား။ အသည်းကွဲလေလွင့်ပြီးတော့ သူ့ရည်မှန်းချက်



တွေများ ပျက်သွားမလားလို့ တွေးပြီးပူပင်သောကတွေဖြစ်နေခဲ့တယ်နော်။’ အဘွားရဲ့အချစ်ဟာလည်း တကယ့်ကိုလေးနက်ပြီး စစ်မှန်တာပါ။ ဒါကြောင့် အဘွား အခုအရွယ်ထိတောင် သူ့ကို မမေ့နိုင်ဘဲ သတိရပြီး သူ့အတွက် ပူပင်နေခဲ့နိုင်တာပါ။

လူတိုင်းဟာ အချစ်ဦးနဲ့ ဆုံစည်းလက်တွဲနိုင်တဲ့လူတွေ မဟုတ်တော့ အဘွားရဲ့အချစ်ဦးနဲ့ မဆုံစည်းခဲ့ရတာကို ဖြေသိမ့်နိုင်မယ်လို့ ကျွန်မ ထင်ပါတယ်။

ကျွန်မ အဘွားကို စကားတွေပြောချင်ပါတယ်။ အဘွားရဲ့ခံစားချက်တွေကို အသေးစိတ်သိချင်ပါတယ်။ (ဦး)စိုင်းထွန်းလှံရဲ့ အဘွားအပေါ် ချစ်ခင်မြတ်နိုးတတ်ခဲ့တာလေးတွေကိုလည်း အဘွားကိုယ်တိုင် ပြောပြရင် ပိုနားထောင်ကောင်းမယ်လို့ ထင်ပါတယ်။ ပြီးတော့ ကျွန်မ အဘွားရဲ့ငယ်စဉ် ဆယ်ကျော်သက်ဘဝက ဓာတ်ပုံလေးတွေလည်း ကြည့်ချင်တယ်။ အဲဒီကာလက ဝတ်စားဆင်ယင်မှုကိုလည်း စပ်စုချင်တယ်။ ဖြစ်နိုင်မယ်ဆိုရင် အဘွားမှာရှိခဲ့မယ်ဆိုရင်ပေါ့။ (ဦး)စိုင်းထွန်းလှံရဲ့ ငယ်ဘဝဓာတ်ပုံတစ်ပုံလောက်ကိုများ သိမ်းထားဦးမလားလို့ စိတ်ကူးရပြီး မြင်ဖူးချင်လာပါတယ်။

ဒါပေမဲ့ ကျွန်မ သူတစ်ပါးရဲ့ကိုယ်ရေးကိုယ်တာ မိသားစုအတွင်းရေးတွေကို သိပ်ပြီးဝင်ပါသလိုဖြစ်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



နိုးလို့ ကျွန်မ တောင်းဆိုချင်တဲ့ အခွင့်အရေးတွေကို မတောင်းဆိုချင်ပါဘူး။ အသက်(၈၀)ကျော် အဘွားတစ်ယောက်ဟာ အိမ်ထဲကအိမ်ပြင်တောင် သိပ်မထွက်တော့ဘဲ home Care လာလုပ်ပေးရတဲ့ မိန်းကလေးကိုပဲ အဖော်ပြုနေရတယ်ဆိုတဲ့ အခြေအနေကို ကျွန်မ နားလည်ပါတယ်။ ဒါကြောင့် ကျွန်မ အဘွားကို စာပြန်ရေးပြီးတော့ပဲ ဆက်သွယ်တာပါ။

ဖုန်းဆက်ရင်လည်း အနှောင့်အယှက် ဖြစ်မယ်။ ကျွန်မကို စကားပြောရလို့ အဘွားမောရင် မောလိမ့်မယ်လို့ တွေးမိပြီး အခုလို စာတစ်စောင်ကိုပဲ ပြန်ရေးလိုက်တာပါ။

ဇာတ်လမ်းလေးရေးပေးတဲ့အတွက် ကျေးဇူးတင်လျက်ပါ။ အဘွားဆီက ထပ်သိချင်တဲ့ အချက်အလက်လေးတွေ သိခွင့်ရရင် ကျွန်မ ဒီဇာတ်လမ်းလေးကို အကောင်းဆုံးဝတ္ထုတစ်ပုဒ်အဖြစ် အသက်သွင်းတော့မှာပါ။

အဘွားဒေါ်ခင်စိမ်းမြအား ရိုသေလေးစားလျက် အသက်ရာကျော်အထိ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာနေဖို့လည်း ဆုမွန်ကောင်းများ တောင်းပေးလျက် ...

ချစ်သော

(ယင်းမာမြိုင်)

အမည်ရင်း။ ရွှေယင်းမာ"





ဒေါ်ခင်စိမ်းမြသည် သူမထံ အမည်တပ်ပြီး ရောက်လာခဲ့သော ကဗျာဆန်ဆန် ငွေမင်ရောင်ပန်းပွင့်လေးတွေပါတဲ့ စာအိတ်နဲ့ ဖွင့်လိုက်ရင်တော့ စပယ်နံ့သင်းနေသည့် စာရေးစက္ကူလေး ခေါက်ရက်သားပါလာတဲ့ ပြန်စာတစ်စောင်ကို ဝမ်းသာကြည်နူးစွာ အခါခါ ဖတ်နေပါသည်။

သူမအား လာကူပြီး အဖော်ပြုပေးရသော သူဇာကတော့ ဒီအဘွားကြီး အသက်ကြီးမှ သူငယ်ပြန်သလား။ ခေတ်ပေါ်စာရေးဆရာမဆီ စာရေးပြီး မိတ်ဆက်၊ ပြန်စာရတော့ ပျော်တပြုံးပြုံးဖြစ်နဲ့မို့ နည်းနည်းများကြောင်သွားပြီလားလို့ တွေးနေပုံပင်။ ယင်းမာမြိုင်၏ စာဖတ်ပရိသတ် သူဇာကတောင် မိတ်ဆက်စာရေးပြီး ဇာတ်လမ်းတစ်ပုဒ်တောင် မရေးပေးဖြစ်သေးမယ့် ဒေါ်ခင်စိမ်းမြကတော့ ကိုယ်တွေ့အချစ်ဇာတ်လမ်းကို ရေးပြီးပို့ပေးပြီးသတဲ့လို့ တအံ့တဩဖြစ်ပြီး ငေးနေသည်။

"အဲဒီဆရာမလေးဆီက ပြန်စာရတော့ ရင်ထဲမှာ ဘယ်လိုပျော်မှန်းကို မသိပါဘူးကွယ်"

ဒေါ်ခင်စိမ်းမြ ဒီစကားကို ဘယ်နကြိမ်မြောက်မှန်း မသိ ထပ်ပြောမိပြန်သည်။

"အဘွား သူ့ဆီ စာထပ်ရေးဦးမလို့လား"

"ရေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားမြေး သိရင် သူဇာ့ကို ဆူမလား မသိဘူး၊ သူက သူဇာကြောင့် အဘွားစိတ်ပါပြီးလုပ်တယ် ထင်ဦးမယ်"

"အို ... အဘွားမြေးအကြောင်း အဘွားသိပါတယ်။ သူက ဘုကန့်လန့်လိုလို၊ လူမြင်ရင် ယောက်ျားပိန်းချင်သလိုလို ရုပ်ကြီးသာရှိပေမယ့် သူ့အတွင်းစိတ်က ပျော့ပါတယ်။ အဘွားစိတ်ချမ်းသာတာဆိုရင် ဘာပဲဖြစ်ဖြစ် ပေးလုပ်တာပါ။ သူဇာ့ကို မဆူစေရဘူး။ အဘွား သူ့ကို အသိလည်း မပေးပါဘူး။ မတော်တဆ သိသွားခဲ့ရင် သူဇာနဲ့ဘာမှမဆိုင်ဘူးဆိုတာ အဘွားပြောမှာပါ"

သူဇာက အဝေးသင်တက္ကသိုလ်ရှိ သူနာပြုအကျသင်တန်းဆင်း လက်မှတ်ကိုပါ ရအောင်ယူထားသည်။ သူဇာ့အမေက အကြီးတန်းသူနာပြုတစ်ဦးဖြစ်ပြီး ဒေါ်ခင်စိမ်းမြ့ခွဲစိတ်ကုသရစဉ်က စပါယ်ရှယ်နာ့(စ်)အဖြစ် ငှားခဲ့ရာမှ ခင်မင်သွားခဲ့ပါသည်။ ခွဲစိတ်ကုသပြီး အိမ်မှာ ခြောက်လလောက်တော့ နာ့(စ်)တွေ နေ့တစ်ယောက် ညတစ်ယောက်နဲ့ နေခဲ့ရဖူးပေမယ့် ဒေါ်ခင်စိမ်းမြ အခြေအနေက တော်တော့်ကို ကောင်းမွန်လာသောအခါ နာ့(စ်) မလိုတော့ပေမယ့် မြေးဖြစ်သူက အဘွားအတွက် အဖော်လည်း ရအောင်၊ စောင့်ရှောက်ပြီးသားလည်းဖြစ်အောင် သူ အိမ်မှာမရှိတဲ့ အချိန် မနက်ရှစ်နာရီလောက်ကစပြီး ညနေငါးနာရီလောက်ထိကို သူဇာ့ကို အဖော်အဖြစ်ငှားကာ စောင့်ရှောက်စေပါသည်။



အသက်(၈၀)အဘွားတစ်ယောက်ကို အဖော်ပြုရုံ၊ ဆေးသောက်ချိန် ပုံမှန်တိုက်ပေးရုံကလွဲရင် ဘာမှမပြုစုရသလောက်နီးပါးပေမယ့် လခကတော့ နင့်နေအောင် ပေးလေရာ သူဇာက ဒီအလုပ်ကို မပြုတ်ချင်။ မက်မောလှသည်။ စတိုးဆိုင်မှာ အရောင်းစာရေးမသွားလုပ်တာပင် ဒီလောက်မရနိုင်သောကြောင့် ဘွဲ့ရပြီးတာတောင် ဒီလိုအလုပ်ပဲ လုပ်ချင်နေတဲ့ အထိပင်။

"စာရေးဆရာမလေးကကွယ် ကမ္ဘာဆန်ဆန်လေး စက္ကူအိတ်လှလှနဲ့ စက္ကူမွှေးလေးနဲ့ စာပြန်တော့ အဘွားဖြင့် ကိုယ့်ရဲ့ဗလာစာရွက်ကြီးနဲ့ ရေးရမှာတောင် အားနာပါတယ်"

"သူ့ဆီ မိတ်ဆက်စာရေးလာမယ့် လူတွေကို စာပြန်ဖို့ သီးသန့်ထားတာ ဖြစ်မှာပေါ့ အဘွားရဲ့"

"ဟော ... ဟော ... ကားသံကြားတယ်။ မြေး ပြန်လာပြီ ထင်တယ် သူဇာ။ ဒီအကြောင်းမပြောဘဲ နေကြရအောင်"

မြေးဖြစ်သူ ဝါခေါင်လွန်မှာ ကားကို အိမ်နဲ့တွဲရက်ပါသော ဂိုဒေါင်ထဲ တစ်ခါတည်း မောင်းသွင်း၊ ဂိုဒေါင်တံခါးကို ရီမုဒ်ဖြင့်ပိတ်ပြီးမှ အိမ်ထဲဝင်လာပါသည်။ အိမ်ထဲရောက်ရောက်ချင်း ...

"ဘွားရေ ... သား ပြန်လာပြီ"

ဟု အသံပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လွှန်မှာ သူ့ကိုယ်သူသာ "သား"ဟု နှုတ်ကျိုးပြီး သုံးနှုန်းနေပေမယ့် တကယ်တော့ အသက်အစိတ်အရွယ်လူရွယ်တစ်ဦး ဖြစ်နေပြီ။

ကွန်ပျူတာကျွမ်းကျင်ပညာရှင်တစ်ဦး ဖြစ်ကာပုဂ္ဂလိကဘဏ်ကြီးတစ်ခုတွင် ကွန်ပျူတာပညာရှင်အဖြစ် အလုပ်ဝင်နေပါသည်။ မြေးအဘွားနှစ်ဦးတည်း မကျဉ်းမကျယ် ခြံလေးနှင့် နှစ်ထပ်တိုက်သေးသေးလေးတစ်လုံးပိုင်ကာ မပူမပင်၊ မကြောင့်မကြ နေနိုင် သုံးနိုင်ရုံ ပြည့်စုံပါသည်။ ဘဏ်မှာထည့်ထားသောငွေလေးအသင့်အတင့်ကို အဘွား အိုစာမင်းစာဟုထားကာ သူရသော လခကောင်းကောင်းဖြင့် အဘွားကို လုပ်ကျွေးနေရတာကိုကျေနပ်သော ဝါခေါင်လွှန်သည် အဘွားကို အင်မတန်မှ ချစ်ခင်တွယ်တာသူ မြေးတစ်ဦးလည်း ဖြစ်ပါသည်။

"သူ့ဇာ ညည်း ပြန်ချင်ရင်ပြန်တော့ ရပြီ။ ငါ ဒီနေ့ စောစောပြန်ရောက်တာပဲ"

"ဟုတ်ကဲ့ ... ကိုဝါခေါင်၊ ဒါဆို သူ့ဇာ ပြန်မယ်နော်"

"ဘွား နေ့ခင်း ကောင်းကောင်း အိပ်ပျော်ရဲ့လား"

"အိပ်ပျော်ပါတယ် သားရဲ့၊ အကြာကြီးတော့ ဘယ်အိပ်မလဲ၊ နာရီဝက်လောက်ပေါ့"

"နာရီဝက်အိပ်ရလည်း အားပြည့်တာပါပဲ။ မအိပ်ဘဲ အိပ်ရာထဲလှဲနေရင်တောင် အားရှိတာပေါ့။ အိပ်ရာထဲလှဲရင်းသူ့ဇာနဲ့ စကားပြောပေါ့"





သူ့ဇာက သူ့မပစ္စည်းလေးတွေ ကောက်သိမ်းပြီးလျှင်မြေးအဘွားနှစ်ယောက်တို့ကို နှုတ်ဆက်ပြီး အိမ်ထဲမှ ထွက်လာပါသည်။ သူ့မရဲ့ပလတ်စတစ်ခြင်းထဲမှာ စတီးသုံးဆင့်ထမင်းချိုင့်ရယ်၊ ယင်းမာမြိုင်ရဲ့ ဝတ္ထုတစ်အုပ်ရယ် ပါပါသည်။

"ထမင်းချိုင့် ထည့်ထည့်မလာပါနဲ့ သူ့ဇာရယ်၊ အဘွားတို့အိမ်မှာရှိတဲ့ ထမင်းဟင်းတွေ ဝင်စားပါ။ သူ့ဇာ တစ်ယောက်အတွက်နဲ့ ပိုမကုန်သွားပါဘူး။ အဘွား စိတ်မကောင်းအောင် မလုပ်ပါနဲ့"

ဟု ဒေါ်ခင်စိမ်းမြက မှာပေမယ့် သူ့ဇာတို့အိမ်ကချက်သော ခရမ်းချဉ်သီးငါးပိချက်တို့၊ ချဉ်ပေါင်ကြော်တို့၊ ငါးပိကောင်ဆီပူထိုးတို့ဆိုရင် အဘွားဒေါ်ခင်စိမ်းမြ နှစ်သက်လှမှန်းသိသဖြင့် တစ်နေ့တစ်မျိုးပါအောင် တမင်ပဲ ထည့်ထည့်ယူလာပေးတာဖြစ်သည်။ ဒါကြောင့် ထမင်းချိုင့်ဆိုပေမယ့် သူ့ဇာက ဒီအိမ်က ထမင်းဟင်းတွေ စားဖြစ်တာများပြီး ဒေါ်ခင်စိမ်းမြက သူ့ဇာ့ဟင်းတွေစားတဲ့သူသော ဖြစ်နေသည်။ အိမ်မှာချက်သော ထမင်းဟင်းကို ခံတွင်းမတွေ့လှသော ဒေါ်ခင်စိမ်းမြက ...

"ကိုယ် ဝင်မလုပ်နိုင်တော့လို့ အိမ်က ကောင်မလေးတွေချက်တာ မျိုချနေရတာကွယ်၊ တစ်ရက်မှကို စိတ်တိုင်းမကျပါဘူး။ သူ့ဇာ့ဟင်းတွေမှ တကယ်စားဝင်တာ။ ဒီတော့ဟင်း လဲစားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူဇာကတော့ ဝါခေါင်လွန်သိမှာ အလွန်ကြောက်လှသည်။ ဒေါ်ခင်စိမ်းမြက သွေးတိုးဆီးချိုတို့ ဘာတို့မရှိပေမယ့် အစာအိမ်ရောဂါရှိသည်။ ထိုအစာအိမ်နာကြောင့်ပင် ခွဲစိတ်ကုသရတဲ့အဆင့် ဖြစ်သွားဖူးတာကြောင့် ဝါခေါင်လွန်ကတော့ အဘွားဖြစ်သူကို ပေါက်ကရတွေ စားစေချင်မှာမဟုတ်။

"ဘွား ... ဒီနေ့ ဘာလုပ်လဲ ပြောပါဦး"

"အို ... အသက်(၈၀)ကျော်အဘွားကြီးအိုလေကွယ်၊ မနက်အိပ်ရာထ ဘုရားရှိခိုး ပုတီးစိပ် ဝတ်ရားနာ၊ နေ့လယ်စာစား၊ နေ့ခင်းအိပ်၊ သူဇာနဲ့စကားပြော။ ဒါပဲပေါ့။ တစ်နေ့ တစ်နေ့ ပျင်းဖို့ကောင်းပါတယ်"

"သားအားတဲ့ တနင်္ဂနွေနေ့မနက် ဆိုရင်တော့ ရွှေတိဂုံသွားတယ်လေ ဘွားရဲ့"

"အေးပေါ့ ... ဒါလေးကတော့ တစ်နေ့တာရဲ့ထူးထူးခြားခြား ကိစ္စလေးပေါ့"

"ဘွားက ဘယ်တွေများ သွားချင်လို့လဲ"

"သွားချင်တဲ့နေရာရယ်လို့တော့ မရှိပါဘူး။ ဒီလိုပါပဲ၊ လူကြီးဘဝဟာ ပျင်းစရာကောင်းတယ်လို့ သားကို ပြောပြတာပါ။ ကဲ ... ဘွားအကြောင်းပဲမေးနေ။ သားကရော ဘယ်လိုလဲ ပြောပြပါဦး။ တစ်နေ့ တစ်နေ့ အလုပ်သွားလိုက် အိမ်ပြန်လာလိုက်ပဲလား"





ဝါခေါင်လွန်က ရယ်သည်။ သူ့ဘဝမှာ တစ်ခါ အသည်းကွဲပြီးကတည်းက အသည်းကွဲရမှာကြောက်ပြီး တစ်ယောက်တည်းပဲ နေနေတော့တာကို ဘွားသိလေသည်။

"သားလည်း တစ်နေ့ တစ်နေ့ ပုံမှန်ပဲပေါ့ ဘွားရယ်၊ ဘာထူးခြားရမှာမို့လဲ"

"အသက်အစိတ်ရှိပြီ သားရဲ့၊ ရည်းစားတော့ ထပ်ပြီးထားရမှာပေါ့။ မိန်းကလေးတစ်ယောက်ကြောင့် ကိုယ့်ဘဝကိုယ် အဓိပ္ပာယ်မဲ့ တစ်ယောက်တည်း နေသွားတာတော့ အဘွားမကြိုက်ဘူး"

"ဒါဆိုလည်း ဘွားပဲ ရှာပေးတော့ဗျာ၊ သား မရှာတတ်တော့ဘူး"

"အိမ်ထဲမှာပဲနေတဲ့ အဘွားကြီးက ဘယ်လိုလုပ် ရှာတတ်မှာလဲကွယ်၊ သားက နေ့စဉ်အလုပ်သွားနေရတာ။ သား ဘာသာပဲ ဘွားပြောတာ ခေါင်းထဲထည့်ပြီးရှာပေါ့"

"သား သဘောကျတာတွေ့ရင် ပြောပါ့မယ်၊ ကဲ ... ကျေနပ်ပြီလား"

ငါ့တုန်းကလည်း ကိုထွန်းလုံကို အသည်းခွဲခဲ့သလို ဖြစ်ခဲ့တာ။ သူ့ခများလည်း ဘယ်လိုဖြစ်ကျန်ခဲ့မလဲ မသိဘူး။ အခု ငါ့မြေး ဝါခေါင်လွန်ကိုပဲကြည့်။ နှစ်နှစ်လောက်တွဲလာတဲ့ မိန်းကလေးက သစ္စာဖောက်ပြီး သူ့ကိုထားရစ်ခဲ့တာ ခံရတယ်။

www.burmeseclassic.com

www.burmeseclassic.com



တခြားလူတစ်ယောက်နဲ့ လက်ထပ်သွားတယ်ဆိုတဲ့ အဖြစ်ကြောင့် အသည်းကွဲပြီး တစ်ယောက်တည်း နေနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။ သုံးနှစ်ကျော်လောက်တောင်ရှိပြီ။ ဝဋ်ဆိုတာ ဘဝမကူးခင် လည်တတ်တယ်ဆိုတဲ့ စကားအတိုင်း ငါ့မြေးအလှည့်မှာ ဝဋ်များ ပြန်လည်သလား။ ငါ သူများကို ဒီလိုခံစားစေခဲ့တာဟာ ငါ့မြေးအလှည့်မှာ ပြန်ခံစားရဖို့များ ဖြစ်လာသလား။

ဒေါ်ခင်စိမ်းမြဟာ ကယောက်ကယက်တွေတွေးပြီး စာရေးဆရာမလေးဆီ ဒီအကြောင်းတွေ ရင်ဖွင့်ဖို့ စာလုံးစီနေမိပြန်သည်။ အခုတော့ နေ့စဉ်ပျင်းရိငြီးငွေ့ဖွယ်ရာ ဖြတ်သန်းနေရတဲ့ ဒေါ်ခင်စိမ်းမြရဲ့ဘဝဟာ အနည်းငယ် အသက်ဝင်လာသလိုတော့ ဖြစ်နေပါသည်။

♥ ◉ ♥



## ၃

"အဘွား ဒေါ်ခင်စိမ်းမြရှင့် ...

အဘွား ထပ်ရေးလိုက်တဲ့စာကို ဖတ်ရပါတယ်။ စာပြန်တဲ့အတွက် ဝမ်းသာပါတယ်ရှင်။ အဘွား ထပ်ရေးပြခဲ့လို့ ကျွန်မ သိချင်တဲ့ ဟာကွက်လေးတွေ ထပ်သိခွင့်ရပါပြီ။ အဘွားရဲ့ဇာတ်လမ်းလေးကို ကျွန်မမျက်စိထဲမှာ ပုံဖော်နေမိပါပြီ။ (ဦး)စိုင်းထွန်းလုံဟာ အရပ်မြင့်မြင့်၊ ရင်အုပ်ကားကား၊ ဗလဖုထစ်တွေနဲ့ သန်စွမ်းကျန်းမာတဲ့ ရှမ်းလုလင်ပျို လူချောလေးပေါ့နော်။ ရှမ်းပြည်နယ်ရဲ့အေးမြတဲ့ တောင်တန်းကြီးတွေကြားမှာ နှင်းငွေ့တွေကြားမှာ ဝေါင်ယာစိုက်ခင်းတွေကို အားကောင်းမောင်းသန် ပြုစုစိုက်ပျိုးနေတဲ့ ဇာတ်လိုက်လူချောလေးရဲ့အသွင်သဏ္ဌာန်ကို မြ မြင်ချင်း ရင်ခုန်စိတ်လှုပ်ရှားမိတဲ့ ရန်ကုန်တက္ကသိုလ်ကနေ

www.burmeseclassic.com

www.burmeseclassic.com



မှုန်ပြည့်နယ်ကို အလည်လာတဲ့ အပျိုချောလေး (ဒေါ်)ခင်မိမ်မြ(ဘို့မဟုတ်)စိမ်းတို့ရဲ့ ပထမဦးဆုံးအချိန် တွေ့ဆုံခန်းကို ရေးရမှာ ရင်တောင်ခုန်ပါတယ်။ ကျွန်မရေးတဲ့အရေးအသားဟာ အဘွားတို့ရဲ့တကယ့်ရင်ထဲက ခံစားချက်တွေကိုတောင် မီပါ့မလားဆိုပြီး စိုးရိမ်စိတ်လည်းဖြစ်မိပါတယ်။

ဒီဝတ္ထုဇာတ်လမ်းရဲ့အဆုံးသတ်ဟာ ဝမ်းနည်းစရာကောင်းစွာ အဆုံးသတ်ပေးရမှာမို့ ကျွန်မ ခုတည်းက ကြိုဝမ်းနည်းနေမိတယ်။ ကျွန်မအနေနဲ့ အတွေးဉာဏ်ကွန့်မြူးပြီး ရေးချင်တယ်။ အဲဒီလို ရေးရမယ်ဆိုရင်တော့ ဇာတ်သိမ်းခန်းကို တစ်မျိုးတစ်ဖုံ ပြောင်းချင်ပါတယ်။ ကျွန်မက ချစ်သူနှစ်ဦး ပျော်ရွှင်စွာ လက်တွဲကြလေသတည်းဆိုတဲ့ အဆုံးသတ်လေးနဲ့ ဝတ္ထုကို ရေးပြချင်တာမို့ အဘွားကျေနပ်ပါ့မလားတော့ မသိဘူး။

အဘွားခွင့်ပြုပါရဲ့လားရှင်။ ... ...။

ချစ်သော

ယင်းမာမြိုင်

(ရွှေယင်းမာ)"

ယင်းမာသည် စာအိတ်ထဲ စာကိုထည့်ပြီးလျှင် အသေအချာပိတ်လိုက်ပါသည်။ ဒီစာကို အပြင်ထွက်ရင်း စာတိုက်မှာ ဝင်ထည့်ရပါမည်။



ဒီနေ့ ယင်းမာ အပြင်ထွက်စရာရှိသည်။ ကိုထွတ်လာခေါ်မည်ဖြစ်သဖြင့် စောင့်နေရသည်။ မင်္ဂလာပွဲကျင်းပရန်အတွက် စပြီးပြင်ဆင်နေပြီဖြစ်ရာ ဒီနေ့သွားကြမယ့်ကိစ္စကလည်း မင်္ဂလာပွဲအတွက် အဝတ်အစား စီစဉ်ရန် ဒီဇိုင်နာဆီ သွားကြဖို့ဖြစ်သည်။ ယင်းမာ ချုပ်နေကျ နာမည်ကြီး ဒီဇိုင်နာထံတွင် ဝတ်စုံတွေ အပ်ရမည်။ ကိုထွတ်အတွက်ရော ယင်းမာအတွက်ပါ အပ်မည်ဟု ယင်းမာ အရေးဆိုထားသဖြင့် လေးလလောက်အလိုတည်းက ကြိုအပ်ထားရမှာဖြစ်သည်။

ပိုက်ဆံချမ်းသာသော မိသားစုဝင်တွေ၏ ထုံးစံအတိုင်း ပွဲတွေလည်း အများကြီးလုပ်မှာဖြစ်ရာ ဝတ်စုံက တော်တော်ကို များပါသည်။ လက်မှတ်ထိုးဖို့တစ်စုံ၊ ဆွမ်းကျွေးတစ်စုံ၊ ညစာစားပွဲတစ်စုံနှင့် dinner မှာပင် နှစ်စုံလဲမည်ဖြစ်သဖြင့် ယင်းမာအတွက် ငါးစုံလိုသည်။ ကိုထွတ်အတွက်လည်း အဲဒီလောက်နီးပါးလိုသည်။

မင်္ဂလာပွဲအစီအစဉ်တွေကို အမိက တိုင်ပင်စီစဉ်သူမှာ ကိုထွတ်မိခင်ရယ်၊ ယင်းမာမိခင်ရယ်၊ ယင်းမာရယ်သာဖြစ်ပြီး ကိုထွတ်ကတော့ ဒီနေ့ ဒီနေရာ သွားရမည်၊ ဘာလုပ်ရမည်၊ ဘာမှာရမည်ဟုချိန်းမှ စိတ်ဝင်စားမှုနည်းသော မျက်နှာကြီးနဲ့လိုက်ပေးသူသာ ဖြစ်လေသည်။

"သမီးရေ ... မောင်မင်းထွတ် လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့က လှမ်းခေါ်လိုက်သော မေမေ့အသံကြားမှ ယင်းမာလွတ်ကိုင်အိတ်ကို ကောက်ကိုင်လိုက်ပြီး ထွက်လာခဲ့ပါသည်။

"ယင်းမာက ချိတ်မဝတ်ပါဘူး လုပ်နေလို့ မနည်းပြောနေရတာယ်။ တစ်ပွဲတော့ဝတ်ပါ သမီးရယ်ပေါ့၊ အခုခေတ်ပေါ့ ဝတ်ချင်တာလည်းဝတ်ပါ။ ဒါပေမဲ့ မြန်မာမင်္ဂလာဆောင် အထိမ်းအမှတ်လေးအနေနဲ့ ချိတ်ကတော့ တစ်ပွဲဝတ်သင့်ပါတယ် ပြောလွန်းလို့ လက်မှတ်ထိုးတစ်ရက်ဝတ်မယ် သဘောတူတာလေ"

မေမေက ပြောလက်စ,စကားကိုရပ်ပြီး ယင်းမာ့ဆီလှမ်းကြည့်သည်။ ယင်းမာက စတိုင်ဘောင်းဘီရှည် ခပ်မှုန်မှုန်လေးနဲ့ ဒီဇိုင်နာချုပ်ပေးထားသော ဘလောက်(စ)ခါးတင် ပုံကျကျလေးကိုဝတ်ကာ ခြေချောင်းထိပ်လေးတွေ ဖော်ထားသော ဟပ်(ဖ)ရှူး(စ)အပါးလေးကို ဝတ်ဆင်ထားပါသည်။ ကိုထွတ် စင်ကာပူကို ကျောက်မျက်ရတနာပြပွဲ သွားစဉ်က လက်ဆောင်ဝတ်လာပေးသော LV (အယ်(လ်)ဗီ=လူးဗီ(စ်)ဗျူထန်း)အစစ် လက်ကိုင်အိတ်အကြီးကြီးကို တံတောင်မှာချိတ်ထားလိုက်သည်။

သမီးဖြစ်သူ၏အဆင့်အတန်းမြင့်ပြီး ကျက်သရေရှိလှသောအသွင်အပြင်ကို အမေဝီဝီ ဂုဏ်ယူဝင့်ကြွားစွာ မင်္ဂလာထွတ်တင်ဆီ မသိမသာ အကဲခတ်လိုက်သော မေမေ့မျက်လုံးတွေကို





ယင်းမာ သတိပြုမိ၏။ သို့သော် မင်းထွတ်တင်ကတော့ ယင်းမာကိုငေးမောအသိအမှတ်ပြုရမည့်အစား အခုလေးတင် သူ့ဖုန်းထဲမက်ဆေ့)ချ်)တစ်ခု ဝင်လာသော အချက်ပေးသံကြောင့် ဖုန်းကိုအရေးတကြီးစစ်နေတာ တွေ့ရသည်။

တကယ်တော့ မင်းထွတ်တင်နဲ့ယှဉ်ရင် ယင်းမာဟာပိုပြီးလှနေတဲ့ မိန်းကလေးတော့မဟုတ်။ ယင်းမာသည် အရပ်မြင့်မြင့်၊ ကိုယ်လုံးအနေတော်လေးနဲ့ ကြည့်ကောင်းရုံလှကာ လူကြားထဲရောနေလည်း ပျောက်မသွားသော အသွင်သဏ္ဌာန်ရှိသူ။ ရုပ်ရည်ကြည့်လိုက်တာနဲ့ ခင်မင်ချင်စရာကောင်းနေသော ပုံစံလေးပေါက်နေသူ။

သိပ်ပြီး ထူးထူးခြားခြား ထင်ရှားနေအောင်လှနေတာမဟုတ်ပါဘဲ ဘယ်နေရာမှာ ဘာထူးခြားမှန်း မသိအောင် ဆွဲဆောင်မှုတစ်မျိုး မျက်နှာမှာ ပိုင်ဆိုင်သူအဖြစ်သာ သတ်မှတ်ရမှာဝင်။

မင်းထွတ်တင်လို ရုပ်ရည်ရော၊ ပညာရော၊ မိဘမျိုးရိုးရော၊ ကြွယ်ဝချမ်းသာမှုရော စံ,တင်ထားလောက်သူကသဘောတကျ ရွေးချယ်လက်ခံခဲ့သောအခါ ယင်းမာရော မေမေပါ ထပ်တူကျေနပ်ဝမ်းသာကြတာ အမှန်ပင်။ အပျိုမိန်းကလေးတွေ ပတ်ဝန်းကျင်မှာ သတင်းကြီးလှသော မင်းထွတ်တင်ကိုယင်းမာရသဖြင့် ယင်းမာဟာ အင်မတန်မှ ကံကောင်းလှသူဖြစ်သွားပါသည်။

www.burmeseclassic.com



"ယင်းမာ ပြီးရင်သွားကြရအောင်။ ကိုယ် အချိန်သိပ်မရတော့ဘူး။ ရှန်ဟိုင်းကလာတဲ့ တရုတ်သူဌေးက ဒီနေ့နေ့လယ်ပဲ သူလိုချင်တဲ့ကျောက်စိမ်းကို လာရွေးတော့မယ်လို့ သတင်းပို့လိုက်တယ်။ အဲဒါ သူ့ကိုပြန်ချိန်းလိုက်ပြီးနေပြီ"

ယင်းမာ အတော်ပင် စိတ်ညစ်သွားပါသည်။

"ကိုထွတ်ပဲ ဒီနေ့တစ်နေ့လုံး အားအောင်လုပ်ထားပေးမယ်ဆို"

ယင်းမာ ကားထဲဝင်ထိုင်၊ ကားတံခါးကိုပိတ်ရင်း ဆက်ပြောသည်။

"ဘယ်တော့မှ အေးအေးဆေးဆေးကို မရှိဘူး"

မင်းထွတ်တင်က ကားသော့ကိုစက်နှိုးရင်း အပေါက်ဝမှာ ထွက်ရပ်ပြီးနှုတ်ဆက်နေသော ယင်းမာအမေကို လက်ပြလိုက်သည်။ ပြီးမှ ကားကိုမောင်းထွက်လာပါသည်။

"ဘယ်ကိုသွားမှာလဲ"

ဟု ယင်းမာ အကြိမ်ကြိမ် ပြောပြထားတာကို မမှတ်မိဘဲ မေးနေပြန်သည်။

"ဒီဇိုင်နာဆီ

"သိတယ်လေ၊ ဒီဇိုင်နာက ဘယ်မှာလဲ"





ယင်းမာ ဒါကို အထူးတလည် စိတ်ကောက်နေဖို့ပင် စိတ်မပါတော့တာမို့ ဒီဇိုင်နာရှိရာ နေရာကိုသာ ရွတ်ပြလိုက်သည်။ အခုလောလောဆယ် ယင်းမာမှာ အရေးလုပ်ပြီးထောက်ပြစရာရှိနေ၍ ဒီဇိုင်နာဟာ ဘယ်သူ၊ ဘယ်မှာရှိတယ်၊ ယင်းမာသူ့ဆီမှာပဲ အကျီအပ်တယ်ဆိုတာ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ပြောပြဖူးတာ၊ ကိုထွတ်လည်း သုံးခါလောက်ရောက်ဖူးတာတွေ ထောက်ပြပြီး စိတ်ဆိုးမနေအားတော့ပါ။

"ကဲ ... ကိုထွတ်ရဲ့ ယင်းမာ မေးတာဖြေပါဦး။ ကိုထွတ်ပဲ ဒီနေ့ကို လုံးဝအား,အောင် အချိန်တွေ ညှိထားတယ်ဆို။ ဒီဇိုင်နာဆီ အေးအေးဆေးဆေးသွားမယ်။ ပြီးရင် ယင်းမာ ရှော့ပင်း လုပ်မှာကို လိုက်ပေးမယ်ဆို"

"အစကတော့ အဲဒီလိုပဲ စီစဉ်ထားတာလေ။ ယင်းမာ ခုနတွေ့သားပဲ။ ရှန်ဟိုင်းက အမြဲဝယ်နေကျဖောက်သည်သူဌေးက အစီအစဉ်ပြောင်းပြီး ဒီနေ့ပဲ လာကြည့်မယ်ဖြစ်သွားတာကိုး။ ယင်းမာတို့အိမ်မှာ ကိုယ်ရှိနေတုန်း မက်ဆေ့ချ်ပို့ပြီးချိန်းတော့ ကိုယ်လည်း ပြန်လက်ခံလိုက်တာပေါ့"

"ဘာလို့ နောက်နေ့မချိန်းလဲ"

"သူက နောက်နေ့ပဲ အင်းလေးဘက် ခရီးထွက်ချင်တယ်တဲ့။ သူ့ရဲ့ Tour Guide (တိုးဂိုက်ဒ်)က အဆင်ပြေတဲ့နေ့



www.burmeseclassic.com

www.burmeseclassic.com



စိစဉ်ပေးလိုက်လို့တဲ့။ ဒီတော့ ကိုယ် ဘယ်လိုလုပ်အချိန်ရှေ့မလဲ။ သူက ဒီမှာ တစ်ပတ်လောက်ပဲ အချိန်ဖြုန်းနိုင်တဲ့သူ။ ပြီးတော့ ကိုယ့်ဆီကပဲ ဝယ်နေကျဖောက်သည်လေ။ သူက ဝယ်ပါမယ် ကတိခံထားတာတောင် ကိုယ်ကမပြဆေးနိုင်ပါဘူး။ မအားပါဘူးဆိုပြီး ဘာမဟုတ်တဲ့ကိစ္စလေးကို အရေးလုပ်ပြလိုက်ရမှာ မတန်ဘူးလို့ ထင်တယ်လေ"

ဘာမဟုတ်တဲ့ကိစ္စလေးဟု ထည့်ပြောလိုက်သဖြင့် ယင်းမာရင်ဆဲ အောင့်သွားပါသည်။ ယောကျ်ားတွေအတွက်ကတော့ အချိန်တန် အရွယ်ရောက်လို့ ဝတ္တရားအရ၊ ထုံးတမ်းစဉ်လာအရ မိန်းမယူရတယ်၊ မိန်းမဘက်က အလိုကျ လက်ထပ်မင်္ဂလာပွဲတွေ ကျင်းပရတယ်ဆိုတာဟာ သိပ်ပြီးအရေးပါလှတာမဟုတ်။ ဖြစ်ရိုးဖြစ်စဉ် လုပ်ရိုးလုပ်စဉ်မို့သာ လက်ခံလိုက်ရတာဟု ယူဆဟန်ဖြင့် ဒါကို သိပ်အရေးမလုပ်ကြတာလား။ မိန်းကလေးတွေကတော့ တစ်သက်မှာတစ်ခါ ကျင်းပရတဲ့ လက်ထပ်မင်္ဂလာပွဲဆိုတာကို စိတ်ကူးယဉ်၊ ရင်ခုန်စွာဖြင့် စီစဉ်ရခြင်းကိုပင် အလုပ်ကြီးတစ်လုပ်ဟု ယူဆကြခြင်းကို ဘယ်ယောကျ်ားမှ နားမလည်နိုင်ကြဘူးလို့ ထင်ပါသည်။

"ကိုယ် ယင်းမာအလိုကျ ဒီနိုင်နာဆီလိုက်ခဲ့ပါ ဆိုတာကို လိုက်ပေးပြီးပြီပဲ၊ ရှော့ပင်းလုမ်ဖို့ကိုတော့ မလိုက်နိုင်တော့ဘူး။ ကိုယ်လည်း ဘာမှအကြံမပေးတတ်ဘူး။ ယင်းမာ





ကိုယ်ပါရင်တောင် ကိုယ့်ကိုအားနာနေရဦးမယ်။ ယင်းမာ ဘာသာ သူငယ်ချင်းဖြစ်ဖြစ်ခေါ်ပြီးသွားပေါ့"

"ယင်းမာ ရှော့ပင်လုပ်ချင်တာထက် ကိုထွတ်နဲ့တစ်ခါမှ တွဲမသွားဘူးလို့ သွားချင်တာ"

"ယင်းမာက စိတ်ကူးယဉ်အချစ်ဝတ္ထုတွေရေးပြီး အဲဒါကို အပြင်မှာ တကယ်ခံစားကြည့်ချင်တာမျိုးပါကွာ။ ယင်းမာဝတ္ထုထဲက ဇာတ်ကောင်တွေဟာ ရုပ်ရှင်အတူကြည့်မယ်၊ ရှော့ပင်အတူတူသွားမယ်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကော်ဖီဆိုင်ထိုင်မယ်လို့ ရေးပြတယ်။ ယင်းမာက စိတ်ကူးယဉ်ပြီး ရေးတာကို ကိုယ်တိုင်လည်း ခံစားကြည့်ချင်တာ မဟုတ်လား ... ဟား ဟား။ မင်း ရင့်ကျက်ဖို့ တော်တော်လိုသေးတာပဲ ယင်းမာရယ်"

မင်းထွတ်တင်က ယင်းမာ၏ငယ်ထိပ်ကို သက်ဖြင့်ဖိယမ်းကာ ရယ်မောပြောပါသည်။ ထိုသို့ အပြောခံရသည်ကို ယင်းမာ လိုက်မရယ်နိုင်ပါ။ ယင်းမာ စိတ်ကူးယဉ်တာ မဟုတ်ဘူးလို့ ရင်ထဲမှာ အော်ပြောနေမိသည်။

သို့သော် မင်းထွတ်တင်နဲ့ ပတ်သက်ရင် ယင်းမာဟာ ရင်ထဲမှာ ခံစားရတာတွေကို အမြဲသိမ်းထားတတ်နေပြီဖြစ်ရာ ဒီအကြောင်းအရာအတွက် ဆက်ပြီးအချေအတင် စကားပြိုင်လုမနေချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ခံစားရသလို သူကမှ မခံစားတတ်တာ။ သူ့မှာ ခံစားတတ်တဲ့နှလုံးသား မရှိဘူးထင်ပါရဲ့။ သူ ငါ့ကိုရော တကယ်ချစ်ရဲ့လား။ ချစ်လို့ရွေးခဲ့တာလား။ ကြည့်စမ်း ... စုမှ တွေးမိတယ်။ သူနဲ့ယင်းမာဟာ မိဘတွေချင်း စကားပြောကြရာကတစ်ဆင့် သူကလည်း လက်ခံပါတယ်ဆိုတာသိရလို့ ယင်းမာကလည်း လက်ခံခဲ့တာ။ နောက်ပိုင်းမှာ သူနဲ့ယင်းမာ နှစ်ယောက်တည်း မကြာခဏ ဆုံရတာပဲ။ သူ ယင်းမာကိုချစ်တယ်ဆိုတဲ့ စကားမျိုး မပြောခဲ့ဖူးဘူးထင်တယ်။ ပြောခဲ့ဖူးသလား။ မပြောခဲ့ဖူးသလားဆိုတာတောင် ယင်းမာ မမှတ်မိတော့ပါ။

"ကိုထွတ် အလုပ်ကိစ္စက ပိုအရေးကြီးတယ်ဆိုရင်လည်း ယင်းမာတို့ ဒီနေ့ ဒီရိုင်နာဆီ မသွားတော့ဘူးလေ။ နောက်တစ်ရက် ပြန်ချိန်းပါလား"

"လုပ်စရာရှိတဲ့ကိစ္စတစ်ခု ပြီးအောင်ဖြတ်ထားလိုက်ပါ ယင်းမာရယ်။ နောက်တစ်ရက် ထပ်ချိန်းဖို့ဆိုတာ အားလုံး ပြန်ညှိရဦးမယ်"

"ကိုထွတ်ဟာ အချိန်တွေ အဲဒီလောက်တောင် ဆင်းရဲရလောက်အောင် အလုပ်တွေပြည့်နေတာဆိုတော့ ယင်းမာတို့ မင်္ဂလာပွဲတွေလုပ်ဖို့၊ မင်္ဂလာပွဲပြီးရင် ဟန်းနီးမွန်းနှစ်ပတ်သွားဖို့တွေကိုတောင် အချိန်ဘယ်လိုပေးမလဲ"

"အဲဒီရက်တွေကိုအားဖို့ ခုတည်းက အချိန်ယေားဆွဲထားရတာပေါ့။ ဘာဖြစ်လို့ မေးတာလဲ"





"မေးကြည့်ရတာပေါ့လေ၊ ကိုထွတ်က ယင်းမာနဲ့တွေ့လိုက်တိုင်း အလုပ်လုပ်စရာတစ်ခုက ရှိကိုရှိနေတော့ အံ့သြတာပေါ့။ ဘာကြောင့်များ ဒီလောက်တောင် အလုပ်များရလဲလို့"

"ကိုယ့်ကို ခနဲ့တာလား"

မင်းထွတ်တင်က ယင်းမာကို အကဲခတ်သလို ကြည့်ပြီး မေးလေသည်။

"မခနဲ့ပါဘူး။ ကိုထွတ်က သိပ်ပြီးအလုပ်များလွန်းလို့ပါ။ အံ့သြလို့ပါ။ ဒီလောက်လည်း ချမ်းသာနေပြီပဲ၊ ဘာကို အစိုးရိမ်ကြီးပြီး လောဘတကြီး ငွေရှာနေသလဲလို့ တွေးနေတာပါ"

"လောဘတကြီး ငွေရှာနေတာ မဟုတ်ပါဘူး ယင်းမာ။ ဂုဏ်သိက္ခာအတွက် အလုပ်လုပ်ပြနေတာပါ။ ကိုယ်တို့ မျိုးရိုးလုပ်ငန်းဖြစ်တဲ့ လေ့ာကရတနာကျောက်မျက်လုပ်ငန်းရဲ့အဆက်အနွယ်ဂုဏ်ကို ထိန်းတာပါ။ မင်းထွတ်တင် လက်ထက်ကျမှ နာမည်ပျက်လာတယ်။ နာမည်မရှိတော့ဘူး။ ကတိတွေပျက်လာတယ်၊ ပစ္စည်းတွေအရည်အသွေး ပျက်လာတယ်ဆိုတာကို ကိုယ်မဖြစ်ချင်တာပါ။ အဲဒီလို ဂုဏ်သိက္ခာတွေ၊ နာမည်တွေ ဆိုတာကို ယင်းမာ နားမလည်နိုင်သေးသရွေ့ ကိုယ့်အပေါ် ယင်းမာ ဘယ်တော့မှ အမြင်ကြည်လို့ရမယ် မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီနိုင်နာရှိရာ လမ်းထဲလည်း ကားကိုရိုးဝင်လာပြီ ဖြစ်သဖြင့် ယင်းမာ စကားမဆက်ဖြစ်တော့ပါ။ ယင်းမာ ကိုယ့်အဖြစ်ကိုယ်လည်း အခုချိန်မှာ ကျေနပ်ပျော်ရွှင်ရမလား။ စိတ်ဆိုးညည်းတွားရမလားပင် မသိတော့။ မင်္ဂလာပွဲအတွက် နှစ်ယောက်အတူ တိုင်ပင်ချင်သည်။ သို့သော် သူကအချိန်မပေးနိုင်။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒါလေးတော့ ကောင်းတယ်၊ ဟိုဟာတော့ မကောင်းဘူး၊ ဒါတော့လုပ်ကြမယ် ဒီဟာတော့ဖြင့် မလုပ်ရင်ကောင်းမယ် ဆိုပြီး မင်္ဂလာပွဲအစီအစဉ်တွေ ရေးဆွဲချမှတ်သူ့သူပါစိတ်ဝင်တစား ဆွေးနွေးတိုင်ပင် ငြင်းခုန်နေရသူတွေမှာ သူ့အမေရယ်၊ ယင်းမာအမေရယ်၊ သူ့အဒေါ်တွေရယ်၊ ယင်းမာအဒေါ်တွေရယ်၊ ယင်းမာရယ်သာ ပင်တိုင်လိုဖြစ်နေသည်။ တစ်ခါတလေ သူ့ကိုဖုန်းဆက်မိရင်တောင် စိတ်မပါသလို အသံကြီးနဲ့...

"ဩော် ... အင်း ... ဟုတ်လား။ ယင်းမာ ကြိုက်တာလုပ်ပေါ့။ ယင်းမာရဲ့ပွဲပဲ"

ဟူ၍သာ ဝတ္တရားအရ ယင်းမာကို အနိုင်ပေးပြီး ယင်းမာသာ ဆုံးဖြတ်စေသော တုံ့ပြန်သံကို ကြားရစမြဲ။

ကိုထွတ်ရေ ရှင့်အမေကတော့ ဘယ်လိုပြောလိုက်တယ်။ ရှင့်အဒေါ်ကဖြင့် ဒါကိုသုံးမယ်ပြောတယ်။ ရှင့်အမေပြောတာကြီး ယင်းမာ မကြိုက်ဘူး။ ရှင့်အဒေါ်ကလည်း သိပ်...တယ် စသဖြင့် ယင်းမာ မိန်းကလေးပီပီ မိန်းမချင်း ရင်ဆိုင်ငွေ ခဲ ပြဿနာကို ဖုန်းဆက်ရင်ဖွင့်မိခဲ့လျှင် မင်းထွတ်တင်က





တော့ သူ့ကိုလာမရှုပ်ရင်ပြီးရော။ သူနားအေးရင်ပြီးရော သဘောနဲ့ ယင်းမာပြောလျှင် ယင်းမာဘက်လိုက်ကာ ...

"ယင်းမာ ကြိုက်တာလုပ်ပေါ့၊ ဘယ်သူ ဘာပြောပြော ခေါင်းထဲ မထည့်နဲ့ပေါ့"

ဟု ပြန်ဖြေတတ်သလို တစ်ဖက်မှာလည်း သူ့အမေ သူ့အဒေါ်ပြောတာ အဟုတ်လို့ ထောက်ခံပြီး သံယောင်လိုက်တတ်သူသာ ဖြစ်ပြန်သည်။

ဒီဇိုင်နာဆီမှာလည်း နာရီတကြည့်ကြည့်၊ ဖင်တကြွကြွဖြင့် သည်းခံစောင့်ဆိုင်းနေရဟန်ရှိသော ကိုထွတ်၏အမူအရာကြောင့် ယင်းမာပင် ဒီဇိုင်းတွေကြည့်ရတာ စိတ်မပါတော့သလိုဖြစ်ကာ ပြီးပြီးရောပင် ပုံစံတွေရွေးချယ်လိုက်မိသည်။ ပြီးတာနဲ့ အော့ကောက်ကိုင်ကာ ကားစက်နှိုးဖို့ ပြင်နေသော ကိုထွတ်ကိုတော့ဖြင့် ယင်းမာ အတတ်နိုင်ဆုံး နားလည်ပေးဖို့သာ ဆုံးဖြတ်ပြီးသော ခြေလှမ်းတွေနဲ့ နောက်ကလိုက်ခဲ့ရပါသည်။

"ကဲ ... ယင်းမာကို အိမ်ပြန်ပို့ခဲ့မယ်နော်။ ကိစ္စတစ်ခုပြီးသွားတော့ ခေါင်းအေးသွားပြီ"

"ကိုထွတ် ခေါင်းရှုပ်မခံချင်ရင် နောက်တစ်ခါ မလိုက်ခိုင်းတော့ပါဘူး စိတ်ချပါ"

"ဟော့ ... ဟော့ ... ယင်းမာ၊ အဲဒီလို စိတ်ကောက်မနေနဲ့လေ။ ဒါ စိတ်ကောက်စရာမှ မဟုတ်တာ၊ ကိုယ် တခြားကိစ္စသွားတယ် ဆိုတာကလည်း အလုပ်ကိစ္စပဲ။ တခြား



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဆီသွားတာမှ မဟုတ်တာ။ တခြားမှာရှုပ်ဖို့ သွားနေတာလည်း မဟုတ်ဘူး။ ယင်းမာ ဒါကိုစိတ်မကောက် သင့်ဘူး”

“ယင်းမာကို စာတိုက်ကြီးနားရောက်ရင် ခဏရပ်ပေး”

“လမ်းမသင့်ဘူး။ အဲဒီဘက်ကို ပြန်ချိုးရင် ကားကျပ်တယ်၊ အနည်းဆုံး နာရီဝက် လေးဆယ့်ငါးမိနစ် ကုန်လိမ့်မယ်။ နောက်မှ ယင်းမာဘာသာ သီးသန့်သွားကွာ”

“စာတစ်စောင် ဝင်ထည့်ရုံပါ ကိုထွတ်ရယ်။ ခဏလေးပါ မကြာပါဘူး”

“စာထည့်တာ မကြာဘူး။ ဒါပေမဲ့ ကားလမ်းကြောင်းအရ အရမ်းကျပ်လို့ပြောတာ”

“ဒါဆို ယင်းမာ ဒီနားမှာပဲ ဆင်းနေခဲ့တော့မယ်။ ကိုထွတ် ဘာသာပြန်တော့”

“မဆင်းနဲ့လေ။ အိမ်ပြန်ကားယူပြီးမှ ဒီကိုပြန်မောင်းလာပေါ့။ ဘာလို့ အလောကြီးနေတာလဲ။ ဒီစာက ဘာများ အရေးကြီးလို့လဲ”

“ဒေါ်ခင်စိမ်းမြဆီ ပြန်ထည့်မယ့်စာ”

“ဒေါ်ခင်စိမ်းမြ ဆိုတာ ဘယ်သူလဲ”

ယင်းမာအကြောင်းတွေဆို ခေါင်းထဲထည့်မထားလေ့ရှိသော မင်းထွတ်တင်၏မေးခွန်းအဆုံးမှာ ယင်းမာသည် နောက်ကားအခြေအနေကို အကဲခတ်လိုက်ပြီး ဗျတ်ခနဲပင် ကားတံခါးကို





ဖွင့်ချလိုက်သည်။ မီးပွိုင့်ရောက်ခါနီးလေးမှာ ကားကပိတ်ပြီး ဖြည်းဖြည်းချင်း ဘီးလိမ့်လိုက်၊ ရပ်လိုက် လုပ်နေရချိန်ဖြစ်သဖြင့် ကားလည်းအရပ် အချိန်ကိုက်ပင် ကားတံခါးကိုဖွင့်ပြီး ဆင်းလိုက်သော ယင်းမာကို တားချိန်မရလိုက်တော့ချေ။

“ယင်းမာ ... ယင်းမာ ... ဟာ ... ဟာကွာ ... ကားတိုက်တော့မှာပဲ၊ လာ ... လာ ... ပြန်တက်”

မင်းထွတ်တင် အော်ခေါ်ပေမယ့် ယင်းမာသည် ကားတွေကြား လျှိုဝင်သွားကာ လက်ပြသွားပါသည်။ ပလက်ဖောင်းပေါ်ရောက်မှ ဖုန်းကိုထုတ်ကာ မက်ဆေ့ချ်တစ်ခု ရိုက်ပို့လိုက်ပါသည်။

“စိတ်မပူပါနဲ့၊ ယင်းမာ စာတိုက်ကြီးမှာ စာထည့်မယ်။ ပြီးရင် တက္ကစီနဲ့ အိမ်ပြန်မှာပါ။ ကိုထွတ် သိပ်တွေ့ချင်သေးတယ်ဆိုရင် ကိုထွတ်ကိစ္စတွေပြီးမှ အိမ်မှာလာတွေ့နိုင်ပါတယ်”

မင်းထွတ်တင်သည် မက်ဆေ့ချ်ကို ယူဖတ်ကြည့်ကာ ခေါင်းခါလျက် တစ်စုံတစ်ခုကို မသဲမကွဲ ရေရွတ်ညည်းတွားလိုက်တော့သည်။

♥ ◎ ♥



www.burmeseclassic.com

www.burmeseclassic.com



❋ ၄ ❋

"အဘွား အမုန်အတိုင်း ဝန်ခံပါတယ် ဆရာမလေးရယ်။ အဘွားမသေခင် နေခွင့်ရတဲ့ရက်တွေမှာ သူ့ကို တစ်ခေါက်လောက် တွေ့ခွင့်ရချင်တယ်။ သူ့ဘဝ ဘယ်လိုဖြစ်နေလဲ။ အဆင်ပြေရဲ့လား။ အဘွားကြောင့် သူ ဘယ်လောက်ထိ ခံစားခဲ့ရလဲ။ ဘာတွေဖြစ်ခဲ့လဲ ဆိုတာ သိချင်မိပါတယ်။

ဒါဟာ အသက်ကြီးမှ ဖောက်လွဲဖောက်ပြန်ဖြစ်ပြီး သူငယ်ပြန်တာမျိုးလည်း မဟုတ်ပါဘူး။ ခင်မင်ရတဲ့မိတ်ဆွေဟောင်းတစ်ယောက်ရဲ့ နောက်ဆုံးနေ့ရက်တွေကို သိသွားချင်တာမျိုးပါ။

ရှမ်းပြည်နယ်မြောက်ပိုင်းက နယ်မြို့လေးတစ်မြို့မှာ နေထိုင်တဲ့ တောင်ယာအလုပ်လုပ်တဲ့ စိုင်းထွန်းလုံ ဆိုတဲ့ နာမည်ကလွဲရင် ဘာမှပိုမသိခဲ့ရတဲ့ လူတစ်ယောက်ရဲ့ဖြစ်





စဉ်ကို စုံစမ်းရတာ ခက်ခဲတာမို့ အဘွား ဒီနေ့ ဒီအချိန်ထိ ဒီဆန္ဒကို မျိုသိပ်ပြီး နေနေရတာပါ။

ဆရာမလေးဟာ အဘွားရင်ထဲက ခံစားချက်တွေကို အရှင်ဆုံးသိခွင့်ရတဲ့သူ ဖြစ်သလို အဘွားခံစားရတာတွေကိုလည်း နားလည်ပေးနိုင်တဲ့သူအဖြစ် ယုံကြည်လို့ ပြောပြဖြစ်တာပါ။

ဒီနေ့ ကိုယ်တွေလက်တွေ ကိုက်ခဲပြီးနေလို့လည်း သိပ်မကောင်းတော့ စာကိုရှည်ရှည်မရေးနိုင်တော့ဘူးကွယ်။

ဆရာမလေးဆီက အားပေးမယ့်စာကိုတော့ မျှော်နေပါတယ်။ အချိန်အားလပ်မှုနည်းတဲ့အတွက် စာပြန်ပါလို့ တောင်းဆိုရတာ အားတောင်နာပါတယ်။

ချစ်ခင်စွာဖြင့်

ခင်စိမ်းမြ"

တစ်ပတ်ကျော်အကြာမှာတော့ ဒေါ်ခင်စိမ်းမြ မျှော်လင့်နေခဲ့သော စာတစ်စောင် ရောက်လာခဲ့ပါသည်။ ထိုစာကို ဖတ်အပြီးတွင် ဒေါ်ခင်စိမ်းမြဟာ စိတ်ဆုံးဖြတ်ပြီးသော မျက်နှာဖြင့် မျက်လုံးအရောင်တွေ လက်လာပါသည်။ သူ့စာသည် စာရေးဆရာမဟာ ဘာတွေရေးလိုက်ပါလိမ့်လို့တွေးပြီး အဘွားဒေါ်ခင်စိမ်းမြ၏ မျက်ဝန်းမှုန်မှုန်တွေထဲက အရောင်တောက်ပမှုကို တအံ့တဩ ငေးကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားကို ဖုန်းယူပေးပါ သူဇာ"

"ယင်းမာမြိုင်ဆီ ဖုန်းဆက်ဖို့လား"

"ဟုတ်တယ်"

"ဆရာမက ဖုန်းဆက်ပါလို့ ရေးလို့လား"

"မရေးပါဘူး။ ဆရာမရဲ့စာကြောင့် အဘွား သူ့ကိုစကား ပြောချင်စိတ်တွေ ဖြစ်လာလို့ပါ"

သူဇာက အဘွားဒေါ်ခင်စိမ်းမြအား ကော့ဒ်လက်စ် ဖုန်းကို သွားယူပေးလိုက်ပါသည်။

"မျက်နှာချင်းဆိုင်တွေ့ပြီး စကားပြောချင်တာပါလေ၊ ဒါပေမဲ့ အခုတော့ ဖုန်းထဲကပဲ စကားပြောလိုက်ပါဦးမယ်။ သူတို့လူငယ်တွေဆိုတာက အလုပ်များကများနဲ့။ အဘွားလို အဘွားကြီးအိုအတွက် အချိန်ပေးနေရရင် အားနာဖို့ကောင်းတယ်"

ဒေါ်ခင်စိမ်းမြက ဖုန်းခလုတ်တွေကိုနှိပ်ရင်း သူဇာကိုပဲ ပြောသလိုလို၊ သူမဘာသာပဲ ရေရွတ်သလိုလိုဖြင့် ပြောနေပါသည်။ ဖုန်းနံပါတ်များကို နှိပ်ပြီးသောအခါ နားမှာအသာကပ် နားထောင်နေစဉ် စိတ်လှုပ်ရှားနေသော ဒေါ်ခင်စိမ်းမြ၏အမူအရာကို သူဇာ ငေးနေမိလေသည်။

"ဟဲလို"

"စာရေးဆရာမ ယင်းမာမြိုင် အိမ်ကပါလားရှင်"





"ဟုတ်ပါတယ်"

ဆရာမနဲ့ စကားပြောချင်လို့ပါ"

"ဘယ်သူပါလိမ့်ရှင်။ နာမည်သိခွင့်ရမလား"

"ကျွန်မ ခင်စိမ်းမြပါ"

"ဟုတ်ကဲ့"

"ဆရာမလေး အိမ်မှာမရှိဘူးထင်တယ်"

"မရှိပါဘူးရှင်။ အပြင်ခဏ ထွက်သွားပါတယ်၊ ကျွန်မ ပြန်ပြောပြလိုက်ပါ့မယ်။ ကျွန်မက ယင်းမာရဲ့အဒေါ်ပါ"

"ကျေးဇူးတင်ပါတယ် သမီးရယ်။ အဘွားက ဆရာမလေးရဲ့ Pen Friend )ပန်ဖရင်းထ်)ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

တစ်ဖက်မှာ ဖုန်းကိုင်ရသော ယင်းမာ၏အဒေါ်က တော့ အံ့သြပြီး ဟုတ်ကဲ့ လုပ်နေတာဖြစ်သည်။ ဘယ့်နှယ် အဘွားကြီးတစ်ယောက်က ယင်းမာရဲ့ပရိသတ် ဖြစ်နေရသလဲ။ Pen Friend တဲ့။ စာချင်းတောင် အဆက်အသွယ်ရှိပြီး ခင်မင်နေတဲ့ မိတ်ဆွေတွေတဲ့။ အံ့သြစရာ။ ယင်းမာဟာ လုပ်လိုက်ရင် အထူးအဆန်းချည်းပဲ။

ယင်းမာ အပြင်ခဏထွက်သွားရာမှ ပြန်လာသော အခါ အိမ်ကိုခဏအလည်ရောက်နေသော အန်တီလေးက တအံ့တသြဆီးပြောတာကြုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ယင်းမာရယ်။ သမီးပရိသတ်တစ်ယောက် ဖုန်းဆက်သွားတယ်၊ အံ့ဩဖို့ကောင်းလွန်းလို့ ပြောပြချင်နေတာ"

ဟု မမေ့မေလျှာ့ ပြောတော့သည်။

"ဘယ်သူမို့လို့ အန်တီလေးက အံ့ဩနေရတာလဲ"

"အဘွားကြီးတစ်ယောက်လေ။ သမီးရေးတဲ့ အချစ်ဝတ္ထုတွေဖတ်တဲ့ အဘွားကြီး ရှိသလားကွယ်၊ အံ့ဩစရာ"

"ဟင် ... ဒေါ်ခင်စိမ်းမြလား"

ယင်းမာ ချက်ချင်းပဲ ဒက်ခနဲ မေးလိုက်နိုင်သည်။

"ဟုတ်ပါ့ ... သမီး သိပြီးသားကိုး"

"အဘွားက ဘာပြောသွားလဲ"

"ဖုန်းဆက်တာပါလို့ပဲ ပြောတယ်။ သမီးမရှိဘူးဆိုတော့ သူ့နာမည်လေး ပြောထားခဲ့ပြီး ဖုန်းချသွားတော့တာပဲ"

"အဘွား ဘာများပြောချင်သလဲ မသိပါဘူး။ ယင်းမာအားရင် ဖုန်းဆက်လိုက်ပါ့မယ်။ အဘွားဟာစာပဲရေးပြီး ဆက်သွယ်ဖူးတာ။ တစ်ခါမှ ဖုန်းမဆက်ဖူးဘူး"

"အဘွားကြီးက သမီးဆီ မိတ်ဆက်စာလည်း ရေးတယ်ပေါ့"

ယင်းမာသည် အဒေါ်ဖြစ်သူကို ဘာမှတွေတွေထူးထူးတွေ အသိပေးမနေချင်တော့သည်ဖြစ်ရာ အသာပင်ပြုံးပြီးတိတ်နေလိုက်ပါသည်။





အပြင်ကပြန်လာပြီးခါစ ရေချိုးအဝတ်လဲ၊ ခဏနားပြီးမှ ဖုန်းဆက်တော့မည်ဟု တွေးပါသည်။ အပြင်ခဏထွက်ပြီး ယင်းမာကြည့်ချင်သော DVD ခွေတွေသွားရွေး၊ ဖတ်ချင်သောစာအုပ်တွေသွားမွှေပြီး ပြန်လာတာဖြစ်ပါသည်။ ယင်းမာရဲ့အလုပ်တလည်း အပြင်အကြာကြီးထွက်ပြီး အလုပ်ချိန် သတ်သတ်မှတ်မှတ် လုပ်စရာမလိုသည်ဖြစ်ရာ အပြင်ထွက်လည်း ခဏသာ။

ဈေးဝယ်ထွက်၊ ဆံပင်ပြင်၊ လက်သည်းခြေသည်းပြင်တာမျိုးလုပ်သည့်နေ့တွေသာ အပြင်မှာကြာတတ်ပါသည်။ များသောအားဖြင့်တော့ ယင်းမာက အိမ်မှာ စာရေးချင်စိတ်ပေါ်လာရင် အခန်းတံခါးပိတ် စာရေးလိုက်၊ တစ်ခါတလေ နေ့လယ်ရေးရင်ရေး၊ တစ်ခါတလေလည်း ညဘက် လူသံတိတ်ချိန်ကျမှရေးရတာ ပိုကောင်းသည်ထင်လျှင်တော့ ညဘက်ရေးဖြင့် ဝတ္ထုတစ်အုပ်ကို စိတ်တိုင်းကျ ခြယ်မှုန်းတတ်ပါသည်။

အခုတလော ညပိုင်းညဉ့်နက်ခံပြီး စာရေးကာမနက်ကျလည်း ခပ်စောစော နိုးနေတတ်သောကြောင့် နေ့လယ်ဆိုရင်တော့ ယင်းမာ ပြန်အိပ်တတ်ပါသည်။ ရေချိုး အဝတ်လဲပြီးတာနဲ့ အဘွားဆီ ဖုန်းဆက်ချင်ပေမယ့် လူက မခံမရပ်နိုင်လောက်အောင် အိပ်ချင်လာလေရာ ခဏသွားလှဲရင်း အိပ်ပျော်သွားပါသည်။ အိပ်ရာကနိုးတော့ ညနေစောင်းနေပြီ။ နိုးနိုးချင်း အဘွားကို ဖုန်းဆက်ဖို့ သတိရကာ ဖုန်းကိုကောက်ကိုင်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်နေသံသာကြားပြီး တစ်ဖက်မှ ဘယ်သူမှ လာကောက်သဖြင့်အကြာကြီး ဆက်ကိုင်ကာ ခေါ်သံကို နားထောင်နေမိသည်။ ဖုန်းက တစ်မိနစ်ပြည့်အောင်ခေါ်ပြီးသောအခါ အလိုလို ရပ်သွားပါသည်။

"အဘွားတို့အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား။ အဘွား ရော ဘယ်သွားလဲ။ အဘွား နေမကောင်းရဲ့လား မသိပါဘူး"

ယင်းမာမှာ အဘွားနှင့် စကားပြောချင်လို့ ဖုန်းဆက်ပါရက် သူမနဲ့မတွေ့ရ၊ စကားမပြောရသဖြင့် အလွန်စိတ်မကောင်း ဖြစ်နေမိသည်။

"သမီးရေ ... မောင်မင်းထွတ် ရောက်နေတယ်"

ယင်းမာ ဖုန်းအသာချရင်း အံ့သြပြီး မေမေ့ကိုကြည့်လိုက်သည်။

"ဖုန်းလည်းမဆက်ဘဲနဲ့ ရောက်လာတယ်"

"ဖုန်းဆက်စရာလိုလား သမီးရယ်၊ ကဲ ... ကဲ ... အဆင်သင့်ဖြစ်ရင် ထွက်တွေ့လိုက်ဦး"

မေမေသည် အိပ်ရာက နိုးခါစပုံစံ ဖြစ်နေသော ယင်းမာကို သင့်တော်အောင် ပြင်ဆင်စေချင်ဟန်ဖြင့် အရိပ်အမြွက်ပြောပြီး ပြန်ထွက်သွားပါသည်။ ယင်းမာကတော့ အထူးတလည် ပြင်ဆင်မနေတော့ဘဲ မျက်နှာသစ်၊ သွားတိုက်လုပ်ပြီး ခေါင်းတစ်





ချက်ဖြီးကာ ထွက်လာလိုက်သည်။ အိမ်နေရင်း ကြိုးတစ်ချောင်း မက်စီဂါဝန်ရှည်ဖားဖားကြီးဖြင့် ယင်းမာ ထွက်လာတော့ မင်းထွတ်တင် အသာလှမ်းကြည့်သည်။

"လက်ထပ်လက်စွပ်လုပ်ဖို့ ကိုယ်လိုချင်တဲ့စိန်အရွယ်အစားတွေ ရောက်လာတာနဲ့ ယင်းမာကို လာပြတာ။ ယင်းမာ ကြိုက်တာ ရွေးလို့ရအောင်"

ကတ္တီပါဘူးနီနီထဲမှာ ပြိုးပြိုးပြက်ပြက် တွေ့ရသည်။ ခဲရောင်ထနေသော စိန်လုံးလေးတွေကို ဖွင့်ပြသည်။ သူ့ဘေးမှာ ကတ်တလောက်တွေလည်း စားပွဲပေါ်ပုံထားတာ တွေ့ရသည်။

"ယင်းမာက စိန်တွေ ကျောက်တွေမှ မကြည့်တတ်တာ။ ကိုထွတ် ရွေးထားပြီးသားဆိုရင် အဲဒါပဲ ယူမယ်လေ"

"ကိုယ်က ကိုယ့်အတွက်တော့ ရွေးပြီးသားပေါ့၊ ယင်းမာ မကြိုက်မှာစိုးလို့"

"ယင်းမာ ကြိုက်တာကျ ကိုထွတ်က အရည်မကောင်းဘူးတွေ ဘာတွေ ပြောနေဦးမယ်"

"ဒီထဲမှာ ဘာမှမကောင်းတာ မရှိဘူး။ အကုန် အကောင်းဆုံးတွေချည့်ပဲ။ ယင်းမာ မရွေးတတ်သေးရင် ဒီကတ်တလောက်ဒ်ထဲကပုံကိုကြည့်။ ပုံကြိုက်ရင် စိန်ဘယ်နှလုံးစီမယ်ဆိုတာ ရွေးလို့ရတယ်"

"ကိုထွတ် အတွက်ပါ ပုံရွေးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ရွေးပြီးပြီ။ ကိုယ်ကြိုက်တာရွေးပြီးနေပြီ။ ယင်းမာ အတွက်ပဲ"

"ကိုထွတ်ကလည်းလေ၊ ယင်းမာကိုတောင် အကြံမတောင်းတော့ဘူး။ သူ့အတွက် သူကြိုက်တာ အရင်ကြိုရွေးလိုက်တယ်"

ယင်းမာ ပက်ခနဲ ပြော့ထည့်လိုက်တော့ မမေက "ဟဲ့"ဟု လှမ်းဟန့်ပါသည်။ မေမေ့အမြင်မှာတော့ မင်းထွတ်တင်ဘ သင့်တော်တာ လုပ်နေတယ်။ ယင်းမာကသာ စိတ်ဆိုးစရာမရှိ ရှာကြံဆိုးပြီး ဘုကန့်လန့်ပြောတယ်ဟု ထင်ပုံပင်။

"ယင်းမာပဲ ခုနက ပြောတယ်လေ၊ ကိုထွတ် ရွေးပြီးသား ဆိုရင် ပြီးတာပဲဆို"

"အဲဒါက ယင်းမာအတွက် ပြောတာ"

"ကိုယ့်အတွက်လည်း ဘာထူးလဲ။ ယင်းမာ ဘာမှမသိတာ။ ကိုယ်ပဲရွေးရမှာပဲ။ ယင်းမာနဲ့ တိုင်ပင်လို့မှမရတာ။ ယင်းမာ မသိတဲ့အကြောင်းအရာကို ဘာမှ အကြံမပေးတတ်ပါဘူး"

ယင်းမာသည် ဆက်ပြီး စကားနိုင်လုမနေချင်တော့၍ ကတ်တလောက်ဒ်ကိုသာ ကောက်ကိုင်ကြည့်လိုက်၏။

နှစ်ယောက်အတူတူ မင်္ဂလာဆောင်မှာပဲ၊ ဘာပဲလုပ်လုပ် နှစ်ယောက်အတူတူ တိုင်ပင်ပေါ့။ သူက သူ့အတွက်တော့





ကြိုရွေးထားပြီး ယင်းမာအတွက်တော့ မရွေးပါတဲ့။ ဘယ်နေရာမှာ ဘာလွဲနေမှန်းမသိတဲ့ အယူအဆတွေအတွက် ယင်းမာ မငြင်းချင်တော့ပါ။ လက်ထပ်လက်စွပ်ပုံစံလေးတွေကိုသာ စိတ်ဝင်တစားကြည့်နေမိသည်။

ကိုထွတ်တို့က ကိုယ်ပိုင်ပန်းတိမ်လည်း ရှိသဖြင့် အဲဒီမှာ သွားအပ်ထားလိုက်ရုံပင်။ သူများတွေလိုမျိုး လက်ထပ်လက်စွပ်ကို အချိန်ပေးပြီး လိုက်ရွေးဝယ်ရတာ၊ မှာရပြုရတာတော့ မရှိပေ။

"ဒါလေးယူပါလား ယင်းမာ"

"အင်း ... ပြီးရော"

"ဘာလဲ၊ ယင်းမာ မကြိုက်လို့လား"

"မဟုတ်ဘူး။ ယင်းမာ ကြည့်ရင်းဟုန်လာပြီး ဘာရွေးရမှန်း မသိတော့ဘူး။ ကိုထွတ် အစတည်းက ဒါလေးကို ယင်းမာအတွက် ရွေးမယ်လို့ ရည်ရွယ်ထားတာလား"

"ဟုတ်တယ်"

"ဒါဖြင့် ... ယင်းမာ ယူမယ်"

"ကြိုက်လို့လား"

"မသိဘူး၊ ယင်းမာ ဘာကြိုက်ရမှန်း မသိဘူး ဖြစ်နေတယ်"

"ဒါဖြင့်လည်း ဒါပဲကြိုက်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာကို ကိုထွတ် ရွေးထားတဲ့ ကိုထွတ်ရဲ့လက်စွပ် ပုံပြပါဦး"

မင်းထွတ်တင်က စာမျက်နှာတစ်ခုဆီလှန်ရင်း ပုံတစ်ပုံကို ထောက်ပြလိုက်ပါသည်။ ယောက်ျားဝတ်လက်ထပ်သတ်စွပ်ကို ယင်းမာ ခဏကြည့်လိုက်၏။ ဘာတွေမှန်းတော့မသိ။ ယင်းမာလည်း သိပ်နားမလည်သဖြင့် သူ စိန်လုံးလေးတွေရွေးတာ။ ရတီဘယ်လောက်ဆိုပြီး တွက်တာတွေ စိတ်မဝင်စားဘဲ အားနာပြီး နားထောင်နေလိုက်ရသည်။ စိန်ရွေး၊ လက်စွပ်ရွေးပြီးတော့ သူ ခဏထိုင်စကားပြောကာ ပြန်ပါသည်။ ယင်းမာကတော့ သူ ဘာတွေပြောနေမှန်းပင် စိတ်ဝင်စားပေးလို့ မရဘဲ အဘွားဒေါ်ခင်စိမ်းမြ နေ့လယ်က ဘာကြောင့် ဖုန်းဆက်ပါလိမ့်ဆိုတာကိုသာ ခေါင်းထဲမှာ တွေးနေမိလေသည်။

♥ ✿ ♥





၅

စာထဲမှာရေးပေးထားခဲ့သော ဖုန်းနံပါတ်ကို ခေါ်ကြည့်ပါသည်။ ဖုန်းလာကိုင်မယ့်သူ ဘယ်သူမှ မရှိသောအဖြစ်ကို ဒုတိယအကြိမ် ကြုံလိုက်ရသောအခါ ယင်းမာသည် ဒေါ်ခင်စိမ်းမြ၏အိမ်ကို ဖုန်းထပ်ခေါ်ဖို့ စိတ်မပါတော့သလိုပင် ဖြစ်သွားပါသည်။

"ဘာကြောင့်ပါလိမ့်၊ မနေ့က ခေါ်တာလည်း ဖုန်းမကိုင်ဘူး၊ ဒီနေ့လည်း မကိုင်ဘူး"

ယင်းမာ စိတ်အနှောင့်အယှက်ဖြစ်သလို တစ်ယောက်တည်း ရေရွတ်မိသည်။ ဒါပေမဲ့ ဒီအကြောင်းကိုလည်း ခေါင်းထဲကြာကြာမထည့်အားဘဲ ရေးလက်စစာမူကို ဆက်ရေးဖို့သာ အားသန်နေသဖြင့် စာထိုင်ရေးနေလိုက်သည်။ ဆယ်အုပ်မြောက်အထိမ်းအမှတ်အတွက် ရေးနေသောစာမူမှာ (ဦး)စိုင်းထွန်းလှံနှင့်(ဒေါ်)



www.burmeseclassic.com

www.burmeseclassic.com



ခင်မိမ်ခြတို့၏ အချစ်ဓာတ်လမ်း ဖြစ်ပါသည်။ ဝတ္ထုကို ထုတ်နေကျ အရွယ်အစားမျိုး၊ စာမျက်နှာမျိုး ထုတ်မှာမဟုတ်ဘဲ ဝတ္ထုစာမျက်နှာ (၅၀၀)နီးပါးလောက် အထူရှိသောပုံစံကို ထုတ်ဖို့ရည်ရွယ်ထားပါသည်။ ထုတ်နေကျ စာမျက်နှာအရေအတွက်ကတော့ များသောအားဖြင့် စာမျက်နှာ(၂၉၀)နီးပါးကနေ (၃၃၀)လောက်ထိ ထုတ်ကြတာများသည်။ ယင်းမာကတော့ ဆယ်အုပ်မြောက်ကို အမှတ်တရ အထူကြီးထုတ်ဖို့ စိတ်ကူးထားပါသည်။

ဝတ္ထုနှင့်အတူ စာရေးဆရာမ ယင်းမာမြိုင်၏ကိုယ်ရေးရာဇဝင် အနည်းငယ်ရယ်၊ အလှဓာတ်ပုံတစ်ပုံရယ်၊ ယင်းမာလေးစားအားကျရသော စာရေးဆရာမကြီးတစ်ယောက်ရဲ့ အမှာစာကိုပါ ထည့်ပေးဖို့လည်း စီစဉ်ပြင်ဆင်ထားသေးသည်။

ယင်းမာသည် ဝါသနာကြီးလွန်းလို့သာ အပင်ပန်းခံစာရေးပြီး ဝတ္ထုစာအုပ်တွေ ကိုယ်တိုင်ထုတ်ဝေသော တာဝန်ကိုပါ ယူထားပေမယ့် တကယ်တော့ ယင်းမာ၏ဝတ္ထုစာအုပ်အပေါ် အကောင်းဆုံး ပြင်ဆင်ထားမှုတွေနဲ့၊ သုံးထားသော စက္ကူအမျိုးအစား အကောင်းတွေနဲ့ တန်ဖိုးတွက်ချက်ကြည့်လျှင် ထုတ်ဝေရတာ သိပ်မကိုက်လှ။ ငွေကမြှုပ်နေသလိုဖြစ်ပြီး စိတ်ပင်ပန်း၊ လူပင်ပန်းရသည်။

ဒါကြောင့် ယင်းမာရဲ့အလုပ်ကိုဆို ကိုထွတ်က လုံးဝအထင်မကြီးလှ။





"ကိုယ်သင်ပေးတဲ့ပညာကိုသာ တန်ဖိုးထားပြီး ယူစမ်းပါကွာ"

ဟူ၍လည်း ယင်းမာကို အတင်းတိုက်တွန်းတတ်သည်။ စီးပွားရေးသမားပီပီ အမြတ်ကိုသာ တွက်ချက်နေတတ်သည်မို့ ...

"ကိုယ့်ဘက်က အရှုံးချည်းဖြစ်ရတဲ့ အလုပ်ကို ယင်းမာ ဘာကြောင့် လုပ်ချင်မှန်းကို မသိဘူး။ လူလည်းပင်ပန်း၊ စိတ်လည်းပင်ပန်း၊ ပြီးတော့ ပိုက်ဆံကျ ကောင်းကောင်း ပြန်ရသလားဆိုတော့လည်း မရဘူး။ အားလုံး ကိုယ့်ဘက်က အရှုံးချည်းပဲ။ ကိုယ့်လိုကျောက်မျက်ရတနာလုပ်ငန်းကျ လက်တောင်တစ်ချက်လှုပ်စရာမလိုဘဲ ငွေရလွယ်တယ်။ ဒီတော့ ယင်းမာ ဘာကိုရွေးရမလဲဆိုတာ စဉ်းစားနေစရာတောင် မလိုဘူး"

မကြာခဏလည်း ယင်းမာကို သူ့လုပ်ငန်းတွေဘက်ပါဖို့ နားချသလို၊ ဆွဲဆောင်သလိုပြောရင်း ယင်းမာ၏အလုပ်ကို ဝေဖန်တတ်သေးသည်။

"ဒီအလုပ်ကို ယင်းမာ ဝါသနာပါလို့ ရွေးတာလေ။ ဖေဖေမေမေတို့က ယင်းမာ လုပ်ချင်ရာလုပ်ဖို့ အရင်းအနှီးထုတ်ပေးကတည်းက ယင်းမာ ဒါကို စိတ်ပါလို့ကို ရွေးတာ။ ကိုထွတ်လို စီးပွားရေးအမြင်နဲ့တွက်ရင် ယင်းမာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အမြတ်ရမယ့်အလုပ်ထဲပဲ ဒီအရင်းအနှီးကိုထည့်လိုက်မှာပေါ့။ စီးပွားရေးလုပ်ပြီး ပိုက်ဆံပိုဝင်ဖို့ကို ယင်းမာစိတ်မဝင်စားဘူး။ ထမင်းပုံမှန်စားနေရရင် ကျေနပ်တယ်"

ယင်းမာကလည်း ကိုထွတ်ဟာ သူမကို လွှမ်းမိုးဖို့ကြိုးစားတယ်ထင်ကာ တစ်ချက်မှ အလျှော့မပေးဘဲ အတိုက်အခံပြန်ပြောမိသည်။ တကယ်တော့ ကိုထွတ်ကို ဖြစ်စေချင်တာက ယင်းမာ အလုပ်ကို မကြိုက်ရင်နေပါ။ မဝေဖန်နဲ့။ မတားနဲ့။ သူ့အလုပ်ထဲကို ဆွဲမထည့်နဲ့ ဆိုတာမျိုး ဖြစ်စေချင်တာပါ။ အခုတော့ယင်းမာဟာ နေ့စဉ်နဲ့အမျှ ကိုထွတ်ကို စိတ်တိုင်းမကျသလိုဖြစ်နေသည်။ လက်ထပ်ရဖို့တွေကိုသာ ပြင်ဆင်နေပေမယ့် စိတ်လှုပ်ရှားပျော်ရွှင်နေတာမျိုး မဖြစ်တော့ဘဲ ဒါပြီးရင် ဒါဖြစ်ရမယ်ဆိုတဲ့ ပုံမှန်ဝတ္တရားတစ်ခုကို ဆောင်ရွက်ရသလို ဖြစ်နေသည်။

ယင်းမာ ဒီအကြောင်းတွေကို ဘယ်သူ့မှမပြောဘဲ မျိုသိပ်ထားမိကာ ကိုယ်သွားရမယ့်လမ်းကြောင်း တည့်တည့်ကိုသာ အာရုံစိုက်ထားမိသည်။ ကိုယ်ကိုယ်တိုင် သဘောကျလို့ရွေးခဲ့ပြီးမှ နောင်တရနေတာမျိုး မဖြစ်ချင်။

ဒီလိုနဲ့ပဲ ယင်းမာသည် ပုံမှန်လှုပ်ရှားနေကျအတိုင်း ဆက်လက်ဖြတ်သန်းပြီးသောအခါ ဒေါ်ခင်စိမ်းမြဆီ ဖုန်းထပ်ဆက်ဖို့ ကိစ္စကိုတော့ မေ့သလိုဖြစ်သွားပါသည်။ သုံးရက်လောက်မေ့နေခဲ့သော် ယင်းမာထံ တစ်ညနေခင်းမှာ ဖုန်းခေါ်လာသည်။





"ဆရာမယင်းမာမြိုင်များ အိမ်မှာရှိသလားလို့ ဆက်ကြည့်တာပါ"

ယင်းမာသည် ဖုန်းကို "ဟဲလို" ထူးလိုက်လျှင် ထူးဆိုက်ခြင်းမှာပင် အသံခပ်အေးအေး၊ ချိုချို၊ ခပ်လေးလေး(နှိုင်းယှဉ်ပြရရင် ရုပ်ရှင်မင်းသမီးကြီးဒေါ်မေရှင်လို အသံမျိုးလေး)ကို ကြားရတာနဲ့တင် ဒါဟာ ဘယ်သူဖြစ်နိုင်မယ်ဆိုတာ တန်းသိသလိုဖြစ်လျက် ...

"အဘွား ဒေါ်ခင်စိမ်းမြလားရှင်"

ဟု ဝမ်းသာအားရ၊ လှိုက်လှဲတကြီးအသံဖြင့် ပြန်မေးလိုက်မိလေသည်။

"ဟုတ်ပါတယ်ရှင်"

"အဘွား ဝမ်းသာလိုက်တာ အဘွားရယ်။ ကျွန်မ ယင်းမာပါ"

"ဆရာမ အားရဲ့လား"

"အားပါတယ် အဘွား။ အဘွားဆီ ဖုန်းဆက်သေးတယ်။ နှစ်ခါတောင်။ အိမ်မှာ ဖုန်းကိုင်မယ့်လူ မရှိဘူးထင်တယ်"

"တစ်ခါတလေကျ အဘွား အိပ်ပျော်နေရင် သူ့စာက ဖုန်းသံကြားပြီး နိုးမှာစိုးလို့တဲ့ ဖုန်းပလပ်ကို ဖြုတ်ထားတတ်တယ် ဆရာမရယ်"



www.burmeseclassic.com

"အသွား ကျွန်မကို ဆရာမလို့ မခေါ်ပါနဲ့၊ ယင်းမာလို့ပဲ ခေါ်ပါ။ အသွားဆီက ဆရာမလို့ ခေါ်တာခံရရင် ကျွန်မ မနေတတ်သလိုပဲ"

"ဟုတ်ပြီ ... ဟုတ်ပါပြီလေ။ ဒါဆို ယင်းမာပေါ့"

"အသွား ဖုန်းဆက်လာတာ သိပ်ဝမ်းသာတာပဲ။ ကျွန်မ အသွားကို စကားပြောချင်နေတာ"

"ပြောပါ ... ပြောပါ ... ရပါတယ်"

"ကျွန်မ အသွားပေးတဲ့ဓာတ်လမ်းကို စပြီးရေးနေပြီလေ။ ခက်တာက ကျွန်မ ရှမ်းပြည်နယ်ကို တစ်ခါမှမရောက်ဖူးဘူး။ ရှမ်းပြည်နယ်ရဲ့မြင်ကွင်းတွေကို ကြည့်လိုက်ရရင် ပိုကောင်းမယ်လို့တောင်တွေးပြီး ခဏခရီးထွက်လိုက်ချင်သလိုပဲ"

"ယင်းမာက ရှမ်းပြည်နယ် ဘယ်အပိုင်းကို သွားချင်တာလဲ"

"အသွားတို့ဓာတ်လမ်းစဖြစ်ခဲ့တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းက မြို့လေးရှိတဲ့ဆီ သွားချင်တာ"

အသွား ခေါင်းစိမ်းမြ ခေတ္တတိတ်သွားပါသည်။ ပြီးမှ သက်ပြင်းသဲ့သဲ့လေးချကာ ...

"ယင်းမာ သွားဖြစ်မယ် ထင်လား"



"သွားဖြစ်မှာပါ၊ ယင်းမာ မိဘတွေက ယင်းမာကို ယုံတယ်၊ ယင်းမာ လုပ်ချင်တာ ပေးလုပ်ကြပါတယ်၊ ယင်းမာအဖော် တစ်ယောက်ခေါ်ပြီး သွားဖြစ်ဖို့များတယ်။ ဒီရက်ပိုင်းအတွင်း သွားဖြစ်ဖို့တောင် များတယ်"

"အသွားလည်း ယင်းမာရဲ့ပြန်စာထဲမှာ ကိုထွန်းလုံရှိတဲ့ မြို့လေးကို သွားမယ်ဆိုတာ ဖတ်ရကတည်းက စိတ်လှုပ်ရှားပြီး ဖုန်းဆက်ချင်သွားတာ။ ဒါကြောင့် ဖုန်းဆက်ဖြစ်တာပါ"

"ယင်းမာ တကယ်သွားမှာပါ"

"အစုခေတ်ဆိုရင်တော့ လေယာဉ်နဲ့အရင် လေဆိပ်ရှိရာ မြို့ကို သွားရမှာပေါ့။ ပြီးမှ ကားတစ်ဆင့်ပြန်ငှားစီးပြီး အဲဒီမြို့လေးဆီ နေ့တစ်ဝက်လောက်တော့ သွားယူရမယ် ထင်တယ်၊ ယင်းမာ အဲဒီလို စီစဉ်ထားလား"

ယင်းမာ တစ်ချက်ရယ်လျက် ...

"တကယ်တော့ ယင်းမာက စွန့်စားချင်တာ။ လေယာဉ် လုံးဝမစီးချင်ဘူး။ လေယာဉ်စီးရင် မြန်မြန်ရောက်ပေမယ့် လမ်းဘေးမြင်ကွင်းတွေ မကြည့်ရလို့ မကြိုက်ဘူး။ ယင်းမာ က စာရေးဖို့ရည်ရွယ်ချက်နဲ့ သွားတာဆိုတော့ ရှမ်းပြည်နယ် ရဲ့မြို့လေးကို ရောက်အောင်သွားရတဲ့ လမ်းဘေးမြင်ကွင်း တွေ၊ အတွေ့အကြုံတွေကို ကိုယ်တိုင်ခံစားကြည့်ချင်တယ်။

www.burmeseclassic.com



အဘွားရဲ့ယေဘာဝ လန်းဆန်းတက်ကြွတဲ့ တက္ကသိုလ်ကျောင်းသူအရွယ်ရဲ့ ခရီးသွားခံစားချက်လေးကို စိတ်ကူးနဲ့ပွားယူပြီး ရေးချင်တယ်။ ဒါကြောင့် ယင်းမာ ကားနဲ့ ချမ်းပြည်နယ်ကို သွားချင်တာပါ။ ဒါပေမဲ့ အဲဒီလိုခရီးရှည်ကြီးကို ကားနဲ့သွားမယ်ဆိုရင်တော့ ဖေဖေမေမေတို့က ခွင့်ပြုမယ် မထင်ပါဘူး"

ဒေါ်ခင်စိမ်းမြက ယင်းမာ ပြောသမျှ အနှောင့်အယှက် မပေးဘဲ တိတ်ဆိတ်စွာ နားထောင်နေပါသည်။

"ယင်းမာရဲ့အစီအစဉ်ကို အဘွားလည်း ကြိုက်ပါတယ်။ ဒါပေမဲ့ အကြံမပေးတတ်ပါဘူးလေ။ ယင်းမာ လုပ်ကိုင်နေတာတွေ အဆင်ပြေပါစေလို့ပဲ ဆုတောင်းပေးပါတယ်"

"ယင်းမာ တကယ်တော့ ကားလေးနဲ့ပဲ အေးအေးဆေးဆေး မောင်းလိုက်၊ နားလိုက်၊ ဟိုတယ်ရှိတဲ့မြို့ဆိုရင်လည်း ဟိုတယ်မှာတည်းပေါ့။ ဟိုတယ်မရှိရင်လည်း တည်းခိုခန်းတည်းပေါ့။ အဲဒီလိုလေး နားနားနေနေ အချိန်ယူ သွားပြီး နှစ်ရက် သုံးရက်နေမှ ယင်းမာ ရောက်ချင်တဲ့နေရာကို ရောက်ရလည်း ကျေနပ်တယ်။ ယင်းမာ တစ်ခါမှ ဝေးဝေးလံလံမသွားဘူးတော့လေ သွားချင်တယ်။ ယင်းမာ ကားနဲ့ ခရီးသွားဖူးတာဆိုလို့ ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး အဲဒီလောက်ပဲ ရောက်ဖူးတာလေ"





"ယင်းမာ သွားဖြစ်မယ်ဆိုရင် ဘယ်နေ့လောက်သွားဖြစ်မလဲကွယ်"

"လေယာဉ်နဲ့ပဲ သွားဖြစ်ဖို့က များနေတော့ ယင်းမာအတွက် လေယာဉ်လက်မှတ် စီစဉ်ပေးမယ့်လူရှိတော့ မခက်ခဲဘူး။ ယင်းမာ ဒီအပတ်ပဲ သွားဖြစ်လိမ့်မယ်"

"ခရီးစဉ် အောင်မြင်ပါစေကွယ်"

"ကျေးဇူးပါ အဘွား"

"ယင်းမာနဲ့ အခုလို စကားပြောရတာ စိတ်ချမ်းသာလိုက်တာကွယ်။ အဘွား ဖုန်းချလိုက်ပါဦးမယ်၊ ယင်းမာ မသွားခင်မှာ အဘွား ဖုန်းထပ်ဆက်ရင် ဆက်မယ်နော်"

"ဟုတ်ကဲ့ပါ အဘွား။ ယင်းမာလည်း သွားမယ့်နေ့အတိအကျ သိရရင် အဘွားဆီ ဖုန်းဆက်လိုက်ပါဦးမယ်ရှင်"

"ကောင်းပါပြီကွယ်"

အဘွား ဒေါ်ခင်စိမ်းမြသည် ဖုန်းလေးကိုအသာပြန်ပိတ်လိုက်ကာ မျက်လုံးစုံမှိတ်ပြီး အကြာကြီး ငြိမ်နေမိတော့လေသည်။

သူဇာက အဘွားဒေါ်ခင်စိမ်းမြကို အကဲခတ်လိုက်ပြီး မသိမသာ ခေါင်းခါမိလေသည်။ အဘွားတော့ ရည်းစားဟောင်းကိုသတိရပြီး ဆွေးနေပြီထင်တယ်။ ဒီကိစ္စကို အစ်ကိုဝါခေါင်လွှန်တောင် သိတာမဟုတ်ဘူး။ သူဇာပဲ သိထားတာ။



www.burmeseclassic.com

www.burmeseclassic.com



အဘွားခံစားချက်တွေမြင်ပြီး နေထိုင်မကောင်းဖြစ်ရင်တော့ ဒုက္ခပဲ။ စသဖြင့် သူစာသည် အဘွားကိုကြည့်ပြီး ဟိုတွေး ဒီတွေး ဖြစ်နေတော့သည်။

♥○♥





၆

နောက်တစ်နေ့ မနက်ပိုင်းလေးမှာ ယင်းမာထံ ဖုန်းကောလ်တစ်ခု ဝင်လာပြန်သည်။ ယင်းမာမြိုင်နှင့် စကားပြောချင်ပါသည်ဟု ဖုန်းဆက်သဖြင့် အိမ်ကကောင်မလေး လာပေးစဉ် ယင်းမာက လေယာဉ်လက်မှတ် သွားဝယ်ဖို့ ပြင်ဆင်နေချိန်ဖြစ်ပါသည်။

"ဟဲလို ... ယင်းမာမြိုင် ပြောနေပါတယ်ရှင်"

"စာရေးဆရာမ ယင်းမာမြိုင်"

"ဟုတ်ပါတယ်ရှင်"

"ခင်ဗျား ... တော်တော်လျှာရှည်တဲ့ မိန်းမပဲဗျ"

ယင်းမာသည် ယောကျ်ားတစ်ယောက်အသံဖြင့် ဖုန်းလက်ခံပြောရစဉ် မအံ့သြပေမယ့် ရုတ်တရက်ကြီး ဖုန်းထဲကနေ ယင်းမာကို ဝေဖန်လိုက်တဲ့စကားကြောင့် အံ့သြသွားပါသည်။ အံ့သြပြီး ဘာပြန်ပြောရမှန်းပင် မသိသလိုဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဘာသာ ကိုယ့်အလုပ် ကိုယ်လုပ်တာမဟုတ်ဘူး ဗျား။ အခုတော့ အလကားနေရင်း လူကြီးသူမတစ်ယောက်ကို လာဒုက္ခပေးတော့ ဒီမှာထိန်းမရ သိမ်းမရဖြစ်နေပြီ"

"ရှင် ... ရှင် ... ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာတွေလာပြောနေတာလဲ"

"ဘာ ... ဘယ်သူလဲတွေ ဘယ်ကလဲတွေ မေးနေတာလဲ။ ခင်ဗျား ခုလောလောဆယ်မှာ ဘယ်သူ့ကို ဒုက္ခပေးထားလဲ စဉ်းစားကြည့်ဦး"

"ကျွန်မ ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးဘူး။ ရှင် ဘာတွေလာရှုပ်ရှက်နေတာလဲ"

"ကျွန်တော့်အဘွားကို ခင်ဗျား ဘာတွေလျှောက်ပြောထားလဲ။ အဲဒီလျှောက်ပြောထားတာတွေက ဒုက္ခပေးတာမဟုတ်လို့ ဘာလဲ။ ပုံပြောပြနေတာလား"

ယင်းမာသည် ဒေါ်ခင်စိမ်းမြ ဟူသော အမည်ကို ဖျတ်ခနဲ သတိရလိုက်လျှင် ရင်ထဲမှာ ဒိန်းဆို အသံကြီးမြည်ကာ စိုးရိမ်သွားပါသည်။

"အဘွား ... အဘွား ဘာဖြစ်လို့လဲ"

"ဟား ဟား ဟား ... အခုမှ ပြုံးတုံးပြုံတဲ့နဲ့ ဘာဖြစ်လို့လဲတဲ့။ ဟား ဟား ... လုပ်ချင်ရာလျှောက်လုပ်ထားပြီးမှ မေ့ထားတယ်"



"ရှင် ခနဲ့မနေပါနဲ့။ အဘွား ဘာဖြစ်လဲ ဆိုတာသာပြောပါ"

"ဘာဖြစ်ရမလဲ၊ ခင်ဗျားမြှောက်ပေးလိုက်လို့ အခု ရည်းစားဟောင်းကို သွားတွေ့ချင်ပါတယ်၊ ရှမ်းပြည်နယ်အဝေးကြီးကို ခင်ဗျားနဲ့အတူတူ သွားချင်ပါတယ်ဖြစ်ပြီး ကျွန်တော့်ကို ပူဆာနေပြီလေ။ ဖြစ်မလားဗျ။ အစာအိမ်ရောဂါကြောင့် အကြီးအကျယ် အော်ပရေးရှင်း တစ်ခါလည်း လုပ်ထားပြီးပြီ။ အသက်လည်း ရှစ်ဆယ်ရှိနေပြီဖြစ်တဲ့ အဘွားကြီးတစ်ယောက်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်းရဲ့အဝေးတစ်နေရာကမြို့ကို ခရီးထွက်လို့ ဖြစ်မလား"

ယင်းမာမှာ အဘွား ဘာမှမဖြစ်ဘူးဆိုတာ သိလိုက်ရ၍ နည်းနည်း ရင်အေးသွားပါသည်။ ကြားခါစကတော့ တစ်ခုခုများ ရောဂါဆိုးဆိုးရွားရွား ဖြစ်သလားဟု တွေးကာ တော်တော်ကို စိတ်ပူသွားမိတာပါ။

"ကျွန်မဘာသာ အဲဒီကို ခရီးထွက်မှာပါ၊ အဘွားကိုအဖော်မခေါ်ပါဘူး"

"ခင်ဗျား မခေါ်ပေမယ့် ဒီမှာက လိုက်မယ်တကဲကဲဖြစ်ပြီး ဆန္ဒပြနေပြီ။ ကျွန်တော်က ဆူတော့ အခု ကျွန်တော့်ကို စကားမပြောဘဲ ကောက်နေပြီ၊ ခင်ဗျား တော်တော်စွမ်းတဲ့မိန်းမပဲ။ ဘွားက ခင်ဗျားကို လူချင်းဆုံတောင်မဆုံ

www.burmeseclassic.com

www.burmeseclassic.com



ဘူးပဲနဲ့ ခင်နေတာ ယုံနေတာ တကယ်ပဲ။ ကျွန်တော်အိမ်မှာ မရှိတဲ့အချိန်မှာ လုပ်ချင်ရာ လျှောက်လုပ်ထားတော့တာပဲ”

“ကျွန်မ အဘွားနဲ့စကားပြောလို့ ရမလား”

“မပြောရပါဘူး၊ ခင်ဗျားနဲ့ပေးပြောလိုက်လို့ကတော့ သူ့အထုပ်သူဆွဲပြီး ခင်ဗျားနောက် ကောက်ကောက်ပါအောင် လိုက်ချလာတော့မှာ မြင်ယောင်တယ်”

“ရှင် အဲဒီလို အပြစ်တွေ စွပ်ပြောမနေနဲ့။ ကျွန်မကအဘွား ရင်ထဲက အချစ်စစ်ကို နားလည်ပေးနိုင်လို့ သူ့ကိုဖြေသိမ့်ပေးလို့ရတယ်။ သူ့ချစ်သူကို သူ ဘာတွေမှာချင်လဲဆိုတာ မေးပေးလို့ရတယ်။ အဘွားကိုတော့ ကျွန်မနဲ့ လိုက်ခဲ့ဖို့ ကြိုးစားပါလို့ တိုက်တွန်းပါ့မလား။ ကျွန်မ အဲဒီလောက် ဦးနှောက်မဲ့သေးပါဘူး”

“ဘာတွေလဲဗျာ။ အချစ်စစ်တွေ ... ချစ်သူတွေ။ ဝတ္ထုထဲက စကားလုံးလှလှတွေ သုံးမနေပါနဲ့။ အပြင်မှာ ကြားရတာ ရယ်စရာကောင်းတယ်။ ဒါပေမဲ့ ခင်ဗျားရဲ့ဝတ္ထုစကားလုံး အတိုင်း အချစ်စစ်ကို ခဏတော့ ငှားသုံးပါဦးမယ်။ ဒီမှာ မှတ်ထားပါ ဆရာမယင်းမာမြိုင်။ ကျွန်တော့်ဘွားရဲ့အချစ်စစ်ဟာ ကျွန်တော့်အဘိုးပဲ။ သူ့ရဲ့ချစ်သူဟာလည်း အဘိုး တစ်ယောက်တည်းပဲ။ ပေါက်ကရတွေပြောပြီး မြှောက်ပေး မနေနဲ့။ ရပ်တန်းကရပ်ပါ၊ ဒါပဲ”





ရတ်တရက် အနိုင်ပိုင်းသလိုနဲ့ ဖုန်းကိုချသွားလျှင် ယင်းမာမှာ စိတ်လည်းတို၊ စိတ်လည်းရှုပ်၊ အဘွားဒေါ်ခင်စိမ်းမြကို စကားပြောပေးချင်တာတောင် မပြောရဖြစ်ရ၍ ကသိကအောက်ဖြစ်နှင့် ရောပြွမ်းခံစားရကာ ဖုန်းကိုမချသေးဘဲ အကြာကြီးကိုင်ထားမိပါသည်။

ယင်းမာသည် ကိုယ့်ကို အနိုင်ပိုင်းသလို ပြောသွားပြီး ဖုန်းချခံလိုက်ရသည်ကို လုံးဝမကျေနပ်နိုင်သလိုဖြစ်ကာ ဖုန်းပြန်ခေါ်လိုက်ပါသည်။ ဖုန်းလာကိုင်သူမှာ ခုနက ဒေါ်ခင်စိမ်းမြ၏ မြေးဟု သိထားပြီးသောသူပဲ ဖြစ်နေပါသည်။

“သြော် ... ခင်ဗျားကိုး။ ဘာကြောင့် ဖုန်းပြန်ခေါ်ရတာလဲ”

“ဒီမှာ ... ရှင်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်မကတော့ အဘွားကို စကားပြောကို ပြောရမှ ကျေနပ်မယ်။ အဘွားနဲ့ ဖုန်းပြောချင်တယ်၊ သူ့ကို ဖုန်းပေးလိုက်ပါ”

“ဘွား ကောက်ပြီး အိပ်နေတယ်”

“ရှင် လိမ်တာ”

“မလိမ်ပါဘူးဗျာ၊ ကျွန်တော် ဘွားအိပ်နေတုန်း ခင်ဗျားဆီ ဖုန်းဆက်ပြီး ရန်ဖြစ်တာပါ”

“ဒါဆို အဘွားနိုးမယ့်အချိန်လောက်မှန်းပြီး ကျွန်မ ဖုန်း ထပ်ဆက်လိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"မဆက်ပါနဲ့၊ ခင်ဗျား ဘွားနဲ့အဆက်အသွယ် မလုပ်ပါနဲ့ တော့လို့ ပြောနေရက်နဲ့ဗျာ"

"ရှင့်အဘွားကို ရှင်ချစ်တယ်ဆိုရင် သူ စိတ်ချမ်းသာတာ လုပ်ပါစေလား"

"သူ့ စိတ်ချမ်းသာတာ ပေးလုပ်လိုက်ရင် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားမှာပေါ့"

"သူ စိတ်ချမ်းသာတာဆိုတာ သူ ကျွန်မနဲ့စကားပြောရရင်လည်း စိတ်ချမ်းသာနိုင်တာပဲလို့ ရှင် ဘာကြောင့်ထည့်မတွေးလဲ။ သူနဲ့ကျွန်မ လူချင်းတစ်ခါမှ မဆုံဖူးကြပေမယ့် ဆွေမျိုးရင်းချာလိုကို ခင်နေတာ ရှင် သိမှမသိတာ"

"ခင်ဗျားကို ကျွန်တော် မယုံဘူး။ ခင်ဗျားဘယ်သူမှန်းလဲ မသိဘူး။ ဘာဝတ္ထုတွေရေးမှန်းလဲ မသိဘူး။ ဒါပေမဲ့ ခင်ဗျားဟာ ဘွားအပေါ် မကောင်းသောလွှမ်းမိုးမှု Bad Influence (ဘက်ထ်အင်ဖလူးရင့်(စ))တစ်မျိုးနဲ့ လွှမ်းမိုးနေတယ်လို့ ခံစားရတယ်၊ ဒါကြောင့် ဘွားနဲ့ခင်မင်မှုကို အသိအမှတ်မပြုနိုင်ဘူး။ အဆက်အသွယ်လုပ်ခွင့် မပေးတော့ဘူး။ ဒီဖုန်းကိုလည်း ထပ်ခေါ်ဖို့ မကြိုးစားပါနဲ့။ ကျွန်တော်အိမ်မှာ ဖုန်းပလပ် ဖြုတ်ထားလို့ ဘာမှဖြစ်မသွားဘူး၊ ဒါပါပဲ"





ယင်းမာသည် ဒုတိယအကြိမ်မြောက် စွပ်စွဲပြောဆိုခံရပြီးနောက်၊ ဖုန်းချခံလိုက်ရသော အခါမှာတော့ ဖုန်းထပ်ဆက်ဖို့ မကြိုးစားတော့ပါ။ ဒီလောက်ပြောဆိုတားမြစ်ခံလိုက်ရလျှင် ယင်းမာလည်း ကိုယ့်မာနဖြင့်ထိန်းပြီး သူများကိစ္စ ဝင်မပါတော့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဒေါ်ခင်စိမ်းမြရဲ့ခံစားချက်ကို ဘယ်လောက်ပဲနားလည်ပေးနိုင်သည်ပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ ခင်မင်မိသည်ပဲဖြစ်ဖြစ် တစ်ဖက်မှ ဒေါ်ခင်စိမ်းမြ၏အဓိက ဆွေမျိုးသားချင်းတစ်ယောက်ရဲ့ တားမြစ်ပိတ်ပင်မှုကိုတော့ သိတတ်နားလည်စွာဖြင့် လက်ခံရမှာပဲဖြစ်သည်။

♥ ✪ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၇

နောက်သုံးရက်အကြာ နေ့လယ်ခင်းတစ်ခုမှာတော့ ယင်းမာထံ ညှို့သည်ရောက်လာခဲ့သည်။ မထင်မှတ်၊ မမျှော်လင့်ထားခဲ့သော ညှို့သည်ဖြစ်နေခဲ့လေသည်။

"မမယင်းမာ ... ညှို့သည်လာတယ်"

အိမ်ကကောင်မလေးတစ်ယောက် လာပြောတော့ ယင်းမာ ရုတ်တရက် အံ့ဩသွားသေးသည်။

"ဘယ်ကညှို့သည်လဲ၊ ဘယ်သူမှလာမယ်လို့ ကြိုအကြောင်းမကြားထားပါဘူး"

"ခြံဝမှာရပ်ပြီး ဘဲလ်တီးနေတော့ ကျွန်မ သွားမေးပါတယ်။ သူတို့က မမယင်းမာဆီလာတာ။ မမယင်းမာရဲ့ ညှို့သည်တွေလို့ ပြောတာနဲ့"





"အေး ... အဲဒါနဲ့ နင်က အလွယ်တကူပဲ တံခါးဖွင့်ပေးလိုက်ရောလား။ ဒုက္ခပါပဲ။ လူဆိုးသူခိုးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲဟဲ့"

"လူဆိုးသူခိုးတော့ မဖြစ်နိုင်လောက်ဘူး ထင်တာနဲ့"

ဒီနေ့ အိမ်မှာ ဘယ်သူမှမရှိကြသည်ဖြစ်ရာ ကောင်မလေးတွေ ပေါက်ကရလျှောက်လုပ်တတ်လွန်း၍ အနည်းငယ်ဆူပူပြီး အိမ်ရှေ့မှာရောက်နေပြီဖြစ်သောညှို့သည်ကို တွေ့ဖို့ထွက်လာလိုက်ပါသည်။ ညှို့ခန်းထဲမှာ ရှိမနေဘဲ။ အိမ်ရှေ့ပေါ်တီကိုအောက်မှာသာ ကားရပ်ထားတာ တွေ့ရသည်။ ခြံတံခါးဖွင့်ပေးလိုက်၍ ဝင်လာခဲ့တာသာ ရှိသော်လည်း တကယ့်အိမ်ရှင်က မကြိုဆိုသေး၍ အိမ်ထဲဝင်ထိုင်ပုံမရ။ ဖင်ကော်ဗင်နီကားအဖြူမှာ မှန်အပြည့်ပိတ်ထားကာ ကားပြတင်းမှန်တွေကို နေရောင်ခြည်ထိုးသည့်ဒဏ် ခံနိုင်အောင် ဖိုတိုဂရေးထည့်ထားသဖြင့် အဝေးကလှမ်းကြည့်လျှင် အတွင်းကို သေသေချာချာတော့ မမြင်ရ။

ယင်းမာသည် အိမ်တံခါးကို တွန်းဖွင့်ပြီး အပြင်ထွက်ရပ်လိုက်ပါသည်။ ဒီတော့မှ ကားတံခါး ဖျတ်ခနဲပွင့်လာပြီး ယင်းမာ တစ်ခါမှ မမြင်ဘူးသော လူငယ်တစ်ယောက် ဆင်းလာသည်။ ထိုသူ့အရွယ်က ယင်းမာနှင့် ရွယ်တူလောက်လား၊ မတိမ်းမယိမ်းလားတော့ မသိ။ အသားမဖြူမညို၊ အရပ်မြင့်မြင့် ရှိရုံကလွဲလျှင် သိပ်ပြီး ထူးထူးခြားခြား မရှိလှသော သာမန်ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ပုံစံရှိသည့် လူတစ်ယောက်သည် တပ်ထားသောနေကာမျက်မှန်ကို **နဖူးပေါ်** လှန်တင်လိုက်ပြီး ...

"ယင်းမာမြိုင်လား"

ဟု မေးလိုက်ပါသည်။ အသံကို ကြားဖူးသလိုလို ရှိတယ်ဟု ယင်းမာတွေးနေစဉ် ...

"ကျွန်တော့်နာမည် ဝါခေါင်လွန်ပါ။ ဒေါ်ခင်စိမ်းမြရဲ့ မြေးပါ"

ဟူ၍ သူ့ကိုယ်သူ မိတ်ဆက်လိုက်သောအခါမှာတော့ ယင်းမာ ထိုသူ့ကို ကောင်းကောင်းသိသွားပါပြီ။

"မဖိတ်ခေါ်ဘဲ ရောက်လာတဲ့အတွက် ရိုင်းသလိုဖြစ်ရင်ဖြစ်နေမယ်၊ နှောင့်ယှက်သလိုလည်း ဖြစ်ရင်ဖြစ်နေမယ်ထင်တယ်။ ကျွန်တော့်ဘဝမှာ အဲဒီလိုမျိုး တစ်ခါမှမလုပ်ခဲ့ဖူးဘူးဆိုတာ ယုံပါ့မလားမသိဘူး။ ဒါပေမဲ့ အခုတော့ ဘွားကြောင့် ကျွန်တော် တစ်ခါမှ မလုပ်ဖူးတာတွေ လုပ်မိပြီ"

ယင်းမာတွင် ပြောစရာစကား မရှိသလိုဖြစ်ကာ ငေးကြောင်ကြည့်နေမိသည်။

"ဘွားက ယင်းမာမြိုင်ကို ဒီနေ့မှမတွေ့ရရင် သူဘယ်တော့မှ စိတ်ချမ်းသာတော့မှာ မဟုတ်ဘူးဆိုလို့ အရဲစွန့်ပြီး ကျွန်တော်နဲ့လည်း မရင်းနှီး၊ မသိကျွမ်းဖူးတဲ့ မိန်းကလေးတစ်ယောက်ဆီ ရောက်လာတာပါ"





"အဘွား ဘာဖြစ်လို့လဲ"

ယင်းမာ ဒီတစ်ခွန်းပြန်ပြောလိုက်တော့မှ ထိုသူ့မျက်နှာဟာ စိတ်အေးသွားတဲ့ အရိပ်အယောင်တွေ ပေါ်လာပြီး ...

"ဘွားက ယင်းမာမြိုင်နဲ့ တွေ့ချင်နေတာ"

ဟု ဖြေလေသည်။

"ရပါတယ်၊ ကျွန်မလည်း အဘွားကို တွေ့ချင်ပါတယ်"

"အခု တွေ့လို့ရမလား"

"ရတယ်လေ၊ ကျွန်မအဘွားရဲ့လိပ်စာကို သိပါတယ်၊ လိုက်လာခဲ့မယ်"

"မဟုတ်ဘူး ခင်ဗျ၊ ဟို ... အဟဲ"

ထိုသူ့မျက်နှာမှာ ပြောရခက်ဟန်ဖြင့် မလုံမလဲဖြစ်လျက် ကားထဲ တစ်ချက်ကြည့်ကာ စိတ်လှုပ်ရှားသလို ရယ်သံပြု၍ ...

"ဘွားက အခု ကားထဲမှာပါလာပြီ။ ယင်းမာမြိုင်ဆီက ဘာသဘောထားမှ မသိရသေးလို့ သူ့ အားနာပြီးထွက်မလာသေးတာပါ"

"အို ... ဟုတ်လား။ အဘွားပါလာလား။ ဖြစ်ရလေရှင် စောစောက ပြောပါလား"

ယင်းမာ ပျာပျာသလဲ ဖြစ်သွားတော့မှ ထိုသူလည်း စိတ်အေးသွားဟန်ဖြင့် ကားနောက်ခန်းတံခါးကို သွားဖွင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာ ရပ်နေသည့်နေရာမှ ရှေ့ကိုခြေလှမ်းလေးငါးလှမ်းလောက် တိုးသွားမိသည်။

ဝါခေါင်လွန်က အဘွားဖြစ်သူကို အသာဖေးမတွဲခေါ်နေလေသည်။ ကားနောက်ခန်းတံခါးပေါက်မှ အပြင်ကိုထွက်လာသော အဘွားခေါ်ခင်စိမ်းမြကို ယင်းမာ ငေး၍ကြည့်နေမိသည်။ ဆံပင်တွေတစ်ခေါင်းလုံး ဖွေးနေသော အသက်(၈၀)အရွယ် အဘွားအိုသည် ခပ်ပါးပါးကျဲကျဲ ဖြစ်နေသော ဆံပင်တို့ကို ပိပြားနေအောင် ဘီးဖြင့်ဖြီးသိမ်းထားလျက် နံ့သာဖြူဘီးဖြင့် ရသလောက် ပြန်ပတ်ထားပါသည်။ အသားဖြူဆွတ်နေကာ ခြေချောင်းလက်ချောင်းလေးတွေ ဖွေးဥပန်းရောင်သမ်းနေသော အဘွားမှာ အသက်(၈၀)အရွယ် ရှိနေတာတောင် တော်တော့်ကို ရုပ်ရည်ချောမောသော အဘွားတစ်ယောက်အဖြစ် မြင်မြင်ချင်း မှတ်ချက်ချမိသည်။

မနိမ့်မမြင့်အရပ်လေး ရှိပေမယ့် ခုတော့ အသက်ကြီးပြီမို့ ခါးနည်းနည်းကိုင်းနေလေပြီ။ ရင်စေ့လက်ရှည် နံ့သာရောင်ပွပွလေးနှင့် ပါတိတ်လုံချည်နံ့သာရင့်ရောင်ကို ဝတ်ဆင်ထားပါသည်။ နားမှာ တစ်လုံးစိန် နားကပ်တစ်ရံကို ဝတ်ထားတာက လွဲရင် ဘာလက်ဝတ်ရတနာမှ မဝတ်ထားသော အဘွား၏မျက်ဝန်းတွေကတော့ နားက နားကပ်နဲ့အပြိုင် အရောင်လက်နေသည်။ ယင်းမာကို တွေ့ဆုံရမှာမို့ စိတ်လှုပ်ရှားနေသည့် မျက်လုံးခပ်ရီရီတွေဟာ ထူးထူးခြားခြား အရောင်တောက်ပနေတော့သည်။ ဒီဂရီ





မျက်မှန်ကိုတော့ တပ်မထားဘဲ လည်ပင်းမှာ ကြိုးဖြင့်ဆွဲထားတာ တွေ့ရသည်။

"အဘွား ... လာပါ ... လာပါရှင်၊ ဝင်ထိုင်ပါ၊ အဘွား ပါလာမယ်လို့ မထင်ထားတော့ ဘာပြောရမှန်းမသိအောင် အံ့ဩဝမ်းသာမိတယ်"

"ဘွား စိတ်ထဲပေါ်ရာ ဆုံးဖြတ်ပြီး အတင်း အိမ်ကိုရောက်လာမိတဲ့အတွက် ယင်းမာကို အားတောင်နာတယ်"

"ရပါတယ် အဘွားရဲ့။ တကယ်တော့ ယင်းမာကတောင် လာတွေ့ရမှာပါ။ ယင်းမာက လူငယ်ပဲ လာတွေ့ရမှာပေါ့"

"ဘယ်ဟုတ်မလဲလေ၊ အဘွားက လိုအင်ဆန္ဒတွေတောင်းဆိုချင်နေတဲ့သူ ဆိုတော့ အဘွား လာတွေ့သင့်တယ်လို့ ယူဆပြီး ဝါခေါင့်ကို အတင်းလိုက်ပို့ခိုင်းတာ"

ဒီတော့မှ ယင်းမာလည်း ဝါခေါင်လွန်ဟုခေါ်သော အဘွား၏မြေးကို သတိရတော့သည်။ ယင်းမာက အဘွားကိုတွဲခေါ်လာသည်ဖြစ်ရာ အဘွားက အိမ်ထဲရောက်လာပြီးဖြစ်ပေမယ့် ဝါခေါင်လွန်ကတော့ ဝင်လိုက်မလာဘဲ ကျန်ရစ်တာကို တွေ့ရသည်။

"ဩော် ... အဘွားမြေးက ဝင်လိုက်မလာဘူးကိုး"

"ဟုတ်လား"

"ဘာဖြစ်လို့ ဝင်လိုက်မလာတာလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူက သိပ်အားနာတတ်တာ။ ရှက်ကလည်း ရှက်တတ်သေးတယ်။ သူ့မရင်းနှီးတဲ့ သူစိမ်းတစ်ယောက်ကို စတွေ့ရမယ်ဆိုရင် သူ့မှာနေသားတကျဖြစ်အောင် အတော်ကြိုးစားရတယ်လေ"

ယင်းမာသည် ကိုယ့်အိမ်လာတဲ့ ဧည့်သည်ဖြစ်နေ၍ အပြင်မှာ စောင့်မနေစေချင်တာနဲ့ အပြင်ပြန်ထွက်ခေါ်လိုက်ရပါသည်။

"ကိုဝါခေါင်လွန် ... ဝင်ပါရှင်၊ အထဲကိုဝင်ထိုင်ပါ"

"ရပါတယ်၊ အခုလို မဖိတ်ခေါ်ဘဲ လာရတာတောင် လွန်လှပြီဆိုတော့ ယင်းမာမြိုင်နဲ့ အဓိကတွေ့ဖို့လိုတဲ့ ဘွားနဲ့ပဲ စကားပြောကြပါ။ ကျွန်တော် ကားထဲက ထိုင်စောင့်လို့ရပါတယ်"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ။ ဧည့်သည်တစ်ယောက်ကို အပြင်မှာ စောင့်နိုင်းထားရမှာ မဖြစ်သင့်ပါဘူး။ ကျွန်မအိမ်ကိုလာတာပဲရှင်။ အထဲဖောဝင်ထိုင်ပါ ရပါတယ်"

ဝါခေါင်လွန်မှာ ဆက်၍ငြင်းမနေတော့ဘဲ ကားတံခါးဖွင့်ကာ ဆင်းလာလိုက်သည်။ သူ ဆင်းလာတာမြင်တော့မှ ယင်းမာ အရှေ့က အရင်ကြိုဝင်သွားနှင့်ပါသည်။ အရပ်မြင့်မြင့် မျက်လုံးအိမ်ခပ်ကြီးကြီးနဲ့ ဆံပင်ဖြောင့်ဖြောင့် ရှည်ရှည်လေးတွေ ပခုံးကျော်ရုံသာရှည်သော ပုံစံနှင့် အချစ်ဝတ္ထုစာရေးဆရာမကို





ဝါခေါင်လွန် အားနာပြီး မျက်နှာပူနေသည်။ ဖုန်းထဲကနေ ပြောချင်ရာပြော ရန်တွေ့ပြီးမှ အခုလို မျက်နှာချင်းဆိုင် ဆုံရတော့ သူ တော်တော်အနေရခက်နေသည်။

စာရေးဆရာမဆို၍ မျက်မှန်ထူထူနှင့် လူကို ဆရာလုပ်တတ်မည့်ပုံပေါက်သော မိန်းမတစ်ယောက်ပုံကို မှန်းဆမြင်ယောင်ထားခဲ့ပေမယ့် အခု တကယ်တွေ့တော့ ခပ်ငယ်ငယ်မိန်းကလေးတစ်ယောက် ဖြစ်နေပြီး ဆွဲဆောင်မှုရှိတဲ့ ရုပ်ရည်လေးနဲ့မို့ နည်းနည်းတော့ အံ့ဩသွားပါသည်။ ဘယ်လိုမှ စာရေးဆရာမဟု ထင်စရာမရှိသော အသွင်သဏ္ဌာန်ကို အထင်ကြီးလို့မရပြန်၊ ဒါနဲ့များ ဘွားက ဘာတွေဘယ်လိုယုံပြီး ဘာကြောင့်များ တွေ့ချင်ရသလဲ။ မိသားစုထဲမှာ အဘွားရဲ့သက်တမ်းတစ်လျှောက်လုံး ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးတဲ့ ငယ်ငယ်က ဘွားရဲ့အချစ်ဇာတ်လမ်းကို အသိပေးပြောပြဖြစ်သွားရလောက်အောင် ဒီဆရာမက ဘာထူးခြားနေလို့လဲ၊ ဘာအစွမ်းအစများ ရှိနေလို့လဲ။ ဝါခေါင်လွန်သည် ချစ်ရသောသူ့ရဲ့တစ်ဦးတည်းသော သံယောဇဉ်တွယ်စရာ ဆွေမျိုးရင်းဖြစ်တဲ့ ဘွားကြောင့်သာ ဒီဆရာမကို လာတွေ့ရတာပေမယ့် ဘယ်လိုမှ သဘောကျလို့မရ၊ အထင်ကြီးလို့မရ၊ အမြင်ကြည်လို့မရ ဖြစ်နေမိဆဲ။

အိမ်ထဲရောက်တော့ ဘွားက ဆိုဖာခုံတစ်ခုပေါ်မှာ သက်သောင့်သက်သာ ထိုင်နေပြီး ယင်းမာမြိုင်ကတော့ ဘွားဆေး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ရပ်ဆိုဖာမှာထိုင်ကာ ဘွားမျက်နှာကို စိုက်ကြည့်ရင်း ဂရုတစိုက် နားထောင်နေတာ တွေ့ရသည်။

"ကော်ဖီ သုံးဆောင်ပါဦးရှင်"

ဗန်းဖြင့်ထည့်လာသော ဆေးအိုးပန်းကန်နှစ်စုံ အငွေ့တထောင်းထောင်းဖြင့် ရောက်လာပါသည်။ အိမ်ဖော်မိန်းကလေး ထွက်သွားတော့ ယင်းမာမြိုင်က လောကွတ်ပြုသလို လှမ်းပြောရင်း ကော်ဖီပန်းကန်တစ်စုံကိုတော့ ဘွားလက်ထဲ သူကိုယ်တိုင် ယူပြီး အသာထည့်ပေးပါသည်။

"လေယာဉ်လက်မှတ် မဝယ်ရသေးဘူး ဆိုတော့ ဘွား ရောက်လာခဲ့တာ အတော်ပဲ ဖြစ်သွားပြီပေါ့၊ ဟုတ်လား"

"အဘွား သွားလို့ဖြစ်ပါ့မလား၊ ယင်းမာ ဒီကိစ္စကိုတော့ အားမပေးချင်ဘူး၊ ခရီးရှည်ကြီးကို သွားရမှာ အဘွား ခံနိုင် ရည်ရှိပါ့မလား"

"ယင်းမာက နားနားနေနေ သွားမယ်လေ၊ ဘွားလည်း နားနားနေနေသွားရင် သွားလို့ရပါတယ်၊ ဘွားမှာဘာရော မှ စိုးရိမ်စရာအနေအထားနဲ့ အရိပ်တကြည့်ကြည့် က တာ မရှိဘူး။ အစာအိမ်ခွဲစိတ်ခံရဖူးတယ် ဆိုတာကလည်း အစာအိမ်မှာ အနာဖြစ်လို့ပါ။ ငယ်ငယ်က အပူအစပ် သိပ်စားရင်းက အစာအိမ်မှာအနာဖြစ်ပြီး ရောဂါရတာ ငယ်ငယ်ကတော့ မေတော့ပြီး အစာအိမ်နာလာလိုက်





လေးသောက်နေလိုက် လုပ်လာတာ။ အသက်ခြောက်ဆယ် ကျော်ခါလောက်ကျ ဆေးသောက်နေလို့မရတော့တာနဲ့ ဆေးရုံ တက်ပြီး အနာကိုခွဲထုတ်ပစ်လိုက်ရတာပါပဲ။ အဲဒီ တစ်ခုက လွဲရင် အဘွားမှာသွေးတိုးမရှိဘူး၊ ဆီးချိုမရှိဘူး၊ နှလုံးရောဂါ မရှိဘူး။ ဒေါင်ဒေါင်မြည်ပဲ အသက်ကြီးလို့အိမ်ထဲမှာနေရ တာလွဲရင် ဘာရောဂါမှကို မရှိပါဘူး ယင်းမာရယ်"

ဝါခေါင်လွန်ကတော့ အဘွားဖြစ်သူကို စိတ်ကုန် ဟန်ဖြင့် ခေါင်းအသာခါနေလေသည်။ ယင်းမာက ဒါကိုမြင်ပြီး မေးဖို့ သူ့ဆီလှမ်းကြည့်လိုက်ပါသည်။

"ကိုဝါခေါင်လွန်ရဲ့ သဘောကရော"

"ကျွန်တော့်သဘော မေးမနေပါနဲ့တော့ဗျာ။ ဘွားကိုမနိုင် တော့လို့ ယင်းမာမြိုင်ဆီတောင် ကားမောင်းပြီး လိုက်ပို့ ရပြီးပြီပဲ။ ကျွန်တော် ဘာမှပြောလို့ရတော့မှာ မဟုတ်ဘူး။ တားလို့ရတော့မှာလည်း မဟုတ်ဘူး။ ယင်းမာမြိုင်ပဲ သင့်၊ မသင့် ကြည့်စီစဉ်ပါတော့။ ကျွန်တော်တော့ လက်မြှောက် ထားပြီ"

"အဲဒီလိုလည်း မဟုတ်ဘူးလေ။ ကျွန်မက သူစိမ်းတစ် ယောက် ဖြစ်နေတာပါ။ အဘွားရဲ့အဓိကသက်ဆိုင်သူတွေ ကရော ဘယ်လိုသဘောထားမလဲ၊ အဲဒါ သိချင်တာပါ"

"ဘွားမှာ ဘယ်သူမှ မရှိဘူး။ ကျွန်တော်ပဲ ရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် _ ဘယ်လို"

ယင်းမာ ရုတ်တရက် နားမလည်သလို ဖြစ်သွားပါသည်။

"ဒီလိုပါ ယင်းမာ။ အဘွားမှာ တစ်ဦးတည်းသောသမီးပဲ ရှိပါတယ်။ ဝါခေါင့်ရဲ့အမေပေါ့။ ဝါခေါင် ဆယ်နှစ်သားမှာ အဘွားရဲ့သမီးလင်မယားဟာ ကားအက်ဆီးဒင့်နဲ့ဆုံးပါးသွားတယ်လေ။ အဲဒီတည်းက ဝါခေါင့်ကို အဘွားပဲ ကြည့်ရှုစောင့်ရှောက်လာခဲ့တာ၊ အဘွားမှာလည်း မွေးချင်းနည်းတော့ အရင်းအချာ သိပ်မရှိကြတော့ဘူး။ အဘွားအစ်ကိုလည်း ဆုံးပြီ။ သူ့ရဲ့သားသမီး အဘွားရဲ့တူ၊ တူမတွေလည်း ဆွေမျိုးဆိုတာ အသိအမှတ်ရှိကြရုံကလွဲရင် တစ်ယောက်မိသားစုအရေး တစ်ယောက်မပါဖြစ်ကြသလောက်ပါပဲ။ အထိမ်းအမှတ်တစ်ခုရှိမှ ဆုံကြရတော့ သိပ်တရင်းတနှီးကြီး မဟုတ်ကြတော့ဘူးပေါ့။ ဒီတော့ အဘွားတို့မြေး အဘွားရဲ့အရေးကိစ္စဟာ အဘွားတို့နဲ့ပဲဆိုင်တယ်။ အဘွားတို့ပဲ ကြိုက်သလို ဆုံးဖြတ်ခွင့်ရှိတယ်၊ ဘယ်သူမှ ဝင်စွက်ဖက်ကြမှာ မဟုတ်ပါဘူး"

ယင်းမာသည် အဘွားဒေါ်ခင်စိမ်းမြ၏ စိတ်အားထက်သန်မှုကို ငေးကာ ငေးကာ ကြည့်ရင်း ခေါင်းထဲမှာတွေးစရာတွေ ပြေးလွှားနေပါသည်။





အသက်(၈၀)အရွယ်၊ ကျန်းမာနေသေးတဲ့၊ သို့ပေမဲ့ အိမ်ထဲမှာပဲ အချိန်ကုန်နေရတဲ့ အဘွားတစ်ယောက်အတွက် ဘာကိုလုပ်ပေးသင့်သလဲ။ မျှော်လင့်ချက်တွေနဲ့၊ စိတ်လှုပ်ရှားမှုတွေနဲ့၊ အတွေ့အကြုံသစ်တွေနဲ့ သူ့ဘဝရဲ့နောက်ဆုံးနေ့ရက်တွေထဲက ရက်တချို့ကို ဖြတ်သန်းခွင့် ရလိုက်ရင် ဘာများထူးခြားသွားမလဲ။

အဘွားနဲ့လည်း တစ်ခရီးတည်း အတူတူသွားရမယ်လေ။ စကားတွေလည်း အနီးကပ် အကြာကြီး ပြောရမယ်။ ငါမြင်ချင်တဲ့ ပတ်ဝန်းကျင်ရှုခင်းတွေလည်း မြင်ရမယ်။ ငါရေးချင်တဲ့စာတလမ်းရဲ့ပိုင်ရှင်တစ်ဦးဆီက ခံစားချက် အစစ်အမှန်ကို အချိန်ပြည့် ကြားခွင့်ရှိမယ်ဆိုရင် ငါ့အတွက် ဘာများအကျိုးရှိလာမလဲ။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာ ရှမ်းပြည်နယ်ဘက်ကို ခဏခရီးထွက်ပြီး စာရေးစရာရှိတယ်။ ကိုထွတ် ဘယ်လိုသဘောရလဲ"

"ကိုယ်လည်း ရှန်ဟိုင်းမှာ ကျောက်မျက်ရတနာပြပွဲရှိတာ သွားမလို့"

"ဒါဖြင့် ယင်းမာ ခရီးထွက်မှာ ကိုထွတ် အဖော်လိုက်မပေးနိုင်ဘူးပေါ့"

"ယင်းမာ ကိုယ့်ကို လိုက်စေချင်လို့လား။ လိုက်စေချင်ရင်တော့ ကိုယ် ပြပွဲကပြန်လာပြီးရင် လိုက်ပေးနိုင်မယ်ထင်တယ်"

"လိုက်စေချင်တယ်လည်း မရှိဘူး၊ မလိုက်စေချင်ဘူးလည်း မရှိပါဘူး။ ကိုထွတ်ကို အသိပေးထားတာပါ။ ပြီးတော့ ယင်းမာသွားမယ့်ခရီးမှာ ယင်းမာ တစ်ယောက်တည်းတော့





မဟုတ်ဘူး။ ယင်းမာ အခုရေးနေတဲ့ ဇာတ်လမ်းရဲ့ပိုင်ရှင် ဒေါ်ခင်စိမ်းမြ ပါမယ်။ ကားမောင်းလိုက်ပို့မယ့် သူ့မြေး ပါမယ်"

ဒီလိုနဲ့ပဲ ယင်းမာ တစ်ယောက် ရာသီဥတုသာယာနေသော နံနက်ခင်းတစ်ခုမှာ ဒေါ်ခင်စိမ်းမြတို့ မြေးအဘွားလာခေါ်သောကားပေါ် ပါလာခဲ့တော့လေသည်။

ဝါခေါင်လွှန် မောင်းနေကျ Honda CRV အမျိုးအစား 4WD အနီရဲရဲလေး၏ ကားနောက်ခန်းမှာ ယင်းမာထိုင်ရသည်။ ဒေါ်ခင်စိမ်းမြကတော့ ရှေ့ခုံရဲ့နောက်ကျောကို နည်းနည်းလျှော့ပြီး လှဲထိုင်လျက် ပြုံးကြည်နေသော မျက်နှာဖြင့် ကြိုဆိုလေသည်။

"ဘယ်လိုလမ်းကြောင်းက သွားချင်လဲ"

ဝါခေါင်လွှန်က မြို့ပြင်ထွက်ခါနီး လမ်းပေါ်ကို ဦးတည်မောင်းနေရင်း ယင်းမာကို ပထမဦးဆုံး စကားစပြောပါသည်။ ဘာကြောင့်လဲဆိုတော့ အဘွားဒေါ်ခင်စိမ်းမြကို ခရီးထွက်ဖို့ ခွင့်ပြုရန်ကိစ္စအတွက် ဒီရက်ပိုင်းအတွင်း သူနဲ့ယင်းမာ ဖုန်းထဲမှာ နည်းနည်းစကားများမိလေရာ တစ်ယောက်နဲ့တစ်ယောက် အိုးတိုးအမ်းတမ်း ဖြစ်နေပြီး စကား စ,မပြောရဲသလို ဖြစ်နေ၍ပင်။ အခုတော့ သူကယောက်ျားပီပီ အရင်လျှော့ပေးကာ စကားစပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာက Note Book လှလှလေးထဲ ရေးရင်း လမ်းဆောမြင်ကွင်းကိုကြည့်လိုက် ရေးလိုက် လုပ်နေပါသည်။

"ယင်းမာ .... အကြံမပေးတတ်ဘူး။ ကိုဝါခေါင် အဆင်ပြေမယ့်လမ်းကိုရွေးပါ"

"ပဲခူးရောက်ရင်တော့ ခဏနားလိုက်ပါဦး၊ အဘွားလည်း နားရတာပေါ့"

"ရပါတယ်၊ ယင်းမာလည်း နားမှာပါ။ သိပ်ပြီး rush မလုပ်ချင်ပါဘူး။ နှစ်ရက် သုံးရက် အချိန်ယူရလည်း ဖြစ်ပါတယ်"

"ဟိုရောက်ပြီးရင် ကိုစိုင်းထွန်းလှုံကို လိုက်ရှာဖို့ကိုတော့ ခေါင်းထဲ သိပ်မထည့်ပါနဲ့လေ။ နှစ်တွေလည်း ကြာလှပြီ။ ဘွား သိထားတဲ့ ယာခင်းလေးထဲက စိုင်းထွန်းလှုံ ဆိုတာ ဘယ်လိုလုပ်ရှာလို့ လွယ်ပါ့မလဲ။ ရှမ်းပြည်နယ်ထဲက နယ်မြို့လေးတစ်မြို့မှာနေတဲ့ စိုင်းထွန်းလှုံဆိုတဲ့ နာမည်က လွဲရင် ဘာမှမသိတဲ့လူတစ်ယောက်ကိုရှာဖို့ မလွယ်ပါဘူး။ ဘွားအနေနဲ့ ယင်းမာနဲ့လည်း အကြာကြီး စကားပြောချင်တာရယ်။ ခရီးထွက်ချင်တာရယ်ကြောင့် ထွက်လာတဲ့ သဘောပါပဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ ဘွားရဲ့။ လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေကြတဲ့လူချည်းပဲ၊ သူ့ကို ဘွားသိပ်တွေ့ချင်နေရင် တွေ့ကိုတွေ့မယ်ဆိုတဲ့စိတ်နဲ့ ရှာရမှာပေါ့"



ဝါခေါင်လွန်က ယင်းမာ ဖွတ်ဖြောက်ပေးနေသည်ကို အတော်ကြီး စိတ်ပျက်သလို မျက်လုံးဖွေကြည့်မိပါသည်။ အရင်က တစ်ခါမှ မတွေ့ဖူး၊ မသိဖူး၊ ဝတ္ထုတောင် မဖတ်ဖူးပဲနဲ့ ဘွားဟာ ဒီစာရေးဆရာမကို ဘာကြောင့်များ ခင်မင်သွားရသလဲ။ သူပြောသမျှ ဘာကြောင့် ယုံနေရသလဲ။ စဉ်းစားလို့တောင် မရဘူး။

အဲဒီစာရေးဆရာမရဲ့နာမည်ကလည်း ကြဲကြဲဖန်ဖန် "ယင်းမာမြိုင်"တဲ့ စံအိမ်နာမည်လိုလို၊ ဘာလိုလို။ နာမည်ရင်းက ဘာမှန်းတော့မသိပေမယ့် သူ့ကိုယ်သူတော့ "ယင်းမာ... ယင်းမာ"နဲ့ စကားပြောရင်း ထည့်ပြောတတ်တာမို့ ဒီကလောင်နာမည်ကလည်း နာမည်ရင်း ဖြစ်နိုင်တာပဲလေ။

ပဲခူးရောက်တော့ မုန့်မျိုးစုံနှင့် အစားအသောက်မျိုးစုံရသော လက်ဖက်ရည်ဆိုင်ကြီးမှာ ခဏနားကြပါသည်။ အဘွားကတော့ ယင်းမာနဲ့ စကားတပြောပြောဖြစ်ကာ အတွေ့အကြုံသစ်၌ ပျော်နေသည်။ ယင်းမာကလည်း အဘွားကိုဂရုစိုက်ပြီး တွဲခေါ်ပေး၊ ပြုပေးပါသည်။ သန့်စင်ခန်းသွားဖို့ တွဲခေါ်ပေး၊ စောင့်ပေးသဖြင့် တကယ့်ဆွေမျိုးရင်းချာတစ်ယောက်ကို ပြုစုသလို ပြုစုပေးမိသည်။

ဘာကြောင့်မှန်းမသိ။ အဘွားနဲ့ ယင်းမာဟာ ရှေးဘဝရေစက်ပဲထင်သည်။ အဘွားကလည်း ယင်းမာကို ခင်မင်တွယ်တာသလို ယင်းမာကလည်း အဘွားကို ချစ်ခင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားရင်ထဲက ခံစားချက်ကို နားလည်ပေးလို့ရသည်။ အဘွားနဲ့ သူ့ချစ်သူဟာ တစ်ခေါက်တော့ ပြန်ဆုံကြဦးမည်ဟု စိတ်ထဲမှာ အလိုလို ယုံကြည်မိနေသည်။

လက်ဖက်ရည်ဆိုင်ကြီးထဲကို တွဲခေါ်ပြီး အတူပြန်လာသော ယင်းမာတို့ကို ဝါခေါင်လွန်က သူယူထားပြီးတဲ့ နေရာကိုလာဖို့ ထခေါ်သည်။

"ဘွား မုန့်ဟင်းခါးစားမယ်"

ဒေါ်စိမ်းမြက စားပွဲမှာရောက်ရောက်ချင်း ပြောပါသည်။

"ခရီးသွားတုန်း မုန့်ဟင်းခါးတွေစားရင် ဝမ်းပျက်နေဦးမယ် ဘွားရယ်။ ဖြစ်ပါ့မလား"

"ဝါခေါင်ဟာလေ အမြဲပဲ ဟိုဟာမစားရ ဒီဟာမစားရနဲ့ ဗိုက်ပင်ချင်တယ်"

"ဗိုက်ပင်တာ မဟုတ်ပါဘူး ဘွားရဲ့။ ဘွား အိမ်မှာဆို ကြိုက်တာစားခိုင်းမှာပါ။ ခုဟာက ခရီးသွားနေကုန်းကြီး မုန့်ဟင်းခါးစားမှာဆိုတော့ စိတ်ပူလို့ပါ"

"အဘွား ... ဟုတ်သားပဲ၊ မုန့်ဟင်းခါးမစားပါနဲ့လား၊ ပဲပြုတ်နံပြားဖြစ်ဖြစ်၊ သကြားပလာတာဖြစ်ဖြစ်၊ ကောက်ညှင်းပေါင်းဖြစ်ဖြစ် စားပါလား"

"မုန့်ဟင်းခါးက မျိုချရတာ လွယ်တယ်ကွယ်"





ယင်းမာကပါ ဝင်ပြောတော့ အဘွား ထိုသို့တုံ့ပြန်လျှင် ယင်းမာ သနားသွားပါသည်။

"အင်းလေ ... မုန့်ဟင်းခါး က ပူနေတာပဲလေ၊ ဘာမှတော့ မဖြစ်နိုင်ပါဘူး။ အဘွားစားရင်လည်း စားပါ။ ယင်းမာမှာ ဝမ်းသွားရင် သက်သာတဲ့ဆေးတို့၊ ဓာတ်ဆားရည်ထုပ်တို့ ပါပါတယ်၊ မတော်တဆ ဝမ်းသွားရင်လည်း သောက်လို့ရတာပေါ့"

"အဘွား အများကြီးလည်း မစားနိုင်ပါဘူးကွယ်၊ ခရီးထွက်တုန်းလေး ဒေသအသစ်တစ်ခုရောက်ရင် ဒေသထွက် မုန့်ဟင်းခါးလေးစားချင်တဲ့ သဘောပါပဲ"

ဝါခေါင်လွန်ကတော့ ယင်းမာအဘွားကို မြှောက်ပေးပြန်ပြီဆိုတဲ့ ပုံစံနဲ့ တစ်ဖက်လှည့် ခေါင်းခါပါသည်။

"ယင်းမာကတော့ လက်ဖက်ရည်ကော်ဖီသမားလေ။ ဒေသအသစ်တစ်ခုရောက်ရင် သူတို့ရဲ့လက်ရာလက်ဖက်ရည်ကို မြည်းရမှ။ အခုလည်း အိမ်ကသောက်လာတာတောင် ထပ်သောက်လိုက်ဦးမယ်"

"စာရေးဆရာတွေက လက်ဖက်ရည်၊ ကော်ဖီ သိပ်ကြိုက်ကြတာလို့ ကြားဖူးတယ်"

"ယင်းမာကတော့ စာရေးဆရာမဖြစ်မှ ကြိုက်တာမဟုတ်ဘူး အဘွားရဲ့။ ငယ်ငယ်တည်းကကို ကြိုက်တာ။ သူများ



www.burmeseclassic.com

www.burmeseclassic.com



တွေက ညဘက်လက်ဖက်ရည်ကော်ဖီသောက်ရင် အိပ်မပျော်ကြဘူး။ ယင်းမာကတော့ အကျင့်ဖြစ်နေပြီ။ အိပ်ပျော်တယ်"

"ယင်းမာနာမည်က တစ်မျိုးလေးပဲ၊ ယင်းမာမြိုင်ဆိုတော့ အဘွားတို့ငယ်ငယ်ကဖတ်ရတဲ့ ဝတ္ထုစာရေးဆရာကြီးတွေရေးတဲ့ ဝတ္ထုထဲမှာ ပါတတ်တဲ့ အိမ်ဂေဟာကြီးနာမည်လိုလို၊ ဘာလိုလို"

ယင်းမာက နာမည်ကို ဝေဖန်ခံရတော့ ရယ်သည်။

"ယင်းမာ နာမည်ရင်းက ရွှေယင်းမာလေ အဘွားရဲ့"

ဝါခေါင်လွှန်လည်း ဒီတော့မှ ယင်းမာ၏နာမည်ရင်းကို သိရသည်။ အလယ်တန်းလား၊ အထက်တန်းမှာလား မသိဘူး သင်ကြားခဲ့ရဖူးတဲ့ မြန်မာကဗျာတွေထဲက တစ်ပုဒ်မှာ (ခေါင်းစဉ်တော့ မမှတ်မိတော့ပါ) "ရွှေယင်းမာ ... ကြာခရဲ ... ပွင့်ကြမြိုင်မြိုင်"ဆိုလား ဘာလား ? အဲဒီစာသားတောင် တိတိကျကျမမှတ်မိတော့ပါဘူး။ အဲဒီထဲက နာမည်မျိုးကို ယူပေးထားတာများလား။

"အဘွားကို ပြောပြထားဖူးတယ်၊ အဘွား မေ့သွားတာထင်တယ်"

"အင်း ... ဟုတ်မယ်၊ မေ့သွားတာ"

"အဘွားနာမည်ကျတော့ ခေါ်ခင်စိမ်းမြတဲ့၊ စိမ်းပြီး မြရောင်တောက်နေတဲ့ သဘောပေါ့။ အဘွားရဲ့ စိုင်းကတော့ စိမ်းကို မစိမ်းကားကြီးလို့ ကွယ်ရာမှာ ခေါ်မှာပေါ့နော်"





အဘွားက တခစ်ခစ်ရယ်လေသည်၊ ဝါခေါင်လွှန်တတော့ ဒီမိန်းမ လုပ်ပြန်ပြီ။ အိုကြီးအိုမ အသက်(၈၀)အဘွားကြီးကို ငယ်မူပြန်အောင် မြှောက်ပေးနေပြန်ပြီ။ ရူးများရူးနေလားမသိဘူး။ သူ့ ဝတ္ထုတွေထဲကအတိုင်း အပြင်ကလူတွေကို လိုက်ခန့်တီးနေတယ်ဆိုသော အကြည့်ဖြင့် ကြည့်ပါသည်။

"ဝါခေါင်နာမည်ကျတော့ ဝါခေါင်လ အလွှန်လေးမှာမွေးလို့ ဘွား မှည့်ထားတာ။ တကယ် တကယ် အံ့ဩဖို့ကောင်းတယ်။ ဝါခေါင်လပြည့်ကျော်ပြီးရုံလေး မနက်ဆယ့်နှစ်နာရီငါးမိနစ်မှာ မွေးတာ။ တော်သလင်းလထဲ ရောက်သွားပေမယ့် သူ့ကို ဝါခေါင်လွှန်လို့ပဲ နာမည်ပေးလိုက်ပါတယ်"

"အဘွားက နာမည်ပေးတော်တာပေါ့။ ယင်းမာတောင် ဝတ္ထုထဲက ဇာတ်ကောင်တွေ နာမည်စဉ်းစားမရတော့ရင် အဘွားဆီက အကြံတောင်းရမလို ဖြစ်နေပြီ"

"မြေး ... ဝါခေါင်ရဲ့၊ စကားလေး ဘာလေး ပြောပါဦးကွယ်။ မင်းနှယ့် ငူငူငေါင်ငေါင်ကြီး။ ဘာလဲ ... ရန်ကုန်မှာ ကျန်ခဲ့တဲ့ရည်းစားကို လွမ်းနေပြီလား"

"ဟာ ... မဟုတ်ပါဘူး ဘွားကလည်း။ ရည်းစားမှမရှိတာ၊ ဟို ... အဲ ... အဟဲ ...။ ဘာမှ မလွမ်းပါဘူးလို့ ပြောတာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လွှန် အဘွားဖြစ်သူ၏ ရုတ်တရက်နောက် ပြောင်လိုက်သော စကားကြောင့် ရှက်ကိုးရှက်ကန်း အမြန်ချေ ရင်း ရည်းစားမရှိတဲ့အကြောင်း ထည့်ပြောမိလိုပြော။ ပြီးမှ — သူစိမ်းမိန်းကလေး ရွယ်တူတစ်ယောက်ရှေ့မှာ ကိုယ့်ဂုဏ်ကိုယ် ဖော်သလိုလည်း ဖြစ်သွားပြီဆိုတာ သတိရပြီး စကားတွေ ထ ငေါ့ကာ ပြန်ပြင်ပြောနှင့် အမှားမှား အယွင်းယွင်းတွေ ဖြစ်က တော့လေသည်။ မြေးအဘွားနှစ်ယောက်တည်း ဆိုရင်တော့ အဘွ ဒီလိုနောက်ပြောင်နေကျပေမယ့် အခုတော့ ယင်းမာ ရှိနေသ အဘွားကို မနောက်စေချင်။ အဘွားအတွက်တော့ ယင်းမာ တရင်းတနှီး ပြောဆိုခင်မင်လို့ရတဲ့ မိန်းမသားအဖော်ချင်း ဖြစ် ပေမယ့် ဝါခေါင်လွှန်အတွက်တော့ အခုနဲ့ပေါင်းမှ နှစ်ခါသာ ရသည်ဖြစ်ရာ တကယ့်ကို သူစိမ်းတစ်ယောက် ဖြစ်နေသည်။

ပြီးတော့ စာရေးဆရာတွေဆိုတာက ဘယ်သူ့စာ လမ်းပဲဖြစ်ဖြစ် ကုန်ကြမ်းအဖြစ် အသုံးချပြီး ဝတ္ထုတွေထဲ ထ ရေးတတ်တယ်ဆိုတာ ကြားဖူးထား၍ အလိုလိုနေရင်း လန့် သည်။ ယင်းမာရှေ့မှာဆို လူက အလိုလိုနေရင်း သတိအ အထားနဲ့လို ဖြစ်နေမိပါသည်။

"ယင်းမာကရော ... အင်း ... အဘွား သူများကိုယ် ကိုယ်တာကို သိပ်စပ်စုသလို ဖြစ်သွားပြီကွယ်။ နေဝ နေပါ ... မပြောပါနဲ့တော့"





"ရပါတယ် အဘွားရဲ့။ ယင်းမာ ပြောလို့ရပါတယ်၊ ယင်းမာမှာ ဘာမှလျှို့ဝှက်စရာလဲ မရှိဘူး"

ယင်းမာ ရယ်ရယ်ပြုံးပြုံးပင် ...

"ယင်းမာ အချစ်ဝတ္ထုတွေ ရေးနေပေမယ့် ရည်းစားတော့ သေသေချာချာ မထားခဲ့ဖူးဘူး။ ဟိုလိုလို ဒီလိုလို အီစီကလီ လုပ်ဖူးတာတွေတော့ ရှိတာပေါ့။ အီစီကလီဆိုတာ အဘွားသိလား၊ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စား သလိုလို ဘာလိုလိုပေါ့။ သူငယ်ချင်းလည်း မဟုတ်ဘူး။ ရည်းစားလည်း မဖြစ်ဘူး။ သူကလည်း ဖွင့်မပြောဘူး။ ကိုယ်ကလည်း အဖြေမပေးရဘူး။ ဒါပေမဲ့ သူ့မွေးနေ့ ကိုယ့်မွေးနေ့ဆို အမှတ်တရ လက်ဆောင်လေးတွေ သတိ တရပေး။ ဖုန်းပြောရင်လည်း ဘာမှပြောစရာမရှိဘဲ အကြာ ကြီးပေါ့ ထမင်းစားပြီးပြီလား၊ ညက အိပ်ပျော်လား၊ အခု ဘာလုပ်နေလဲ။ ရုပ်ရှင်ဆို ဘာကားကြိုက်လဲ။ ဟိုစာအုပ် ဖတ်ပြီးပြီလား။ အခုညှပ်ထားတဲ့ ဆံပင်ပုံကြိုက်လား။ ဘာညာပေါ့၊ အဲဒီလိုပြောတာ တစ်နာရီ နှစ်နာရီကြာတယ်။ အဲဒီလိုအဆင့်နဲ့ နောက်ဆုံးတော့ ဘယ်လိုကဘယ်လိုပြတ် သွားမှန်းမသိ ပြတ်သွားတာလေ"

ဝါခေါင်လွှန်ကတော့ အသက်အရွယ်နဲ့မလိုက်အောင် လေးကလားဆန်တာတွေ ပြောရတာ ဝါသနာပါပုံရနေသော



www.burmeseclassic.com

www.burmeseclassic.com



ယင်းခါမျိုးကို စိတ်ထဲမှာ ကဲ့ရဲ့မဆုံးပေ။ ဒါကြောင့်လည်း အရှည်မရှ အဖတ်မရ အချစ်ဝတ္ထုတွေရေးလို့ ရနေတာပေါ့ ဟူ၍လည်း ပျစ်ချစ်နှစ်နှစ် ဝေဖန်မိလေသည်။

"ယင်းမာရေးတဲ့ ဝတ္ထုတွေကသာ romantic ဖြစ်အောင် ရေးပေးမယ့် ယင်းမာ တကယ်လက်တွဲရမယ့်လူ တွေ့တဲ့ အခါကျတော့ romantic မဖြစ်ပါဘူး"

"ဟယ် ... ဒါဆို ယင်းမာမှာ အခု ရည်းစားရှိတယ်ပေါ့၊ ဟုတ်လား"

အဘွားက အလောတကြီးလို မေးပါသည်။

"စေ့စပ်ထားတဲ့သူရှိတယ် အဘွား။ မိဘချင်းပြောကြဆိုကြရင်းနဲ့ သူကလည်း ယင်းမာကို သဘောကျတယ်၊ ယင်းမာကလည်း သူ့ကိုသဘောကျတယ်ဆိုတော့ စီစဉ်ပေးလိုက်ကြတာပါ။ သင်းမာတို့ နောက်နှစ်လအကြာမှာ လက်ထပ်တော့မယ်"

"ဩော် ... ဟုတ်လားကွယ်၊ ယင်းမာ ကံကောင်းပါတယ်။ ကိုယ်သဘောကျတဲ့သူနဲ့ လက်ထပ်ရတယ်နော်"

ဝါခေါင်လွှန်က မကျေနပ်သလို လေသံဖြင့် –

"ဘွားကလည်းလေ၊ ဘွားလည်း အဘိုးကို သဘောကျလို့ ချစ်လို့ လက်ထပ်တာပဲ မဟုတ်လား။ ဘာဖြစ်လို့ စိတ်ကောင်းဖြစ်သလိုကြီး ပြောရတာလဲ"





ဟု ဝင်ပြောလျှင် ဒေါ်ခင်စိမ်းမြ ရယ်ပါသည်။

"မြေးက အဲဒါကို မကျေမနပ်ဖြစ်နေတာ ယင်းမာရဲ့။ ဘွားက သူ့အဘိုးကိုပဲချစ်ပြီး သူ့အဘိုးကိုပဲ လက်ထပ်တယ်ဆိုတာပဲ ကြားချင်တာ။ အခုတော့ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ အချစ်ဇာတ်လမ်းဟောင်းကို မကျေမနပ်ဖြစ်လို့ မဆုံးတော့ဘူး"

"အဘွားက အဘွားရဲ့ခင်ပွန်းသည်ကိုလည်း တကယ်ချစ်ပြီး လက်ထပ်ခဲ့တာပဲ မဟုတ်လား"

"ဟုတ်တာပေါ့။ စိုင်းကိုလည်း မချစ်လို့ မဟုတ်ပါဘူး။ ဒါပေမဲ့ အဲဒီအရွယ်တုန်းက မာန်မာနလည်းတက်ပြီး ကိုယ့်နဲ့အပြိုင်အဆိုင်တွေကလည်း ရှိတော့ကွယ်၊ ငါက တက္ကသိုလ်ကျောင်းသူ၊ သူကတော့ ဆောင်ယာသမား။ သူ့ကိုယူလို့တော့ မဖြစ်ပါဘူး။ ငါ့ပတ်ဝန်းကျင်မှာ ဂုဏ်ငယ်ရမယ်။ စိုင်းဟာ ချစ်ဖို့ကောင်းတဲ့ ချစ်သူတစ်ယောက်ပဲဖြစ်တယ်။ လက်ထပ်ပြီး အတူပျော်ရွှင်စွာ နေသွားကြလေသတည်းဆိုတဲ့ ပုံပြင်အဆုံးသတ်မျိုးနဲ့ ကြုံရအောင် ဖန်တီးပေးနိုင်တဲ့သူတော့ မဟုတ်ဘူးဆိုတဲ့ အတွေးမျိုးကိုလည်း လေးလေးနက်နက် တွေးခဲ့ပါတယ်။ မိဘတွေကလည်းသိတော့ မဖြစ်သင့်တာ မဖြစ်အောင် တားကြမြှကြ၊ ကိုယ့်ကိုယ်တိုင်ကလည်း ဦးနှောက်ထဲမှာ သိပ်တွေးနေခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တမင်မေ့ပစ်လိုက်တာပါ။ ပညာတတ်ဘွဲ့ရတစ်ယောက် ဖြစ်လာတဲ့အချိန်မှာ ဆုံရတဲ့ ကိုယ်နဲ့တန်းတူရည်တူ ဝါခေါင်တို့အဘိုး လူချောလူလှ လူရည်သန့်ကို ကျတော့လည်း ရင်ထဲကရော ခေါင်းထဲကပါ ချစ်လို့ယူခဲ့တာပါ”

ယင်းမာက အဘွား ပြောသမျှတွေကို မှတ်စုစာအုပ်လို မျိုးလေးထဲ တဒေါက်ဒေါက်လိုက်ရေးနေလျှင် အဘွားကတော့ မတားပေမယ့် ဝါခေါင်လွှန်ကတော့ မျက်လုံးကြီးပြူးကာ ကြည့်လေသည်။

“ခင်ဗျား ဒီလိုပဲ သူများခံစားချက်တွေကို လိုက်မှတ်ပြီး ရေးတာပဲလား။ ခွင့်မတောင်းတော့ဘူးလား”

“ရှင်”

“အခုရေးနေတာတွေအတွက် ပြောတာ”

“အဘွားပြောနေတဲ့ စကားလုံးတွေက အသက်ပါလို့ လိုက်မှတ်ထားတာလေ၊ ဘာဖြစ်လို့လဲ”

“ဟဲ့ ... မြေးရဲ့ ဝါခေါင်ရဲ့။ ရန်မတွေ့ပါနဲ့ကွယ်၊ ဒါက ဘွားကျေနပ်လို့ပြောနေတဲ့ ဇာတ်လမ်းကိုရေးတဲ့ စာရေးသူလေကွယ်။ သူ ဘာရေးရေး လိုက်တားစရာ မလိုဘူး ပြီးတော့ မင်း စကားပြောတာပြင်ဦး။ မာတောင့်တောင့်နဲ့ ရိုင်းလည်းရိုင်းတယ်”



ဝါခေါင်လွှန် အဘွားဖြစ်သူကို ဘာမှစောဒကမတက်တော့ဘဲ စားပွဲထိုးကိုသာ လှမ်းခေါ်ကာ ကုန်ကျစရိတ်တွက်ဖို့ ပြောလိုက်တော့လေသည်။

♥ ✪ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၆

Air Con ဖွင့်ပြီး မှန်ပိတ်ထားသော ကားထဲမှာတော့ လုံပြီးအေးနေသည်။ ဖုန်လည်းမဝင်။ ဒါပေမဲ့ လမ်းဘေးဝဲယာတွေမှာတော့ နေပူကျဲကျဲမှာ ဖုန်လုံးကြီးတွေ ထနေတာကို မြင်ရသည်။ တချို့ လမ်းပြင်နေသောနေရာ၊ တံတားငယ်လေးတွေ ဆောက်နေသော နေရာတွေမှာတော့ သနပ်ခါးတွေပိန်းနေအောင် မျက်နှာမှာလူးထားသော မြေသယ်၊ ကျောက်ထုလုပ်နေကြသည့် မိန်းကလေးငယ်တွေကို တွေ့ရတော့ ယင်းမာ သနားပြီး မကြည့်ရက်ပြန်။ လူ့ဘဝတွေဟာ ဘာ့ကြောင့် ဒီလောက်တောင် ခြားနားရသလဲ။ ကိုယ်ကတော့ မွေးကတည်းက အရိပ်အောက်မှာ မပူမပင် ပြည့်ပြည့်စုံစုံ နေခဲ့ရသလောက် သူတို့တွေကျတော့ ဘာလို့များ စားဝတ်နေရေးကို နေပူထဲမှာရှာဖွေပြီး ရုန်းကန်နေရသလဲ။





ကားထဲမှာ ဘာသီချင်းမှ ဖွင့်မထား။ အဘွားဒေါ်ခင်စိမ်းမြလည်း ခဏတဖြုတ် မှေးနေသဖြင့် စကားပြောဖော်မရတော့။ ဝါခေါင်လွန်နဲ့ ယင်းမာ ဆိုတာကလည်း ခရီးတစ်ခုတည်းသာ အတူတူ သွားဖြစ်နေတာ။ စကားတောင် ဆယ်ခွန်းပြည့်အောင် မပြောဖူးသေး။

သူက ယင်းမာကို မကြည့်ဘူး။ ယင်းမာ လုပ်နေတာတွေ မကြိုက်ဘူးဆိုတာ ယင်းမာ အလိုလိုခံစားပြီးသိနေလျှင် သူ့ကိုစပြီး စကားမပြောချင်။ ဝါခေါင်လွန်က စပြီးစကားပြောပြန်ရင်လည်း အကောင်းသိပ်မပါ။ ဒီတော့ ဘယ်တော့မှ ပြေပြေပြစ်ပြစ် အာလာပသလ္လာပတောင် မပြောဖြစ်ကြတော့ပေ။ အဘွားရှိနေမှသာ အဘွားကို ကြားခံထားပြီး ပြောသလို ဖြစ်နေပါသည်။

ယင်းမာ ပျင်းလာတာနဲ့ သူမရဲ့ ipod (အိုင်ပေါ့ထ်) ကိုထုတ်။ နားကြပ်နဲ့ဆက်ပြီး စိတ်ကြိုက်ရွေးသွင်းထားသော သီချင်းလေးတွေကို နားထောင်နေလိုက်ပါသည်။ ခုတလောတော့ Tayler Swift (တေလာဆွစ်(ဖ))ရဲ့သီချင်းလေးတွေ ကြိုက်နေသဖြင့် တော်တော်များများစုပြီး 'နားထောင်ဖြစ်နေပါသည်။

ဝါခေါင်လွန်က ကားမောင်းလာရင်း နောက်ကြည့်မှန်မှတစ်ဆင့် ဖျတ်ခနဲ လှမ်းကြည့်မိတော့ နားကြပ်တပ်၊ သီချင်းနားထောင်ကာ၊ နောက်မှီမှာလှဲပြီး မျက်လုံးမှိတ်၊ လက်ပိုက်ပါးစပ်ကတော့ သီချင်းလိုက်ညည်းနေသော စာရေးဆရာမကို

www.burmeseclassic.com



သတိထားမိသွားသည်။ သူလည်း ကားမောင်းရတာ ပျင်းသဖြင့် သီချင်းတော့ ဖွင့်ချင်ပါသည်။ သို့သော် ဘွားက မှေးနေတာလား၊ တကယ် အိပ်မောကျနေတာလား မသေချာသဖြင့် ခုမှ သီချင်း ကောက်ဖွင့်လျှင် နိုးသွားမှာ စိုးရိမ်သဖြင့် သီချင်းမဖွင့်ရဲ။ စာရေးဆရာမနဲ့ကလည်း သိပ်မျက်နှာကြောမတည့်သလို ဖြစ်နေ၍ စကားမပြောချင်။ ဒီတော့ ပျင်းရိငြီးငွေ့စွာပင် ခရီးရှည်ကြီးကို မောင်းနှင်ရတော့မည်ပေါ့။

တကယ်တော့ ကားကို အကြာကြီးမောင်းပြီး ခရီးသွားဖို့ကို သူ လုံးဝမကြိုက်ပါ။ သက်သောင့်သက်သာလေး လေယာဉ်နဲ့ဖြစ်ဖြစ်။ အဝေးပြေးကားနဲ့ဖြစ်ဖြစ်သာ ခရီးသွားချင်သည်။ သို့သော် အခုခရီးကျတော့ ဘွားက အဝေးပြေးကားစီးလို့မဖြစ်။ လူကြီးဆိုတော့ ခဏခဏ ဆီးသွားချင်သဖြင့် ခဏခဏ ကားရပ်ရသည်။ လေယာဉ်နဲ့ကျတော့လည်း စာရေးဆရာမက ကားနဲ့သာ သွားလိုပါသည်ဟု ဇာတ်လမ်းသွားစ,ထားလေရာ ဘယ်လိုမှသွားရန်မဖြစ်တော့။

"အင်း ... အဲ ... ဝါး ... အံမယ် ဘွား တော်တော်လေး အိပ်ပျော်သွားတယ်ကွယ့်"

တအောင့်ကြာတော့ ဘွား နိုးလာသည်။ နိုးလာလျှင် ချက်ချင်းမျက်မှန်တပ်ရင်း လမ်းဘေးဝဲယာကို ကြည့်ပါသည်။ ဘွားရဲ့မျက်မှန်က လည်ပင်းမှာ ကြိုးဖြင့်ဆွဲထားသောကြောင့်





ကျွတ်လိုက်၊ ဘူးထဲထည့်လိုက်၊ ထုတ်တပ်လိုက် လုပ်စရာမလိုပါ။ လည်ပင်းမှာ ဆွဲထားတာကို ယူတပ်လိုက်ရုံပင်။

"အခု ဘယ်ရောက်ပြီလဲ"

အဘွားအသံကြား၍ ယင်းမာ မျက်စိမှိတ်ပြီး သီချင်းနားထောင်နေရာမှ မျက်စိဖွင့်ကြည့်မိပါသည်။

"တောင်ငူရောက်ပြီ ဘွား"

"နေ့လယ်စာ စားကြတာပေါ့"

"ဘွားပဲ ဆိုင်ရွေးလိုက်၊ စိတ်တိုင်းကျတဲ့ဆိုင်တွေ့ရင်ပြော၊ ရပ်လိုက်မယ်"

"ယင်းမာက ဘာစားချင်လဲ"

"ရှင် ... ရပါတယ် အဘွား။ ယင်းမာ ဘာဖြစ်ဖြစ်စားပါတယ်။ ယင်းမာက ထမင်းဟင်းတွေ သိပ်အကြိုက်ကြီး မဟုတ်ဘူး။ သဘောရှလောက်ပဲစားတာ။ မုန့်တွေ သရေစာတွေစားတာ များတယ်"

"မြန်မာထမင်းဟင်းလေးပဲ စားကြတာပေါ့။ အိမ်မှာချည့် ထမင်းဟင်းစားနေရတာ။ ဆိုင်ထမင်းဟင်းလေးလည်း စားကြည့်ဦးမယ်"

မြန်မာထမင်းဆိုင်တစ်ဆိုင်မှာ နေ့လယ်စာစားရင်း ခဏနားကြပါသည်။ အဘွားဖြစ်သူကို အရိပ်တကြည့်ကြည့်ဖြင့် မြှုစသော ဝါခေါင်လွန်ကတော့ ဘွားဟာ ဖာန်သာဆောင်နေရပေ



www.burmeseclassic.com

www.burmeseclassic.com



ခယ့် တော်တော်လေး နွမ်းနေကြောင်း သတိထားမိပါသည်။ ထမင်းဟင်းတွေသာ မှာလိုက်ပေမယ့် တကယ်လည်း ဟုတ်တိဝတ်တိစားနိုင်တာ မတွေ့ရ။ တို့ကနန်း ဆိတ်ကနန်း ဖြစ်နေသည်။

"ဘွား ... နေကောင်းရဲ့လား"

ဝါခေါင်လွှန် မနေနိုင်တော့ဘဲ ကောက်မေးလိုက်ပါသည်။ ယင်းမာက စိုးရိမ်ပူပန်နေပုံရသော ဝါခေါင်လွှန့် မျက်နှာအမူအရာကိုကြည့်ပြီး အဘွား ဒေါ်ခင်စိမ်းမြကို အသေအချာ အကဲခတ်လေသည်။

"ကောင်းပါတယ်ကွယ်၊ မင်းကလည်း ဒါပဲ တမေးမေး လုပ်နေတယ်"

"ဘွား မျက်နှာနွမ်းနေတယ်။ ထမင်းလည်း အိမ်မှာစားသလောက်တောင် မစားနိုင်ဘူး။ ကျွန်တော် စိတ်ပူလို့ပါ"

"ကားပေါ်မှာပဲ ထိုင်လိုက်လာရတော့ ဗိုက်က ဘာဆာမလဲ။ အချိန်ကျလို့သာ စားလိုက်တာပါ"

"ဒီလိုလုပ်ပါလား၊ အခုချက်ချင်း ခရီးမဆက်သေးဘဲ နားလိုက်ကြရအောင်လေ။ ခပ်ကြာကြာလေး နားလိုက်မယ်။ တည်းခိုခန်းလေးတစ်ခုမှာဖြစ်ဖြစ် နေ့တစ်ဝက်နားလိုက်မလား။ ရေမိုးချိုး၊ တစ်ရေးတစ်မောအိပ်၊ ခဏနားပြီး ညကျမှ ပြန်ခရီးဆက်ရင်ရော"





ယင်းမာက အကြံပေးသလို၊ တိုင်ပင်သလိုဟန်ဖြင့် ဝါခေါင်လွှန်ကို ဦးတည်ပြောလိုက်ပါသည်။

"တည်းခိုခန်းမှာ နေ့တစ်ဝက်ငှားနေလို့ ရပါ့မလား"

"မရလည်း တစ်ရက်စာအပြည့်ပေးပြီး နေလိုက်မယ်လေ။ ယင်းမာ ပြောတာ လက်ခံလိုက်ပါ။ အဘွားလည်း နည်းနည်း နားရအောင်ပါ"

"ကျွန်တော် စကတည်းက ပြောသားပဲ။ အဘွားကိုခေါ်လာရင် ယင်းမာလည်း အလုပ်ပျက်မယ်။ လိုရာခရီး ရောက်ဖို့ ရက်တွေကြန့်ကြာသွားမယ်လို့"

"ရပါ့တယ်။ ယင်းမာမှာ ဘာမှအလောတကြီး လုပ်စရာ မမရှိတာ။ ရန်ကုန်ကို အရေးတကြီးပြန်ရောက်ဖို့ လိုလောက်အောင် အလုပ်ကိစ္စလည်း မရှိပါဘူး။ ယင်းမာအိမ်လည်း ကိုဝါခေါင်တို့မြေးအဘွားနဲ့သွားတာ သိပြီးပြီပဲ။ အခြေအနေကို အချိန်မရွေး ဖုန်းဆက်ပြောလို့ ရပါတယ်။ ကိုဝါခေါင့်အလုပ်သာ ရက်ကြာကြာ ခွင့်ယူရမှာ မဟုတ်လား"

"ကျွန်တော့်အလုပ်က ရပါတယ်။ ကျွန်တော်လည်းတစ်ခါမှ ခွင့်ရက်ရှည်ယူဖူးတဲ့လူ မဟုတ်တော့ ဒီတစ်ခါ ခွင့်ယူတာကို ဘာပြဿနာမှ မရှိပါဘူး။ ကျွန်တော် လိုရမယ်ရဆိုပြီး ခွင့်နှစ်ပတ်တင်လာပါတယ်"

"ဒါဆိုလည်း ဘာမှပူစရာမရှိဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဘွားကတော့ အပြစ်လုပ်ထားသော ကလေးတစ်ယောက်လိုပဲ မလုံမလဲနဲ့ ...

"ကျုပ် နားဖို့မလိုပါဘူး ဆိုမှကွယ်။ ဒီကလေးနှစ်ယောက်ဟာ သူတို့ဘာသာတိုင်ပင်ပြီး လုပ်ချင်တာလုပ်နေကြပြန်ပြီ"

ဟု တဗျစ်တောက်တောက် ရွတ်လေသည်။

ဝါခေါင်လွှန်နဲ့ ယင်းမာတို့ စိတ်ကြိုက်တွေ့သော အကောင်းစားတည်းခိုခန်းလေးတစ်ခုမှာ ဝင်နားလိုက်ကြသည်။ နေ့တစ်ဝက်သာ နေမှာမို့ တည်းခိုခန်းကလည်း တစ်ရက်စာ အပြည့်ပေးမယ်ဆိုတာတောင် မယူပါ။ တစ်ဝက်သာ ယူပါသည်။

အဘွားနဲ့ ယင်းမာက ခုတင်နှစ်လုံးပါ နှစ်ယောက်ခန်း တစ်ခန်းယူကာ ဝါခေါင်လွှန်က တစ်ယောက်ခန်း ယူပါသည်။ ရေချိုးခန်းငယ်လေးလည်း တွဲရက်ပါသဖြင့် ခဏနားပြီးသော အဘွားကို ရေချိုးစေပါသည်။

"ဘွား ... ယင်းမာ ... ကျွန်တော် ဝင်လာရမလား"

အပြင်က တံခါးကိုခေါက်ကာမေးသော ဝါခေါင်လွှန့်အသံကြောင့် အဘွားကို ရေချိုးဖို့ကူနေသော ယင်းမာပဲ တံခါးသွားဖွင့်ပေးလိုက်ပါသည်။

"ဘွား ရေချိုးဖို့ ကျွန်တော်ပဲ လုပ်ပေးလိုက်ပါ့မယ်၊ ဒါကြောင့် ဝင်လာတာ"





"ယင်းမာ လုပ်ပေးလို့ ရပါတယ်"

"အားနာစရာကြီး။ ယင်းမာက လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး မနေရဘဲ လူကြီးတစ်ယောက်ကို ပြုစုနေရသလို ဖြစ်မှာစိုးလို့ပါ"

"ယင်းမာ စိတ်ထဲမှာ လုပ်ပေးရတာ ပျော်ပါတယ်၊ ဘွားကလည်း မကျန်းမမာ၊ မသန်မစွမ်းမှ မဟုတ်တာလေ။ နည်းနည်းပါးပါးကူပေး၊ စောင့်ပေးရုံပါပဲ"

သို့သော်လည်း ဝါခေါင်လွှန်ကတော့ သူကိုယ်တိုင်ပဲ အဘွားဖြစ်သူကို ရေချိုးခန်းထဲ စောင့်ခေါ်ပေး၊ အုတ်ရေကန်ထဲကရေကို စိတ်ရှည်လက်ရှည် တစ်ဖလားချင်းခပ်ပေး၊ ရေလောင်းပေး ပြုပေး စသဖြင့် လုပ်ပေးပါသည်။ တည်းခိုခန်းမို့ ရေပန်းဖြင့် ရေချိုးလို့ရတဲ့ ရေပိုက်မျိုးမရှိဘဲ အုတ်ရေကန်ငယ်လေးထဲကို ရေဘုံဘိုင်မှ ရေတွေဖွင့်ကျပြီး ဖြည့်ပေးထားရာ ထိုရေကန်မှ ရေဖလားဖြင့် ခပ်ချိုးရပါသည်။ အဘွားဖြစ်သူ ဆံပင်များကအစ ရေမစိုအောင် ဂရုတစိုက် ရေလောင်းပေးလိုက်၊ ဆပ်ပြာကူတိုက်ပေးလိုက် လုပ်ပေးသော ဝါခေါင်လွှန်ကို ယင်းမာ တစေ့တစောင်း အကဲခတ်မိသည်။ ဒီလိုမျိုး မြေးယောကျ်ားလေးတစ်ယောက်ဟာ အဘွားဖြစ်သူကို ဂရုတစိုက် ဖေးဖေးမမ, ပြုစုတာမျိုး မမြင်ဖူး၍ ယင်းမာအတွက်တော့ အထူးအဆန်း ဖြစ်နေသည်။ ကြားဖူးတာတော့ မြေးမိန်းကလေးတွေသာ ဘွားအေအပေါ် စိတ်ရှည်ပြီးပြုစုတတ်ကြသလားလို့။

၊၄



www.burmeseclassic.com

www.burmeseclassic.com



"အုတ်ကန်ထဲကရေက အေးတယ် ဘွားရဲ့။ နည်းနည်းနွေးတာ ဖြန်ဝတ်ထား။ လက်ရှည်ဝတ်နော်"

"မင်းနှယ့် အပြင်မှာ ဒီလောက်နေပူနေတာ လက်ရှည်ကြီး ကျုပ်ဝတ်ချင်ပါ့မလား။ ပြီးရင် စောင်ခြုံပြီးအိပ်ရဦးမှာ။ တော်ပြီ ... တော်ပြီ လက်စကလေးပဲပေး။ ရင်ဖုံးမထုတ်နဲ့ ရင်စေ့လေးထုတ်လိုက်။ ရင်ဖုံးဆိုရင် ရင်ဘတ်မှာ နှစ်ထပ်လိုဖြစ်နေတော့ ပူတယ်"

"ဆေးတွေ ဒီမှာနော်။ ကျွန်တော် ထားထားပေးခဲ့ပြီ။ သောက်လိုက်ဦး။ ဘာမှ ခေါင်းထဲတွေးမနေနဲ့။ စိတ်ကြိုက်အိပ်ပျော်အောင်အိပ်လိုက်။ နိုးချင်တဲ့အချိန် နိုးပါစေ။ ဘွား နိုးပြီး အားလည်းပြန်ပြည့်မှ သွားမှာ"

ယင်းမာကတော့ အခန်းထဲရှိ စားပွဲကုလားထိုင်တစ်စုံမှာထိုင်ကာ မှတ်စုစာအုပ်ထဲ ရေးစရာတချို့ ထိုင်ရေးနေပါသည်။ သူတို့မြေးအဘွားအသံကို ကြားနေရပေမယ့် ဝင်မပါတော့ဘဲ လွတ်လွတ်လပ်လပ်ဖြစ်အောင် လွှတ်ပေးထားလိုက်သည်။ မြေးအဘွားနှစ်ယောက် ငြင်းလိုက် ခုန်လိုက်ဖြင့် ပြောဆိုကြပြီး တစ်အောင့်ကြာတော့ ဝါခေါင်လွန် ယင်းမာကို လှမ်းနှုတ်ဆက်လေသည်။

"ယင်းမာ ... ကျွန်တော် အခန်းပြန်တော့မယ်နော်၊ ဘွားကို ထားခဲ့ပြီ"





"ရတယ် ... ရတယ် ... ထားခဲ့"

ယင်းမာ စာအုပ်ကိုပိတ်လိုက်ရင်း ထလိုက်သည်။

ဝါခေါင်လွန်ကတော့ လှရေအသံပါ ပျောက်သွားလေပြီ။ အဘွားက သူ့အတွက်ပေးထားသော အိပ်ရာပေါ်တွင် စောင်ကို ကိုယ်တစ်ပိုင်းခြုံလျက် လဲလျောင်းနေလေပြီ။

"ဘယ်လိုလဲ အဘွား၊ ရေချိုးပြီး အိပ်ချင်လာပြီလား"

"အင်း ... အိပ်ချင်လာသလိုပဲ"

"ဒါဖြင့် အိပ်နော်၊ ယင်းမာကို အားနာမနေနဲ့၊ ယင်းမာလည်း ရေချိုးတော့မှာ။ ပြီးရင် စာထိုင်ရေးနေမယ်"

"ယင်းမာလည်း နားလေ"

"ယင်းမာ မနားတော့ပါဘူး။ မပင်ပန်းဘူးလေ။ ကိုဝါခေါင်ကမှ ပင်ပန်းမှာ။ တောက်လျှောက် ကားမောင်းနေရတော့"

"သူလည်း မောင်းနေကြပါ။ အလုပ်ကိစ္စလွတ်ရင် ဒီလိုပဲ ခရီးထွက်ရတတ်တယ်"

"သူ့အလုပ်က ခရီးထွက်ရလား"

"သူတို့ရဲ့ပုဂ္ဂလိကဘဏ်က ဘဏ်အခွဲတွေ ရှိတယ်လေ။ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးတို့လို မြို့အကြီးကြီးတွေမှာ ဘဏ်ခွဲတွေရှိတော့ ကွန်ပျူတာကိစ္စ ဘာညာ လိုရင် သွားပေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူက IT (အိုင်တီ)ကို ဒီမှာပဲ ကွန်ပျူတာတက္ကသိုလ် ကနေ ယူတာလား"

"ဟုတ်တယ်၊ အဘွားက သူ့ကို စင်ကာပူမှာ ထပ်သွား တက်ခိုင်းပါတယ်။ သူက အဘွားကိုထားခဲ့ရမှာ စိတ်မချ တော့ မသွားဘူး"

"သူက မြေးယောကျ်ားလေးထဲမှာတော့ တော်ယော်ရှားတဲ့ မြေးမျိုးပဲနော်။ အဘွားကိုချစ်ပြီး ဂရုတစိုက် ပြုစုတုန်းပဲ။ တကယ့်ကို စိတ်ပါလက်ပါ ပြုစုတာမျိုး"

"သူ့မိဘတွေ မရှိတော့ထဲက အဘွားပဲ အဖေအမေနေရာ ဝင်ယူခဲ့ရတာလေ။ ဒီတော့ သူ့ရဲ့မိဘလို သဘောဖြစ်နေ တာလည်း ပါတာပေါ့"

"အဘွား အိပ်လိုက်ပါဦး။ ယင်းမာ ရေချိုးလိုက်ဦးမယ် နော်"

ယင်းမာ စကားဆက်ပြောနေရင် အဘွားမအိပ်တော့ မှာစိုး၍ စကားဖြတ်လိုက်ရသည်။ စကားဖြတ်ပြီး ရေဝင်ချိုး၊ ရေ ချိုးပြီး ထွက်လာတော့ အဘွား မျက်လုံးအစုံပိတ်ပြီး အိပ်နေတာ တွေ့ရသည်။

ယင်းမာလည်း အဝတ်လဲတာ၊ အလှပြင်တာကို တောင် အသံခပ်တိုးတိုးလေးလုပ်ကာ တိတ်တိတ်ဆိတ်ဆိတ်နေ ပေးလိုက်ပါသည်။ အပြင်မှာလည်း နေပူလှသဖြင့် အခန်းထဲက





မထွက်ဖြစ်ဘဲ စားပွဲမှာထိုင်ကာ စာရေးနေလိုက်သည်။ ဒီတည်းခို ခန်းမှာက ဈေးပိုပေးရသော အခန်းတိုင်းမှာ air con အသေးစား လေးရှိသဖြင့် ဖွင့်ထားလို့ရသောကြောင့် အခန်းထဲမှာတော့ အေး နေသည်။

ရန်ကုန်ကို ဖုန်းဆက်ရဦးမှာပေမယ့် ဖုန်းပြောလျှင် အဘွားနိုးသွားမှာစိုး၍ မပြောသေးဘဲ နေလိုက်သည်။ ကိုထွတ်က ဒီနေ့ညနေမှာ လေဆိပ်ဆင်းမှာ။

"ကိုယ်သွားတာ တစ်ပတ်လောက်ပဲ ကြာမှာပါ၊ ယင်းမာ တောင် ကိုယ်မရောက်ခင် ပြန်ရောက်နေလိမ့်မယ်။ အပြန်မှ လေဆိပ်လာကြိုပေါ့"

ဟု စီစဉ်ပေးခဲ့ပေမယ့် သူ သွားခါနီးလေးတော့ ဖုန်းဆက်နှုတ်ဆက်သင့်ပါတယ်ဟု တွေးပြီး ဖုန်းဆက်ရမယ့်အချိန် ကို တွက်နေမိပါသည်။

♥✿♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"နေပြည်တော်ပျဉ်းမနားရောက်မှ ညအိပ်ကြတာပေါ့။ လမ်း မှာသိပ်မနားတော့ဘဲ တောက်လျှောက်မောင်းသွားလိုက် မယ်"

ကားစထွက်တော့ ဝါခေါင်လွန်က ယင်းမာကို တိုင်ပင်ဟန်ဖြင့် နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်ကာ ပြောပါသည်။

"ကိုဝါခေါင် သဘောပါ။ အသွားရော ရရဲ့လား။ ဘယ်မှ မနားဘဲ တောက်လျှောက်မောင်းမယ်ဆိုတော့လေ"

"ဖြစ်တယ် ... ဖြစ်တယ်၊ မြေးတို့အဆင်ပြေသလိုသာလုပ် ပါ"

"အဲဒီမှာက ဟိုတယ်တွေလည်းကောင်းတော့ ကောင်း ကောင်း အနားယူလို့ကောင်းတယ် ဘွားရဲ့။ ဘွားလည်း





တစ်ခါမှ မရောက်ဖူးသေးတော့ လိုက်ပြမယ်။ ကျွန်တော် ကတော့ အလုပ်ကိစ္စနဲ့ ခဏ ခဏ ရောက်နေရတာ"

"ယင်းမာလည်း တစ်ခါမှ မရောက်ဖူးသေးဘူး"

"ဟုတ်လား"

"ယင်းမာ ခရီးထွက်ပြီး စာရေးတာ ဒီတစ်ခါပဲ ရှိသေး တယ်။ ယင်းမာ သွားဖူးတဲ့နေရာတွေက ချောင်းသာ၊ ငွေဆောင်၊ ကျိုက်ထီးရိုး အဲဒီလောက်ပါပဲ။ သွားရင်လည်း စာရေးဖို့သွားတာ မဟုတ်ဘူး။ အပန်းဖြေခရီးသွားတာမျိုး ပေါ့။ ကျိုက်ထီးရိုးကျ တစ်နှစ်တစ်ခေါက် ဘုရားဖူးသွား သလိုမျိုးပေါ့ သွားတာမျိုးပဲ ရှိတယ်"

"ဒါဖြင့် စာကို ဘယ်လိုရေးလဲ"

ဝါခေါင်လွန် မေးတဲ့မေးခွန်းကို မရှင်းသဖြင့် ...

"ရှင် ... ဘယ်လို။ ဘာကို မေးတာလဲ"

ဟု ယင်းမာ ပြန်မေးရလေသည်။

"စာထဲမှာ ဘာအကြောင်းအရာတွေ ရေးလဲလို့ပါ"

"ရောက်ဖူးတဲ့နေရာလောက်ပဲ ထည့်ရေးတာပေါ့။ နေရာ ဒေသနဲ့ပတ်သက်ပြီး အခြေခံတဲ့ဇာတ်လမ်းမျိုးတွေ မရေး ဘူးပေါ့။ အခုတစ်ခါက ပထမဦးဆုံး ရေးတာပဲ"

"ကျွန်တော် စာတော့ဖတ်ပါတယ်။ ဒါပေမဲ့ အခုခေတ်ပေါ် ဇာတ်လမ်းတွေတော့ မဖတ်တတ်ဘူး။ ဝတ္ထုစာအုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တော့ မဖတ်ဘူး။ မဂ္ဂဇင်း၊ ဂျာနယ်လောက်ဖတ်တယ်။ National Geographic (နေရှင်နယ်ဂျီအိုဂရပ်ဖစ်) ကထုတ်တဲ့ စာအုပ်တွေဖတ်တယ်။ စာရေးဆရာတွေဟာ ဇာတ်လမ်းတွေရေးရင် သူတို့ရဲ့ကိုယ်ပိုင်ခံစားချက်ကို ရေးကြတာလို့ပဲ ထင်နေတာ။ ဒီလိုမျိုး သူများခံစားချက်ကို ရေးတာကျတော့ အံ့ဩမိတယ်၊ ဘယ်လိုခံစားယူပြီး ရေးလဲလို့"

ယင်းမာက ဝါခေါင်လွန့်မေးခွန်းကို ပြုံးနေမိသည်။

"အနုပညာသမားတွေဟာ ဒီလိုပါပဲ ကိုဝါခေါင်။ စာရေးတဲ့သူ၊ သီချင်းဆိုတဲ့သူ၊ သရုပ်ဆောင်တဲ့သူ၊ သီချင်းရေးတဲ့သူတွေလည်း သူတို့ကိုယ်ပိုင်ခံစားချက် မဟုတ်ဘဲ ကူးယူခံစားပြီး ဆိုကြ၊ ရေးကြ၊ သရုပ်ဆောင်ကြတယ်လေ။ ဒါမျိုးက ရှင်းပြရခက်တယ်"

အဘွားက ဝင်ပြောပါသည်။

"ပါရမီလို့ ခေါ်တယ်၊ အဲဒါ ပါရမီပါမှရတာ"

"အင်း ... အင်း ... ဟုတ်မယ် အဘွားရဲ့။ ပါရမီပေါ့၊ ယင်းမာတို့မိသားစုမှာဆို ဘယ်သူမှ ဝါသနာမပါကြဘူး။ စာဖတ်တာတော့ ဖတ်ကြတယ်၊ ဘယ်သူမှ စာရေးချင်လောက်တဲ့အထိ ဝါသနာမပါကြဘူး။ ယင်းမာသာ ခြောက်တန်း ခုနစ်တန်းလောက်တည်းက စာရေးချင်လို့ စမ်းရေး





ကြည့်လာတာလေ။ မိဘတွေက ကျောင်းစာဘက်လျော့သွားမှာစိုးလို့ ဝိုင်းတားမြစ် ပိတ်ပင်ထားလို့ ဆယ်တန်းအောင်မှ ရေးခွင့်ပေးတယ်။ စရေးတော့ ဝတ္ထုတိုလေးတွေပဲ ရေးပြီး မဂ္ဂဇင်းထဲ အရွေးခံရအောင် ကိုယ့်ဘာသာပဲကြိုးစားရတာပေါ့။ မဂ္ဂဇင်းတွေထဲမှာ စ,ပါလာပြီး တက္ကသိုလ်တက်နေတဲ့ တောက်လျှောက်မှာတော့ မဂ္ဂဇင်းဝတ္ထုတို၊ ဝတ္ထုရှည်တွေပဲ ရေးဖြစ်တယ်။ ကျောင်းပြီးခါနီးကျမှ ဖေဖေက မေးလာတယ်။ ကျောင်းပြီးရင် ဘာလုပ်မလဲ။ ကျောင်းဆက်တက်ချင်လား၊ အဝေးသွားပြီး တက်ချင်ရင်လည်း လွှတ်မယ်ပေါ့။ ဒါမှမဟုတ် မတက်ချင်ရင်လည်း ဘာအလုပ်လုပ်မယ် စိတ်ကူးလဲမေးတော့မှ ယင်းမာကိုယ်တိုင် စာအုပ်ထုတ်ဝေမယ်။ လုံးချင်းတွေရေးမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချဖြစ်သွားတာပါ။ ခုတော့ ကိုယ့်ဝတ္ထု ကိုယ့်ဘာသာပဲ ထုတ်တဲ့အဆင့်ပေမယ့် နောက်ပိုင်းကျရင်တော့ တခြားကလောင်သစ်တွေကိုလည်း ထုတ်ပေးမယ်လို့ စိတ်ကူးထားတယ်။ နာမည်ကြီးစာအုပ်တိုက်ကြီးဖြစ်အောင် လုပ်မယ်လို့ စဉ်းစားထားတယ် အဘွားရဲ့"

"ကောင်းတယ် ... ကောင်းတယ်၊ လူဆိုတာ ကိုယ်စိတ်ဝင်စားတဲ့အလုပ်၊ ကိုယ်ပျော်တဲ့အလုပ်ကို လုပ်တာပဲကောင်းတယ်။ ဒါမှ တိုးတက်မှုရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာတော့ ယင်းမာနဲ့ ဒေါ်ခင်စိမ်းမြတို့စကား လက်ဆုံကျပြီး ပါလာသည်။ နေဝင်ရီတရောမို့ အပြင်မှာ အလင်းရောင် သိပ်မကျန်တော့သလို ဖြစ်နေပါသည်။ ကားမှန်ဖွင့်ရင် ဖုန်တွေဝင်မှာစိုးကာ မှန်တံခါးပိတ်ထားရသဖြင့် air con ကို ဖွင့်ထားရဆဲဖြစ်သည်။ ဒါကြောင့် ကားထဲမှာ အသံလုံကာ ယင်းမာတို့စကားသံတွေသာ ကြီးစိုးနေသည်။

ဝါခေါင်လွှန်ကတော့ ယောက်ျားလေးပီပီ မိန်းမတွေစကားပြောတဲ့အထဲ ဝင်မပါတော့ဘဲ ခပ်မှောင်မှောင်လမ်းကိုသာ အာရုံစိုက် မောင်းနေလိုက်ပါသည်။ နေ့ခင်းက ခဏတဖြုတ် အားလုံးနားလိုက်ရသဖြင့် လန်းလန်းဆန်းဆန်းဖြစ်ပြီး အားအင်ပြည့်နေကြသောကြောင့်ကားကို မနားတမ်း တောက်လျှောက်မောင်းသွားဖို့သာ အာရုံစိုက်လိုက်သည်။ ဝါခေါင်လွှန့် သဘောကတော့ အဘွားရဲ့ဆန္ဒကိုသာ လိုက်ဖြည့်ဆည်းရပေမယ့် လိုရာခရီးမြန်မြန်ရောက်၊ မြန်မြန်အိမ်ပြန်လို့ရ။ ဒါမှ အဘွားအတွက် စိုးတထိတ်ထိတ်နဲ့ ခရီးရှည်ကြီးကို ခေါ်လာရတဲ့သောကလည်း မြန်မြန်ပျောက်လိမ့်မည်။ အဘွားက တရှောင်ရှောင်ဖြစ်ပြီး အိပ်ရာထဲလဲနေရသည့် အဆင့်၊ မကျန်းမာတဲ့အခြေအနေမျိုး မဟုတ်ပေမယ့်လည်း အသက်(၈၀)ဆိုသော အချက်က ဒီလိုခရီးမျိုးကိုသွားဖို့ မသင့်ဟု ဝါခေါင်လွှန့် စိတ်ထဲမှာ ယူဆမိ၍ စိုးရိမ်မှု ပိုရတာဖြစ်ပါသည်။





နေပြည်တော်ပျဉ်းမနားကို ရောက်တော့ ဝါခေါင်လွှန့် အလုပ်ကိစ္စဖြင့်လာလျှင် တည်းနေကျ ဟိုတယ်မှာပင် ဝင်အနားယူဖို့ ရွေးချယ်လိုက်ပါသည်။ အဘွားကတော့ မရောက်ဖူးသေးတဲ့ နေရာအသစ်အဆန်းကို ရောက်ရ၍ စိတ်ဝင်တစား ငေးမောကြည့်ရှုနေတော့သည်။

"တစ်ယောက်ခန်း သုံးခန်းတော့ မယူတော့ဘူးနော် ဘွား။ နှစ်ယောက်ခန်းရယ်၊ တစ်ယောက်ခန်းရယ် နှစ်ခန်းပဲယူလိုက်မယ်။ ဘွားနဲ့ကျွန်တော် တစ်ခန်း၊ ယင်းမာတစ်ခန်း။ အခန်းချင်းကပ်ရပ်မဟုတ်ပေမယ့် တစ်ဆောင်တည်းပဲတဲ့ ဖြစ်ရဲ့လား"

ဝါခေါင်လွှန်က ယင်းမာကိုပါ စကားဆက်ပြောရင်း လှမ်းမေးပါသည်။ ယင်းမာက ...

"ဖြစ်ပါတယ်။ ယင်းမာ နေတတ်ပါတယ်။ အဘွား တကယ်လို့ ယင်းမာနဲ့ နေချင်ရင် နေလို့ရတယ်နော်"

"ရပါတယ်၊ ယင်းမာ လွတ်လွတ်လပ်လပ်နေပါ၊ မနက်ကျ ဘရိတ်ဖတ်(စ)အတူတူစားမှ လာခေါ်မယ်လေ"

"ဒါဆိုလည်း ဂွတ်နိုက်(ထ်)နော် အဘွား။ ဂွတ်နိုက်(ထ်) ကိုဝါခေါင်"

ယင်းမာ နှုတ်ဆက်ပြီး အခန်းရှိရာဆီ ဘီးပါသော Luggage လေးဆွဲကာ ရှေ့ကစ၍ သွားနှင့်သည် ဟိုတယ်ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



၏နောက်သို့ လိုက်လာခဲ့သည်။ ဝါခေါင်လွန်တို့မြေးအဘွားလည်း သူတို့သေဗ္ဗာတွေ သယ်ပေးသွားနှင့်သော ဝန်ထမ်းတွေနောက်ကို လိုက်သွားကြပါသည်။

ယင်းမာက ရေချိုးပြီး နိုက်(တ်)ဂရင်(မ)လူးပြီးတာနဲ့ ရန်ကုန်ကို ဖုန်းခေါ်ပါသည်။ အခိုက,ကတော့ ကိုထွတ် လေဆိပ်ဆင်းသွားပြီလား သိချင်တာပင်။ ယင်းမာ ကိုထွတ်ဖုန်းကိုရော၊ သူ့အိမ်ဖုန်းကိုပါ ကြိုးစားပြီး ခေါ်ပေမယ့် ခေါ်လို့မရဖြစ်ခဲ့တာကြောင့် ဒီရောက်မှ ပြန်ကြိုးစားကြည့်ရတာဖြစ်သည်။ ဒါပေမဲ့ ကိုထွတ်နဲ့ စကားပြောရမယ်လို့တော့ မမျှော်လင့်ပါ။ ဒီအချိန်လောက်ဆို လေယာဉ်ထွက်သွားလောက်ပြီဟု သိနေ၍ပင်။

အိမ်ကိုဖုန်းခေါ်တော့ မေမေနဲ့ တန်းတွေ့ပါသည်။

"သမီး ... အခု ဟိုတယ်ရောက်ပြီပေါ့။ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် မေမေ"

"မေမေတို့ အံ့သြနေတာ။ တစ်ခါမှလည်း မတွေ့ဘူး မသိဘူးတဲ့ မြေးအဘွားနဲ့ ခရီးရှည်ကြီးထွက်တဲ့ သမီးကို နားကိုမလည်တော့ဘူး"

"သူတို့က လူကောင်းတွေပါ မေမေ"

"မေမေ သိပါတယ်။ သူတို့အခြေအနေကိုရော သူတို့ရုပ်ရည်ကိုရော အကဲခတ်ကြည့်တာနဲ့တင် ရိုးရိုးသာမန်မိသားစု





လေးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ကိုယ်နဲ့သိပ်မရင်းနှီးတဲ့ သူစိမ်းတွေနဲ့ ခရီးသွားဖို့ဆိုတာ အံ့သြစရာဖြစ်နေသလားလို့၊ အေး ... ဒါပါပဲ ထားပါ။ သမီးက ကိုယ့်ဝါသနာနဲ့ကိုယ် ဓာတ်လမ်းရေးဖို့ စီစဉ်တာဆိုတော့လည်း မေမေကြိဖန်နားလည်ပါတယ်"

"ကိုထွတ် လေယာဉ်မထွက်ခင် ဖုန်းတော့ပြောချင်ပါတယ်။ ဒါပေမဲ့ ခေါ်လို့မရလိုက်ဘူး မေမေ။ ဒါကြောင့် မနှုတ်ဆက်လိုက်ရဘူး"

"မောင်မင်းထွတ်က နားလည်မှု ရှိပါတယ်။ သူ အပြန်ကျရင်သာ သမီးသွားကြိုဖြစ်အောင် ကြိုလိုက်ပေါ့"

မေမေနဲ့ ဖုန်းခဏပြောပြီးမှ ယင်းမာလည်း အိပ်ရာခေါ်လှဲဖြစ်တော့လေသည်။ မနက်စောစောထဲက ထလာပြီး တစ်နေကုန် မနားဘဲနဲ့ တောက်လျှောက်ကားထဲထိုင်လိုက်လာရလေရာ လူက အိပ်ရာနဲ့ထိလိုက်တာနဲ့တင် အိပ်ချင်လာသည်။ စောင်ကိုတောင် မနည်းထခြုံ ပြီးတာနဲ့ တကယ်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားခဲ့ပါသည်။

မနက်ထိကို တောက်လျှောက် တစ်ရေးမှမနိုးတော့ဘဲ အိပ်ပျော်သွားကာ မနက်ခုနစ်နာရီကျော်မှ ဖျတ်ခနဲ ပြန်နိုးတော့လေသည်။

♥ ◎ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

မနက်စာစားဖို့ ဝင်လာသော ယင်းမာကို အဘွား ဒေါ်ခင်စိမ်းမြက ပြုံးရွှင်စွာ စောင့်ကြိုနေလေသည်။ မနက်စောစော သနပ်ခါးပါးပါးဖြင့် မွှေးမြနေကာ ဆံပင်တွေ တစ်ခေါင်းလုံးဖွေး နေပေမယ့်လည်း ရုပ်ရည်ချောမောလှသော အမျိုးသမီးမှန်းသိသာ စေသည့် ဒေါ်ခင်စိမ်းမြရင်ကို ယင်းမာ အသာဆုပ် ညှစ်၍ နှုတ်ဆက်ရင်း ...

"ဘယ်လိုလဲ အဘွား။ ကောင်းကောင်း အိပ်ရေးဝရဲ့လား"

"ဝတယ် ... ဝတယ်။ အိပ်လို့လည်း သိပ်ကောင်းတာပဲ။ အိမ်မှာတောင် အဲဒီလောက် ကြာကြာမအိပ်ပျော်ဖူးဘူး။ မနက်ခြောက်နာရီထိကို တစ်ရေးမှမနိုးဘူး အိပ်တာ"

"ယင်းမာဆို ခုနစ်နာရီမှနိုးတာ"





"ဘွားက ခြောက်နာရီနိုးပေမယ့် ခုမှ ဘရိတ်ဖတ်(စ)စားဖို့ ထွက်လာတာပါ။ ဘုရားရှိခိုး ပုတီးစိပ် လုပ်သေးတယ်လေ"

"ကိုဝါခေါင်ရော"

"ခြော် ... သူ ဖုန်းပြောစရာလေးရှိလို့ ခဏအပြင်ထွက် သွားတယ်။ ယင်းမာ စားနှင့်လေ"

ဟိုတယ်ကကျွေးသော ဘရိတ်ဖတ်(စ်)ဖြစ်၍ ပေါင် မုန့်မီးကင်နှစ်ချပ်၊ ကြက်ဥဟပ်(ဖ)ဖရိုင်းတစ်လုံး၊ Jam ၊ ထော ပတ် စသဖြင့် စားပွဲပေါ်မှာ ရှိပါသည်။ သစ်သီးဖျော်ရည်တစ်ခွက်ရှိ တာ ကော်ဖီပန်းကန်တွေကတော့ မှောက်ထားသည်။ ဝိတ်တာကို ကော်ဖီဖြစ်ဖြစ်၊ လက်ဖက်ရည်ဖြစ်ဖြစ်မှာမှ ကရားဖြင့် လာငှဲ့ပေး ပါသည်။ စားပွဲပေါ်မှာတော့ သကြားခွက်နှင့် နို့ထည့်သော စတီး ကရားအသေးလေး ချပေးထားသောကြောင့် ကိုယ့်ဘာသာ စပ် ဖျော်သောက်ရုံပင်။

ယင်းမာ လက်ဖက်ရည်ဖျော်နေစဉ် ဝါခေါင်လွန် ပြန်ဝင်လာသည်။

"ကိုဝါခေါင်ရော စားပြီးပြီလား"

"ကျွန်တော် ကြက်ဥကြော်ပဲ စားတော့မယ်"

"သူက ပေါင်မုန့်တွေ ထောပတ်တွေ မကြိုက်ဘူး ယင်းမာ ရဲ့။ မနက်ဆို ပဲပြုတ်ထမင်းကြော် စားရင်စား၊ မစားရရင် ဘာမှမစားဘူး။ အရည်ပဲ သောက်နေတတ်တာ။ ဘွားက

www.burmeseclassic.com



အတင်းစားနိုင်းလို့ ကြက်ဥကြော် စားတာလေ၊ နောက်မို့ တော်ဖီတစ်ခွက်နဲ့ ဒုက္ခခံဦးမယ်”

“ထမင်းကြော်စားချင်ရင်လည်း ဒီ နေပြည်တော်ထဲမှာပဲ ဈေးဘက်မှာ မနက်စာရောင်းတဲ့ဆိုင်တွေ ရှိမှာပေါ့။ သွားစားချင်စားလေ၊ ယင်းမာနဲ့ အဘွားလည်း လျှောက်ကြည့်လို့ရတယ်။ ကိုဝါခေါင်ကို ချောင့်ပေးမယ်”

“ကျွန်တော့်အတွက်နဲ့ဆိုရင်တော့ တကူးတကကြီး ဈေးဘက်မသွားလည်း ရတယ်နော်။ တကယ်လို့ ယင်းမာတို့ လျှောက်ကြည့်ချင်လို့ သွားမယ်ဆိုရင်တော့ လိုက်ပို့ပေးမယ်။ ကျွန်တော်တော့ မစားတော့ဘူး။ မန္တလေးရောက်မှ နေ့လယ်စာ စားတော့မယ်”

“မနက်စာစားချိန်အမီ ရောက်ပါ့မလား”

“သိပ်မနားဘဲ တောက်လျှောက်မောင်းမယ်။ နေ့လယ်စာ စားချိန်တော့ မမီပေမယ့် နည်းနည်းနောက်ကျမှစားလည်း ရတယ်။ အဘွားနဲ့ ယင်းမာသာ ဗိုက်ဝအောင်စားထားဖို့ လိုတယ်”

“ဘာလို့ အလောကြီးနေရပြန်တာလဲ ဝါခေါင်ရဲ့၊ အစက တော့ ခရီးကို ဖြည်းဖြည်းသက်သာ သွားမယ်ဆို”

“အခုလည်း ဖြည်းဖြည်းသက်သာ သွားနေတာပါပဲ ဘွား ရဲ့။ ဒီကနေ မန္တလေးကြားမှာ ဘယ်မှဝင်နားစရာလည်း





မလိုတော့ဘူးဆိုတော့ မန္တလေးကိုရောက်ဖို့ စိတ်စောနေတာပါ။ မန္တလေးရောက်မှ ဘွားတို့ တစ်ရက်နားလိုက်ကြပေါ့။ လည်ချင်ပတ်ချင်ရင်လည်း လည်ပေါ့”

ဝါခေါင်လွန်ရဲ့ အစီအစဉ်ကို အဘွားသဘောကျသွားပုံရသည်။

ယင်းမာကို အဖော်ညှိသလိုကြည့်ရင်း ...

“ဘယ်လိုလဲ ယင်းမာ။ သဘောကျရဲ့လား။ ယင်းမာ ရောက်ချင်တဲ့ ရှမ်းပြည်နယ်ကိုပဲ မြန်မြန်ရောက်ချင်လား မန္တလေးမှာ နေ့တစ်ဝက်နဲ့တစ်ည နားချင်လား။ ဘွားကို အားမနာနဲ့ပြောနော်”

“ယင်းမာ ဒီအစီအစဉ်ကို ကြိုက်ပါတယ်။ ကဲ _ ဒါဆို ခုပဲ Check Out )ချက်(ခ)အောက်(ထ))လုပ်ပြီး ခရီးဆက်ဖို့ ပြင်ဆင်ကြတာပေါ့”

ယင်းမာ စိတ်မြန်လက်မြန်ပဲ စားပွဲမှထ,ကာ အခန်းပြန်ဖို့ပြင်သည်။ ဝါခေါင်လွန် မှာထားသော ကြက်ဥဟပ်(ဖ) ချိုင်းက ခုမှ ရောက်လာသဖြင့် သူတို့မြေးအဘွားကို စောင့်မနေတော့ဘဲ ယင်းမာပဲ အရင်နှုတ်ဆက်ပြီး အခန်းဆီ ပြန်သွားပါသည်။ အဘွားကတော့ လှိုင်းတွန့်ကြီးကြီးလေးတွေပါသော ကျောသယ်လောက် ဆံပင်ရှည်လေးနဲ့ ချစ်စရာကောင်းလှသည့် ယင်းမာ ကိုငြိုး၍ကြည့်ကာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာက မနက်စောစောမှာ ကော်တွန်သား ခပ်ကြေကြေ ရှပ်အဖြူညစ်ညစ်ရောင် ပွပွလေးနဲ့ ဂျင်းသားပွပွ မြဲကြီးရောင်ကို ကပိုကရိုလေး ဝတ်ထားပါသည်။ မနက်စော စော ဘာမှမလိမ်းဘဲ မျက်နှာပြောင်ပြောင်လေးတွင် ယင်းမာရဲ့ မျက်လုံးကြည်ကြည်လေးတွေက ထင်ရှားလှကာ ချစ်စရာကောင်း နေသည်။ ယင်းမာဟာ မိန်းမချော မိန်းမလှတစ်ယောက်လောက် နီးပါး မလှပေမယ့်၊ သူ့ရုပ် သူ့ရည်၊ သူ့မှာရှိသော အလှလေးနဲ့ ကြည့်ကောင်းလှကာ မျက်နှာမြင် ချစ်ခင်ပါစေဆိုသောဆုနှင့် ပြည့်စုံသူလေးပင်။ ဒါကြောင့်လည်း အဘွားဒေါ်ခင်စိမ်းမြဟာ ယင်းမာကို လူချင်းမဆုံဖူးခင်တည်းက ဓာတ်ပုံလေးမြင်ပြီး စိတ် ထဲမှာ အလိုလိုချစ်လာကာ စတင်ဆက်သွယ်မိတာဖြစ်သည်။

"ယင်းမာကို ဘယ်လိုမြင်လဲ မြေး"

"ခင်ဗျာ"

"ချစ်စရာကောင်းတယ်နော်"

"မဆိုးပါဘူး"

"မြေးရဲ့ရည်းစားဟောင်း ကောင်မလေးကိုတော့ ဘွား မမြင်ဖူးဘူးပေါ့။ ဒါပေမဲ့ သူနဲ့ယှဉ်ရင် ဘယ်လိုနေလဲ"

"သူကလှတယ် ဘွား"

"ယင်းမာကရော"

"ဘွား ... ကျွန်တော့်ကို ဘာလို့ ဒါတွေမေးနေတာလဲ၊ ဘွား သူ့ကိုခင်ရင် ပြီးတာပဲ"





"မြေး သူ့ကို သေသေချာချာ မကြည့်ဘူးလား"

"ကိုယ်နဲ့သိပ်လည်းမရင်းနှီးတဲ့ မိန်းကလေးတစ်ယောက်ကို သေသေချာချာကြီးတော့ လိုက်မကြည့်မိဘူး။ ပြီးတော့ သူ့ကို ကျွန်တော် စိတ်ဝင်တစားကြည့်ဖို့လည်း မလိုဘူး ဘွား။ သူ့မှာ လက်ထပ်ရမယ့်သူရှိတယ်။ သူက ကျွန်တော် တို့မြေးအဘွားကိုယုံလို့ ခရီးတစ်ခု အတူတူသွားဖို့ လိုက် လာတာပါ။ ဒါကြောင့် ကျွန်တော် သူ့ကို စည်းနဲ့ကမ်းနဲ့ ပဲ ဆက်ဆံစကားပြောဖို့ စဉ်းစားထားတယ်"

ဒေါ်ခင်စိမ်းမြက ဝါခေါင်လွန်း ပြောစကားကို လက်ခံသလို ခေါင်းညိတ်ရင်း ...

"ဟုတ်ပါတယ်၊ ဘွားလည်း သိပါတယ်။ မြေးကိုလည်း သူ့ကိုသဘောကျရမယ်။ ကြိုက်ရမယ်လို့ တိုက်တွန်းချင် လို့ မေးတာမဟုတ်ပါဘူး။ ဘွားက သူ့ကိုသိပ်ချစ်တော့ မြေးနဲ့သာဆိုရင်ဆိုတဲ့ စိတ်ကူးနဲ့ ယှဉ်တွဲကြည့်ချင်လာလို့ ပါ၊ တကယ်တော့ အဲဒီလိုမျိုး မတွေးသင့်ပါဘူး။ သူ့မှာ လည်း သူသဘောကျလို့ လက်ထပ်ဖို့တောင် စေ့ထားတဲ့ သူ ရှိပြီးနေတာ"

ဟု ဒေါ်ခင်စိမ်းမြဘာသာပြောလျက် ဒီအကြောင်း အရာကို ရပ်ပစ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဝစ်သူက ရုပ်ပစ်ပေမယ့် ဝါခေါင်လွန့် ခေါင်းထဲမှာတော့ ဒီအကြောင်းအရာကို မတွေးချင်ပါဘဲ ဖျတ်ခနဲလိုလိုတွေးမိသွားနေတော့သည်။ လူဆိုတာ အကြောင်းအရာတစ်ခုကိုအသိမပေးခင် အကောင်းသား။ အသိပေးပြီးမှ မလိုပါဘူး မေ့ပစ်လိုက်ပါလို့ ပြန်ပြင်ဆင်ပြီး မေ့နိုင်းရင်တော့ လူ့စိတ်သဘောအရဒါကိုမေ့လို့ မရတတ်တော့၊ မလိုအပ်ပါဘူး ဆိုတာကို ခေါင်းထဲထည့်တွေးတတ်လာမိတတ်တဲ့ သဘောရှိလေရာ ဝါခေါင်လွန်လည်းထိုအတိုင်းပင်။

အစကတော့ ယင်းမာဆိုသည့် မိန်းကလေးကိုတကယ်ပင် သေသေချာချာ မကြည့်မိ။ လိုအပ်မှသာ ခဏကြည့်တာ၊ ဖျတ်ခနဲ ကြည့်တာမျိုး ရှိခဲ့ပေမယ့် ငေးပြီးအသေချာခိုးကြည့်တာတောင် မရှိခဲ့ပါ။ စပြီးဆုံကတည်းကကို သိပ်မကြည့်ခဲ့တာလည်းပါသည်။ ငါ့အဘွား အိုကြီးအိုမကျမှ ငယ်မူပြန်ပြီး ရည်းစားဟောင်းကို လိုက်ရှာချင်အောင် မြှောက်ပေးတဲ့သူ၊ သူ့ဘာသာအေးအေးဆေးဆေး ဓာတ်လမ်းရရင်ပြီးရော ရေးတာမဟုတ်ဘူး။ သူခရီးထွက်ပြီး စာရေးချင်တာ အဘွားပါ လိုက်ချင်အောင် ဆွယ်တဲ့သူ အဖြစ်နဲ့တောင် စိတ်တိုပြီး အမြင်က ကတ်ခဲ့သည်။

အခုတော့ ယင်းမာဟာ ဘယ်လိုပုံစံလေးလဲ။ အဘွားပါးစပ်က တဖွဖွ ပြောရလောက်အောင် ချစ်စရာကောင်းနေသလား။





ယင်းမာ ပြောပြချက်အရဆိုရင် သူမနဲ့စေ့စပ်ထားသူဟာ ဥစ္စာပေါ၊ ရုပ်ချော၊ လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားက သူမကိုရွေးခဲ့တယ်ဆိုတော့ အဲဒီလိုလူချောသူဌေးတစ်ယောက်က ရွေးယူချင်လောက်အောင် သူမဟာ ဘာတွေများ ထူးခြားနေသလဲ။

တချို့မိန်းကလေးတွေ ရှိတယ်လေ။ ရုပ်ကြည့်လိုက်ရင် သိပ်ပြီး ထူးထူးခြားခြား ပိုလှတာလည်းမရှိ။ သိပ်အလှကြီးလည်းမဟုတ်။ သိပ်ချောမောပြေပြစ်လှတာလည်း မဟုတ်။ သို့သော်သူတို့ကိုဆိုရင် တွေ့လိုက်ဆုံလိုက်သမျှ ယောကျ်ားလေးတွေဟာသဘောကျနှစ်ခြိုက်ခံရတတ်တယ်။ ချစ်ခင်မက်မောခံရမှုကို ရကြတယ်။ စန်းပွင့်တယ်လို့ပဲ ခေါ်မလား။ အဲဒီလိုမျိုးပုံစံ မိန်းကလေးတွေထဲမှာ ယင်းမာ ပါသလား။

ဝါခေါင်လွန်သည် ထိုအချိန်ကစပြီး ယင်းမာကိုမသိမသာပင် ခိုးခိုးပြီး ငေးကြည့်တတ်လာပါသည်။ အဘွားရိုပ်မိမှာလည်းကြောက်၊ ယင်းမာ မတော်တဆ ရိပ်မိသွားမှာလည်းနိုးရိမ်ဖြင့် ခိုးပြီးငေး၊ ကားမောင်းသဖြင့် နေကာမျက်မှန်တပ်ထားရသော မျက်လုံးတွေဖြင့် မသိမသာလှမ်းကြည့် သေဖြင့် သတိထားကြည့်မိလာသည်။

ယင်းမာကတော့ ဘာမှသတိမထားမိဘဲ လမ်းဘေးဝဲယာမြင်ကွင်းတွေကိုကြည့်လိုက်၊ အဘွားနဲ့စကားလက်ဆုံကျ



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ မှတ်စုစာအုပ်လေးထဲ ရေးချင်တာတွေ ရေးနေလိုက်၊ နားကြပ်လေး တစ်ခါတစ်ရံ ကောက်တပ်ကာ သီချင်းနားထောင်လိုက်၊ နှုတ်ခမ်းလှုပ်ကာ သီချင်းညည်းရင် ညည်းလိုက်ဖြင့် ကားနောက်ခန်းမှာ ပါလာခဲ့ပါသည်။

လမ်းမှာ အဘွား အပေါ့အပါး သွားဖို့လောက်သာ နှစ်ခါလောက် ကားကိုရပ်သဖြင့် မန္တလေးကို နေ့လယ်တစ်နာရီကျော်ကျော်လေးမှာ ဝင်ပါသည်။

"ဟား ... ကျွန်တော် တကယ်စိတ်မှန်းပြီး ရအောင်မောင်းတာ ဘွားရေ။ မဆိုးဘူး။ မှန်းထားတဲ့အတိုင်း ရောက်တယ်။ ဘယ်လိုလဲ ဘွား။ တော်တော်နုံးသွားပြီလား။ သိပ်မနားရဘဲ တောက်လျှောက်မောင်းလာတော့လေ။ ကျွန်တော်က ဘွားကိုပဲ စိုးရိမ်နေတာ"

"ကောင်းတယ် ... ကောင်းတယ်။ ဘွား ဘာမှမဖြစ်ပါဘူး။ ဟိုတယ်မှာ တစ်ဝကြီးနားပြီးမှ ညကျ မဟာမြတ်မုနိဖူးမယ်။ ပြီးရင် ယင်းမာ သွားချင်တဲ့နေရာတွေ သွားကြမယ်"

"အခု နေ့လယ်စာ စားကြမယ်နော်"

ဝါခေါင်လွန်က ယင်းမာကိုပါ အဖော်ညှိသလို လှမ်းပြောလိုက်သည်။ တည်းခိုဖို့ ရွေးချယ်သောဟိုတယ်မှာပင် နေ့လယ်စာစားဖို့ သဘောတူလိုက်ကြသည်။



"သိပ်များများစားစား ဖွယ်ဖွယ်ရာရာကြီးတော့ စားမနေတော့ပါဘူးနော်။ ယင်းမာ ထမင်းကြော်ဖြစ်ဖြစ် စားလိုက်မယ်။ မနက်ကလည်း စားလာတော့ သိပ်တောင်မဆာဘူး။ ထမင်းကြော်က များနေရင် မကုန်မှာစိုးတယ်"

"အတော်ပဲ အဘွားနဲ့ ယင်းမာ တစ်ဝက်ဆီ စားကြတာပေါ့"

"တစ်ပွဲစီပဲမှာပါ ဘွားရယ်။ သူများမြင်ရင် ကပ်စေးနဲ့တယ်ထင်နေပါ့မယ်"

"အဘွားလည်း သိပ်မစားနိုင်တော့ သွန်ပစ်ရမှာကွယ်။ ကိုယ်တွေက စားနိုင်သောက်နိုင်တဲ့ လူတွေမို့ အစားအသောက်တွေဝယ်စား၊ မကုန်ရင် လွှင့်ပစ်ကြနိုင်ပေမယ့် မွဲတေပြီး ဝယ်မစားနိုင်လို့ ငတ်ပြတ်နေတဲ့လူတွေအတွက် ဒါမျိုးဟာ သိပ်တန်ဖိုးရှိတယ်။ ဒီတော့ ကိုယ်ဖြုန်းနိုင်တိုင်း ဖြုန်းလိုက်ရရင် ရင်ထဲမှာ မကောင်းဘူး"

"ဟုတ်ပါတယ်၊ အဘွားပြောတာ ယင်းမာလည်း လက်ခံပါတယ်။ ယင်းမာနဲ့အဘွား တစ်ဝက်စီ ခွဲစားကြတာပေါ့"

နေ့လယ်စာစားပြီးချိန်မှာပင် နှစ်နာရီခွဲလောက်ရှိနေပြီ။ ဟိုတယ်ထဲမှာတော့ အေးမြနေပေမယ့် မန္တလေးရဲ့ မွန်းလွဲနေဟာ အပြင်မှာ တော်တော့်ကို ပူနေတာတွေ့ရသည်။ အဘွားနဲ့ ဝါခေါင်လွန်က နှစ်ယောက်တစ်ခန်းယူကာ ယင်းမာကတော့

www.burmeseclassic.com



တစ်ယောက်ခန်း ယူပါသည်။ ရေမိုးချိုး ခဏလှဲ စသဖြင့် အနားယူကြတော့ အဘွားဒေါ်ခင်စိမ်းမြကလည်း လူကြီးပီပီ တစ်ရေးတစ်မော အိပ်ပြစ်ပါသည်။

ဝါခေါင်လွန်ကတော့ အိပ်ချင်စိတ်မရှိသဖြင့် အခန်းထဲမှာရှိသော တီဗီကိုသာ ခပ်တိုးတိုးအသံဖွင့်လျက် အိပ်ရာထဲ လှဲရင်း ကြည့်နေပါသည်။ တီဗီကြည့်ရင်း လှဲနေစဉ် အခန်းတံခါးကို ခပ်ဖွဖွခေါက်သံ ကြားရသည်။ အဘွား နိုးသွားမှာစိုး၍ ခပ်မြန်မြန်ထကာ အသာဖွင့်ကြည့်လိုက်လျှင် ...

"ဟင် ... ယင်းမာ"

ယင်းမာတစ်ယောက် အားတုံ့အားနာ အမူအရာဖြင့် အခန်းဝမှာ ရပ်နေသည်။ ရေချိုးပြီးစပေမယ့် ယင်းမာ အမူအရာက မလန်းဘဲ အနည်းငယ် နွမ်းလျသလို ဖြစ်နေတာကို သတိထားမိသွားပါသည်။

"ယင်းမာ ဘာဖြစ်လို့လဲ"

"အားနာလိုက်တာ ကိုဝါခေါင်ရယ်။ ကိုဝါခေါင်လည်း ကားကိုတောက်လျှောက် မောင်းနေရတာလေ။ ပင်ပန်းမှာပေါ့၊ ယင်းမာ လာနှောင့်ယှက်မိပြီ"

"ရပါတယ် ယင်းမာရဲ့။ ကျွန်တော် သိပ်မပင်ပန်းပါဘူး"

"ယင်းမာ ... ရေချိုးပြီး ခဏလှဲနေတုန်း ခေါင်းတအားကိုက်လာတော့ ကိုဝါခေါင်တို့ဆီမှာများ ဆေးပါလားလို့





လာမေးတာပါ။ ယင်းမာ ခေါင်းလည်းသိပ်ပြီးမကိုက်ဘူးတော့ ဆေးလည်း မဆောင်ထားမိဘူး။ တစ်ခါတလေကိုက်ရင်လည်း သူ့ဘာသာ ပျောက်သွားတတ်တယ်။ အခုကျမှ မပျောက်နိုင်ဘူး။ နာရီဝက်လောက်ရှိနေပြီ ဆိုတော့လေ"

ယင်းမာအသံကပင် နွမ်းလျပြီး မောသလိုဖြစ်နေသည်။ ဘာမှမလိမ်းခြယ်ထားဘဲ ကရင်(မ)တစ်မျိုးသာ ပွတ်ထားဟန် မျက်နှာပြောင်ပြောင်လေးတွင် မျက်လုံးဝိုင်းဝိုင်းကြည်ကြည်လေးတွေမှာ အရည်လဲ့ပြီး ရွှန်းမြနေသည်။ အခုမှ သေသေချာချာ သိတော့သည်။ ယင်းမာဟာ မျက်နှာပေါ်က တခြားဝစ္စည်းတွေ သိပ်မလှပေမယ့် မျက်လုံးတော့ တော်တော်လှသူပါလား။

"ခေါင်းကိုက်ပျောက်ဆေးတော့ မပါဘူး ယင်းမာ။ ဘွားသောက်နေကျ အစာအိမ်ဆေးတို့ အားဆေးတို့ပဲ ပါတယ်"

"ဟုတ်လား၊ အင်း ... ဒုက္ခပဲနော်"

"ဒီလိုလုပ်ပါလား၊ ကျွန်တော် ဆေးသွားဝယ်ပေးမယ်လေ"

"ကိုဝါခေါင် အနားယူရမယ့် အချိန်ကြီးမှာ"

"ရပါတယ် ယင်းမာရဲ့။ ကျွန်တော် ကားနဲ့သွားရမှာပဲ။ ခဏလေးပါ"

"ဘယ်မှာသွားဝယ်ရမယ်ဆိုတာ ကိုဝါခေါင် သိလားဟင်"

"သိပါတယ်။ ကျွန်တော် အလုပ်ကိစ္စနဲ့ ဒီမြို့ကိုလည်း မကြာခဏလာရတော့ ဘယ်မှာ ဘာရှိတယ်ဆိုတာ သိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ယင်းမာ သွားနားနေလေ။ ကျွန်တော် ဝယ်ပြီးရင် လာခဲ့ပေးမယ်"

"ယင်းမာ လိုက်ခဲ့ချင်တယ်"

"အနားယူပါ ယင်းမာရဲ့"

"ကားထဲမှာနားပြီး လိုက်ရတာပဲ။ လိုက်လို့ရပါတယ်။ ယင်းမာ သောက်ဖူးနေကျဆေးကို ရှာဝယ်ချင်လို့ပါ"

"ဒါဆိုလည်း ယင်းမာ သဘောပါ"

"အသွား နီးလာရင် စိတ်မပူအောင် စာတော့ရေးခဲ့မှနော်"

"ဟုတ်တယ် ... ဟုတ်တယ်"

သူတို့နှစ်ယောက် အတူတူ ဟိုတယ်ကထွက်လာတော့ မန္တလေးရဲ့ညနေလေးနာရီနီးပါး နေရောင်ဟာ ပူလို့ကောင်းတုန်းပင်။ သူတို့ ဟိုတယ်၏ခတ်လှေကားထဲမှ နှစ်ယောက်အတူတူ တွဲထွက်လာတော့ ဟိုတယ်၏ဧည့်ခန်းတစ်နေရာမှာ ထိုင်နေသည့် လူတစ်ဦးက သူတို့ကို အသေအချာ လိုက်ကြည့်နေလေသည်။ ဟို ယ်ရှေ့မှာ ရပ်ထားသောကားပေါ် အတူတူတက်ပြီး မောင်းထွက် သွားတာကိုလည်း အစအဆုံး လိုက်ကြည့်သည်။ ထိုသူ စေ ကြည့်နေခဲ့ကြောင်း ဝါခေါင်လွန်ရော ယင်းမာပါ သတိမထ မိကြချေ။

ယင်းမာကတော့ အသွားလည်း မပါတာမို့ ကားနောက် ခန်းမှာ သီးသန့်ကြီး မထိုင်ပြလိုတာနဲ့ ကားရှေ့ခန်းမှာ





သာ ဝင်ထိုင်လိုက်ပါသည်။ ဝါခေါင်လွန်က ကားကို ညင်သာစွာ မောင်းထွက်လေသည်။

သူတို့ခရီးတစ်ခုတည်းကို အတူတူသာ သွားနေကြပေမယ့် တစ်ခါမှ နှစ်ယောက်တည်း မရှိဘူးလေရာ ဘာစကားပြောရမှန်းမသိ ဖြစ်နေသည်။ ဝါခေါင်လွန်ကလည်း ယင်းမာ ခေါင်းကိုက်နေသဖြင့် နောင့်ယှက်သလိုဖြစ်မှာစိုးကာ အသံတိတ်နေမိသည်။ ယင်းမာကလည်း ကိုယ့်ကြောင့် သူ နားနေရတဲ့အချိန်မှာ ကားမောင်းပြီး ဆေးဝယ်ဖို့ ထွက်လာရသောကြောင့် အားနာပြီး ဘယ်လိုစကားမျိုးပြောကာ လိုက်လာရမှန်းမသိ ဖြစ်နေပါသည်။

ဒါနဲ့ပဲ နှစ်ယောက်တည်းပါသော ကားထဲမှာ တိတ်ဆိတ်နေသည်။ ဝါခေါင်လွန်က မနေတတ်တော့သလိုဖြင့် ကားစီဒီပလေယာကို လက်ညှိုးဖြင့် play ခလုတ်ကိုဖိကာ သီချင်းဖွင့်လိုက်ပါသည်။

"I can feel your heartbeat ...... you said to me"

သီချင်းသံက ခပ်တိုးတိုး ညင်သာလွင့်ပျံသွား၏။ သီချင်းကို ဝါခေါင်လွန် ကြိုက်လှပေမယ့် ခါတိုင်းလိုတော့ ဆိုက်မညည်းရဲ။ ဘေးမှာ ယင်းမာ ပါနေ၍ပင်။ ချစ်သူရဲ့ရင်ခုန်သံကို ခံစားလို့ရတယ်ဟု သီချင်းစာသားကတော့ အဓိပ္ပာယ်ရှိရှိဆိုပြနေပေမယ့် ကိုယ်နဲ့အတူပါလာတဲ့ မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို သွယ်ဝိုက်ပြီး ရိုတိုတိုပြောတယ်ဟု အထင်မခံချင်ပေ။ ဘွား ပြောထားတဲ့စကားတွေကို ယင်းမာ မကြားခဲ့မသိခဲ့ပေမယ့် ဝါခေါင် လွန်ကတော့ ယင်းမာနဲ့ဆုံတိုင်း လိပ်ပြာမလုံသလိုဖြစ်လျက် အပြောအဆို၊ အနေအထိုင်ကအစ ဆင်ခြင်မိနေလေသည်။

Enrique Iglesias (အန်းရိ(ခ)အစ်ဂလေးစီးယား(စ်)) ရဲ့ "I can feel your heartbeat" သီချင်းမဆုံးခင်မှာပင် ဆေး ဆိုင်ကိုရောက်သည်။

"ဘယ်လိုနေသေးလဲ ယင်းမာ"

ဒီတော့မှ ဝါခေါင်လွန်လည်း စကားစပြောရဲတော့ ၏။

"သိပ်အဆိုးကြီးတော့ မဟုတ်တော့ဘူး၊ ခေါင်းကိုလှည့် လိုက် ပြုလိုက် လှုပ်ရှားလိုက်ရင်သာ ဝိုထိုးကိုက်လာတဲ့ သဘောရှိတယ်။ ဒါပေမဲ့ ယင်းမာ ဆေးသောက်ပြီးအိပ် လိုက်မှာပါ။ အဲဒီအခါကျ ပျောက်သွားမှာပါ"

"သိပ်လှုပ်လှုပ်ရှားရှားလုပ်လို့ မရရင် ဖြည်းဖြည်းဆင်းနော်။ ကျွန်တော် စောင့်ခေါ်မယ်နော်"

ယင်းမာနဲ့အတူတူ တွဲသွားချင်တယ် ထင်မှာစိုး၍ ကြိုပြောကာ သူ ယင်းမာကို စောင့်လျက်ခေါ်ပါသည်။ ဆေးဆိုင် ကြီးကတော့ တော်တော်လည်းကြီးကာ ဆေးအမျိုးအမည်စုံလှ သဖြင့် ကြိုက်တာရွေးလို့ရသည်။



ယင်းမာက သောက်ဖူးသော ခေါင်းကိုက်ပျောက် ဆေးကို မေးဝယ်လိုက်သည်။ လိုရမယ်ရဆိုပြီး ပါရာစီတမောလ် ရော၊ မတော်တဆ ဝမ်းတွေဘာတွေပျက်ရင် သောက်ဖို့ ဓာတ် ဆားရည်ထုပ်ရော ထပ်ဝယ်လိုက်သည်။

ဆေးဝယ်ပြီးပြီးချင်း ကားပေါ်ရောက်တာနဲ့ ...

"ယင်းမာ ခုပဲသောက်မလား။ ကျွန်တော် ရေသန့်ဘူးတစ် ဘူး ခုလေးတင် ဝယ်လိုက်တယ်၊ ယင်းမာ ဆေးဝယ်နေတုန်း က ဘေးကဆိုင်မှာ ဝယ်လိုက်တာ။ ဆေးချက်ချင်းသောက် လို့ရအောင်"

ဟု ရေခဲငွေ့တွေသီးနေသော ရေသန့်ဘူးကို ကမ်း ပေးပါသည်။ ယင်းမာ တော်တော်ကျေးဇူးတင်သွားပါသည်။ ယင်းမာတောင် အဲဒီလိုအကြံမရ။ ဆေးကိုဝယ်လာ၊ ဟိုတယ် ရောက်မှသောက်၊ အဲဒီလိုတွေးလာတာ။ ဆေးဝယ်ပြီး ချက်ချင်း လည်းသောက်လိုက်နိုင်မယ်ဆိုရင် ရောဂါခံစားနေရတဲ့အချိန်လည်း တိုသွားပြီး ခပ်မြန်မြန်လည်း သက်သာမှာပေါ့။

"ကျေးဇူးပဲ ကိုဝါခေါင်"

"ဟိုတယ်ရောက်ရင် စိတ်အေးအေးသက်သာအိပ်ပါ။ ဘွား ပြောထားတဲ့ ဘုရားသွားဖူးဖို့တွေ ဘာတွေ စိတ်ပူမနေပါနဲ့။ ယင်းမာ မလိုက်နိုင်ရင် ရပါတယ်။ ကျွန်တော်တို့ပြီး အဘွားပဲ သွားလိုက်လို့ ရတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာ သက်သာမှာပါ။ မရောက်ဖူးတဲ့ မြို့တစ်မြို့ကိုလည်း ရောက်ရပြီ။ တန်ခိုးကြီးတဲ့ ဘုရားလည်းရှိတဲ့မြို့ရောက်မှ ဘုရားမဖူးဘဲတော့ မပြန်ရချင်ပါဘူး"

"ဒါဖြင့်လည်း အေးအေးဆေးဆေးသာအိပ်။ ယင်းမာနိုးတဲ့အချိန် အားလုံးလည်း အဆင်သင့်ဖြစ်တဲ့အချိန်ကျမှ အပြင်ထွက်မယ်"

ဟိုတယ်ကို ပြန်ရောက်လာသောအခါ ယင်းမာတို့ကို စောင့်ကြည့်နေသူက ရှိဆဲပင်။ သူတို့မာတ်လှေကားထဲ နှစ်ယောက်တွဲပြီး ဝင်သွားတာကို လိုက်ငေးကြည့်နေသူသည် ရီဆက်ရှင်းမှာ တစ်စုံတစ်ခု သွားမေးပါသည်။

"သူတို့ ဒီမှာ အတူတူလာတည်းတာလား"

ရီဆက်ရှင်းမှ ဝန်ထမ်းက ထိုသူ့ညွှန်ပြသော ဝါခေါင်လွန်နဲ့ ယင်းမာတို့ကို တစ်ချက်လှမ်းကြည့်၍ ...

"ဟုတ်ပါတယ်ခင်ဗျာ"

ဟူ၍သာ သူ သိတာကို ဖြေလိုက်ပါသည်။

ရိုးရိုးသာမန်မေးသော မေးခွန်းတစ်ခုဟုသာ ထင်ကာ ဖြေလိုက်သော ရိုးရိုးအဖြေသာ ဖြစ်လေသည်။

♥○♥





၁၁

"ထိုးမုန့်တွေ လက်ဖက်တွေ အပြန်မှဝယ်ပါ ဘွားရယ်၊ အပြန်လည်း ဒီလမ်းကပဲပြန်မှာ။ တစ်ရက်လည်း ဝင်နားရဦးမှာပါ။ ကျွန်တော် အဲဒီကျ မတားဘူး"

မြေးအဘွားနှစ်ယောက် ကျက်စီကျက်စီဖြစ်လျက် အဘွားဒေါ်ခင်စိမ်းမြ ပြန်ပါလာသည်။ လိုချင်တာမရသေးတဲ့ ကလေးတစ်ယောက်လို စိတ်ကောက်ကာ ဝါခေါင်လွန့်ကို စကားမပြောတော့။ ယင်းမာက မြေးအဘွား၏ပဋိပက္ခကို မြင်ထားပြီး သူမို့ ...

"အဘွား စကားပြောပါဦး။ အခု ယင်းမာတို့ မန္တလေးက စထွက်လာပြီလေ။ ရှမ်းပြည်နယ်သွားတဲ့လမ်းပေါ် စပြီးဦးတည်နေပြီ။ ဘွား ရင်ထဲမှာ ဘယ်လိုဖြစ်လာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြေရာပြေကြောင်း စကားစလိုက်ပါသည်။

"ရှင်ထဲမှာ ဘာဖြစ်ရမှန်း မသိသေးဘူး။ ဝါခေါင်က ဘွား ဝယ်ချင်တာ မဝယ်နိုင်းတော့ စိတ်မကြည်ဘူးကွယ်"

ယင်းမာ ရယ်မိသည်။ ဝါခေါင်လွန်ကပါ လိုက်ရယ်ပါသည်။

"အပြန်မှဝယ်ပေါ့ အဘွားရဲ့။ ယင်းမာတောင် ဈေးတွေထဲလျှောက်ကြည့်ပြီး သနပ်ခါးတုံးဝယ်မယ်၊ ထိုးမုန့်ဝယ်မယ်၊ လက်ဖက်ဝယ်မယ်၊ အချိတ်ဆိုင်တွေ့တော့လည်း မေမေတို့ အန်တီလေးတို့ ကိုထွတ်အမေတို့အတွက် ချိတ်လုံချည်ဝယ်မယ်နဲ့ ခေါင်းထဲ မှတ်ထားလိုက်ရတယ်။ တွေ့တွေ့ချင်း ဝယ်ပစ်ချင်တာပေါ့။ မိန်းမတွေရဲ့စိတ်က ခဲဒီလိုပဲလေ ဝယ်ချင်စရာပစ္စည်းတွေ့ရင် နေ့တွေ ညတွေဆိုင်းနေတာကို မကြိုက်ဘူး။ ချက်ချင်းဝယ်ချင်ကြတာချည်းပဲ။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်တော့ အပြန်လည်း ဒီလမ်းက ပြန်ရမှာ၊ ဒီဝင်ရဦးမှာ၊ နားရဦးမှာဆိုတော့ အပြန်မှပဲ ဝယ်မယ်ဆိုပြီး ကိုယ့်ဘာသာ ဘာရိတ်အုပ်လိုက်တော့တယ်"

အဘွားဒေါ်ခင်စိမ်းမြကလည်း ယင်းမာစကားကို သဘောတူဟန်ဖြင့် ...

"ဟုတ်တယ် ... ဟုတ်တယ်၊ အဘွားလည်း ဝယ်ချင်တာတွေ့ရင် ချက်ချင်းကောက်ဝယ်လိုက်ရမှ။ နေ့တွေ ညတွေ





ရွှေ့မနေချင်ဘူး။ ငယ်ငယ်ကဆို ဈေးလျှောက်လျှောက်ဝယ်လွန်းလို့ ဝါခေါင်တို့အဘိုးနဲ့ ရန်ဖြစ်ရတယ်လေ။ အိမ်မှာ ရှိပြီးသားလည်း ကြိုက်ရင် ဝယ်ဝယ်လာတတ်လို့"

ဟု သတိရသလိုပါ ထည့်ပြောလျှင် ...

"အမယ်လေး ... တော်ပါသေးရဲ့ဗျာ။ ရည်းစားဦးရှိရာ အရပ်ကို ဦးတည်နေချိန်မှာ သွားလေသူအဘိုးကို သတိတရဖြစ်နေတာမို့ ဝမ်းသာပါတယ် ဘွားရယ်"

ဟူ၍ ဝါခေါင်လွန် ရယ်မောကာ နောက်ပြောင်လိုက်ပါသည်။

"မင်း ... ငါပြောပြီးသားပဲ။ စိုင်းထွန်းလုံဟာ အရင်ဦးဆုံးချစ်ဖူးတဲ့သူမို့ ချစ်သူတစ်ယောက်အဖြစ် ဘယ်တော့မှမမေ့ဘဲ ချစ်ရတယ်ဆိုပေမယ့် မင်းအဘိုးကိုကျတော့လည်း ရုပ်ရည်ရော ပညာပါ ပြောစရာမရှိအောင် ပြည့်စုံတဲ့ မင်းသားတစ်ပါးမို့ တကယ့်ကို လိုလိုလားလား ချစ်တာပါလို့"

"မိုက်တယ် အဘွားရယ်။ စကားလုံးတွေ အရမ်းလှတာပဲ။ ယင်းမာ ခုပဲ ချရေးလိုက်ပြီနော်"

ယင်းမာ မှတ်စုစာအုပ်လေးကို ဖွင့်ရေးရင်း လှမ်းပြောလိုက်ပါသည်။

"ယင်းမာက ဝတ္ထုစာအုပ်တွေသာ ရေးနေတာ သိပ်ချစ်ဖူးတာလည်း မခံစားဖူးဘူး။ သိပ်မုန်းခဲ့ရတာတွေလည်း မရှိ



www.burmeseclassic.com

www.burmeseclassic.com



ဖူးဘူး။ သိပ်ပြီး ရင်ထဲမှာ မခံစားခဲ့ဖူးဘူးဆိုတော့ အဲဒီလို အကြောင်းအရာတွေကို ရေးရင်း စကားလုံးတွေ တစ်ခါ တလေကျ သိပ်ရှားပါးသလို ခံစားရတယ်။ အမှန်အတိုင်း ဝန်ခံရရင် သီချင်းတွေ နားထောင်ပြီး အကြံတွေပွားယူရ တယ်။ ရီမန်တစ်ဖြစ်တဲ့ ရုပ်ရှင်တွေ လိုက်ကြည့်ရတယ်။ အဲဒီတော့မှ ခံစားရပြီး စာလုံးတွေရင်ထဲက ထွက်လာတာ။ အခုလို အဘွားက ရင်ထဲမှာရှိတာ ထုတ်ပြောလိုက်တာ ဟာ ခံစားချက်အမှန်တွေ ပါနေတော့ ယင်းမာအတွက် အဲဒါလေးတွေ ယူသုံးရုံပဲ"

အဘွားက ယင်းမာဘက် ကိုယ်တစ်ပိုင်းဖြစ်အောင် လှည့်ထိုင်ရင်း ...

"ယင်းမာမှာလည်း ချစ်သူရှိတယ်လေ။ သူ့ကို စိတ်ထဲမှာ ထားပြီးရေးပေါ့"

ယင်းမာ ရှက်သလိုပြုံးလိုက်ပြီး (အဲဒီအချိန်မှာ ယင်းမာကို ကားနောက်ကြည့်မှန်မှတစ်ဆင့် လှမ်းအကဲခတ်လိုက် သလိုလိုရှိသော ဝါခေါင်လွန့် မျက်ဝန်းအစုံကို ယင်းမာ တအံ့ တဩဖြစ်လျက်) လည်ချောင်းရှင်းဟန် အဟင်း ... အဟဲတွေ လုပ်မိကာ ...

"ယင်းမာတို့ကကျတော့ တစ်နေ့ကျ လက်ထပ်ရဖို့သေချာ နေတော့ ဘယ်လိုခံစားကြည့်ရမှန်း မသိသလို ဖြစ်နေတယ်။





ပုံမှန်ဆို အရင်ဆုံး ချစ်သူဖြစ်ပြီးမှ လက်ထပ်ဖို့စီစဉ် မဟုတ်လား၊ ယင်းမာတို့ကျတော့ မိဘတွေစီစဉ်တာကို နှစ်ယောက်စလုံးက အချင်းချင်း သဘောကျကြတယ်ဆို ပြီး လက်ထပ်ဖို့ ဖြစ်လာတာလေ။ ဝတ္ထုတွေ ရုပ်ရှင်တွေ ထဲကလို Romantic ဖြစ်တာ ဘာမှကို မရှိဘူး"

ယင်းမာသည် ရင်ထဲမှာရှိတာ အမှန်ကိုပင် ပြောပြ မိလိုက်တော့လေသည်။ ယင်းမာကို ဘယ်တုန်းမှ စေ့စေ့မကြည့်၊ စိတ်လည်းဝင်စားပုံမပေါ်။ အဘွားဖြစ်သူကို အိမ်ထဲကနေ ဆွဲ ထုတ်လာပြီး အတိတ်ဟောင်းကို ပြန်နိုးဆွခိုင်းသူအဖြစ် အမြင် ကြည် စသဖြင့်သော အမှုအရာတွေနဲ့သာ ဆက်ဆံတတ်သော ဝါခေါင်လွန်၏ ခုနက နီးကြည့်သော မျက်ဝန်းကို ယင်းမာ ဆော်တော်ပဟေဠိဖြစ်နေဆဲ။ အံ့ဩနေဆဲ။ သူ့မျက်ဝန်းတွေထဲက အဓိပ္ပာယ်ကို မသိပေမယ့် တစ်ခုခုတော့ ထူးခြားတယ်။ တစ်မျိုး ဖြစ်နေတယ်လို့ ယင်းမာ ယူဆချင်သည်။

သို့သော် ယင်းမာသည် ထိုမျက်ဝန်းအကြည့်ကို အာမင်ပင်မေ့ဖို့ အာရုံတွေ လျှောက်လွှဲပစ်လိုက်တော့သည်။ ကိုယ့် မှာ လက်ထပ်ရမယ့် ချစ်သူလည်း ရှိနေပြီးမှ တခြားယောက်ျား တစ်ယောက်ရဲ့မျက်ဝန်းတွေကို ဖတ်ဖို့မလိုဘူးလေ။ သေချာတာ ကတော့ ဝါခေါင်လွန်ဟာ စတွေ့ခါစနဲ့မတူသော စိတ်ဝင်စားမှု မျိုးနဲ့ ယင်းမာကိုကြည့်တတ်လာပြီ ဆိုတာပင်။



www.burmeseclassic.com

www.burmeseclassic.com



တားသည် ဖြည်းဖြည်းမှန်မှန်နဲ့ ပြင်ဦးလွင်သွားရာ လမ်းတွေကို ဦးတည်နေခဲ့သည်။ လမ်းမှာတွေ့ရသော လှပစိမ်းလန်းတဲ့ မြင်ကွင်းတွေတွေ့ရင် အဘွားနဲ့ ယင်းမာတို့ မိန်းမသားတွေပီပီ စီကာပတ်ကုံး ပြောဆိုချီးမွမ်းလိုက်ကြ။ ငေးမောလိုက်ကြ။ အဘွား ခဏဆင်းနားချင်တယ်ပြောရင် ကားခဏရပ်ကာ ဆယ့်ငါးမိနစ် နာရီဝက်လောက် နားလိုက်ကြဖြင့် ခရီးကိုဆက်ရပါသည်။

အဘွားရဲ့ချစ်သူ စိုင်းထွန်းလှုံဟာ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါနယ်ထဲမှာရှိတဲ့ ယာခင်းတစ်ခင်းမှာ အလုပ်လုပ်သည်ဟုသာ သိထားလေရာ အဘွားဟာ အဲဒီနေရာကို မှတ်ရောမှတ်မိပါ့မလားလို့ ယင်းမာ စဉ်းစားကြည့်မိသည်။

အခုမှ ယင်းမာ ပြန်စဉ်းစားကြည့်မိသည်မှာ အဘွားဟာ ဘယ်လိုရည်ရွယ်ချက်။ ဘယ်လိုစိတ်ကူးတွေနဲ့ ရှမ်းပြည်နယ်ကို လိုက်မည်ဟု ဆုံးဖြတ်ခဲ့သလဲ ဆိုတာရယ်။ ယင်းမာကရော ဘာကြောင့် လိုက်ခဲ့ဖို့ တိုက်တွန်းမိသလဲ ဆိုတာရယ်။ (ဦး)စိုင်းထွန်းလှုံကရော အသက်အရွယ်ကြီးရင့်နေပြီမို့ သက်ရှိထင်ရှားရောရှိပါ့မလား ဆိုတာရယ်တွေပင်။ အဖြစ်အပျက်တွေဟာ ဘယ်သူက ဘယ်သူ့ကို တွန်းအားပေးပြီး ဒီအခြေအနေအထိ ဖြစ်လာခဲ့မှန်းကို မသိတော့။ အခုတော့ ခရီးလည်း တော်တော်ရောက်နေပြီ





ဝါခေါင်လွန့် အပြောအရ ပြင်ဦးလွင်မှာလည်း တစ်ညတော့ နားချင်သည်ဟု ယင်းမာကို ပြောထားပါသည်။ သူကတော့ အဘွားဖြစ်သူရဲ့ ကျန်းမာရေးကို စိုးရိမ်ပုံရသည်။ နားနားနေနေမှ တကယ့်ကို နားနားနေနေ ခရီးသွားတဲ့ပုံစံ ဖြစ်နေသည်။ ခုထိ ရှမ်းပြည်နယ်ဆိုတာ ရောက်ကိုမရောက်နိုင်တော့သလို ဖြစ်နေသည်။

ဒီလိုပုံစံအသွားအပြန်ရက်တွေ ပြန်တွက်လိုက်လျှင် ကိုထွတ် ပြန်ရောက်မယ့်နေ့တောင် မနည်းမီအောင် ပြန်ရမယ့်ပုံစံ ဖြစ်နေသည်။ သွားမကြိုလည်း ကိုထွတ်ကတော့ အပြစ်ပြောမှာ မဟုတ်ပေမယ့် ယင်းမာ ကတိပေးထားမိသလိုဖြစ်နေ၍ ကတိကို မဖျက်ချင်။

"အဘွား ခုမှ စဉ်းစားမိတယ်"

ဒေါ်ခင်စိမ်းမြ ခဏမှေးနေသလိုငြိမ်ကာ မှိန်နေပြီးမှ ယင်းမာဘက် ခေါင်းလှည့်လာကာ တစ်ခွန်းစပြောလာပါသည်။

"ဘာများလဲ အဘွားရဲ့"

"စိုင်းထွန်းလှုံ ဆိုတဲ့ နာမည်ကလွဲရင် ဘာမှမသိထားရတဲ့ လူတစ်ယောက်ကို လိုက်ရှာရမှာ သိပ်တော့မလွယ်ဘူးဆိုတာပဲ"

ယင်းမာလိုပဲ အဘွားလည်း ဒီခရီးကို ဒီလောက်အထိ ရောက်လာပြီးမှ တွေးမိသွားပုံပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နာမည်တူတွေလည်း အများကြီးရှိနိုင်တယ်၊ ဒီနာမည်မျိုးက သာမန်နာမည်ပဲ။ ပြီးတော့ သူက ထင်ရှားကျော်ကြားတဲ့လူတစ်ယောက်လည်း မဟုတ်ဘူးဆိုတော့ ..."

"အဲဒီနာမည်မျိုး ယောကျ်ားဘယ်နှယောက် မှည့်နိုင်မလဲ။ တစ်ရာမှာ ငါးဆယ်ကတော့ ထွန်းလုံ ဆိုတာ မပေးနိုင်ဘူး ထင်ပါတယ်"

ယင်းမာက ဖြစ်နိုင်ချေကို တွက်ချက်ပြလိုက်သည်။

"ခုပဲ သီပေါနယ်ရဲ့မြေပုံလေးကို ယင်းမာ ထုတ်ကြည့်လိုက်မယ်။ အဘွားရောက်ခဲ့တဲ့ ရွာနာမည်လေးကို ဒီထဲမှာရှာမယ်"

ယင်းမာ အိတ်ထဲတွင် အသင့်ထည့်လာသော မြေပုံကို ထုတ်ယူလိုက်သည်။ Google Earth (ဂူးဂဲလ်အာ့(ထ်))မှတစ်ဆင့် ဆွဲယူကာ ရှာဖွေထုတ်ယူထားသော မြေပုံကို အဘွားဆီကမ်းပေးလိုက်ပါသည်။

"အဘွား မကြည့်တတ်ပါဘူးကွယ်"

"အဲဒါ ယင်းမာ အင်တာနက်ကနေ ထုတ်ထားတာလေ"

"အခုခေတ်ကတော့ အရမ်းကို တိုးတက်နေပြီ၊ ဘာပဲသိချင်လိုချင် အင်တာနက်ကချည့် ရှာကြတော့တာပဲ"

"အဘွားတို့ခေတ်တုန်းကသာ အင်တာနက်ရှိရင် ဦးစိုင်းထွန်းလုံနဲ့ အဘွား စာအဆက်အသွယ် မရှိရင်တောင် အင်





တာနက်ကတစ်ဆင့် စကားပြောနေလို့ရတယ်။ e-mail တွေ ပို့နေလို့ရတယ်"

"အဲဒီလိုဖြစ်နေခဲ့ရင် ကျွန်တော့်အဘိုး ဆိုတာနဲ့လည်း ဘွား ဘယ်ဆုံတော့မလဲ ... ယင်းမာရဲ့"

ဝါခေါင်လွန်က တစ်ချက်ဝင်ပြောလိုက်တော့ ယင်းမာ ရယ်မိသည်။

"ဘာဖြစ်လို့ ရယ်တာလဲ"

"ကိုဝါခေါင်က အဘိုးနဲ့ဘွား မဆုံလိုက်ရမှာ အတော့်ကို စိုးရိမ်နေတာကိုး။ အဘွား ပြောပြီးသားပဲ။ ကိုဝါခေါင်ရဲ့ အဘိုးက သူ့ဘဝအတွက်တော့ မင်းသားတစ်ပါးလိုပါပဲတဲ့"

"ကျွန်တော် အမှန်အတိုင်းပြောမယ်၊ ကျေတော့ မကျေနပ်ဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ဘွားရဲ့အချစ်ဦးကို အဘိုးပဲဖြစ်စေချင်တာ"

ဒါဖြင့် ရှင် တကယ်ရွေးချယ်ရင် အဲဒီမိန်းကလေးရဲ့အချစ်ဦးဖြစ်ရမှ ရွေးမယ်ဆိုတဲ့သဘောလား။ ယင်းမာ စိတ်ထဲသော ဒီမေးခွန်းကို မေးလိုက်မိပါသည်။

♥ ✪ ♥



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဖြစ်နိုင်ချေတွေကြည့်ရအောင် အဘွား။ အဘွားရောက်ခဲ့တဲ့ ဒီနေရာလေးမှာအရင်သွားမေးကြမယ်။ လွန်ခဲ့တဲ့(၁၉၅၀) ဝန်းကျင်တစ်ဝိုက်က တောင်ယာလုပ်တဲ့ နိုင်းထွန်းလုံလို့ လျှောက်မေးကြည့်ကြရအောင်"

စားသောက်ဆိုင်၏ စားပွဲပေါ်မှာ မြေပုံကိုဖြန့်ကာ ယင်းမာတစ်ယောက် မင်နီတွေလိုက်ဝိုင်းပြီး ဟိုထောက်လိုက် ဒီထောက်လိုက်လုပ်ကာ အဘွားကို ပြောပြနေသည်။ ဝါခေါင်လွန်ကတော့ မဖြစ်နိုင်တဲ့ကိစ္စကြီးကို စိတ်အားထက်သန်နေသည့် ယင်းမာကိုပဲ စိတ်ပျက်ရမလား။ ယင်းမာ ပြောသမျှ အဟုတ်ထင်နေသည့် ဘွားကိုပဲ သနားရမလားတွေးလျက် ဘေးထိုင်ကြည့်နေတော့သည်။





"ယာခင်းလေးရဲ့နာမည်ကိုတော့ အဘွားဒိုင်ယာရီထဲမှာ ရေးထားတော့ မှတ်မိနေပါတယ်။ 'မေတ္တာရှင်' ယာလုပ်ငန်းတဲ့။ ခြံလေးက သိပ်မကျယ်ပါဘူး။ ကိုထွန်းလုံ တစ်ယောက်ပဲ လုပ်ကိုင်နေတာတွေ့ဖူးတယ်၊ သူပြောတော့ သူ့အပိုင်မဟုတ်ဘူးတဲ့။ သူက အငှားလုပ်ရတာလေ။ သီးနှံထွက်ရင် ပိုင်ရှင်ကို ငှားခသီးနှံရော၊ ငွေကြေးရော ပေးရတယ်။ သူ့အတွက်တော့ စားသောက်နေထိုင်နိုင်ရုံ ငွေကြေးရတယ်။ သူ့မှာ မိမရှိ ဖမရှိ တစ်ဦးတည်း တစ်ကောင်ကြွက်ဆိုတော့ လောက်ငတာပေါ့။ ဒါပေမဲ့ သူကတော့ ရည်မှန်းချက်ကြီးတယ်။ တစ်နေ့ကျ ယာခင်းပိုင်ရှင်ကြီး ဖြစ်ရမယ်တဲ့။ ယာပိုင်ရှင်၊ ခြံပိုင်ရှင်၊ သီးနှံပွဲရုံပိုင်ရှင်ကြီး ဖြစ်ရမယ်တဲ့။ သိပ်ကို ရည်ရွယ်ချက်ကြီးမားခဲ့တာ"

အဘွားက အတိတ်ကို သတိရလွမ်းဆွတ်သွားသလို မျက်လုံးတွေနဲ့ ပြောပြပါသည်။

"အဘွား ထင်လား၊ သူ အခုထိ တစ်ကိုယ်တည်းပဲ ရှိနေဦးမလား။ ဒါမှမဟုတ် ဇနီးတွေ သားသမီးမြေးမြစ်တွေနဲ့ ရှိနေမလား"

"ဘယ်လိုမှ မထင်တတ်ပါဘူးကွယ်၊ ဒါပေမဲ့ အဘွားစိတ်ထဲမှာ အဖြစ်ချင်ဆုံး ပြောရရင်တော့ သူ့ကို မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းနဲ့ ရှိနေစေချင်တာပေါ့။ သူ့ဘက



www.burmeseclassic.com

www.burmeseclassic.com



သိပ်တိုးအဖော်မဲ့တယ်လေ။ မိဘမဲ့တစ်ကောင်ကြွက်ဘဝနဲ့ သူ့ဘဝသူ ကျောင်းနေရတာဆိုတော့ သူအရွယ်ရောက်တဲ့ အခါမှာ မိသားစုလေးနဲ့ နေရတဲ့ ခံစားချက်ကို ရစေချင်ပါတယ်"

"ယင်းမာတို့ အဲဒီယာခင်းကို အရင်သွားမေးမယ်နော်။ မတွေ့ခဲ့ရင် သူ ကျင်လည်ကျက်စားခဲ့ဖူးမယ့် နေရာလေးတွေ အဘွားမှတ်မိသလောက်ပေါ့။ လိုက်မေးကြရတာပေါ့"

ဒီလိုနဲ့ ကားပေါ်တက်ပြီး ခရီးဆက်ခဲ့ကြပြန်သည်။ မကြာမီနာရီပိုင်းအတွင်းမှာ ရောက်ရတော့မယ့် (ဦး)စိုင်းထွန်းလှို့ အခြေချ နေထိုင်ခဲ့ဖူးရာ၊ လွန်ခဲ့တဲ့နှစ်(၆၀)ကျော်က (ဒေါ်)ခင်စိမ်းမြနဲ့ (ဦး)စိုင်းထွန်းလှိုတို့ရဲ့ ချစ်ခြင်းမေတ္တာတစ်ခု ပေါက်ဖွားခဲ့ရာ ဒေသလေးကို ရောက်ရတော့မှာမို့ ယင်းမာ တစ်ယောက် အလိုလို ရင်ခုန်နေသည်။ ယင်းမာ စိတ်ကူးနဲ့ရေးဖွဲ့နေသော ဇာတ်လမ်းလေးရဲ့ အဓိကသော့ချက်နေရာကို ရောက်ရတော့မည်မို့ ယင်းမာ ရင်ခုန်မိတာမျိုးဖြစ်သည်။

အဘွား ဒေါ်ခင်စိမ်းမြကတော့ ဘယ်လိုနေမည်မသိ။ သူတို့ဇာတ်လမ်းကို ပွားယူခံစားပြီး ရေးဖွဲ့သော ယင်းမာပင်လျှင် စိတ်တော်တော်လှုပ်ရှား ရင်ခုန်မိသည်။ မြင်ရသောမြင်ကွင်းတွေကိုလည်း မေ့မှာစိုး၍ လက်ထဲက ကင်မရာလေးနဲ့ ရသလောက် ရိုက်ယူသလို၊ မှတ်စုစာအုပ်ထဲလည်း ရေးမှတ်မိပါသည်။





"ကျွန်တော် ဘွားပြောတဲ့လမ်းအတိုင်း မောင်းဝင်လာတာ ကြာလှပြီ။ ခုထိ ယာခင်းကို မတွေ့သေးဘူး ဘွား။ ဒီလမ်းဆိုတာ သေချာရဲ့လား"

ဒေါ်ခင်စိမ်းမြ မှတ်သားထားသော လိပ်စာအတိုင်း မောင်းဝင်လာသော မြေနီနီလမ်းတစ်လျှောက်မှာ ယာခင်းတော်တော်များများတော့ ရှိနေဆဲပေမယ့် "မေတ္တာရှင်"ဆိုသော ယာခင်းကိုတော့ ခုထိမတွေ့ရသဖြင့် ဝါခေါင်လွန် မေးလိုက်တာဖြစ်သည်။

စမ်းတဝါးဝါးဖြင့် မောင်းသလိုလည်း ဖြစ်နေရာ ခရီးကမှန်,မမှန်လည်း မသိရ။ ရောက်သင့်တဲ့နေရာလည်း မရောက်နိုင်တော့သလို ဖြစ်နေသည်။

"လမ်းကိုတော့ ဘွား ဘယ်မှတ်မိမလဲကွယ်၊ နှစ်ပေါင်း ခြောက်ဆယ်ကျော်အတွင်းမှာ ပြောင်းလဲသွားတာတွေ အများကြီးဖြစ်နေမှာ။ ဘွားရဲ့အာရုံထဲမှာ ပုံဖော်လို့တောင် မရတော့ဘူး။ ဒိုင်ယာရီထဲမှာ မှတ်ထားတဲ့လိပ်စာအတိုင်းသာ သွားခိုင်းတာပါ"

"ယင်းမာ တစ်ချက်ဆင်းပြီး မေးကြည့်မယ်"

"နေ ... နေ ... ယင်းမာမဆင်းပါနဲ့ ကျွန်တော် မေးလည်း ရပါတယ်"

တစ်နေရာအရောက်မှာ စိုက်ခင်းတစ်ခင်းတွင် အလုပ်လုပ်နေကြသော လူတစ်စုကိုတွေ့သဖြင့် ဆင်းမေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားမှာ မေတ္တာရှင်အမည်နဲ့ ယာစိုက်ခင်းရှိသလား"

ရှမ်းလူမျိုးတွေချည်းမို့ မြန်မာစကားကို ကောင်းကောင်းတောင် နားလည်ကြပုံမရ။ ဝါခေါင်လွှန်ကို ငိုင်းကြည့်နေကြသည်။ ဝါခေါင်လွှန် တော်တော်အခက်တွေ့သွားပြီး စကားကို တစ်လုံးချင်းလည်းပြန်ပြော၊ လက်ဟန်ခြေဟန်တွေဖြင့်လည်း မေးနှင့် ထပ်ကြိုးစားရပြန်သည်။

ခပ်လှမ်းလှမ်းမှာ အကဲခတ်နေပုံရသော အသက်နည်းနည်းပိုကြီးသည့် (ဒီနားကအုပ်စုကတော့ အသက်နှစ်ဆယ်ကျော်အရွယ်တွေလို့ ထင်ပါသည်)ယောက်ျားတစ်ယောက်ကတော့ ဝါခေါင်လွှန် မေးနေပုံကိုကြည့်ပြီး အနီးသို့ ကပ်လာပါသည်။

"ဘာမေးတာတုန်း ဝေ့"

စကားတော်တော်ဝဲသဖြင့် ဝါခေါင်လွှန်ပင် သူ့ကို ဘာပြောမှန်းမသိ။ ထိုသူက ပြန်ပြောပါသည်။

"ဘယ်သူ့မေးနေတာလဲ"

"ဩော် ... မေတ္တာရှင်ယာခင်း ဘယ်နားမှာလဲလို့ပါခင်ဗျ"

"မကြားဖူးဘူးဝေ့"

"အခုတော့ နာမည်ပြောင်းရင်လည်း ပြောင်းမယ်၊ ဒါမှမဟုတ်လည်း ယာလုပ်ငန်းမှ လုပ်ချင်မှ လုပ်တော့မယ် ထင်တယ်။ အဲဒီယာခင်းက လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ် ကျော်လောက်တုန်းက ဒီလမ်းမှာပဲရှိတာပါခင်ဗျာ။ ကျွန်





တော်မေးတာ အဲဒီယာခင်းကိုပါ။ အခုတော့ ရှိချင်မှလည်း ရှိတော့မယ်။ ဒါပေမဲ့ အဲဒီမေတ္တာရှင်ယာခင်းအကြောင်း များ သိတဲ့သူ ရှိသလားလို့ပါ"

သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြ၊ သူတို့ ရှမ်းဘာသာစကားဖြင့် ပြောဆိုဆွေးနွေးကြလုပ်နေသည်ကို ဝါခေါင်လွှန် တစ်ယောက် ဟိုဘက်ကြည့် ဒီဘက်ကြည့်ဖြင့် စောင့်ဆိုင်းနေမိပါသည်။ ထို့နောက် မြန်မာစကားပြောတတ်သော သူကပင် ...

"ကျုပ်တို့တော့ မသိဘူးဗျ။ ကျုပ်မွေးကတည်းက ဒီမှာနေလာတာပဲ။ အဲဒီယာခင်း ကြားဖူးဘူးဗျ။ ခင်ဗျားသိချင်ရင်တော့ ကျုပ် ဘကြီး မေးပေးမယ်"

"ဟာ ... ဟုတ်ကဲ့ပါ၊ ကျေးဇူးပါပဲ"

"ကျုပ် ဘကြီးက ဒီမှာတော့ မဟုတ်ဘူး"

"ဘယ်မှာနေပါသလဲခင်ဗျာ"

"(......)အရပ်မှာ"

ထိုသူပြောသောရပ်ကွက်ကို ဝါခေါင်လွှန် မသိပါ။ သူ့ကို လှည့်ကြည့်လိုက်တော့လည်း စိတ်အားထက်သန်စွာ ဒီဘက်စောင့်မျှော်နေတဲ့ မျက်လုံးတွေနဲ့မို့ မသိဘူး၊ မရှိဘူးဆိုပြီး အပြီးအပြတ် လိမ်မပြောလိုက်ချင်သောကြောင့် စိတ်ကိုရှည်ရှည် ထားလိုက်ပြီး ထိုသူ့ကိုပင် မျက်နှာချိုသွေးလိုက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကို လိုက်ပို့ပေးလို့ ရမလား"

"ကျုပ် လိုက်တော့ပို့ပေးချင်တယ်။ ဒါပေမဲ့ ကျုပ်တို့က အလုပ်သမားတွေဗျ။ အလုပ်ချိန်ကြီးအပြင်ထွက်ရင် လုပ်ခ အဖြတ်ခံရလိမ့်မယ်။ ခင်ဗျားဘာသာ မေးစမ်းပြီး သွားရှာရင် ရပါတယ်။ အိုက်စံ လွှတ်လိုက်တဲ့ မိတ်ဆွေတွေလို့ပြောရင် ဘကြီး လက်ခံပါတယ်။ ဘကြီးက စကားပြောချင်လွန်းလို့ လူမျှော်နေတာ၊ ခင်ဗျားတို့ကို မောင်းမထုတ်ပါဘူး"

ဝါခေါင်လွန်လည်း ဒီလောက်ကလွဲရင် ဒီ့ထက်ပိုပြီး ကူညီပေးနိုင်ပုံမရသော အခြေအနေကို လက်ခံလိုက်ရပြီး လှည့်ထွက်လာရပါတော့သည်။

"ဘာတဲ့လဲ မြေး"

ဘွားဇ၏စိတ်အားထက်သန်သော အမေးကို ရင်ဆိုင်ရ၏။

"ဘယ်သူမှ မသိကြဘူး ဘွား။ သူတို့အကုန်လုံး လူငယ် တွေချည်းပဲဆိုတော့ နှစ်ပေါင်းခြောက်ဆယ်ကျော်က မေ ရှင်ယာခင်းကို ဘယ်သူမှ မသိလိုက်ကြဘူး"

"ဟိုလူတစ်ယောက်က ဘာပြောပြနေတာလဲ"

"သူပဲ မြန်မာလိုပြောတတ်တာ။ ကျန်တဲ့လူတွေက ဘာ မပြောတတ်ဘူး။ သူလည်း အဲဒီယာခင်းကို မသိလိုက်ဘူး





တဲ့။ ဒါပေမဲ့ သူ့ဘကြီးတော့ သိမယ်ထင်တယ်လို့ လမ်း ညွှန်နေတာ"

"သူ့ဘကြီးကို သွားမေးမယ်လေ"

ယင်းမာက ထိုသို့ပြောလိုက်သလို ဘွားကလည်း ဟုတ်တယ် ... ဟုတ်တယ် လုပ်နေသဖြင့် နောက်ဆုံးတော့ ဝါခေါင်လွန်လည်း သူတို့အလိုကို လိုက်လိုက်ရပါသည်။ လမ်း ညွှန်ပေးလိုက်သော လိပ်စာအတိုင်း ရပ်ကွက်လေးတစ်ခုကို ဒီလိုပဲ မေးစမ်းရင်း အိုက်စံဆိုသူ ညွှန်းလိုက်သည့် အိုက်ပီ ဆိုသူဆီ ရောက်ရတော့လေသည်။

"ဘယ်သူတွေလဲ ဝေ့"

"ကိုအိုက်စံ လွှတ်လိုက်တာ ခင်ဗျ"

ခြံအတွင်း တဲလေးဆီမှ လှမ်းအော်မေးသံကြောင့် ဝါခေါင်လွန်လည်း ပြန်အော်ဖြေရပါသည်။ ခြံဝက လူသံကြားတာ နဲ့ တစ်ဟုန်ထိုး ပြေးထွက်လာကာ မနားတမ်းဟောင်နေသော ခွေးကြောင့် သုံးယောက်စလုံး ခြေလှမ်းတွေကို ရှေ့မတိုးရဲတော့ သလိုဖြစ်ကာ ရပ်တန့်နေရတော့သည်။ တဲအိမ်လေးအတွင်းမှ ချမ်းဝတ်စုံဝတ်ထားသော လူကြီးတစ်ဦး ထွက်လာသည်။ ဟောင် နေသော်ခွေးကို တစ်ချက်မှတောင်မတား၊ မဟန့်ဘဲ သူကိုယ်တိုင် ကတော့ ခြံဝထွက်လာပါသည်။ ခွေးကလည်း သခင်အား ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



**သခင်နောက်** ဝါလာသည်။ ကိုက်တော့မတတ် ဟောင်နေသော **အသံကား** ဆူညံလာသည်။

"ဘာကိစ္စတဲ့လဲ"

"ကျွန်တော်တို့ (......)လမ်းထဲမှာ ရှိခဲ့ဖူးတဲ့ မေတ္တာရှင် ယာခင်းကို လာစုံစမ်းကြတာပါ။ ကိုအိုက်စံက သူတော့ မသိဘူး၊ သူ့ဘကြီးတော့ သိရင်သိမယ်ဆိုလို့"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့က မေတ္တာရှင်ယာခင်းကို ရှာနေကြတာပါ။ ကျွန်မ လွန်ခဲ့တဲ့ နှစ်ခြောက်ဆယ်ကျော် (၁၉၅၂)ဝန်းကျင်က ဒီကိုရောက်ခဲ့ဖူးပါတယ်။ ဒီမှာ တစ်လ နေခဲ့ဖူးပါတယ်၊ မေတ္တာရှင်ယာခင်းကိုလည်း သိပါတယ်။ ဒါကြောင့် လာစုံစမ်းတာပါရှင်"

ဦးအိုက်ပိကတော့ အသက်ငါးဆယ်ကျော်အရွယ်ရှိ ဒေါ်ခင်စိမ်းမြကို ...

"ဒေါ်လေး"

ဟု စတင်ခေါ်သံပြုပြီးမှ ...

"အဲဒီ (၁၉၅၂)ဆိုတာ ကျုပ် မွေးတောင်မမွေးသေးပါဘူး။ ကျုပ်ကို (၅၆)မှ မွေးတာ"

နှစ်ဖက်စလုံး စကားစပြတ်သွားသလိုဖြစ်ကာ အတန်ကြာ ရပ်နေမိကြသည်။ ယင်းမာက ငြိမ်မနေနိုင်တော့ဘဲ ...





"ဘကြီးမွေးခဲ့တဲ့ (၁၉၅၆)နောက်ပိုင်းပေါ့လေ၊ ဘကြီး သိတတ်တဲ့အရွယ်၊ ကလေးအရွယ်မှာတော့ ယာခင်းနာမည် တချို့တို့၊ လူနာမည်တချို့တို့ကို သတိထားမိတာတွေများ ရှိမလားရှင်။ ကျွန်မတို့က ယာခင်းနဲ့အတူ ရှိခဲ့ဖူးတဲ့ မိတ်ဆွေတစ်ယောက်ကို လာရှာကြတာပါ"

ဒီတော့မှ တစ်ခွန်းမေးရင် တစ်ခွန်းဖြေတတ်ပုံရတဲ့ ဦးအိုက်ပိက ပြောတော့သည်။

"ကျုပ် ငါးနှစ်သားအထိ မေတ္တာရှင်ယာခင်း ရှိပါတယ်"

အားလုံးရဲ့စိတ်ထဲမှာ သိရင်လည်း သိတယ်ပြော လိုက်ပါလားလို့ တွေးလိုက်မိကြသည်။

"အခုတော့ မရှိတော့ဘူးလား"

"မူလပိုင်ရှင်တွေက လွှဲပြီး တခြားပြောင်းသွားတော့ နာမည် ပါ ပြောင်းသွားတယ်"

"ဘယ်သူ့ကို လွှဲသွားတာလဲ"

"ယာလုပ်တဲ့ ယုံကြည်စိတ်ချရတဲ့လူကို"

"အဲ ... အဲဒီလူက ဘယ်သူလဲ"

"ဦးစိုင်းထွန်းလုံ"

အားလုံးရင်ထဲမှာ ဒိန်းခနဲ မြည်သွားပါသည်။ ဒေါ်ခေါင်လွန်၏ စိတ်ထဲမှာ "ဖာတ်လိုက်ကျော်ကြီး စိုင်းထွန်းလုံတော့



www.burmeseclassic.com

www.burmeseclassic.com



သိခြင်း"ဟု တွေးလေသည်။ ဒေါ်ခင်စိမ်းမြကတော့ "ကိုထွန်းလုံ – ကိုထွန်းလုံ"ဟု နှစ်ခွန်းလောက် စိတ်ထဲမှာ ခေါ်လိုက်မိသည်။ ယင်းမာ စိတ်ထဲမှာတော့ "ဟယ် ... အဘွားရဲ့ဇာတ်လိုက်ကို တကယ်တွေ့ရတော့မယ်"လို့ စိတ်လှုပ်ရှား ရင်ခုန်စွာ တွေးလေသည်။

"အခု ပြောင်းသွားတဲ့ နာမည်ကရော"

ခွေးကလည်း မဟောတမ်းဟောင်နေရာ လူတွေက ခွေးဟောင်သံကိုလွှမ်းအောင် အော်ပြောနေကြရသည်။ ဘေးဘီ ဝန်းကျင်မှာရှိသော ယာခင်းသေးသေးလေးတွေ ကိုယ်စီရှိသည့် တဲအိမ်လေးတွေအတွင်းမှ ရှမ်းမိသားစုတွေကတော့ လူစိမ်းသုံး ယောက်တို့ကို ထွက်၍ရပ်ကြည့်ငေးမောကြ၊ သူတို့ချင်းချင်း ရှမ်းဘာသာစကားဖြင့် လှမ်းပြောရယ်မောလိုက်ကြဖြင့် ပွဲကျနေ တော့သည်။

"နာမည်တွေက အဆင့်ဆင့် ပြောင်းသွားတာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ အခုနောက်ဆုံး ပြောင်းထားတဲ့ နာမည်ပဲ သိချင်တာပါ"

"အခု နောက်ဆုံးနာမည်က ညီနောင်စိုက်ခင်း"

မေးလွန်း၊ အော်နိုင်လွန်းမှပဲ လိုချင်သောအဖြေကို ရတော့လေသည်။





"အခုလို ဖြေပေးတာ ကျေးဇူးတင်ပါတယ်ရှင်"

ထိုသူ ခေါင်းမညိတ်၊ ခေါင်းမခါ၊ မပြုံးမရယ်ဘဲ ရပ်ကြည့်ပြီး ကျန်ခဲ့သည်။ အားလုံး ကားပေါ်ရောက်ပြီးမှ ထိုသူ တ ...

"(၁၉၅၂)တုန်းကလူကို.အခုမှ ဘာလို့လာရှာကြတာလဲ"

ဟူ၍ စပ်စုသလိုမေးသော မေးခွန်းကြောင့် အဖြေရ ခက်သွားပါသည်။

ဝါခေါင်လွန်နဲ့ ယင်းမာတို့အတွက်ကတော့ အဖြေရ ခက်လေမယ့် ဒေါ်ခင်စိမ်းမြ အတွက်တော့ ဖတ်(ထ)ထိသွားပုံ ရသည်။ အဘွားရဲ့မျက်ဝန်းထဲမှာ ကြေကွဲမှု၊ နောင်တရမှုတွေ တွေ့လိုက်ရပါသည်။ ယင်းမာက ဝါခေါင်လွန်ကို ကားမောင်းထွက် ဖို့ အချက်ပြလိုက်ရပါသည်။

ဦးအိုက်ပိကတော့ သူ့မေးခွန်းကို မဖြေဘဲ ခေါင်း ညိတ်လက်ပြပြီးတော့ ထွက်သွားကြသော ကားပေါ်မှ ပြုံးပြန် လာတဲ့ မြန်မာသုံးဦးတို့ကို စောင့်မကြည့်တော့ဘဲ အိမ်ဘက် လှည့်သွားလေပြီ။ သူ့ဘာသာ စပ်စုလိုက်ရပေမယ့် ဘာကြောင့် ဆိုတဲ့အဖြေကို သိပ်သိချင်ပုံမရတာ တော်သေးသည်။

"ညီနောင်စိုက်ခင်းဆိုတာ ခုနက ကားမောင်းလာတော့ တောင် တွေ့လိုက်သလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ယင်းမာလည်း သတိထားလိုက်မိတယ်။ စိုက်ခင်းတွေရဲ့နာမည်ကို လိုက်ဖတ်ကြည့်လာတော့ သတိထားမိလိုက်တာ။ အဲဒါ အရင်က မေတ္တာရှင်မှန်းတော့ ဆက်စပ်လို့ မရဘူးပေါ့"

"ယာခင်းတွေက ပိုလည်းများလာတယ် ယင်းမာရဲ့၊ ဘွား ရောက်ခဲ့တုန်းက ဒီနေရာလေးမှာ ယာခင်းလေးတွေက ကျိုးတိုးကျဲတဲပဲရှိတာ။ အခုလိုမျိုး စိပ်မနေဘူး"

"လူဦးရေကလည်း တိုးလာပြီလေ အဘွားရဲ့။ ဒီတော့ လယ်တွေ ယာတွေလည်း ပိုတိုးပြီး စိုက်ရတော့ မြေနေရာ ကွက်လပ် ဘာမှမကျန်တော့ဘူးပေါ့"

"ညီနောင်စိုက်ခင်းတော့ ရောက်ပြီ ဘွားရေ"

စိုက်ခင်းကြီးထိပ်မှာ ကားကိုရပ်ရသည်။ စိုက်ခင်းတွေ ခြားထားပြီးမှ တဲအိမ်အကြီးကြီးတစ်လုံး ရှိနေသည်။ ခရမ်းချဉ်သီး၊ မုန်ညင်းရွက်၊ ပန်းဂေါ်ဖီ၊ ကြက်သွန်မိတ် စသဖြင့် ယင်းမာ သိသမျှ အသီးအနှံပင်တွေကို တွေ့ရသလို တခြားအမျိုး အမည်မသိသော အပင်စိုက်ခင်းတွေကိုလည်း တမျှော်တခေါ် တွေ့ ရသည်။ အစီအရီ စိုက်ခင်းလေးတွေကြားက တစ်ယောက်ချင်းသာ သွားလို့ရသော လူသွားလမ်းလေးကို ယင်းမာ အရင်ဆုံးခြေချ သည်။ ယင်းမာနောက်ကတော့ အဘွားပါသည်။ ဝါခေါင်လွန်က နောက်ဆုံးမှဖြစ်၏။ စိတ်လှုပ်ရှားမှုဖြင့် တုန်တုန်ယင်ယင်ဖြစ်နေ





သော အဘွား လဲပြိုမသွားရအောင် ထိန်းပေးရင်း ပါလာခဲ့သည်။ တကယ်တော့ ဘာကြောင့်မှန်းမသိ ဦးစိုင်းထွန်းလုံ့ရှိရင် ရှိနေမှာ မို့ သူ့ မဆုံချင်။

တဲအိမ်လေးကို ယင်းမာတို့ မရောက်ခင်မှာပင် ဆေးတံကြီးခဲထားသော ရှမ်းအမျိုးသားကြီးတစ်ဦးက အိမ်ထဲမှ ထွက်လာကာ ကြိုစောင့်ကြည့်နေပါသည်။ အိမ်ရှေ့ရပ်ရပ်ချင်း ယင်းမာက အဘွားကိုလှည့်ကြည့်ကာ အကဲခတ်သည်။ ဒါအဘွားရဲ့ စိုင်းထွန်းလုံပဲလား။ အသက်အရွယ်ကြီးသွားပြီမို့ အဘိုးကြီးပုံ ပေါက်နေပြီဖြစ်တဲ့ စိုင်းထွန်းလုံကို အဘွား မှတ်မိနိုင်ပါ့မလား။

အဘွား ထိုသူ့ကို သေသေချာချာ စိုက်ကြည့်နေပါ သည်။ ထိုသူကလည်း သူနဲ့ရွယ်တူနီးပါးရှိမယ့် အမျိုးသမီးကြီး တစ်ယောက်ရဲ့ အသေအချာစိုက်ကြည့်နေမှုကြောင့် ပြန်ပြီးကြည့် လေသည်။ အားလုံး စကားစ,မပြောဖြစ်ကြပဲ တိတ်ဆိတ်နေခဲ့ သည်။

ဝါခေါင်လွန်ကတော့ ဒီနားထိ လိုက်မလာဘဲ မနီး ဝေးမှာပင် ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ ရပ်ကြည့်နေမိသည်။

"အဘွား"

တော်တော်လေးကြာမှ ယင်းမာ မနေနိုင်တော့ဘဲ အသံပြုလိုက်ပါသည်။ အဘွားရဲ့လက်တစ်ဖက်ကိုလည်း ယင်းမာ ဆွဲဆုပ်ကိုင်လိုက်ပါသည်။ အဘွားလက်တွေက အေးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မဟုတ်ဘူး"

အဘွား ခပ်တိုးတိုးပြောသည်။

"ဦးစိုင်းထွန်းလုံ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အဲဒါ သေချာတယ်"

"အသက်တွေကြီးကုန်ပြီလေ အဘွားရဲ့။ အသက်နှစ်ဆယ်အရွယ်က ပုံစံနဲ့ တူချင်မှ တူမှာ"

"အဘွား သိပါတယ်၊ စိုင်းထွန်းလုံက အသက်(၇၀)ဖြစ်လာရင်တောင် ဒီလိုပုံစံတော့ မဟုတ်ပါဘူး။ အဲဒီလူဆီမှာ စိုင်းထွန်းလုံနဲ့တူတဲ့အချက် ဘာမှမတွေ့ရဘူး"

ထိုသူက သူ့ဘာသာ ရှမ်းစကားတွေဖြင့် ယင်းမာတို့ကို လှမ်းပြောနေလေသည်။ မြန်မာစကားရော ပြောတတ်ရဲ့လားမသိ။ အဘွား အသေအချာပြောနေ၍ ဒီအဘိုးအိုဟာ (ဦး) စိုင်းထွန်းလုံတော့ မဟုတ်တာ သေချာပေမယ့် ထိုသူ့ဆီကနေရော (ဦး)စိုင်းထွန်းလုံ အကြောင်း မေးမြန်းကြည့်ရင် မရနိုင်ဘူးလားလို့ ယင်းမာ တွေးလေသည်။

"ဒီမှာ ... ဒီမှာရှင့် ... အဘိုး မြန်မာလိုပြောတတ်လား။ ကျွန်မတို့ မြန်မာတွေပါ။ ရန်ကုန်က လာတာပါ"

အဘိုးကြီးက သူ့ဘာသာ ရှမ်းလိုပြန်ပြောပြန်သည်။

"လာ ... လာ ... ယင်းမာ မမေးနေနဲ့တော့။ သူက စိုင်းထွန်းလုံမှ မဟုတ်တာ။ စိုင်းထွန်းလုံက မြန်မာစကားတတ်တယ်။ သူက ရှမ်းစစ်စစ် မဟုတ်ဘူးလေ။ အမေမြန်မာ အဖေရှမ်း ယင်းမာရဲ့။ ဒါကြောင့် သူက မြန်မာလိုရော ရှမ်းလိုပါတတ်တယ်"

"ယင်းမာ သိပါတယ် အဘွားရဲ့။ ဒါပေမဲ့ ဒီအဘိုးဆီက များ အဘွားရဲ့စိုင်းထွန်းလုံ အကြောင်း နည်းနည်းပါးပါး မေးလို့ ရမလားလို့ပါ။ သူက ဒီယာခင်းကို ဆက်ပြီးလုပ်ကိုင်နေတာ ဆိုတော့လေ"

ယင်းမာတို့ကို အဘိုးကြီးကလည်း သူပြောချင့်ရာ ပြောပြီး ဟိုဘက်ဒီဘက်တွေ လက်ညှိုးထိုးလိုက်၊ ပြောလိုက်လုပ်နေသည်။ ယင်းမာ စကားပြန်ရလိုရငြား တဲအိမ်ထဲ လှမ်းကြည့်တော့လည်း လူတစ်ဦးတစ်ယောက်မှကို မတွေ့ရ။ ယာခင်းထဲမှာတော့ အလုပ်လုပ်နေကြသည့် လူအုပ်စုတွေ ရှိနေသည်။ သို့သော် အခွင့်အရေးနည်းတာက တော်တော်များများဟာ မြန်မာလိုမပြောတတ်ကြ။ ပြောတတ်သူကလည်း ရှမ်းသံတော်တော်ဝဲတာ မနည်းနားထောင်ယူရသည်။

ဒီနေရာက ကျောက်မဲမြို့နယ်ထဲမှာပေမယ့် တော်တော်ခေါင်သော နယ်မြို့လေးဖြစ်နေကာ ပိုပြီးကျေးလက်ဆန်နေသည်။ အဘွားကတော့ တက္ကသိုလ်ကျောင်းသူအရွယ်မှာ ကျောက်မဲမြို့ပေါ်ရှိ သူငယ်ချင်းသူဌေးသမီးဆီ လိုက်လည်ရင်း သူဌေးသမီးပိုင်သောတွေပိုင်သော လိမ္မော်ခင်း၊ စတော်ဗယ်ရီခင်း၊ ယာတီဘီခင်း





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆီ အလည်လာရင်း စိုင်းထွန်းလှုံ ဆိုတဲ့ ယာအလုပ်သမား ရှမ်းလူငယ်လေးနဲ့ တွေ့ခွင့်ဆုံခွင့်ရခဲ့တာဖြစ်သည်။

"အဘိုး ... အဘိုး ... စိုင်းထွန်းလှုံ ... စိုင်းထွန်းလှုံ သိ လား၊ ကျွန်မတို့ စိုင်းထွန်းလှုံကို လာရှာတာ"

ယင်းမာက လက်မလျှော့ဘဲ ခြေဟန်လက်ဟန်တွေ ဖြင့် ဆက်မေးပြန်သည်။

အဘိုးကြီးကလည်း သူ ပြောချင်ရာတွေ ရှမ်းစကား ဖြင့် ပြန်ပြောနေတော့သည်။ ကြာတော့ ဝါခေါင်လွန် ခပ်လှမ်း လှမ်းက ရပ်စောင့်နေရာမှ သည်းမခံနိုင်တော့ဘဲ ယင်းမာတို့ဆီ လျှောက်လာလိုက်ကာ ...

"ကဲ ... ကဲ ... တော်ပြီ ယင်းမာ"

ဟူ၍ သတိပေး ဟန့်တားလိုက်ရတော့လေသည်။ ယင်းမာက သူ့ကိုလှည့်ကြည့်၍ စူးစမ်းသလို မျက်မှောင်ကုတ် လေသည်။

"ယင်းမာ ပြောတာလည်း သူ နားမလည်ဘူး။ သူပြော တာလည်း ယင်းမာ နားမလည်ဘူးလေ၊ ဘာဖြစ်လို့ ဆက် မေးနေတော့မလဲ"

"သူ နည်းနည်းများ မှတ်မိမလားလို့ပါ။ စိုင်းထွန်းလှုံ ဆိုတဲ့ နာမည်ကြားရင်တော့ သူ တစ်ခုခုသိသွားမယ်ထင် လို့"

"သိသွားတော့ရော သူက သူသိပါတယ်။ စိုင်းထွန်းလှုံ ဘယ်မှာနေပါတယ် ညွှန်ရင် ယင်းမာ နားလည်ပါ့မလား"

ယင်းမာသည် ဝါခေါင်လွန် ပြောနေတာတွေ မှန် ပေမယ့် သူမကို အလကားနေရင်း အမြင်မကြည်ဘဲ ဟန့်တား သည်။ ဆရာလုပ်သည်ဟူ၍ ထင်ချင်ကာ သိပ်တော့မကျေနပ်လှ။ သို့သော် သူနဲ့စကားနိုင်လုနေဖို့ မစဉ်းစားတော့ဘဲ။

"အဘွား စိတ်မပျက်ပါနဲ့။ ယင်းမာတို့ ဒီနားတစ်ဝိုက် မှာပဲ လျှောက်မေးမယ်နော်။ ပြီးတော့ ဈေးထဲဘက်သွား ပြီး လက်ဖက်ရည်ဆိုင်တို့ ဘာတို့ ဝင်ထိုင်ပြီး လျှောက် မေးကြည့်ကြတာပေါ့။ ဒီမှာ လူတစ်ရာလောက်ရှိရင် တစ် ရာလုံးလုံးကတော့ (၁၉၅၀) ဝန်းကျင်က မေတ္တာရှင်ယာ ခင်းဆိုတာ မကြားဖူးလိုက်တဲ့သူ ရှိမှာမဟုတ်ပါဘူး။ ယင်းမာတို့ လူတွေကို အကဲခတ်လေ့လာပြီး အဘွားတို့ လိုအရွယ် ဝန်းကျင်တွေကိုပဲ လျှောက်မေးကြရအောင်"

"အဘွားတော့ စိတ်မပါတော့ပါဘူးကွယ်"

"ရောက်ပြီးမှတော့ အဘွားရယ်။ တစ်ရက်အချိန်ရတာပဲ။ ယင်းမာတို့ ကျောက်မဲမြို့ပေါ် ပြန်သွားပြီး ဟိုတယ်မှာ တစ်ညအိပ်နားဦးမှာပဲလေ။ ဒီတော့ ဒီနေ့တစ်နေ့လုံး အချိန်ရတယ်။ ကြိုးစားကြည့်တာပေါ့။ တွေ့ကိုတွေ့ရမယ် ဆိုတဲ့ မျှော်လင့်ချက်နဲ့တော့ မဟုတ်ဘူးပေါ့။ ရောက်တုန်း လေး ကြိုးစားကြည့်တာမျိုးပေါ့"







www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လွှန်ကတော့ အဘွားထက်တောင် စိတ်အား ထက်သန်နေသည့် ယင်းမာကို အမြင်တောင် ကတ်လာသည်။ အဘွားကိစ္စကိုပဲ သူ့ကိစ္စအလား စိတ်အားထက်သန်နေလိုက်တာ။ တွေ့ရတော့ရော ဘာထူးမှာမို့လဲ။ အဘိုးကြီး၊ အဘွားကြီးတွေ ဖြစ်နေမှ "ချစ်တယ်"၊ "ကြိုက်တယ်"တွေ ပြန်ပြောခိုင်းစေချင် လို့လား။

ဝါခေါင်လွှန်တို့ ထိုယာခင်းထဲမှ ပြန်ထွက်လာသော အခါ အဘွားကတော့ အရင်ကမြင်ကွင်းကို အမှတ်တရရှိဟန် ဖြင့် တငေးငေးဖြစ်လျက် ပြန်ထွက်လာပါသည်။ ကားပေါ်ရောက် တော့ ယင်းမာကပဲ ...

"အခု ဈေးထဲသွားကြရအောင် ... နော်"

ဟု ဘယ်သူ့ကိုပြောမှန်းမသိ လှမ်းပြောပါသည်။

"လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း ယင်းမာစိတ်ကူးနဲ့ရွေးတဲ့ အဘွားတို့အရွယ်တွေထဲက အဘိုးအဘွားတွေကို မေးကြည့် မယ်"

"ယင်းမာ လက်လျှော့လိုက်ပါတော့လားဗျာ"

"ယင်းမာတို့ ဒီထိတောင် ရောက်လာပြီးမှ ကိုဝါခေါင်ရယ်။ အဘွားဆိုလည်း အိမ်ထဲကအိမ်ပြင် မထွက်တော့ဘဲ နေလာ ခဲ့ရာက ခရီးဝေးကြီးကိုတောင် ထွက်လာတာ။ သူ့မှာမျှော် လင့်ချက်တစ်ခုခုတော့ ရှိကိုရှိလို့ပေါ့"





"ဘွား ဘာကိုမျှော်လင့်လို့လဲ"

"သူ့ စကားတစ်ခုခု ပြောချင်နေတာ။ စိုင်းထွန်းလှံအပေါ် ကတိတွေပေးပြီး ညာခဲ့သလို ဖြစ်ခဲ့တဲ့အတွက် စိတ်မ ကောင်းဖြစ်နေခဲ့တော့ အဲဒါကို ပြန်ပြောပြပြီး တောင်းပန် ချင်နေတာ။ အဲဒါ အဘွားရဲ့မျှော်လင့်ချက်ပဲ"

အဘွားအစား ယင်းမာကပင် တိုက်ရိုက်ဖြေနေ၍ ဝါခေါင်လွှန်က အဘွားကိုလှည့်ကြည့်ပြီး ...

"အဲဒါ ဟုတ်လား ဘွား"

ဟု မေးလျှင် အဘွားက ခေါင်းညိတ်ပါသည်။

ဝါခေါင်လွှန်ကတော့ အံ့သြရလွန်း၍ လက်မြှောက် ချင်သလို ဖြစ်နေသည်။ ဘွားရဲ့မြေးအရင်း သူကတောင် ဘွား ရင်ထဲက ခံစားချက်ကိုမသိ။ ယင်းမာက တော်တော်သိနေသည်။ ဘွားပြောပြသမျှ ဇာတ်လမ်းကို သိထားရုံနဲ့ ဘွားရဲ့ခံစားချက် တွေကို သိနေတာဟာ တစ်ဆိတ်တော့ လွန်လွန်းနေသလားလို့ ဝါခေါင်လွှန် မနာလိုစွာ တွေးနေမိသည်။

သို့သော် ဒီအထိရောက်လာပြီးမှတော့ ရှာသင့်တယ်၊ မရှာသင့်ဘူးတွေ ငြင်းနေလည်း အပိုပဲဟုတွေးကာ အဘွားနဲ့ ယင်းမာတို့အလိုကျ စည်ကားသော ဈေးကြီးထဲကိုသာ ကားမောင်း သွားဖို့ သဘောတူလိုက်ပါတော့သည်။ ဈေးကြီးကတော့ စည်ကား နေကာ ကားမောင်းဝင်လို့ရသည့်နေရာထိဝင်ပြီး မရတော့မှ ကား ကိုရပ်ထားခဲ့လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရသမျှထဲမှာတော့ ဟိုဘက်လက်ဖက်ရည်ဆိုင်ကြီးက အကြီးဆုံးနဲ့ အစည်ကားဆုံးပဲနော်။ ယင်းမာတို့အဲဒီကိုပဲ ဝင်ထိုင်ကြရအောင်လား"

ယင်းမာက သူပဲဦးဆောင်ပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားပါသည်။ နယ်မြို့ခပ်သေးသေးမို့ လူစိမ်းတွေဆို သတိထားမိနေကာ ယင်းမာတို့ဝင်လာတော့ မျက်လုံးအစုံပေါင်းများစွာတို့က ဝိုင်းဝန်းလှေလာ အကဲခတ်တာတော့ ကြုံရသည်။

လွတ်နေသော စားပွဲဝိုင်းတစ်ဝိုင်းမှာ ထိုင်လိုက်ပြီးနောက် စားပွဲထိုးလေး ရောက်လာလျှင် လက်ဖက်ရည်ကော်ဖီစသဖြင့် မှာလိုက်သည်။ ယင်းမာကတော့ ဆိုင်ထဲကို ခပ်ရဲရဲပင် ပြန်ဝေ့ကြည့် အကဲခတ်ကာ အဘွားနဲ့သက်တူရွယ်တူ ဖြစ်နိုင်မယ့်၊ ဒါမှမဟုတ် မတိမ်းမယိမ်း ဖြစ်နိုင်မယ့်သူတွေကို ရှာဖွေပါသည်။

"အဘွား ... အဘွား ... ဟိုထောင့်ကစားပွဲမှာ သတင်းစာဖတ်နေတဲ့ အဘိုးတစ်ယောက်တော့ တွေ့တယ်။ မြန်မာသတင်းစာ ဖတ်နေတာ။ မြန်မာစကားလည်း ပြောတတ်လိမ့်မယ်"

ဝါခေါင်လွန်ကတော့ ယင်းမာ၏ စုံထောက်ပုံစံ မျက်လုံးတွေကို ကြည့်မိသည်။ အဲဒီလို စပ်စပ်စုစုနိုင်လို့လည်း စာရေးဆရာမ ဖြစ်နေတာပေါ့။





"ယင်းမာ သွားမိတ်ဆက်မယ်"

"သမီး ... ယင်းမာ။ သိပ်လည်း အလောမကြီးပါနဲ့ကွယ် ဘွားတို့က ဒီမှာ လူစိမ်းတွေလို ဖြစ်နေတာ။ အားလုံးက အကဲခတ်နေကြတာ။ ဖြစ်ပါ့မလား"

"လူပျောက်လာရှာတာပဲ ဘွားရဲ့"

"ယင်းမာ တစ်ယောက်တည်းမသွားနဲ့၊ ဝါခေါင်ကိုခေါ်သွား"

"ဟာ ... ဘွားကလည်း"

"မြေးရယ် ... ယင်းမာက မိန်းကလေးငယ်ငယ်ကွယ့်၊ တစ်ယောက်တည်း လူစိမ်းကြီးတစ်ယောက်ကို သွားမိတ်ဖွဲ့စကားပြောရမှာ မသင့်တော်ပါဘူး။ မြေးလည်းပါသွားတော့ ယင်းမာလည်း အဖော်ရပြီး အားရှိတာပေါ့"

ဘွား အတင်းတိုက်တွန်း၍ ယင်းမာနဲ့အတူ ဝါခေါင်လွန် ထလိုက်သွားရပါသည်။ တစ်ဆိုင်လုံးကတော့ သူတို့လှုပ်ရှားမှုမှန်သမျှ လိုက်စောင့်ကြည့်နေသည်ဟု အလိုလိုနေရင်း စိတ်ထဲမှာ ခံစားသိရှိနေပါသည်။

"အဘိုး ... အဘိုးရှင့် ... နှောင့်ယှက်တယ်လို့ မထင်ပါနဲ့နော်။ ကျွန်မတို့ ခဏထိုင်လို့ ရမလား"—

သတင်းစာဖတ်နေသော ရှမ်းအမျိုးသား အဘိုးကြီးက မျက်မှန်ပေါ်မှ ကျော်ကြည့်ကာ ခေါင်းညိတ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာ အရင်ထိုင်လိုက်ပြီးမှ ဝါခေါင်လွန်လည်း ယင်းမာဘေးက ခွေးခြေခုံကိုဆွဲကာ ဝင်ထိုင်လိုက်သည်။ ဘွားက တော့ သူတို့နေရာယူထားသည့် စားပွဲမှ တစ်ဦးတည်းကျန်ရစ် လျှက် ဒီဘက်ကို ငေးနေပါသည်။ စားပွဲပေါ်မှာတော့ မသောက် ချင်ဘဲ မှာထားသော လက်ဖက်ရည်သုံးခွက်တို့က အေးစက်နေ လောက်ပြီ။

"ကျွန်မတို့ မြေပြန့်က လာတာပါ၊ ရန်ကုန်ကပါ"

"မြန်မာတွေမှန်း သိပါတယ်"

မြန်မာစကားကို ရှမ်းသံဝဲလျက် ပြန်ပြောပေမယ့် တော်တော်ကြီး ပီသဖြင့် ယင်းမာ ဝမ်းသာသွားကာ ဝါခေါင်လွန့် ကို အဖော်ညှိသလို လှည့်ကြည့်ပြီး ပြုံးလေသည်။

"ကျွန်မတို့ ဒီဒေသဘက် ခရီးထွက်လာရင်း မိတ်ဆွေ ဟောင်းတစ်ယောက်များ ရှိသေးလားလို့ သိချင်တာနဲ့ ရှာ မိတယ်"

"ဘယ်သူ့ မိတ်ဆွေလဲ"

"ကျွန်မတို့အဘွားရဲ့မိတ်ဆွေပါ။ အဘွားတို့အရွယ်လောက် ပေါ့"

"ဘယ်တုန်းတည်းက မတွေ့တော့လို့လဲ"

"ကြာပါပြီ။ ဟို ... အမှန်အတိုင်းပြောရရင် (၁၉၅၂)ဝန်း ကျင်လောက်က ဆုံခဲ့ပြီးနောက်ပိုင်း နှစ်ပေါင်းခြောက်ဆယ် နီးပါးလောက် မတွေ့ကြတော့တာပါ"





"ဘယ်သူတဲ့လဲ"

"စိုင်းထွန်းလှုံပါ။ အခုတော့ ဦးစိုင်းထွန်းလှုံပေါ့။ အရင် က (......)ကျေးရွာဘက်မှာရှိတဲ့ မေတ္တာရှင်အမည်နဲ့စိုက် ခင်းမှာ အလုပ်လုပ်တယ်ရှင့်။ အခုတော့ အဲဒီစိုက်ခင်းက ညီနောင်အမည်နဲ့ နာမည်ပြောင်းနေတယ်"

"ကျုပ်ကို ဘာလို့ လာမေးလဲ"

"ဪ ... ဒီလိုပါခင်ဗျာ။ စုံစမ်းရခက်နေတော့ ကျွန်တော် တို့ဘာသာ စိတ်မှန်းနဲ့ပဲ ဦးစိုင်းထွန်းလှုံတို့နဲ့ ရွယ်တူလောက် ရှိမယ့်အဘိုးကို ရွေးပြီးမေးကြည့်တာပါ။ စိတ်မရှိပါနဲ့"

ဝါခေါင်လွန်လည်း ယင်းမာ တစ်ယောက်တည်းပြော နေရသဖြင့် မနေ သာတော့ဘဲ ဝင်ပြောလိုက်ရပါသည်။

"စိုင်းထွန်းလှုံတွေက လေးငါးဆယ်ယောက်လောက် ရှိနိုင် တယ်လေ"

"ဟုတ်ကဲ့ ... ကျွန်တော်တို့လည်း အဲဒါကို နားလည်ပါ တယ်၊ ဒါပေမဲ့ အဘွားမိတ်ဆွေ စိုင်းထွန်းလှုံလည်း အဲဒီ လေးငါးဆယ်ယောက်ထဲမှာများ ပါရင်ပါမလားလို့ပါ"

"ငါသိရသမျှထဲမှာတော့ စိုင်းထွန်းလှုံ မရှိဘူး"

ဝါခေါင်လွန်ပင်လျှင် ဒီတစ်ခါတော့ ရင်ထဲမှာမော သွားသလို ခံစားလိုက်ရသည်။ အဘိုးကြီးက သူသိနေသလိုလို ပြန်ပြောပြီးမှ မသိပါဘူးဆိုသဖြင့် ရင်မောသွားရတာ ဘာ့ကြောင့်မှ မတူ။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီခေတ်ဝန်းကျင်က တောင်ယာလုပ်ကိုင်ကြတဲ့လူတွေ တချို့တော့ ရှိကြတယ်။ သူတို့ကိုမေးရင်တော့ ရမယ်။ ငါက တောင်ယာ မလုပ်ခဲ့ဖူးဘူး။ ငါက ကုန်သည်လုပ်တာလေ”

“ဟုတ်ကဲ့”

“ငါ့အသိထဲမှာ တောင်ယာလုပ်ကိုင်ဖူးတဲ့ စိုင်းဦး ဆိုတာတော့ ရှိတယ်။ တောင်ယာလုပ်သူချင်းဆိုတော့ သိရင်သိမှာပေါ့။ သူ့သွားမေးမလား”

“ဟုတ်ကဲ့ရှင် ... မေးလို့ရရင် မေးကြည့်ချင်ပါတယ်”

“ဘာလို့ မေးလို့မရ,ရမှာလဲ”

ယင်းမာက အရှက်ပြေရယ်ရင်း ...

“ကျွန်မတို့ မေးသမျှပေါ့။ အဲ ... မေးလာခဲ့သမျှတွေမှာ မြန်မာစကား မပြောတဲ့သူနဲ့ ဘာနဲ့ဆိုတော့ မေးရခက်လို့ပါ”

“နင်တို့သွားချင်ရင် ငါ လိုက်ပို့ပေးလို့ရတယ်၊ စိုင်းဦးလည်း မြန်မာလိုတော့ ပြောတယ်။ အများကြီးမပြောဘူး။ တချို့တွေ ရှမ်းလိုပဲ ပြောတတ်တယ်လေ၊ ငါ လိုက်လာရင်တော့ နင်တို့ကို ရှင်းပြပေးလို့ ရတာပေါ့။ ငါကတော့ မြေပြန့်ဘက်လည်း ခဏခဏ ကုန်သည်လုပ်ဖို့ဆင်းခဲ့ရတော့ မြန်မာစကား ရနေတယ်ပေါ့”





ယင်းမာ ဝမ်းသာသွားပြီး ...

“ဒါဆို ဝမ်းသာလိုက်တာ အဘိုးရယ်။ ကျွန်မတို့ကို အဘိုး လိုက်ကူညီမယ်ဆိုရင် ပိုအဆင်ပြေတာပေါ့”

“နေဦး ... နင်တို့နာမည် ငါမသိသေးဘူး”

“ကျွန်မနာမည် ရွှေယင်းမာပါရှင်။ သူကတော့ ဝါခေါင်လွှန်ပါ။ ' ဟိုမှာထိုင်စောင့်နေတဲ့သူက ကျွန်မတို့အဘွားပါ ဒေါ်ခင်စိမ်းမြတဲ့။ အဘိုးရဲ့နာမည်ကရော”

“စိုင်းမောင်”

အဘိုးကြီးက သူ့နာမည်ကို ပြောပြီးပြီးချင်း ထရပ်သည်။

“ခုပဲ သွားမယ်”

“ရပါတယ်၊ သွားပါ အဘိုး”

“ကျုပ်နောက်က လိုက်ခဲ့ကြ”

“ဟို ... ကျွန်တော်တို့ ကားပါပါတယ်ခင်ဗျာ။ ကားနဲ့သွားကြမလား”

“သူက ဒီဈေးထဲတင် ဆိုင်ဖွင့်နေတာ ကားနဲ့သွားဖို့မလိုဘူးထင်တယ်”

“ဒါဆို ခဏလေး အဘိုး။ ကျွန်မ အဘွားကို ခေါ်လိုက်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ယင်းမာ အဘွားဆီ အပြေးသွားပြီး အကျိုးအကြောင်း ရှင်းပြကာ အဘွားကို တွဲခေါ်လာပါသည်။ ဦးစိုင်းမောင်က ဘယ်သူ့ကိုမှ သေသေချာချာ မကြည့်ဘဲ ရှေ့ကနေ သုတ်သုတ် သွားနှင့်သဖြင့် မီအောင်လိုက်ကြရသည်။

"ကိုဝါခေါင် ... မီအောင်လိုက်လိုက်ပါ။ ယင်းမာ အဘွားကိုတွဲခေါ်ခဲ့မယ်။ စိတ်မပူနဲ့"

လူတွေ၊ တွန်းလှည်းတွေ၊ ဈေးသည်တွေ၊ ဆိုက်ကားတွေ များလှသောဈေးထဲ အဘွားကို မနည်းထိန်းခေါ်ရသည်။ လျှောက်နေကျမဟုတ်ဘဲ အဘွားမှာ တော်တော့်ကို ခက်ခက်ခဲခဲ သွားနေရပါသည်။ ယင်းမာက ဘေးကနေ အားပေးရင်း စိတ်ရှည်ရှည်တွဲခေါ်လာပါသည်။ ဝါခေါင်လွန်ကတော့ အရှယ်နဲ့မလိုက်အောင် ခြေလှမ်းမြန်လှသည့် အဘိုးကြီးနောက် ပြေးလိုက်နေရလေသည်။

ဈေးထဲ တော်တော်လေး ဝင်သွားပြီးသောအခါမှာတော့ ကုန်ခြောက်မျိုးစုံ ရောင်းချနေသော ဆိုင်တစ်ဆိုင်ရှေ့ရောက်ပါသည်။ အဘိုးကြီး ဦးစိုင်းမောင်က ဆိုင်ရှေ့ရပ်ကာ အော်ခေါ်သည်။

"စိုင်းဦး ... ဇေ ... စိုင်းဦး။ စိုင်းဦး ရှိသလား"

"ရှိတယ် ... ရှိတယ်"





ဆိုင်မှာ ဈေးထိုင်ရောင်းနေသော ရှမ်းမလေးတစ်ယောက်က မြန်မာလို ပြန်ဖြေပေမယ့် ရှမ်းသံဝဲဝဲလေးနဲ့ဖြစ်သည်။ အသားဖြူဖြူ၊ ပါးမို့မို့နီနီလေးနဲ့ တကယ့် ရှမ်းစစ်စစ်ရုပ်ထွက်နေသော ရှမ်းမလေးကို ယင်းမာ သဘောကျစွာ ငေးမိသည်။ ဈေးထိုင်ရောင်းနေပေမယ့် အဆင့်အတန်းရှိသောပုံစံလေးဖြစ်ကာ စကားပြောချိုရုံမက မျက်နှာပါချိုသည်။ ယင်းမာတို့ကို မသိပေမယ့်လည်း ပြုံးရယ်နှုတ်ဆက်သည်။

"ဧည့်သည်တွေ ပါတယ်လား အဘစိုင်းမောင်၊ ထိုင်ပါ ... ထိုင်ပါ၊ ထိုင်ခိုင်းလိုက်ပါ။ ရေနွေးသောက်ကြပါဦး။ ခေါပုတ်ကြော်တွေလည်း စားကြပါ"

စသဖြင့်လည်း နှုတ်မှတစ်ဆက်တည်းဆက်ပြောဈေးလည်းမပြတ်ရောင်းလျက် ကြိုဆိုပါသည်။

"ဘယ်သူများလဲလို့ စိုင်းမောင်ကိုးကွ"

"စိုင်းဦး ... ဒီမှာ ရန်ကုန်က ဧည့်သည်တွေ"

"ဇေ ... မင်းဧည့်သည်လား"

ရှမ်းလူမျိုးအဘိုးကြီးက အားလုံးကိုဝေ့ကြည့်ပြီး ဦးစိုင်းမောင်ကိုသာ တိုက်ရိုက်မေးလေသည်။ မြန်မာလို ပြောနေရာက ရှမ်းလိုဆက်၍ ပြောလိုက်တာတွေလည်း ရှိပါသည်။

"ငါ့ဧည့်သည်တော့ မဟုတ်ဘူး။ သူတို့မိတ်ဆွေတစ်ယောက်အကြောင်း လာမေးမြန်းနေလို့ မင်းနဲ့များ ပတ်သက်မလား



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ခေါ်လာခဲ့တာ။ သူတို့မေးတဲ့သူ မင်း သိမယ်လို့ ထင်တယ်ကွ"

"ဟုတ်လား"

ဝါခေါင်လွန်က သူ စပြောပြီး မေးမြန်းရမှာမျိုး မလုပ်ချင်ဟန်ဖြင့် ယင်းမာကို လှည့်ကာလှည့်ကာကြည့်ပြီး ပြော လိုက်ဖို့ မျက်နှာရိပ်မျက်နှာကဲ လုပ်ပြပါသည်။ အခုထိ အဘွား ဖြစ်သူဟာ အချစ်ဦးကို မမေ့နိုင်ဘဲ ခရီးအဝေးကြီးထွက်ကာ လာရှာတယ်ဆိုသောအဖြစ်ကို လက်မခံနိုင်၊ သဝန်တိုဆဲဖြစ်နေ ဟန်တို့ကို တွေ့ရတဲ့ ဝါခေါင်လွန့်ကို ယင်းမာ ကျိတ်ကဲ့ရဲ့မိ သည်။ ကြည့်ပါဦးလေ သူ့အဘွားရော၊ (ဦး)စိုင်းထွန်းလုံရော ဟာ အသက်(၈၀)အဘိုးအဘွားတွေပဲ ဖြစ်နေပြီ။ ဘယ်သူကများ အခုမှ ပြန်ပေါင်းထုပ်ကြ။ ပြန်ချစ်ကြတဲ့အဖြစ်တွေ လုပ်မှာမို့လဲ မိတ်ဟောင်းဆွေဟောင်းလိုပဲ ပြန်ဆုံစည်းချင်ကြတာ။ ပြန်တွေ့ ချင်ကြတာ။ မပြောဖြစ်လိုက်တဲ့ စကားတချို့ ပြောချင်ကြတာမျိုး ပါ။ ဒါကို သူက ဘယ်လိုမှ နားလည်လို့မရဘဲ ကလေးဆိုးကြီး လို ငါ့အဘွားဟာ ငါ့အဘိုးရဲ့မိန်းမပဲ။ ဘယ်သူနဲ့မှ မချစ်ရဘူး ငါ့အဘိုးကိုပဲ ချစ်ရမယ်ဆိုတဲ့ ပုံစံကြီး လုပ်နေတာလေ။

"ကဲ ... ပြောပြပြီး မေးကြည့်ပါ။ စိုင်းဦးကတော့ အရှေ့ တန်းက တောင်ယာအငှားစိုက်တဲ့ အလုပ်တွေ လုပ်ရင်း အခုလို ကုန်ကြောက်ဆိုင်သူဌေးကြီး ဖြစ်လာတာပဲကွာ"





"ကိုယ့်ဒူးကိုယ်ချွန်ပြီး တက်လာရတာပေါ့ကွာ၊ တစ်သက် လုံး တောင်ယာပင်ပင်ပန်းပန်းလုပ်လို့ကတော့ အသက်ရှည် မှာတောင် မဟုတ်ဘူး"

ယင်းမာကပဲ ဦးဆောင်လာရသူလို ဖြစ်နေတာမို့ ယင်းမာပဲ စမေးမြန်းလိုက်ပါသည်။

"ဩော် ... ဒီလိုပါရှင်၊ အဘဦးစိုင်းဦး တောင်ယာလုပ် ကိုင်ခဲ့ဖူးတယ်ဆိုတဲ့ အချိန်က အဘလိုပဲ တောင်ယာလုပ် တဲ့ မိတ်ဆွေတချို့ကို သိမယ်လို့ မျှော်လင့်ပါတယ်"

"တချို့တွေလည်း အခုထိ အသက်ရှိသေးတယ်။ တချို့ လည်း ဆုံးကုန်ကြပြီကွယ့်"

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မတို့ အဲဒါကိုလည်း နားလည်ပါ တယ်။ အဘ မိတ်ဆွေထဲမှာ မေတ္တာရှင်ယာခင်းမှာ လုပ် ကိုင်ခဲ့တဲ့သူလည်း ပါမှာပေါ့နော်"

"မေတ္တာရှင်"

အဘိုးကြီး ဇဝေဇဝါလိုလိုဖြင့် သံယောင်လိုက်ကာ ထိုအမည်ကို ပြန်ရွတ်ပါသည်။

"ဟုတ်ပါတယ်၊ အခုတော့ ညီနောင်ဆိုတဲ့ အမည်ပြောင်း ပြီး တောင်ယာလုပ်ငန်း ဆက်လုပ်နေပါတယ်"

"ဩော် ... သိပြီ။ အေး ... ငါတို့က အဲဒီဘက်အခြမ်းမှာ မလုပ်ခဲ့ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ သိချင်တဲ့သူကတော့ မေတ္တာရှင်ယာခင်းမှာလုပ်ခဲ့တာပါ"

"မင်းတို့လူက ဘယ်သူလဲ"

"စိုင်းထွန်းလုံပါ၊ အခုတော့ ဦးစိုင်းထွန်းလုံပေါ့နော်။ အဘတို့ အဘိုးတို့တွေနဲ့ဆို ရွယ်တူလောက်ပါပဲ"

"စိုင်းထွန်းလုံ ... စိုင်းထွန်းလုံ"

အဘိုးကြီး ဦးစိုင်းဦးက ထိုနာမည်ကိုလည်း နှစ်ခွန်းလောက် ဆက်တိုက်ရွတ်ပြန်ပါသည်။ ပြီးတော့မှ ပြောသင့် မပြောသင့် ချိန်ဆနေဟန်ဖြင့် ...

"ငါသိတဲ့ စိုင်းထွန်းလုံတော့ ရှိတယ်"

ဟု ကြားလိုက်ရလျှင် ယင်းမာ ထခုန်မိမတတ်ဝမ်းသာသွားပါသည်။ အဘွားဒေါ်ခင်စိမ်းမြ လက်တွေကိုလည်း ဆုပ်ကိုင်လိုက်မိပါသည်။ အဘွားရဲ့လက်ချောင်းလေးတွေ အေးနေသည်။ အဘွားလည်း စိတ်လှုပ်ရှား ရင်ခုန်သွားပုံရပါသည်။

"သူက မေတ္တာရှင်ကလူလား ဘာလားတော့ ငါ သေသေချာချာ မသိဘူး။ သူက တောင်ယာလုပ်တယ်လို့ပဲသိတာ။ ငါတို့တွေ ဖောက်သည်တွေဆီကို သီးနှံတွေ သွားပို့ရင်းကားပေါ်မှာ ဆုံကြ၊ စကားပြော မိတ်ဆက်ကြရင်း အသိအကျွမ်း ဖြစ်ဖူးတယ်။ ကျန်တာ ဘာမှမသိဘူး"



"ဟုတ်ကဲ့ ... အခုရော အဘနဲ့ အဆက်အသွယ်ရှိသေးလားရှင်။ အဆက်သွယ်မရှိခဲ့ရင်လည်း သူ ဘယ်မှာနေတယ်လို့များ သတင်းကြားမိသလဲ သိချင်ပါတယ်ရှင်။ ကျွန်မတို့က ဦးစိုင်းထွန်းလုံကို တွေ့ချင်တယ်။ ဒါကြောင့် ဟိုလူ့မေး ဒီလူ့မေးနဲ့ စုံစမ်းနေတာ။ တစ်နေ့ကုန်တော့မယ်"

အဘိုးကြီးက အားလုံးကို တစ်ချက်အကဲခတ်ရင်း ...

"အဆက်အသွယ် ဘယ်ရှိတော့မှာလဲ"

ဟု ပြန်ဖြေလျှင် ခုနက အမြင့်ဆုံးတက်လာသော မျှော်လင့်ချက်တွေကို ပြန်ပြိုဆင်းသွားသလို ခံစားလိုက်ရပါသည်။

"ပြောရမှာ စိတ်မကောင်းပါဘူး။ စိုင်းထွန်းလုံက ဆုံးရှာပြီ။ ကျုပ်တို့လို အရွယ်ထိတောင် နေမသွားရပါဘူး။ သူနဲ့ကျုပ် နောက်ဆုံးတွေ့ခဲ့တဲ့အချိန်မှာ သူ့အသက်ကသုံးဆယ်တဲ့။ အဲဒီနောက်ပိုင်း မတွေ့ ... မတွေ့နဲ့ နီးစပ်ရာမေးကြည့်တော့ အပြင်းဖျားပြီး ဆုံးသွားတယ်လို့ သိရတယ်"

ယင်းမာ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားပါသည်။ ငိုချင်သွားသလိုလို၊ ကြေကွဲသွားသလိုလို၊ ယူကျုံးမရဖြစ်သွားသလိုလို ခံစားလိုက်ရတာမို့ ယင်းမာတောင် ဒီလိုခံစားရမှာဆိုတော့ အဘွားရော ဘယ်လောက်များ ခံစားသွားရရှာမလဲဆိုတဲ့ အတွေးနဲ့ အဘွား ဒေါ်ခင်စိမ်းမြကို လှည့်ကြည့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမာ ဆုံလိုက်ရသော အဘွားမျက်ဝန်းတွေကတော့ မျက်ရည်တချို့ဝေသီလျက်၊ သို့သော် ဒီလိုစကားမျိုးကိုလည်း မျှော်လင့်ထားခဲ့တာမို့ ဖြေသိမ့်လို့ရဟန် ဖြစ်နေသည့် အမူအရာကိုလည်း တွေ့ရပါသည်။ ယင်းမာနဲ့ အဘွားတို့လက်တွေက အသီးသီး ဆုပ်ကိုင်ထားခဲ့တာမို့ အခုတော့ ပိုပြီးတင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်မိသလိုတော့ ခံစားရသည်။

"ဘွား"

ဝါခေါင်လွန်က အဘွားဖြစ်သူကို စိုးရိမ်ဟန်ဖြင့် ပခုံးကို အသာလာပွေ့ကာ ခပ်တိုးတိုးခေါ်ပါသည်။ အဘွားကတော့ ကျန်တဲ့ ဘယ်သူ့ကိုမှ ဂရုစိုက်မနေတော့ဘဲ အခုမှပဲ ပထမဦးဆုံး စကားကို စပြောပါသည်။

"သူ့ကို ဘယ်မှာ သင်္ဂြိုဟ်ထားခဲ့လဲ၊ မီးရှို့သင်္ဂြိုဟ်တာလား၊ မြေမြှုပ်သင်္ဂြိုဟ်တာလား။ သူ့အထိမ်းအမှတ်တစ်ခုခုရော ထားလား သိချင်လိုက်တာ"

ဟူ၍ ဘယ်သူ့ကိုပြောမှန်းမသိသော စကားလုံးတချို့ကို ရေရွတ်ပြောဆိုပါသည်။

ဘယ်သူ့ကိုပြောမှန်း မေးမှန်း မသိပေမယ့် ဦးစိုင်းထွန်းလှုံ အကြောင်း အသိဆုံးဖြစ်နေသော ဦးစိုင်းဦးကပင် ဖြေပါသည်။



"ကျုပ်လည်း အဲဒီလို သိရပြီး စိတ်မကောင်း ဖြစ်မိတယ်လေ။ ကျုပ်နဲ့အတူတူ ကျောက်မဲဘက် လားရှိုးဘက်တက်ပြီး ကုန်စိမ်းပို့နေကျ ခရီးသွားမိတ်ဆွေလည်း ဖြစ်ခဲ့တာမို့ စုံစမ်းပြီး သွားကြည့်ဖူးပါတယ်။ သူ့ကို (......)အရပ်က သုသာန်မှာ မြေမြှုပ်သင်္ဂြိုဟ်ခဲ့တယ်။ အုတ်ဂူလည်း လုပ်ပေးထားတာ တွေ့ဖူးတယ်။ အခုတော့ နှစ်တွေလည်း ကြာပြီဆိုတော့ ရှိ၊မရှိ ကျုပ်မသိတော့ဘူး။ ကျုပ်လည်း အဲဒီတစ်ခေါက်ပဲ သွားကြည့်ခဲ့တာလေ"

အဘွားက ဝါခေါင်လွန့်ကို အမိပွာယ်ပါပါကြည့်ပါသည်။ ဝါခေါင်လွန်ဟာ အဘွားရဲ့အကြည့်ကို အလိုလို အဓိပ္ပာယ်ဖော်လို့ရလျက် ...

"သွားပါဗျာ ... သွားပါ။ ဘွား သွားချင်ရင်လိုက်ပို့ပါ့မယ်။ ဘယ်လောက်ပဲဝေးဝေး။ ဘယ်လောက်ပဲ လမ်းကြမ်းကြမ်း"

"ခရီးကတော့ ဒီကသွားရင် တော်တော်ဝေးတယ်၊ သုံးလေးနာရီလောက် ကားမောင်းရမယ်ထင်တယ်"

"သွားရမယ့်နေရာလေးကိုသာ အတိအကျ လမ်းညွှန်ပေးပါခင်ဗျာ။ ကျွန်တော်တို့ ဒီလောက်ထိ ခရီးပေါက်လာပြီးမှ သွားကြည့်ချင်ပါတယ်"

ဦးစိုင်းမောင်နဲ့ ဦးစိုင်းဦးတို့ ခေါင်းချင်းဆိုင်ပြောဆို ငြင်းခုန်ဆွေးနွေး၍ ထွက်လာသော ခရီးသွားမြေပုံကို ကောက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်ကာ သူတို့ တစ်ခါမှ မရောက်ဖူးသောနေရာဒေသတစ်ခုသို့ ဦးတည်လိုက်ကြပါသည်။

ထိုခရီးသို့အသွား ကားလမ်းပေါ်မှာ သုံးဦးစလုံး အသံတိတ်လာမိကြသည်။ အားလုံးအတွေးကိုယ်စီဖြင့် တစ်ခါမှ မရောက်ဖူးသော၊ မကြားဖူးသော၊ သိတောင်မသိသော ကျေးရွာ နေပုဒ်ငယ်လေးမှာရှိတဲ့ သုသာန်ငယ်တစ်ခုဆီ ဦးတည်နေခဲ့ကြသည်။

ယင်းမာ ရင်ထဲမှာတော့ ဝမ်းနည်းကြေကွဲနေမှုကို ခံစားရလွန်း၍ ကိုယ်ကိုယ်တိုင် ချစ်သူတစ်ယောက် ဆုံးရှုံးရသလိုပင် လွမ်းမောနေသည်။ အဘွားရင်ထဲမှာရော ဘယ်လိုများခံစားရမလဲဆိုတာ ယင်းမာ စိတ်ကူးယဉ် တွေးတောပါလာခဲ့သည်။ ယင်းမာတို့ဟာ (ဦး)စိုင်းထွန်းလုံဆိုတဲ့ အမည်နာမတစ်ခုကိုသာ သိခဲ့ပြီး ဒီနာမည်နဲ့လူကို လိုက်ရှာတယ်။ အစအနပျောက်နေခဲ့ရာမှ ပြန်ပေါ်လာပြန်တဲ့အခါမှာ သူဟာ သေဆုံးသူတစ်ယောက် ဖြစ်နေခဲ့သတဲ့။

ဒါဟာ လက်မခံနိုင်စရာမဟုတ်ပေမယ့် ယင်းမာ ရင်ထဲမှာ လက်မခံနိုင်သလို ခံစားနေရသည်။ သူဟာ တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ပဲ သေသွားခဲ့ရသလား။ မိသားစုတွေရှိခဲ့သလား။ မိသားစုကျန်ခဲ့သလား။ အခုသိခဲ့ရတဲ့သူဟာ အဘွားရဲ့ စိုင်းထွန်းလုံ အစစ်ရော ဟုတ်ရဲ့လား။

လမ်းညွှန်လိုက်တဲ့အတိုင်း သွားရသလို၊ လမ်းမှာလည်း ရသလောက် ရပ်ပြီမေးစမ်းပြီးသွားနေသော နေရာတစ်ခုဆီသို့ ကားမောင်းချိန်သုံးနာရီကျော်အကြာတွင် ရောက်ခဲ့ပါတော့သည်။

"အဘွား ဝင်ကြည့်ချင်ရဲ့လား"

"အို ... ဘာလို့ ဝင်မကြည့်ချင်ရမှာလဲ"

"သူ ဒီမှာလဲလျောင်းနေတယ်ဆိုတာ သိရရင် အဝေးကပဲ ကြည့်ပြီး ပြန်ကြရအောင်"

"ဘာဖြစ်လို့လဲ မြေးရဲ့၊ ဘာတွေ အယူသီးနေတာလဲ။ သုသာန်ဆိုတာ ကြောက်စရာနေရာ မဟုတ်ပါဘူး။ တစ်နေ့ကျ အားလုံးရောက်ရမယ့် နေရာတစ်ခုပဲ။ အသက်ရှင်တဲ့လူတွေ နေနေကြတဲ့ ပတ်ဝန်းကျင်ထက်တောင် ဒီသုသာန်ပတ်ဝန်းကျင်က ပိုသန့်စင်ပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေ၊ တစ်ဦးနဲ့တစ်ဦး ကောက်ကျစ်မှု မနာလိုမှု၊ အနိုင်ယူလိုမှုတွေ၊ မာနတွေ မရှိဘူး။ အားလုံးတိတ်ဆိတ်အေးချမ်းစွာ လဲလျောင်းနေတဲ့သူတွေပါ။ အဘွား ဘာမှ ဝင်မသွားရဲစရာ မရှိဘူး"

"ဒါဆိုလည်း သွား သဘောပဲ"

အုတ်ဂူတချို့တလေ၊ မှတ်တိုင်တချို့တလေနှင့် ကျိုးကျဲတဲသာရှိသော သုသာန်ဟောင်းတစ်ခုအဖြစ်သာ ရှိသော ... သုသာန်အတွင်းသို့ ဝင်လာခဲ့ကြပါသည်။ ရှာရှင်းဖွေရင်း





www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုပေမယ့် သိပ်လည်းမကျယ်၊ မများလှသော နေရာမှ အသွား ရှာဖွေသော အုတ်ဂူကို တွေ့ပါသည်။

စိုင်းထွန်းလုံ

အသက်(၃၀)နှစ်

ဟူ၍သာ မြန်မာလိုရေးထားပြီး ကျန်တဲ့စာသားတချို့မှာ ရှမ်းဘာသာဖြင့် ဆက်ရေးထားတာ တွေ့ရသည်။ အုတ်ဂူမှာ အတော်ကြီးကို ဟောင်းနွမ်းပျက်စီး ပြိုပျက်နေပြီ။ အဖြူပြင်မပေါ်တော့ဘဲ ရေညှိတွေ၊ နွယ်တွေ၊ ချုံတွေဖြင့် ဝါးမျိုခံထားရလေပြီ။ ကံကောင်းတာက နာမည်ထိုးထားသော စာသားတွေကို အုတ်သားမှာ ထွင်းထားသဖြင့် နာမည်တွေ ပျက်မသွားခြင်းပင်။

အသွား တိတ်ဆိတ်ပြီး အကြာကြီး ငေးကြည့်နေပါသည်။ ယင်းမာက အသွားကို ဒီဘက်လက်တစ်ဖက်မှ တွဲထားပြီး ဝါခေါင်လွန်က နောက်တစ်ဖက်မှ တွဲထားပါသည်။ တစ်အောင့်ကြာမှ အသွားဆီမှ အသံကြားရသည်။

"ကဲ ... သွားကြတာပေါ့လေ"

ဘွားရဲ့ခြေလှမ်းတွေဟာ ပိုပြီးနေးကွေးနေကာ အားအင်ချို့တဲ့နေသလို ဖြစ်သွားကြောင်း ဝါခေါင်လွန်သတိပြုမိသည်။ ဘွားကို တယုတယပင် ဖေးမတွဲခေါ်လာကာ ကားပေါ်ဂရုတစိုက်တင်ပေးလိုက်သည်။ ယင်းမာလည်း တိတ်ဆိတ်စွာပင် နောက်ခန်းတံခါးကိုဖွင့်၍ ဝင်ထိုင်ပါသည်။





ယင်းမာဝင်ထိုင်ထိုင်ချင်းပင် ဝါခေါင်လွန်ဟာ ကားနောက်ခန်းကို လှည့်ကြည့်ပြီး ...

"ယင်းမာ ... ခင်ဗျားဘာကြောင့် ဒီလောက်ထိအောင် ဘွားကို ဆွဲခေါ်နိုင်ခဲ့ရတာလဲဗျာ။ ဘွားဟာ သူ့ခင်ပွန်းသည်ကို ဆုံးရှုံးခဲ့ရလို့ ခံစားရတဲ့ ကြေကွဲမှုမျိုးထပ်ပြီး ခံစားရပြီ။ ခင်ဗျားသာ ဒီထိရောက်အောင် မခေါ်ခဲ့ရင် ဘွား ခုလိုခံစားရမှာ မဟုတ်ဘူး။ ခင်ဗျားဟာ ကိုယ်ကျိုးအတွက်ပဲကြည့်ပြီး ဘယ်သူ့ခံစားချက်ကိုမှ ငဲ့ညှာတဲ့မိန်းမ မဟုတ်ဘူး"

ဟု ဒေါသတကြီးဖြင့် စွပ်စွဲပြောဆိုလိုက်မိသည်။

ယင်းမာသည် ရုတ်တရက်တော့ ဘာပြောရမှန်းမသိဖြစ်လျက် တိတ်ဆိတ်ငေးကြောင်နေမိသည်။ အသွားလည်းခါတိုင်းလို ယင်းမာတို့နှစ်ယောက်ကြား ဝင်ဖျန်ဖြေ၊ နှစ်သိမ့်တာမလုပ်နိုင်ဘဲ တိတ်ဆိတ်နေသဖြင့် ယင်းမာတို့နှစ်ဦးရဲ့အခြေအနေဟာ တင်းမာသွားသယောင် ထင်ရသည်။

အားလုံးဟာ အပြန်လမ်းကထက်တောင်ပိုပြီး တိတ်ဆိတ်သွားပါတော့သည်။

♥ ✪ ♥



www.burmeseclassic.com

www.burmeseclassic.com



## ❋ ၁၃ ❋

"မြေး ... အဲဒီလို ဒေါသနဲ့ပြောလိုက်တာ မကောင်းပါဘူး၊ တကယ်တော့ ယင်းမာက အတင်းဆွဲခေါ်ခဲ့လို့ ဘွား လိုက်လာခဲ့တာမှ မဟုတ်တာ"

ဟိုတယ်အခန်းထဲရောက်ပြီး၊ ရေမိုးချိုး၊ အနားယူနေစဉ် ဖွားက တစ်လျှောက်လုံး အသံတိတ်နေရာမှ ထိုစကားကို စပြောပါသည်။

"ယင်းမာဟာ အနုပညာသမားစစ်စစ်ပါ။ သူ့မှာ ခံစားတတ်တဲ့ နှလုံးသားရှိတယ်။ အဲဒီနှလုံးသားကြောင့်လည်း သူဟာ ဘွားရဲ့ဘာမဟုတ်တဲ့ ဓာတ်လမ်းလေးကို တသသခံစားပြီး ဘွားရင်ထဲက ဆန္ဒအမှန်ဟာ ဘာလဲလို့ သူမြင်နိုင်တာပေါ့။ ဒါဟာ သူတစ်ပါးရဲ့ခံစားချက်ကို ငဲ့ညှာတတ်တာပဲလေ။ ငဲ့ညှာတတ်တဲ့မိန်းမ, မဟုတ်ဘူးလို့လည်း မစွပ်စွဲရဘူး။ သူ့လောက် နှလုံးသားလှတဲ့မိန်းကလေး မရှိပါဘူး မြေးရယ်"

ဝါခေါင်လွှန် ကိုယ်တိုင်လည်း သူ့ဒေါသကြောင့် ခပ်မာမာပြောဆိုလိုက်မိသည်ကို ခုမှ နောင်တရကာ အားနာနေပါသည်။ ဘယ်လိုစပြီး တောင်းပန်ရမှန်းတောင် မသိသလို ဖြစ်နေသည်။ တကယ်တော့ ဒီနေရာဒေသထိ ဘွားလိုက်လာတယ်ဆိုတာဟာ ဘယ်သူ့ပယောဂမှ မပါဘဲ ဘွားစိတ်ထဲမှာ တကယ်ပါလို့ ရောက်လာခဲ့ရတယ်ဆိုအာကို သူကိုယ်တိုင်လည်း သိနေပါသည်။ သို့သော် သိသိကြီးနှင့် ရုတ်တရက် ဒေါသဖြစ်ပြီး စွပ်စွဲလိုက်မိပြီ။

ဘွား တော်တော်လေး ဝမ်းနည်းသွားကြောင်း သတိထားလိုက်မိချိန်မှာ စိတ်ထဲက လွှတ်ခနဲ ပြောမိသွားတာပင်။

"မနက်ကျ ဘရိတ်ဖတ်(စ)စားကြရင် မြေး သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး တောင်းပန်ဖို့ စဉ်းစားထားနော်"

"ဟုတ်ကဲ့ပါ ဘွား"

"ဟုတ်ကဲ့ပါ ဘွားလို့ ကတိပေးရုံနဲ့ မရဘူးနော်၊ သေသေချာချာ တောင်းပန်ရမယ်။ ဘွားရဲ့မြေးဟာ လူဆိုးလူရိုင်း မဟုတ်ဘူး။ လူလိမ္မာ လူယဉ်ကျေး ဘွားကိုယ်တိုင် မြူစုပျိုးထောင်လာတဲ့ လူကောင်းလေးဆိုတာ ပြရမယ်"

"စိတ်ချပါဘွားရဲ့"





www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ဘွားလည်း ဝါခေါင်လွှန့်ဆီက ကတိတွေရဆော့မှ သောက်နေကျအားဆေး၊ အိပ်ဆေး၊ အစာအိမ်ဆေးတွေသောက်ပြီး အိပ်ရာဝင်လေသည်။ တစ်နေကုန်လည်း ကားတစ်စီးဖြင့် ရွာတွေဘက်မောင်းလိုက်၊ ဟိုနေရာညွှန်ပြန်ရင် စမ်းတစ်ခါးဝါးမောင်းလိုက်။ ဒီနေရာညွှန်ရင် ဟိုမေးဒီမေးမောင်းလိုက်ဖြင့် လှုပ်ရှားခဲ့ရသလို ဘွားမျှော်လင့်သလို ဝါခေါင်လွှန်ကိုယ်တိုင်လည်း ဘွားရဲ့ စိုင်းထွန်းလုံကို တွေ့ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ပြီးမှ သက်ရှိထင်ရှားမရှိတော့ဘူးဆိုတာ သိလိုက်ရ၍ 'စိတ်ကသိကအောက်ဖြစ်ရမှုတွေ ခံစားရ စသဖြင့် အတွေ့အကြုံမျိုးစုံခံစားချက်မျိုးစုံတို့နှင့် ရုန်းကန်ခဲ့ရသောကြောင့် ဝါခေါင်လွှန်လည်း ချက်ချင်းနီးပါး အိပ်ပျော်သွားပါသည်။

တစ်ရေးမှမနိုးတော့ဘဲ တောက်လျှောက်အိပ်ပျော်သွားလိုက်သည်မှာ မနက်မိုးလင်း ခုနစ်နာရီထိုးမှ ဘွားဆီက လှုပ်ရှားသံ၊ ချောင်းဟန့်သံကြားမှ နိုးတော့လေသည်။

ဘွားနဲ့အတူ နံနက်စာစားဖို့ ဟိုတယ်လ်၏ ထမင်းစားခန်းထဲသို့ဆင်းလာရာ ယင်းမာ၏အရိပ်အယောင်ကို မတွေ့ရပေ။

"အခန်း(--)မှာ တည်းတဲ့ညီသည် ဘရိတ်ဖတ်(စ)လာစားပြီးပြီလားကွယ်"

ဘွားက စားပွဲထိုးကောင်လေးကို မေးပါသည်။





"မလာသေးပါဘူးခင်ဗျာ"

ဘွားက ဒီတော့မှ ရင်အေးသွားသလိုဖြင့် ပြုံးသည်။

"ဘွားက ဘာကိုပူပင်နေရတာလဲ"

"သြော် ... သားကပြောဆိုထားတော့ သူ့ခမျာ မျက်နှာပူပြီး အရင်ပဲ ကြိုဆင်းစားထားနှင့်ပြီလားလို့ပါ"

"မျက်နှာပူရမှာက ကျွန်တော်ပါ ဘွားရဲ့၊ သူ့ကို အားနာနေရမှာ"

"သူကလည်း သူ့ကြောင့် ဘွားရင်ထဲက ခံစားချက်တွေအသစ်ပြန်ဖြစ်ပြီး ပြန်ခံစားရတယ်လို့ တွေးရင်တွေးမှာပေါ့၊ ဒီလိုအဖြစ်ကို ဘယ်သူကမှ မျှော်လင့်ထားမှာမဟုတ်ဘူးလေ"

"တော်ပါပြီဘွားရယ်၊ ထပ်ပြောမနေပါနဲ့တော့၊ မေ့လိုက်ပါတော့၊ ဘွား သိချင်တဲ့အကြောင်းအရာလည်း သိလိုက်ရပြီးပြီပဲ၊ ဘွားစိတ်ထဲမှာ အဲဒီလူကို ဒီနေ့ကစပြီး မေ့လိုက်ရင်ကောင်းမယ်"

ဝါခေါင်လွှန်က စိတ်ပူသလိုလို တားမြစ်ပြောဆိုလျှင် ဘွားကရယ်သည်။

"မြေးက ဘာစိုးရိမ်နေတာလဲ၊ ဘွား ခံစားနေရတယ်ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လွန် အင်းမလုပ် အဲမလုပ်သာနေသည်။ ဘာပြန်ဖြေရမှန်းမသိတာဖြစ်သည်။

"ဘွား ရုတ်တရက်တော့ သူ့အဖြစ်ကို သနားပြီး ဝမ်းနည်းသွားပါတယ်-သားရယ်၊ ဒါပေမဲ့ အဲဒါက ခဏလေးပါပဲ။ ငါးမိနစ်၊ ဆယ်မိနစ်ပဲကြာပါတယ်၊ ဘာကြောင့်လဲဆိုတော့ စိတ်ထဲမှာ ဖြေပြီးတွေးလို့ရလိုက်တယ်လေ၊ ငါ နှစ်ပေါင်း ငါးဆယ်လောက်တောင် သူဘာဖြစ်ဖြစ်ဆိုပြီး မေ့ထားပစ်ထားခဲ့ပြီးပြီပဲ၊ သူ့ကို ဒီလိုအဖြစ်မျိုးနဲ့ ပြန်ဆုံရတော့ရော ဒီထက်ပိုပြီး ဘာဝမ်းနည်းစရာလိုတော့လဲ၊ သေသွားပြီးခဲ့တဲ့လူတစ်ယောက်ဟာ အားလုံးကို နိုင်သွားတာနဲ့ အတူတူပဲ၊ သူ့မှာ ဘာခံစားချက်၊ ဘာသံယောဇဉ်မှမရှိတော့ဘူး၊ သူ့ဘဝဟာ ငြိမ်းချမ်းသွားပြီ၊ အသက်ရှင်နေရင်တောင် ပူလောင်ရသေးတယ်လို့ တွေးမိတော့ ဘွား ရင်ထဲမှာ ဘာမှ မဖြစ်တော့ပါဘူး"

"ဟော ..."

ဝါခေါင်လွန်က ထမင်းစားခန်းမကြီး၏အဝတွင် ရိုပ်ခနဲ မြင်လိုက်သော ယင်းမာ၏အရိပ်ကြောင့် ရုတ်တရက် "ဟော"ဟု အာမေဋိတ်သံထွက်သွားပါသည်။ ဘွားက ဝါခေါင်လွန် ကြည့်ရာသို့ လိုက်ကြည့်သည်။





"ယင်းမာလေး၊ ဝင်လာပြီ၊ ဟော ... ဘွားတို့ဘက်ကို ပြုံးပြီးလျှောက်လာနေပြီ၊ မြေး ဝါခေါင် ဘွားမှာထားတာ မမေ့နဲ့နော်၊ သူ့မျက်နှာကို သေသေချာချာကြည့်ပြီး စောင့်ပန်ရမယ်"

"သိပါတယ်ဘွားရဲ့၊ ကျွန်တော် ဆယ်နှစ်သားမဟုတ်တော့ဘူး"

"ဆယ်နှစ်သားမဟုတ်တော့လို့ သင်နေရတာပေါ့၊ ဆယ်နှစ်သားဆိုရင် ဘွားက ဒါပြောလိုက်၊ ဒါလုပ်လိုက် ကြိုက်တာခိုင်းလို့ရတယ်၊ နာခံတယ်၊ အခုတော့ အသက်အစိတ်လူရွယ်လေးဖြစ်နေပြီလေ၊ ဘွားစကားဆို သိပ်နားမထောင်ချင်တော့ဘူး"

"ဘွား သူ ရှာနေပြီ"

ဝါခေါင်လွန်က ယင်းမာ ကြားသွားမှာစိုးရိမ်ဟန်ဖြင့် ဘွားကို ဟန့်လိုက်ပါသည်။ ယင်းမာကတော့ ကြည်လင်သော အပြုံးလေးဖြင့် ဘွားကိုသာ တည့်တည့်ကြည့်ပြုံးပြီး ဝင်ထိုင်သည်။ ဝါခေါင်လွန်ကို လုံးဝ လှည့်မကြည့်ပြုံးမပြ။ ဒီတော့ ဝါခေါင်လွန်မှာ အားစရခက်နေတော့လေသည်။

"အိပ်ရေးဝရဲ့လားသမီး"

"ဟုတ်ကဲ့ ဝပါတယ်အဘွား၊ ဒီနေ့မနက် ချက်(ခ)အောက်ထ် (Check out)လုပ်ပြီးတာနဲ့ ပြန်ထွက်တော့မှာဆိုတော့ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



လို့ရတာလေးတွေတောင် ကြိုသိမ်းထားလိုက်သေးတယ်၊ ပြီးမှအိပ်တာပေမယ့် အိပ်ရေးဝပါတယ်"

"ယင်းမာကတောင် ပစ္စည်းသိမ်းသေးတယ်၊ ဘွားတို့က သိမ်းတောင်မသိမ်းနိုင်ဘူး၊ တစ်ခါတည်းကိုထိုးအိပ်တော့တာပဲ"

ဝါခေါင်လွန်နီက တဟင်းဟင်း တဟာမ်းဟာမ်းတွေ အသံပြုပြီးမှ ထစ်အထစ်အအသံဖြင့် ...

"ဟင်း ... ယင်းမာ ... ဟို ... အဟာမ်း ဒီလိုပါ"

ဟု အသံပြုလျက် ယင်းမာ.သူ့ထံ မျက်လုံးစွေကြည့်ပါသည်။

"ဟို ... မနေ့ကညနေက ကိစ္စအတွက်ပါ၊ အဟာမ်း ... ဟို ... အဲဒါ ကျွန်တော်ပြောလိုက်တာ လွန်သွားပါတယ် တောင်းပန်ပါတယ်နော်၊ ရုတ်တရက်ဆိုတော့လေ ဟို ... အဘွားစိတ်ထိခိုက်သွားပြီဆိုပြီး စိတ်ပူပြီး ဘာတွေပြော လိုက်မိမှန်းတောင် မသိလိုက်သလိုဖြစ်သွားပါတယ်"

သိပ်အစီအစဉ်မကျနလှသော၊ စကားလုံးတွေ မပီပြင်ဘဲ ရှုပ်ထွေးနေသော တောင်းပန်စကားကို ကြိုးစားပြီး ယင်းမာ မျက်နှာကိုစိုက်ကြည့်လျက် ပြောလိုက်ရပါသည်။ ယင်းမာ သူ့ထံ အသာပြန်၍ မျက်လုံးဝေ့ကြည့်လိုက်ကာ ...

"ရပါတယ်"





ဟုသာ ခပ်တိုးတိုးဖြေသည်။

"ကျွန်တော် မှားသွားတာ တောင်းပန်ပါတယ်နော်"

"ရပါတယ် ကိစ္စမရှိပါဘူး"

"ကဲ ကဲ ... ကလေးတွေ တစ်ယောက်နဲ့တစ်ယောက်လည်း ပြေလည်သွားကြပြီဆိုတာသိရတော့ ဘွား ဝမ်းသာပါတယ် ကွယ်၊ တစ်ခရီးတည်း အတူတူသွားခွင့်ရတယ်ဆိုတာ အတိတ်ဘဝက ရေစက်တစ်ခုပါခဲ့လို့ သွားခဲ့ရတာလေ၊ ဒီတော့ ခဏတာ သွားခွင့်ရတုန်း အားလုံး သင့်သင့်မြတ်မြတ်နဲ့ ပျော်ပျော်ပါးပါးရှိရမှာပေါ့"

စားသောက်ကြရင်း စကားတွေ ဟိုပြောဒီပြောလုပ်ရင်းကပဲ တစ်ယောက်နဲ့တစ်ယောက် ရှိန်နေသော ယင်းမာနဲ့ ဝါခေါင်လွန်တို့လည်း ပြန်၍ စကားအပြန်အလှန်ပြောဖြစ်သွားကြပါသည်။

ဟိုတယ်လ်ကနေထွက်တဲ့အချိန်ကို မနက်(၁၀)နာရီ သတ်မှတ်ထားသဖြင့် ဆယ်နာရီထိုးတာနဲ့ စုံကြဖို့ စီစဉ်ချိန်းဆိုပြီးသောအခါ ကိုယ့်အခန်းကိုယ်ပြန် ပစ္စည်းသိမ်းရသည်။ ယင်းမာက မြန်သူမို့ အရင်သိမ်းပြီးနှင့်ကာ ဝါခေါင်လွန်တို့မြေး အဘွားအခန်းတိုင် တံခါးခေါက်ဝင်လာပြီး ဘွားရဲ့ပစ္စည်းတွေ လာကူသိမ်းပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရစေးပါပဲ ယင်းမာရယ်၊ ကျွန်တော့်ဘာသာဆို ဘယ်ပစ္စည်းဘယ်သေတ္တာလို့ သတ်သတ်မှတ်မှတ်မထားဘဲ အကုန်ရောထည့်မိမှာပဲ"

"ရပါတယ် အဲဒီလို ပစ္စည်းသိမ်းဆည်းတာ၊ ထုပ်ပိုးတာတွေကို မိန်းကလေးတွေက ပိုအကွက်မြင်ပြီး စနစ်တကျနဲ့ မြန်မြန်သိမ်းတတ်တာလေ၊ ဒါကြောင့် ယင်းမာ လာကူသိမ်းပေးတာ"

"မန္တလေးမှာ ညအိပ်ကြမယ်နော် ဖြစ်လား၊ ဘယ်မှ မဝင်ဘဲ တောက်လျှောက်မောင်းမယ်လေ"

"ယင်းမာကရတယ်၊ ဘွားကိုပဲ မေး၊ ဘွား ခံနိုင်ရည်ရှိရင် သွားလို့ရတယ်"

အားလုံး ပစ္စည်းတွေ ကားပေါ်တင်ပြီးတာနဲ့ မန္တလေးပြန်ဆင်းဖို့ အသင့်ဖြစ်နေပြီ။ ဘွားလည်း ပြုံးပြုံးရယ်ရယ် တက်တက်ကြွကြွနှင့် အားအင်ပြည့်ဖြိုးနေတဲ့ပုံစံမို့ ဝါခေါင်လွန်လည်း စိတ်လက်ချမ်းသာစွာပင် ကားမောင်းထွက်လာနိုင်သည်။ ဘွားသာ တစ်စုံတစ်ရာကြောင့်များ ငေးမောရီဝေနေမည်ဆိုလျှင် သူ ဘယ်လိုမှ စိတ်ချမ်းသာနိုင်မယ်မထင်ဘူး။ သူ့ဘဝတွင် ဘွားသာရှိခဲ့ပြီး မိဘနေရာမှာ အစားထိုးထားရသဖြင့် ဘွားကို စိတ်ချမ်းသာရအောင် ထားချင်မိပါသည်။





ကျောက်မဲမြို့ထဲကို ဖြတ်မောင်းနေစဉ် ဘွားက ယင်းမာကို လှည့်ကြည့်ပြီး စကားစသည်။

"ယင်းမာ ဝတ္ထုလေးကို ယူလာပြီး ရေးသလား၊ အခုလို မျိုး မှတ်စုလေးတွေထုတ်ထားပြီးမှ အိမ်ပြန်ရောက်မှ ရေးမှာလား"

"ခရီးသွားရင်းနဲ့တော့ စာတော့မရေးဖြစ်ပါဘူး အဘွားရယ်၊ စာမူကိုယူတော့ယူလာပါတယ်၊ အချောမရေးဖြစ်ဘူး၊ ဒီမှတ်စုစာအုပ်လေးထဲမှာပဲ ဟိုခြစ်ဒီခြစ်ရေးလိုက်၊ နေရာဒေသမြင်ကွင်းလေးတွေမှတ်လိုက်၊ ဓာတ်ပုံရိုက်လိုက်ပေါ့၊ ရန်ကုန်ရောက်မှပဲ သေသေချာချာရေးဖြစ်တော့မယ်၊ မေ့သွားတာရှိရင် မှတ်စုပြန်ကြည့်၊ ဓာတ်ပုံတွေပြန်ကြည့်ပေါ့"

"ဘွားကိုလည်း ဖုန်းဆက်ပြီးမေးနော် ရတယ်"

"ဟား ဟား ဟား ... ဘွားက သူ့ကို ယင်းမာ မဆက်သွယ်တော့မှာစိုးရိမ်လို့မှာတာ သိလား"

ဝါခေါင်လွန်က ရယ်မောကာ ဝင်နောက်ပါသည်။ ဘွားက ပြုံးလျက် ...

"အဲဒီလိုလည်းမဟုတ်ပါဘူး၊ ဘွားက နားလည်ပါတယ်၊ ယင်းမာက အလုပ်များတယ်၊ လုပ်စရာတွေရှိနေသေးတယ်ဆိုတော့ ဖုန်းမဆက်လည်း ဘွားက နားလည်ပါတယ်၊ ဘွားက ယင်းမာစာအုပ်လေး ကောင်းကောင်းမွန်မွန်နဲ့ ပြီးသွားစေချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေသည်။

"ယင်းမာ ဒီအကြောင်းကို အစဖော်တယ်ရယ်လို့ မထင်စေချင်ဘူး၊ ဒါပေမဲ့ ယင်းမာ စိတ်ထဲမှာ သံသယဖြစ်တာတစ်ခုတော့ရှိနေတယ်"

ယင်းမာက ရုတ်တရက် လေးလေးနက်နက်ပြောလိုက်သဖြင့် ဘွားရော ဝါခေါင်လွန်ပါ အာရုံစိုက်လိုက်ကြသည်။

"ယင်းမာတို့ သွားကြည့်ခဲ့တဲ့ ဦးထွန်းလုံဟာ အဘွားရဲ့ စိုင်းထွန်းလုံ ဟုတ်မဟုတ် ဘယ်သူကမှ သေသေချာချာ မသိခဲ့ဘူးလေ၊ ဒီတော့ အဲဒါဟာ အဘွားတွေ့ချင်တဲ့လူအစစ်ရော ဟုတ်ပါ့မလားပေါ့လေ၊ စိုင်းထွန်းလုံလို့ဆိုတိုင်း ငါတို့သိတဲ့ စိုင်းထွန်းလုံပဲလို့ ယင်းမာ အလွယ်တကူမယုံလိုက်ချင်ဘူးလေ၊ ဟို ... ယင်းမာ အဘွားစိတ်ကို အနည်ထိုင်နေရာကနေ ပြန်ဆွပေးတာတော့မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီအဖြစ်ကို အလွယ်တကူလက်မခံချင်ဘူးလို့ စိတ်ထဲမှာ ရှိနေတာပါ"

ယင်းမာက ဝါခေါင်လွန် နောက်တစ်ခေါက် ပြန်စိတ်ဆိုးပြီးအော်မှာလည်း စိုးရိမ်သလိုဖြင့် ခပ်လေးလေးပြောပါသည်။ သို့ပေမဲ့ ယင်းမာပြောပြသောအချက်မှာ ဖြစ်နိုင်နေတာမို့ ဝါခေါင်လွန်ရော အဘွားပါ ခေါင်းညိတ်လက်ခံနိုင်ကြပါသည်။

"ယင်းမာပြောတာ ဖြစ်နိုင်ပါတယ်ကွယ်"





"ယင်းမာ အဘွားကို ထပ်ပြီးရှာခိုင်းချင်တာမဟုတ်ဘူးနော်"

"သိပါတယ် အဘွားလည်း ယင်းမာတွေးသလိုတော့ ညမအိပ်ခင်လေးမှာ တွေးပါသေးတယ်၊ ဒါပေမဲ့ ဆက်ပြီးရှာမနေတော့ပါဘူးကွယ်၊ ဒီခရီးတစ်ခုကို ပြီးမြောက်အောင်သာ လိုက်နိုင်ပြီ၊ ဘွား တစ်ခေါက်တောင်ပြန်ရောက်တော့မယ်မထင်တဲ့နေရာကို ရောက်လိုက်ရပြီးပြီဆိုတာကိုပဲ ကျေနပ်သွားပါပြီ၊ ကိုစိုင်းထွန်းလုံကို တွေ့ရသည်ဖြစ်စေ၊ မတွေ့ရသည်ဖြစ်စေ ဒီခရီးကိုလာလိုက်နိုင်တာကိုပဲ ဘွား တော်တော်ကျေနပ်သွားပါပြီ၊ စိတ်ထဲလည်း နောက်ဆံတင်းတာ၊ စိတ်မကောင်းဖြစ်တာတွေ မရှိတော့ပါဘူး"

"အဲဒီလိုကြားရတော့ ယင်းမာလည်း စိတ်ချမ်းသာပါတယ် ဘွားရယ်"

စကားခဏပြတ်သွားပြီးနောက် ယင်းမာလည်း မြို့အထွက်လမ်းဘေးမြင်ကွင်းတွေကို စိတ်ပုံရိုက်ယူနေလိုက်သည်။ အဘွားလည်း လမ်းဘေးတစ်ခွင်မှာရှိနေတဲ့ ခြံအကြီးကြီးတွေနဲ့ စိုက်ပျိုးလုပ်ကိုင်နေသော လိမ္မော်ခြံ၊ စပျစ်ခြံ၊ သစ်တော်သီးခြံ စသဖြင့်တို့ကို တိတ်ဆိတ်စွာ ငေးမောလာပါသည်။

ခြံတွေရှေ့အဖြတ်မှာ အသီးအနှံတွေခူးဆွတ်နေသော လူငယ်တချို့ကို တွေ့ရသည်။ အများစုက ရှမ်းဘောင်းဘီပွပွကြီးတွေ ဝတ်လျက်၊ ရှမ်းခမောက်လေးတွေဆောင်းကာ စလွယ်သိုင်းလွယ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော အဝတ်ထုအိတ်ကြီးထဲ ခူးလို့ရသမျှ အသီးအနှံတွေကို ထည့်ကြတာတွေ့ရသည်။ တချို့က မတ်တပ်ရပ်လျက်၊ တချို့က တော့ နည်းနည်းမြင့်သောအပင်တွေကို မီအောင်ခူးရမှာမို့ လှေကားထောင်ထားပြီး လှေကားပေါ်တက်ရပ်လျက် ခူးဆွတ်နေကြတာ ဖြစ်သည်။

ထိုသို့ ခြံတွေတစ်ခြံပြီးတစ်ခြံ ဖြတ်မောင်းလာစဉ်မှာ အဘွားထံမှ ...

"အို ... ဟိုမှာ"

ဟူသော အာမေဋိတ်သံကြားရလျက် ထိုခြံဆီ ခေါင်းကိုလှည့်လျက် မရမကပြန်ကြည့်နေတာတွေ့ရပါသည်။

"ဘာလဲ အဘွား"

"ကား ခဏရပ်ပါကွယ်၊ အဘွား ဆင်းကြည့်ချင်လို့"

ဝါခေါင်လွန်က ကားကို လမ်းဘေးအသာထိုးရပ်ပေးလိုက်ပါသည်။ အဘွားက ကားရပ်ရပ်ချင်း ကားတံခါးကို ဖွင့်ဆင်းနေပြီ။ ယင်းမာလည်း အမြန်လိုက်ဆင်းလိုက်ရပါသည်။

"ဟိုနားကခြံမှာ"

အဘွားအသံက စိတ်လှုပ်ရှားပြီး အသက်ရှူနှုန်းမြန်သလိုဖြစ်နေပါသည်။

"ဘာလဲ အဘွား"

"ဘွား ကြည့်ချင်တယ်"





"ဖြည်းဖြည်း အဘွား၊ ယင်းမာပါလိုက်မယ်"

ယင်းမာ အဘွားလက်မောင်းကိုတွဲပြီး လိုက်လာခဲ့သည်။ ဝါခေါင်လွန်ကတော့ ကားကို မှီရပ်ရင်း လက်ပိုက်စောင့်ကြည့်ကျန်ခဲ့ပါသည်။

"သူ့ပဲ"

"ရှင် ... အဘွား"

"အဲဒီလူငယ်လေးပဲ"

ယင်းမာသည် အဘွား ကြည့်ပြီးညွှန်ပြလိုက်သော သစ်သီးခူးဆွတ်နေသည့် ရှမ်းလူငယ်လေးကို နားမလည်နိုင်သလိုကြည့်မိသည်။ လှေကားထောင်လျက် လှေကားပေါ်မတ်တတ်မှီရပ်ပြီး သစ်တော်သီးတွေ စိတ်ဝင်တစားခူးနေသော ကောင်လေးကတော့ သူတို့ကို သတိမထားမိပါ။

"အဘွား သူ ဘယ်သူလဲ"

"စိုင်းထွန်းလုံလေ ကိုထွန်းလုံ"

ယင်းမာသည် အဘွားကို စိုးရိမ်တကြီးစိုက်ကြည့်ပြီး မိုဃ်းတင်းကျပ်အောင် ဆုပ်ကိုင်ထားမိသည်။ ဘုရားရေ ... အဘွားစိတ်မှမှန်သေးရဲ့လား။ အသက်နှစ်ဆယ်အရွယ်လောက်ရှိမယ့် ရှမ်းကောင်လေးကို အဘွားရဲ့စိုင်းထွန်းလုံလို့မြင်နေပြီလား။ ယင်းမာ ရင်ထဲမှာ အတော့်ကို စိုးရိမ်ပူပင်သွားသည်။ အဘွား ခံစားရတာတွေကို မျိုသိပ်ထားရလို့များ စိတ်မမှန်တော့ဘူးလား။ သူငယ်ပြန်သွားတာများလား။



www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာကို အဘွား လျှို့ဝှက်ထားတာတစ်ခုရှိတယ်၊ အဲဒါက ဘာလဲဆိုတော့ အဘွားမှာ ကိုထွန်းလုံရဲ့ဓာတ်ပုံလေး ရှိတယ်ဆိုတာပဲ၊ အဲဒီဓာတ်ပုံလေး ဒီလက်ကိုင်အိတ်ထဲမှာပါ၊ အခုမှ ထုတ်ပြမယ်၊ ဒီဓာတ်ပုံလေးကိုမြင်လိုက်ရင် ယင်းမာ အဘွားပြောတာကို နားလည်သွားလိမ့်မယ်"

အဘွားက သူ့လက်ကိုင်အိတ်ကြီးထဲမှ လေယာဉ်စာအိတ်တစ်အိတ်ကို ထုတ်ယူလိုက်သည်။ ထိုစာအိတ်ထဲမှ ဓာတ်ပုံဟောင်းတစ်ခုကိုထုတ်ယူလိုက်ပါသည်။ ဆေးသားတွေပျက်ပြီး တော်တော်ကြီးကိုဟောင်းနေပြီဖြစ်သော အဖြူအမည်းဓာတ်ပုံထဲတွင် ရှမ်းဝတ်စုံ ဝတ်ဆင်ထားသော အသက်နှစ်ဆယ်အရွယ် လူရွယ်တစ်ယောက် လက်ပိုက်ရပ်လျက် ခပ်တည်တည် မျက်နှာအနေအထားနဲ့ရှိနေသည်။ ခပ်တည်တည်ဆိုပေမယ့် သူ့မျက်နှာကိုမြင်လိုက်တာနဲ့ သဘောကောင်းသူ၊ ရိုးသားသူမှန်းသိသာပေါ်လွင်နေပါသည်။ ထောင်ထောင်မောင်းမောင်း၊ ဗလကောင်းကောင်းဖြစ်ပုံရသော ထိုလူငယ်က အဘွားရဲ့စိုင်းထွန်းလုံတဲ့။ ယင်းမာခုမှမြင်ခွင့်ရပေမယ့် ထူးဆန်းတာကတော့ ယင်းမာစိတ်ကူးနဲ့ ပုံဖော်ရေးဖွဲ့ထားတဲ့ ရှမ်းလူငယ်ဟာလည်း ဒီလိုပုံစံမျိုးဖြစ်နေတာပင်။

"ဒီဓာတ်ပုံကိုကြည့်ပြီးရင် ယင်းမာ ဟိုနားကလူငယ်ကို ပြန်ကြည့်ကြည့်လိုက်ပါ"





ယင်းမာ အဘွားညွှန်ကြားသည့်အတိုင်း ဓာတ်ပုံကို ထောင်ကြည့်လိုက် သစ်တော်သီးခူးနေသော ကောင်လေးကိုကြည့်လိုက် သုံးခါလောက်လုပ်မိသည်။ ဟင် ... ဟုတ်ပါရဲ့။ ကောင်လေးက ဦးစိုင်းထွန်းလုံနဲ့တူလှချည်လား။ မသိရင် ဦးစိုင်းထွန်းလုံပါပဲရယ်လို့ အတပ်စွပ်စွဲမိလောက်မတတ်တူတာ။

"အဲဒါ စိုင်းထွန်းလုံပဲ"

"မဟုတ်ဘူးလေ အဘွား၊ အဘွားတွေ့ခဲ့တဲ့အရွယ်က ဒီလိုအရွယ်မှန်ပေမယ့် သူက အခုချိန်မှာ ဒီလိုအရွယ် ဘယ်ဟုတ်တော့မှာလဲ၊ အဘွားနဲ့အရွယ်ချင်းမတိမ်းမယိမ်းဆိုတော့ ..."

"ဟုတ်ပါတယ် အဘွား သတိမလွတ်သေးပါဘူး၊ ယင်းမာက အဘွား သတိလွတ်သွားပြီထင်ပြီး စိုးရိမ်နေပြီထင်တယ်၊ အဘွားပြောချင်တာ ဒီလူငယ်လေးဟာ ကိုထွန်းလုံနဲ့ တစ်ထေရာတည်းတူနေတော့လေ သူဟာ ကိုထွန်းလုံနဲ့များ တစ်ခုခုပတ်သက်နေမလားလို့ သိချင်သွားတာပါ"

ယင်းမာ ဒီတော့မှ စိတ်လွတ်ကိုယ်လွတ် ရယ်မောလိုက်နိုင်တော့လေသည်။

"အမယ်လေး ... တော်ပါသေးရဲ့ အဘွားရယ်၊ ယင်းမာဖြင့် ခုနက စိတ်တွေ ထူပူထွေပြားသွားတာအေ့နဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း ဝန်ခံလိုက်မိပါသည်။ ဝါခေါင်လွှန် ရပ်စောင့်နေတော့ဘဲ အနားရောက်လာသည်။ အဘွားက ဝါခေါင်လွှန်ကို ဓာတ်ပုံလေးထိုးပေးပြီး ...

"အဲဒါ မင်းမသိသေးတဲ့ ဘွားရဲ့လျှို့ဝှက်ချက်လေ၊ မင်းအဘိုးတောင် ဒီဓာတ်ပုံအကြောင်း သိမသွားခဲ့ဘူး၊ သား ဒီဓာတ်ပုံကြည့်ပြီးရင် ဟိုမှာ သစ်သီးခူးနေတဲ့ကောင်လေးကိုကြည့်လိုက်၊ တူလားလို့"

ဝါခေါင်လွှန် ဓာတ်ပုံစူးစိုက်ကြည့်သည်။ ပြီးတော့ ယင်းမာရော အဘွားပါ စိတ်ဝင်စားစွာ မမိုတ်မသုန်ကြည့်နေသော သစ်သီးခူးနေသည့် ရှမ်းလူငယ်လေးဆီ လှမ်းကြည့်လိုက်ပါသည်။

"မြေး ဘယ်လိုထင်လဲ"

"တူပါတယ်"

"သူဟာ ကိုစိုင်းထွန်းလုံနဲ့ တစ်ခုခုများပတ်သက်နေမလား"

"အဲဒါတော့ မမှန်းတတ်ပါဘူး၊ ဘွားသဘောပဲ သွားမေးချင်ရင်မေးလေ"

"သမီး ယင်းမာ လာ"

ဝါခေါင်လွှန်လည်း ဘွားဦးဆောင်ရာနေရာသို့ လိုက်လာခဲ့ပါသည်။

"ဒီမှာရှင့် ... ဒီမှာ"



သစ်သီးခူးနေသော လူငယ်လေးက ငုံ့ကြည့်သည်။ လူငယ်လေးနဲ့ တစ်ဖက်ရှိ မလှမ်းမကမ်းမှာတော့ အသက်လေးဆယ်လောက်အရွယ်ရှိမယ့် ရှမ်းအမျိုးသားကြီးတစ်ဦးလည်း သစ်သီးခူးနေဆဲဖြစ်ရာ ယင်းမာတို့ အသံကြားတော့ သူပါ လှည့်ကြည့်လာသည်။

"အဘွား ယင်းမာ ဘာမေးရင်ကောင်းမလဲ"

"နေပါ ယင်းမာ မမေးပါနဲ့၊ ဘွားပဲမေးပါ့မယ်"

ဘွားက ကောင်လေးကိုမော့ကြည့်ရင်း ...

"စိုင်းထွန်းလုံဆိုတာများ ကလေးသိနေမလားလို့ လာမေးတာပါကွယ်"

ဟု စတင်မေးလျှင် ထိုလူငယ်က အံ့ဩသလိုမျက်လုံးတွေနဲ့ တုံ့ပြန်သည်။

"ဝေး ... သူ့နာမည် စိုင်းထွန်းလုံပဲလေ၊ ဘာဖြစ်လို့လဲ"

တစ်ဖက်မှာစောင့်ကြည့်နေသည့် ရှမ်းအမျိုးသားကြီးဆီမှ ရှမ်းသံဝဲသောအဖြေကို ကြားလိုက်ရလျှင် ယင်းမာရော အဘွားပါမက ဝါခေါင်လွှန်ပင် အံ့ဩသွားကြပါသည်။

"ဟုတ်မှာယ် ကျွန်တော် စိုင်းထွန်းလုံ"

"နာမည်ပါတူနေတယ်နော်"

ယင်းမာ တအံ့တဩရေရွတ်နေစဉ်မှာ တစ်ဖက်မှ ရှမ်းအမျိုးသားကြီး ဒီနားရောက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျုပ်ရဲ့သားပဲ၊ သားအကြီးဆုံး"

"ဟုတ်ကဲ့ပါရှင်၊ ကျွန်မတို့က စိုင်းထွန်းလုံအမည်နဲ့ လူတစ်ယောက်ကိုသိထားလို့ပါ၊ ဒါပေမဲ့ အဲဒီစိုင်းထွန်းလုံကတော့ သူ့အရွယ်မရှိနိုင်တော့ပါဘူး၊ ဒီကအဘွားနဲ့ မတိမ်းမယိမ်းအရွယ်ဖြစ်ပါတယ်"

သူတို့ချင်း ရှမ်းလိုပြောဆိုလိုက်ကြပြီးမှ ...

"ကျုပ်အဖေက မြေးအကြီးဆုံး မြေးဦးမို့ အရမ်းချစ်ခင်အားကိုးပြီး သူ့နာမည်အတိုင်း ပြန်မှည့်ထားတာပါ၊ ကျုပ်သားက ကျုပ်အဖေနဲ့လည်း တော်တော့်ကိုတူတယ်လေ"

ဟူသော အဖြေစကားကို ရှမ်းအမျိုးသားကြီးဆီမှ ကြားလိုက်ရသောအခါ အားလုံးရင်ထဲ ဒိုင်းခနဲတောင်မြည်အောင် ထပ်မံအံ့ဩသွားရပြန်သည်။

"ကျုပ်နာမည်ကတော့ စိုင်းထွန်းကျော်၊ အဖေ့နာမည်က စိုင်းထွန်းလုံ၊ အခု ကျုပ်သားကျတော့ အဘိုးနာမည် ပြန်ယူထားလို့ စိုင်းထွန်းလုံပဲဖြစ်နေတယ်၊ ခင်ဗျားတို့က အဖေ့ရဲ့မိတ်ဆွေတွေလား"

"ရှင် ... အဲဒါ ... ဟို ..."

အဘွားက ပြောရမှာခက်နေဟန်ဖြင့် စကားထစ်အသွားပါသည်။ ယင်းမာကပဲ အဆင်ပြေအောင်ဖြေလိုက်ဖို့ စိတ်ကူးလိုက်သည်။





"မိတ်ဆွေဟောင်းတွေပါ၊ အဘွားနဲ့မတွေ့ဖြစ်ကြတာ နှစ်ငါးဆယ်လောက်ရှိပါပြီ၊ အဘွားက သူ့ကိုတွေ့ရအောင်လာခဲ့တာပါ"

"တွေ့ပြီးကြပြီလား"

"အဲဒါ ... ဟို ... အင်း ... ကျွန်မတို့ ..."

ကွယ်လွန်သွားပြီးသူရဲ့မြေပုံကို သွားကြည့်ခဲ့ပါတယ်လို့ပြောရမှာ စိတ်ထဲတွင် အားနာသလိုလိုဖြစ်သွားသဖြင့် ယင်းမာကိုယ်တိုင်ပင် ဖြေစရာစကားမဲ့သွားပါသည်။ ထိုစဉ်မှာပင် ...

"ဟော ... ဟိုမှာ အဘိုးပြန်လာပြီ"

စိုင်းထွန်းလုံဆီမှစကားသံကြောင့် အားလုံး အသံကြားရာဆီသို့ လှည့်ကြည့်လိုက်မိကြသည်။ ညိုမောင်းသော အနီရောင်ရင့်ရင့် ထောင်ထောင်မောင်းမောင်း လည်ဆံဖွားဖွားနဲ့ ဆောင့်တင်းနေသည့် မြင်းကြီးတစ်ကောင်ကို ဒုန်းစိုင်းစီးကာ ခြံထဲဝင်လာသော ရှမ်းအမျိုးသားအဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။ အဘိုးကြီးအရွယ်ပေမယ့် ပိန်ချုံးအားအင်ချည့်နဲ့နေတာမဟုတ်ဘဲ တောင့်တောင့်တင်းတင်းနဲ့ ကျန်းမာသန်စွမ်းလှပုံပေါက်သော ဖြူဖွေးသောဆံပင်တွေကို ရှမ်းလူမျိုးပုံစံ ပေါင်းထားသော ခေါင်းပေါင်းဖြင့် သိမ်းအုပ်ထားသည်။

ယင်းမာရင်ထဲမှာ တဒိုင်းဒိုင်းကို ဆောင့်ကာဆောင့်ကာခုန်နေတော့သည်။ အဘွားမပြောပါပဲ ဒါဟာ အဘွားရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိုင်းထွန်းလုံဆိုတာကို ယင်းမာ အလိုလိုသိနေလေသည်။ အဘွားက တော့ ထိုသူ့ဆီသာ မမိုတ်မသုန်ငေးလျက် ပတ်ဝန်းကျင်ကိုတောင် မေ့နေတော့သလိုပင်။

"အဖေ့ညေ့်သည်တွေ ထင်တယ်"

ဦးစိုင်းထွန်းကျော်က မြင်းဇက်ကြိုးကို အသာလှမ်း ထိန်းဆွဲရင်း ကြိုပြောလိုက်သည်။

"ဘယ်သူတွေများလဲ"

ဦးစိုင်းထွန်းလုံ မြင်းပေါ်မှဆင်းလာပါသည်။ မလှမ်း မကမ်းမို့ သေသေချာချာမြင်ပုံမရ။ ဒီဘက်လျှောက်လာရင်း နီးလာလေလေ ဦးစိုင်းထွန်းလုံရဲ့မျက်နှာမှာ အမူအရာတွေ အရှိန် ပြောင်းလဲသွားလေလေ။

ယင်းမာကား ဇာတ်တစ်ဇာတ်ရဲ့အမြင့်ဆုံးအနိုင် အတန့်ကို အလွတ်မပေးချင်ဟန်ဖြင့် ကာယကံရှင်နှစ်ဦး၏ မျက်နှာ အမူအရာအပြောင်းအလဲကိုသာ မလွှတ်တမ်းလိုက်လံဖတ်ရှုနေလေ လေသည်။

အဘွားဒေါ်ခင်စိမ်းမြကလည်း ခပ်ဖြည်းဖြည်းချင်း ဦးစိုင်းထွန်းလုံဆီ ဦးတည်လျှောက်နေသလို ဦးစိုင်းထွန်းလုံက လည်း အဘွားဆီ ငေးမောစိုက်ကြည့်ပြီး လျှောက်လာနေသည်။ သူတို့ဟာ နှစ်ပေါင်းငါးဆယ်လောက် မတွေ့ဘဲနေနေခဲ့ရပေမယ့် ပြန်တွေ့ကြတဲ့အချိန်မှာတော့ သူတို့ရဲ့အရွယ်တွေ ဘယ်လောက်ပဲ အိုမင်းရင့်ရော်သွားပါစေ၊ ဘယ်လောက်ပင် ပြောင်းလဲကုန်ပါစေ တစ်ယောက်နဲ့တစ်ယောက် ပြန်အစဖော် အသိပေးနေစရာမလို အောင် ဘယ်သူဘယ်ဝါဆိုတာကို သူတို့ ရင်ထဲမှာ အလိုလို သိနားလည်သွားကြသည်။

"စိမ်း ... မခင်စိမ်းမြ"

"ဟုတ်ပါတယ် ကိုထွန်းလုံ"

သူတို့မျက်နှာချင်းဆိုင် ရပ်မိချိန်မှာ ထိုသို့ စတင် ခေါ်ဝေါ်လိုက်ကြသည်။ ပွဲကြည့်ပရိသတ်ဖြစ်နေသော ဦးစိုင်းထွန်း လုံ၏ သားနဲ့မြေးသည်လည်းကောင်း၊ ယင်းမာနဲ့ ဝါခေါင်လွှန်းသည် သည်းကောင်း ထိုမြင်ကွင်းကို ကျေနပ်ကြည်နူးစွာ ကြည့်နေမိ ကြသည်။ မနာလိုဝန်တို မကျေမနပ်ဖြစ်နေခဲ့သော ဝါခေါင်လွှန်း ခင်လျှင် အဘွားဆန္ဒတွေ ပြည့်ဝသွားရသည့်အတွက် ရင်ထဲမှာ ချိုက်လှဲ့နွေးထွေးကျေနပ်သွားရပါသည်။

"မတွေ့တာကြာပြီနော်"

"နှစ်ပေါင်းခြောက်ဆယ်နီးပါးတောင် ရှိပါပြီရှင်"

♥ ✿ ♥







www.burmeseclassic.com

www.burmeseclassic.com



## ၁၄

မထင်မှတ်ထားပါဘဲ ဦးစိုင်းထွန်းလှိုမိသားစု
ဖိတ်ကြားမှုကြောင့် သူတို့အိမ်မှာ ဟစ်ညတည်းဖို့ ဖြစ်သွား
သည်။

လိမ္မော်ခြံ၊ သစ်တော်သီးခြံ၊ စပျစ်ခြံတွေ
အကျယ်စိုက်ကာ ခြံသူဌေးကြီးဖြစ်နေသော ဦးစိုင်းထွန်းလှို
အိမ်ဂေဟာမှာလည်း ခြံတွေရဲ့အနောက်ဘက်မှာ ရှိနေခဲ့သည်။

အုတ်ခြံ ပျဉ်ထောင်သွပ်မိုးအိမ်အကြီးကြီးက နှစ်
အကြီးကြီးဖြစ်ကာ အိပ်ခန်းဆယ်ခန်း ရေချိုးခန်း အိမ်သာသုံး
ထမင်းစားခန်း၊ မီးဖိုခန်း၊ ဘုရားခန်း သီးသန့်ဖွဲ့ထားသည်။
ထောင်အိမ်ကြီးပေမယ့် အတွင်းအပြင်အဆင်တွေကတော့
လှကာ ရန်ကုန်က သူဌေးအိမ်တွေအတိုင်း ပြင်ဆင်ဖွဲ့စည်း
နိုင်သည်။ စလောင်းနှင့် တယ်လီဖုန်းနှင့် ကားငါးစီးနှင့်





ကြွယ်ဝလှကာ၊ မြင်းမွေးထားသော ခြံကျယ်ကြီးတစ်ခုလည်း အိမ်နောက်ဘက်မြေကွက်မှာရှိသည်။ မြင်းအထီးအမ ဆယ်ကောင် ကျော်ကျော်ရှိသည်ဟု သိထားသည်။

"ကျုပ်မှာ သားတစ်ယောက်သမီးတစ်ယောက် ထွန်းကားခဲ့တယ်၊ သူတို့အိမ်ထောင်ကျတော့လည်း မိဘနဲ့ခွဲမနေခိုင်းဘဲ ဒီအိမ်မှာပဲ အတူတူ ပူးပေါင်း လုပ်ကိုင်စားသောက်ရင်း ကျုပ်ဖြစ်ချင်တဲ့ ခြံကြီးတွေဖြစ်အောင် လုပ်ယူခဲ့တယ်၊ မြေးတွေရလာတော့လည်း ခုထိ ဒီမှာနေကြတုန်း၊ မြေးက ငါးယောက်၊ ခုနကတွေ့ခဲ့တဲ့မြေးက အကြီးဆုံးပဲ၊ သူတို့ ကျောင်းတက်ရမယ့်အချိန်သွားတက်၊ ကျောင်းပိတ်ရက်ပြန် လာပြီး ကျုပ်ခြံမှာ အချိန်ကုန်ကြတာပဲ၊ စိုင်းထွန်းလှိုက မန္တလေးတက္ကသိုလ် စတက်နေရပြီလေ၊ ကျုပ်နဲ့ရုပ်တူသလို စိတ်ဓာတ်လည်းတူတဲ့ မြေးဦးပေါ့ဗျာ"

ဦးစိုင်းထွန်းလှိုမိသားစု၏ တည်ခင်းကျွေးမွေးသော ရှေ့နွေးကြမ်း၊ ခေါပုတ်ကြော်၊ အသီးအနှံတို့ကို စားရင်း ရှေးဟောင်း နှောင်းဖြစ်တွေ နားထောင်ရသည်။

"ကျုပ်အမျိုးသမီးကတော့ ဆုံးသွားတာ သုံးနှစ်လောက် ရှိပါပြီ"

"ကျွန်မ ခင်ပွန်းသည်ကတော့ လွန်ခဲ့တဲ့ငါးနှစ်ကပဲ ဆုံးသွား ခဲ့တယ်၊ ကင်ဆာကြောင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဟုတ်တယ်၊ ကျုပ်အမျိုးသမီးလည်း ကင်ဆာပဲ၊ ကင်ဆာသာမဖြစ်ရင် ခုထိနေရဦးမှာ၊ ကျုပ် ကုန်ချင်သလောက်ကုန်ဆိုပြီး ပုံအောကုခဲ့တာပါပဲ၊ ခြောက် လနေရမှာ နှစ်နှစ်ထိ နေသွားရရုံအပြင် မကယ်နိုင်ခဲ့ပါဘူး"

"ကိုထွန်းလုံကို အခုလိုမျိုး မိသားစုတွေနဲ့ မြင်ရတာပဲ ကျွန်မ ဝမ်းသာလှပါပြီ၊ ကိုထွန်းလုံ ရည်မှန်းတဲ့အတိုင်းပဲ ခြံပိုင်ရှင်သူဌေးကြီးလည်း ဖြစ်ရပြီမို့ ပိုပြီး ဝမ်းသာမိပါတယ်"

"ကြိုးလည်းကြိုးစားခဲ့ပါတယ်၊ ကုသိုလ်ကံကလည်း ပေးခဲ့ တယ်ဆိုတော့ ဒီလိုဖြစ်လာတာပေါ့လေ၊ ဒါပေမဲ့ ကျုပ် ခုထိ ဘဝကို မမေ့သေးဘူး၊ ဘယ်တော့မှ မမေ့အောင်ဆိုပြီး မေတ္တာရှင်ကိုဝယ်ပြီး ခုထိ အရင်ပုံစံအတိုင်းပဲ ယာခင်းလေး အဖြစ်ထားတုန်းပဲ"

ထိုသို့ကြားလိုက်ရတော့ ယင်းမာတို့ အံ့ဩသွားပါ သည်။

"ကျွန်မတို့မေတ္တာရှင်ကို အရင်ရာတာ၊ ဘယ်သူမှ ရေရေ ရာရာမပြောနိုင်ကြဘူး၊ နာမည်ကလည်း ညီနောင်လို့ပြောင်း ထားလိုက်ပြီလေ"

"ကျုပ်ဝယ်ထားတယ်ဆိုတာ ဘယ်သူမှ သိပ်မသိကြဘူး။ နာမည်ပြောင်းတာကလည်း ကျုပ်ခံစားချက်ပေါ့ဗျာ၊ မေတ္တာ တို့ဘာတို့ကို အယုံအကြည်မရှိတော့သလို ခံစားရတော့ ညီနောင်လို့ အမည်ပြောင်းလိုက်တာပါ"





ဦးစိုင်းထွန်းလုံကတော့ အမှတ်မထင်ပြောချလိုက် ပေမယ့် ထိုစကားကို အဘွား ဒေါ်ခင်စိမ်းမြကို ထိသွားသလိုခံစား လိုက်ရပုံပင်။ အဘွား မျက်နှာတစ်ချက်ညှိုးသွားတာကို တွေ့လိုက် ရပါသည်။

ဦးစိုင်းထွန်းလုံကလည်း ဒါကို ရိပ်မိသွားပုံဖြင့် ပေါ့ပေါ့ပါးပါးဖြစ်စေဟန်နဲ့ ခပ်ကျယ်ကျယ်ရယ်လိုက်ပြီးလျှင် ...

"အသက်သုံးဆယ်လောက်အရွယ်က ခံစားချက်ဆိုတော့ လည်း ငယ်တုန်းမို့ အဓိပ္ပာယ်မရှိတာတွေ တွေးခေါ်တဲ့ သဘောပါပဲဗျာ၊ ဘာရယ်မဟုတ်ပါဘူး"

ဟု ဖြေသိမ့်သလို ပြန်ပြောလေသည်။

"ဒါနဲ့ ဒီက ကလေးမက စာရေးဆရာမ ဟုတ်လား"

ဦးစိုင်းထွန်းလုံက စကားဝိုင်းကို သူမဲ့ ဦးဆောင်ကာ ခေါင်းစဉ်လွှဲလိုက်ပါသည်။ ငြင်းမရအောင် အတင်းဖိတ်ခေါ် ညအိပ်နိုင်းကာ ဧည့်ဝတ်ကျေတာထက်တောင် ပိုအောင်ပြုစုကြ သော ဦးစိုင်းထွန်းလုံ၏ အိမ်သားတွေ၊ သားသမီးမြေးမြစ်တွေ ဟာ အားလုံးနီးပါး ခေတ်ပညာတတ်ကြပေမယ့် ယင်းမာမြင့်ဆို သော စာရေးဆရာမကို မသိကြပါဟု ရိုးသားစွာပင် ဝန်ခံထား ကြသည်။

"စာအုပ်သိပ်မဖတ်ကြဘူး၊ သတင်းစာ ဂျာနယ်ပဲ အဖတ် များတာလေ၊ ဒီတော့ စာရေးဆရာတွေနာမည် ဘယ်သူ့မှ မရင်းနီးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ရိုးသားသည့် ဝန်ခံမှုကို ယင်းမာ ဘာမှ မကျေမနပ်ဖြစ်စရာမရှိ။

"ကျုပ်တို့ရဲ့ဇာတ်လမ်းကို ရေးမယ်လို့ စိမ်းပြောလို့ သိရတယ်၊ ကိုယ်ပိုင်ဇာတ်လမ်းမဟုတ်ဘဲနဲ့ ဘယ်လိုလုပ်ပြီး ခံစားပြီးရေးမလဲဆိုတာ သိချင်တယ်"

"ယင်းမာ စာအုပ်ထွက်ရင် အဘိုးဖတ်ကြည့်လို့ရအောင် ပို့လိုက်ပါ့မယ်၊ ဝတ္ထုမဖတ်ကြဘူးဆိုပေမယ့် တစ်ကြောင်းနှစ်ကြောင်းလောက် မြည်းစမ်းကြည့်လို့ရအောင်ပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဖတ်ကြည့်ရမယ်၊ ကျုပ်တို့က တောင်ယာပဲလုပ်နေကြတော့ စာတွေပေတွေနဲ့ဝေးတယ်ဗျ၊ သတင်းစာတောင် စိတ်မပါရင် မဖတ်ဖြစ်ဘူး၊ သားသမီးတွေအလှည့်ကျတော့လည်း သူတို့ပညာတွေတတ်ကြပေမယ့် စာဖတ်ဖို့ စိတ်ကိုမပါကြတာဗျ၊ သီချင်းတော့ကြိုက်ကြတယ်၊ အိမ်မှာတော့ ထွက်သမျှသီချင်းတွေ အကုန်ရှိတယ်"

ညရောက်တော့ ခြံကြီးထဲက မြေကွက်တွေမှာ တဲထိုး၊ အိမ်ဆောက်နေရင်း ခြံအလုပ်လုပ်သော ခွေနီးမျိုးစပ်တွေရော၊ အလုပ်သမားတွေရော အိမ်ကြီးရဲ့အောက်ထပ်မှာ လာစုကြသည်။ ကာရာအိုကေစက်အကြီးကြီးကို ဆောင်းဘောက်(စ)တွေဖြင့်ဖွင့်ကာ တစ်ယောက်တစ်လှည့် ဘိဆိုကြ၊ စားကြသောက်ကြ





ဖြင့် စည်ကားဆူညံနေပါသည်။ အပေါ်ထပ်ရှိ အိပ်ခန်းတွေမှာတော့ ဧည့်သည်တွေ တစ်ယောက်တစ်ခန်းနေဖို့ အသင့်ပြင်ပေးထားပါသည်။ အိပ်ရာ ခေါင်းအုံး၊ စောင်တွေဟာ အသစ်ကျပ်ချွတ်တွေ အတိုင်းဖြစ်နေပြီး မွှေးပျံ့နေသည်။ ထုတ်ယူပေးလာသော အိမ်မှာ ကူလုပ်ပေးသည့်ကောင်မလေးက ...

"အိမ်မှာ ညအိပ်ဧည့်သည်ကလာလေ့မရှိဘူး၊ တစ်နှစ်နေမှ တစ်ခါလာတာ ဆိုတော့ ဧည့်သည်လာရင် ပေးအိပ်တဲ့ ခေါင်းအုံး စောင်တွေက အသစ်လိုဖြစ်နေတာပါ"

ယင်းမာ စပ်စုကြည့်သဖြင့် ပြောပြပါသည်။ အဘွား ဒေါ်ခင်စိမ်းမြကတော့ ဦးစိုင်းထွန်းလှုံ၏ဘဝ အောင်မြင်တိုးတက်သာယာနေတာတွေ့ရသဖြင့် အခုမှ စိတ်ချမ်းမြေ့ပုံတွေ အထင်းသားတွေ့ရသည်။ အဘွားမှာ မျက်နှာတွင် အပြုံးတွေဝေနေတော့ လေသည်။ ယင်းမာ အနားတောင် မကပ်နိုင်တော့ဘဲ ဦးစိုင်းထွန်းလှုံ၏ မြေးမလေးတွေ လက်ဆွဲခေါ်သမျှ ဟိုဆိုလည်း ထလိုက်သွားလိုက်၊ ဒီဆိုလည်း ထလိုက်သွားလိုက်ဖြင့် နားကိုမနားတော့။

ညဆယ်နာရီလောက်ရောက်တော့ ဝါခေါင်လွန်း တစ်ယောက် စိုးရိမ်လာပြီး ...

"ဘွား ဆယ်နာရီထိုးပြီး ဆေးသောက်ပြီး အိပ်ရာဝင်တော့လေ၊ နောက်နေ့ ခရီးဆက်ရဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောယူရတော့သည်။

"အေးအေးဆေးဆေး နှစ်ရက်လောက်နေပြီးမှ ပြန်ကြပါလား"

"မဖြစ်ဘူး ကိုထွန်းလုံရဲ့၊ ဒီက သမီးလေး ယင်းမာက ရန်ကုန်ကို အချိန်မီပြန်ရမှာလေ၊ ဒီမှာ ရက်ကြာလို့မဖြစ်ဘူး"

အဘွားက ယင်းမာရဲ့ကိုထွတ်ဟာ ဘယ်နေ့ဘယ်ရက်မှာ ပြန်ရောက်မယ့်အကြောင်း ယင်းမာပြောထားဖူးသဖြင့် မှတ်မိနေသည်။ ကိုထွတ်ကို ယင်းမာကိုယ်တိုင် လေဆိပ်မှာ သွားကြိုချင်တဲ့အကြောင်းလည်း သိထားသောကြောင့် ရန်ကုန်ကို အချိန်မီပြန်ရောက်မှဖြစ်မယ့်အကြောင်း ထည့်ပြောတာဖြစ်သည်။

အဘွား ဆေးသောက်ပြီး သူ့ကိုပေးထားတဲ့အခန်းထဲဝင်တော့ ယင်းမာလည်း ကိုယ့်အခန်းထဲကို ကိုယ်ဝင်ကာ လှဲနေလိုက်ပါသည်။ အောက်ထပ်မှာတော့ သိမ်းကြဆည်းကြနှင့် အသံတချို့ကြားရဆဲဖြစ်ပါသည်။ အိပ်ရာထဲ တစ်နာရီကျော်ကြာမျှ လှဲနေပြီးသည့်တိုင်အောင် အိပ်မပျော်ဘဲ မျက်စိကြောင်နေသဖြင့် အိပ်ခန်းတံခါးကိုဖွင့်ပြီး အသာထွက်လာခဲ့ပါသည်။

အောက်ထပ်ဆင်းလာတော့ အိမ်ကြီးက မီးလင်းနေပေမယ့် ဘယ်သူမှ မရှိကြတော့။ နောက်ဖေးဘက်မှာတော့ ဆေးကြောနေသံ၊ ရှမ်းဘာသာဖြင့် စကားပြောနေသံ ခပ်သဲ့သဲ့ကြားရပါသည်။ အပြင်မှာတော့ လပြည့်နေသည်မို့ လရောင်ဖြင့်လင်းနေသည်။ ညဘက်ပေမယ့် သိပ်ပြီးတိတ်ဆိတ်မနေတာကတော့ ခြံထောင့်မှာ ချထားတဲ့ ဗို့အားကောင်းသော မီးစက်ကြီးကြောင့် အသံဆူစော ဆူနေသည်။

ယင်းမာသည် လရောင်ဖြင့် လင်းနေသော လီမွှော်ပင်တွေဆီ လျှောက်ကြည့်ချင်သလိုဖြစ်လာသောကြောင့် ခြံထဲဆင်းလာလိုက်ပါသည်။

"အား … အေးလိုက်တာ"

အပြင်ရောက်တော့ အပြင်ကလေထုကြောင့် ပို၍ အေးသောခံစားချက်ကို ထိတွေ့လိုက်ရလျှင် ယင်းမာ လက်ပိုက်၍ ပခုံးကိုပင် ကျုံ့ထားမိ၏။ ယင်းမာဝတ်ထားသော ဂျင်းဘောင်းဘီရှည်နှင့် ခေါင်းစွပ်ဆွယ်တာသည် အပြင်က အအေးကို ဝေလုံသလို ခံစားလိုက်ရသည်။

သို့သော် ယင်းမာ ခြံထဲတော့ ဆက်လျှောက်လာခဲ့ပါသည်။ တစ်နေရာရောက်တော့ ခဏထိုင်နားလို့ရတဲ့ သစ်သားခုံတန်းရှည်လေးတစ်ခုပေါ်တွင် ထိုင်နေသည့် ဝါခေါင်လွန်ကို တွေ့ရလေသည်။ ယင်းမာ ထိုနေရာရောက်အောင် မသွားဘဲ လှည့်ပြန်ရင်ကောင်းမလား စဉ်းစားနေစဉ် ဝါခေါင်လွန်က ယင်းမာခြေသံကိုကြားသွားပြီး လှည့်ကြည့်လာပါသည်။

www.burmeseclassic.com



"ဟော ... ယင်းမာပါလား၊ အိပ်မပျော်ဘူးလား"

လှည့်ပြန်သွားရမှာ အားနာတာနဲ့ ယင်းမာ သူ့ဆီ ဆက်လျှောက်သွားလိုက်ပါသည်။

"အိပ်မပျော်တာနဲ့ ခဏထွက်လာတာ"

"အပြင်မှာ တော်တော်အေးတယ်နော်"

"အင်း ... ဟုတ်တယ်နော်၊ ယင်းမာ ဝတ်ထားတဲ့ ဆွယ်တာတောင် မလုံသလိုပဲ"

"လရောင် တိုက်ရိုက်ကျနေတဲ့ လိမ္မော်သီးလေးတွေကလှလို့ ထိုင်ကြည့်နေတာလေ"

နှစ်ယောက်သား ကိုယ်ပြောချင်ရာပြောမိသလိုဖြစ်နေသည်။ ယင်းမာ ဝါခေါင်လွန်နဲ့ လက်တစ်ကမ်းအကွာလောက်မှာရှိမယ့် ခုံအစွန်မှာ ဝင်ထိုင်လိုက်၏။

"ကိုဝါခေါင်က ဘယ်ဆိုးလို့လဲ၊ လရောင်ဆမ်းနေတဲ့ လိမ္မော်သီးလေးတွေရဲ့အလှကိုကြည့်ပြီး ခံစားတတ်သားပဲ"

"ဟောဗျာ ... အဲဒီလို ခံစားတတ်တာရော အနုပညာလို့ ခေါ်တာပဲလား"

"တချို့က သဘာဝအလှတွေ ဘာတွေ မခံစားတတ်ဘူးလေ၊ အရမ်းကိုလက်တွေ့ဆန်ကြတယ်၊ သိပ္ပံနည်းကျကျတွေးကြတယ်၊ ကိုယ်လုပ်မှဖြစ်မယ်တဲ့၊ စိတ်ကူးယဉ်နေတာတွေဟာ အပိုတွေတဲ့၊ အဲဒီလိုတွေးခေါ်ကြတဲ့လူတွေ ရှိတယ်လေ"





ယင်းမာ ဘာရယ်မဟုတ် ပြောမိပေမယ့် ဝါခေါင်လွန်ကတော့ ယင်းမာရဲ့ တစ်ယောက်သောသူဟု ယူဆမိကာ ...

"ယင်းမာရဲ့ချစ်သူက အဲဒီလိုလူစားလား"

ဟု မေးမိသည်။ ယင်းမာ ရက်ပြုံးပြုံးရင်း ...

"သူက သိပ္ပံသမားလည်းမဟုတ်ဘူး၊ သူက ပိုက်ဆံသမား၊ သူ့ခေါင်းထဲမှာ အမြဲပဲ တွက်ချက်နေတာလေ၊ သူက အနုပညာလည်း စိတ်မဝင်စားဘူး၊ သိပ္ပံပညာလည်း စိတ်မဝင်စားဘူး"

"ဒါဖြင့် ယင်းမာက ကျွန်တော့်ကိုကျတော့ ဘယ်လိုဝေဖန်ချင်လဲ"

"ကိုဝါခေါင်ကတော့ သိပ္ပံသမားပါ၊ စိတ်ကူးမယဉ်တတ်ဘူး"

"အနုပညာတော့ ခံစားတတ်ပါတယ်ဗျာ၊ ဒါပေမဲ့ ဝတ္ထုတွေမဖတ်တတ်တာပါ၊ သီချင်းတို့ ရုပ်ရှင်တို့ကြိုက်ပါတယ်၊ စာလည်းဖတ်ပါတယ်၊ ဒါပေမဲ့ အချစ်ဝတ္ထုကို မဖတ်တတ်တာမျိုးပါ"

"ဒါဆို ကိုဝါခေါင် ဂစ်တာတီးတတ်လား"

"တီးတတ်တာပေါ့၊ သီချင်းလည်းဆိုတတ်တယ်"

"ယင်းမာလည်း ဂစ်တာသံကိုကြိုက်တယ်၊ ဒါပေမဲ့ ယင်းမာ ဂစ်တာမတီးတတ်ဘူး၊ ဂစ်တာတီးပြီး သီချင်းဆိုသံကြား

www.burmeseclassic.com

www.burmeseclassic.com



ရင် နိုးပြီးနားထောင်တတ်တယ်၊ လူငယ်လေးတွေ ညဘက် ဂစ်တာတီး သီချင်းဆိုရင် သိပ်သဘောကျတာပဲ”

“ယင်းမာရဲ့ချစ်သူကရော”

ဝါခေါင်လွန်က ဘာကြောင့်ရယ်မသိ။ ယင်းမာ တစ်ခုခုပြောတိုင်း ကိုထွတ်အကြောင်းကိုပါ ထည့်ထည့်မေးနေပါသည်။ သူ ဘာကြောင့် ကိုထွတ်ကို စိတ်ဝင်စားနေရလဲ။

“ကိုထွတ်က သူ့ရဲ့ကျောက်မျက်ရတနာတွေကလွဲရင် ဘာမှ စိတ်မဝင်စားဘူး”

“ယင်းမာကိုတော့ သူ ချစ်တယ်မဟုတ်လား”

ယင်းမာ မဖြေတော့ဘဲ အသံတိတ်နေလိုက်သည်။

“ယင်းမာ ချမ်းနေပြီ”

“ဟုတ်တယ်၊ သွားရင်ကောင်းမယ်”

“မအိပ်ချင်သေးရင်တော့ထိုင်ပါ၊ ကျွန်တော်လည်း စကား ပြောချင်နေတာ၊ ယင်းမာ ချမ်းရင် ကျွန်တော့်ဂျာကင် ခြုံထားလိုက်”

“အို ... နေပါ ရပါတယ်”

“ခြုံထားလိုက်ပါ”

ဝါခေါင်လွန် ပြောပြောဆိုဆို သူ အပေါ်ကထပ်ဝတ်ထားသော လည်သာဂျာကင်ရှည်ကို ချက်ချင်းချွတ်၍ ယင်းမာ ပခုံးပေါ်မှကျော်ကာ ခြုံပေးလိုက်၏။





ဝါခေါင်လွန်ကိုယ်ပေါ်မှာတော့ ရှပ်လက်ရှည်နှင့် ခေါင်းစွပ် ဝေ့(စ)ကုပ်လက်ပြတ်ကျန်ပါသည်။

“ကိုဝါခေါင် ချမ်းနေမှာပေါ့”

“ရပါတယ် မချမ်းဘူး၊ ကျွန်တော် သိပ်မချမ်းတတ်ပါဘူး၊ ယင်းမာ ခြုံထားလိုက်ပါ”

သူ့ဂျာကင်ကို ခြုံလိုက်သဖြင့် နွေးသောခံစားချက်နဲ့ အတူ ယင်းမာရင်ထဲလည်း နွေးထွေးမှုတစ်မျိုး စီးဝင်သွားသလို ခံစားလိုက်ရကြောင်း သတိထားမိပါသည်။ ဘာများဖြစ်တာပါ လိမ့်ဟု ယင်းမာ ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်စွာ ဆန်းစစ်မိနေ ပြန်သည်။

“ယင်းမာအကြောင်းချည်း ကျွန်တော်မေးမိသလိုဖြစ်နေ တယ် ဆောရီးနော်”

“ရပါတယ်၊ ယင်းမာကလည်း အမေးခံရတာနဲ့ကျေအောင် ကိုဝါခေါင့်ကို ပြန်မေးမယ်လေ၊ ဖြေမလား”

“ဖြေမှာပေါ့”

“ကိုဝါခေါင်မှာရော ချစ်သူရှိလား”

“ရှိခဲ့ဖူးတယ်”

“ဒါဆို ...”

“အခု မရှိတော့တာလေ၊ ရှိခဲ့ဖူးတယ်လို့ အဲဒါကြောင့်ဖြေ တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"သူက အချစ်ဦးပေါ့"

"အရင်ဆုံး သေသေချာချာထားဖြစ်တဲ့ ရည်းစားကို အချစ်ဦးခေါ်ကြတယ်ဆိုရင် သူက အချစ်ဦးပေါ့ဗျာ၊ ဒါပေမဲ့ ကျွန်တော်က အဲဒီအချစ်ဦးတွေဘာတွေကို သိပ်ပြီး ဖီလင်မထားပါဘူး၊ အဲဒါတွေက ယင်းမာတို့လို စာရေးဆရာတွေ ဖန်တီးလိုက်တဲ့ သတ်မှတ်ချက်တွေလို့ထင်တယ်၊ ဝေဖန်တာစိတ်မဆိုးနဲ့နော်"

"စိတ်မဆိုးပါဘူး"

ယင်းမာ ပြုံး၍ဖြေမိသည်။

"အချစ်ဦးပဲဖြစ်ဖြစ် အချစ်ဆုံးပဲဖြစ်ဖြစ်လေ၊ ဘဝမှာ ဒီလူနဲ့သာ လက်တွဲရရင် စိတ်ချမ်းသာမယ်၊ ပျော်မယ်၊ အစီပွာယ်ရှိမယ်၊ အိပ်ရာဝင်တိုင်း ကိုယ့်ဘေးမှာ သူရှိနေတာ၊ မနက်အိပ်ရာထရင်လည်း ကိုယ့်ဘေးမှာ သူအိပ်နေတာကို ပီတိဖြစ်မယ်၊ အသက်အရွယ် အိုမင်းသွားကြတဲ့အချိန်ထိ တစ်ယောက်ကိုတစ်ယောက် ကြင်နာမှုတွေနဲ့ ဖေးမအားပေးပြီး ဘဝကို ကုန်ဆုံးချင်တယ်ဆိုတဲ့ ခံစားချက်ရှိရင် ပြီးတာပါပဲ၊ အဲဒါဟာ အချစ်ပဲပေါ့"

"ကိုဝါခေါင်ပြောတာ သိပ်မှန်တာပဲ"

"ကျွန်တော် သူ့ကိုတော့ တော်တော်ချစ်ခဲ့ပါတယ်၊ ဒါပေမဲ့ သူက ကျွန်တော့်ထက်ပိုချစ်ရမယ့်သူ တွေ့သွားတော့လည်း ထားရစ်ခဲ့တာခံရတာပေါ့ဗျာ"





"ဆောရီး ... ဆောရီး ကိုဝါခေါင်၊ ယင်းမာ မေးလိုက်လို့ အဟောင်းတွေ ပြန်အသစ်ဖြစ်သွားပြန်ပြီ"

"ရပါတယ်လေ၊ သူလည်း သူ့အိမ်ထောင်နဲ့သူ အခြေတကျဖြစ်သွားခဲ့တာ သုံးနှစ်ကျော်ကျော်သွားပြီဆိုတော့ ကျွန်တော်လည်း သူ့အကြောင်းကို မိတ်ဆွေဟောင်းတစ်ယောက်လို တစ်ခါတစ်ရံ သတိရတာလွဲရင် ပိုမခံစားရတော့ပါဘူး"

"ယင်းမာ စပ်စုလက်စနဲ့ ဆက်ပြီးစပ်စုမယ် ရလား"

"ချမ်းလာပြီဗျ၊ လာ အိမ်ဘက်ပြန်လျှောက်ရင်း စကားပြောကြတာပေါ့"

ရှမ်းပြည်နယ်ရဲ့ ညဘက်အအေးဒဏ်ဟာ ဝါခေါင်လွှန့်ကို လက်မြှောက်အရှုံးပေးလိုက်ရစေသည်။ အနွေးထည်ထူထူပေါ်ဘဲ အကြာကြီးထိုင်မနေနိုင်တော့တာမို့ အိမ်ဘက်ပြန်လျှောက်ကြဖို့ အဖော်ညှိလိုက်ရတော့လေသည်။

"ယင်းမာ ကိုဝါခေါင့်ဂျာကင်ကို ယူခြုံထားတာကိုး၊ ရော့ဝါ ကိုဝါခေါင် ချမ်းရင်ပြန်ယူပါ၊ ယင်းမာလည်း အိမ်ထဲရောက်တော့မှာပဲ၊ မလိုတော့ပါဘူး"

"ဟာ ... နေပါ ယင်းမာရဲ့၊ ခြုံထားပါ၊ ကျွန်တော့်ဂျာကင်ကို ယင်းမာခြုံထားတာ ပီတိဖြစ်လို့ပါ"

အမှတ်မထင် ပြောလိုက်မိသော စကားကြောင့် ယင်းမာရင်ထဲ တစ်မျိုးကြီးဖြစ်သွားပါသည်။ ဝါခေါင်လွှန့်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ လွတ်ခနဲပြောမိပြီးမှ အားနာနေမိသည်။ တကယ်လည်း သူ့ရင်ထဲမှာ အဲဒီလိုခံစားနေရတာမို့ပါ။ သူ့ဂျာကင်ခြုံပေးလိုက်၍ နွေးပြီး လုံခြုံသွားပုံရသော ယင်းမာပုံစံလေးကို ရင်ထဲမှာ ဘယ်လိုပီတိဖြစ်ရမှန်းမသိ ဖြစ်သွားခဲ့ရတာကြောင့်ပါ။

နှစ်ယောက်သား သေားချင်းယှဉ်လျှောက်လာရင်း ရုတ်တရက်တော့ ပြောစရာစကားမဲ့သလိုဖြစ်သွားပါသည်။ တစ်ယောက်နဲ့တစ်ယောက် ရင်ထဲကခံစားချက်တချို့ကို မြင်လိုက်ရသလိုဖြစ်ကာ ရှက်အမ်းနေကြသည်။

အိမ်ရှေ့ရောက်ခါနီးမှ ဝါခေါင်လွန့်ထံမှ ...

"ယင်းမာ ခုနကပြောတယ်၊ စပ်စုစရာကျန်သေးတယ်ဆို ဘာစပ်စုချင်တာလဲ"

ဟု မေးမိသည်။ ယင်းမာ အသာပြုံးရင်း ...

"ကိုဝါခေါင့်မှာ နောက်ထပ်ချစ်ရမယ့်သူ မရှိသေးဘူးလား လို့ပါ"

ဟူ၍ ခပ်တိုးတိုး ခေါင်းငုံ့မေးမိသည်။

"ကျွန်တော် ..."

ဝါခေါင်လွန် ပြောသင့်မပြောသင့် စဉ်းစားသလို အသံတိတ်နေပြီးမှ မပွင့်တပွင့်အသံမျိုးဖြင့် ...

"မိန်းကလေးတစ်ယောက်ကို အခုမှ ချစ်မိလာသလိုတော့ ခံစားနေရတယ်"





သူက ဘယ်သူဘယ်ဝါရယ်လို့ မရည်ရွယ်ပေမယ့် ယင်းမာကတော့ သူ ဘာကိုရည်ရွယ်လိုက်သလဲဆိုတာ အလိုလို နားလည်ပြီး ခံစားလိုက်ရကာ ရင်ထဲမှာ ဒိုချင်သလိုလိုဖြစ်သွားပါသည်။

"ယင်းမာ သွားအိပ်တော့မယ်နော်"

ယင်းမာရဲ့မျက်နှာအမူအရာကို သူ တွေ့သွားမှာစိုးသဖြင့် ခပ်မြန်မြန်ပဲ လှည့်ထွက်ကာ အပေါ်ထပ်ရှိ ယင်းမာအိပ်ရမည့် အခန်းဆီ သွက်သွက်တက်လာလိုက်မိပါသည်။ အားလုံး အပေါ်ထပ်မှာ အိပ်ရမှာပေမယ့် ဝါခေါင်လွန်ကတော့ အလိုက်တသိပင် လိုက်တက်မလာသေးဘဲ နောက်မှာ ချန်ရစ်ပါသည်။

ယင်းမာ ကိုယ့်အခန်းထဲကိုယ်ရောက်မှ ...

"အို ... သူ့ဂျာကင်ကို ပြန်တောင်မပေးလိုက်မိဘူး"

ဟူ၍ သတိရတော့သည်။ သို့ပေမဲ့ ယင်းမာသည် သူ့ဂျာကင်ကို ချွတ်ထားပေမယ့် ခေါင်းအုံးနားမှာထားပြီး အိပ်ခဲ့မိပါသည်။

သူတို့နှစ်ယောက်ရဲ့ လရောင်အောက်ကစာတလမ်း လေးကို ပြတင်းပေါက်မှန်များမှတစ်ဆင့် လှမ်းကြည့်ပြီး ကျေနပ် ပီတိဖြစ်စွာ တိတ်တိတ်လေးပြုံးနေခဲ့သူကား အဘွား ဒေါ်ခင်စိမ်းမြ တည်း။

♥ဝ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"ဘယ်လိုလဲ ညက ကောင်းကောင်းအိပ်ပျော်ကြရဲ့လား"

ဦးစိုင်းထွန်းလုံက ဘာရယ်မဟုတ် မေးပေမယ့် ယင်းမာက မလုံမလဲနဲ့ ဝါခေါင်လွန်းကိုကြည့်မိသလို ဝါခေါင်လွန်းကလည်း ယင်းမာကို ဖျတ်ခနဲ ကြည့်လိုက်ရာ သူတို့ အကြည့်ချင်း ဆုံရတော့သည်။ အဘွား ခေါ်ခင်စိမ်းမြကတော့ ကော်ဖီပူပူလေးကို အသာမှုတ်သောက်ရင်း၊ အကဲခတ်ကာ ပြုံးပြုံးလေးလုပ်နေသည်။

"မနက်စောစောစာတော့ ခေါပုတ်ကြော်လုပ်ထားပေမယ့် မြို့ကလာတဲ့လူတွေ မစားတတ်မှာစိုးလို့ဆိုပြီး သားသမီးတွေက ပေါင်မုန့် ပြေးဝယ်ထားကြတယ်၊ ခြံထွက်စတော်ဗယ်ရီနဲ့ လိမ္မော်သီးကို ယိုထိုးထားတာတွေနဲ့ တွဲစားလို့ရတယ်နော်"

"ခေါပုတ်ကြော်ပဲစားကောင်းပါတယ်ရှင်၊ ပေါင်မုန့်က ရိုးနေပြီ၊ ဘယ်အချိန်ဖြစ်ဖြစ် စားလို့ရတယ်လေ"





"ခေါပုတ်ကြိုက်ရင် ယူသွားဖို့ထည့်ပေးလိုက်မယ်"

"အို ... နေပါစေ ရပါတယ် ကိုထွန်းလုံရဲ့၊ တကူးတက ကြီးဖြစ်နေပါ့မယ်"

"ကျုပ်က ဒီထက်တောင် ထည့်ပေးလိုက်ချင်တာပါဗျာ၊ နှစ် ပေါင်းများစွာ ကွဲကွာနေခဲ့တဲ့တိုင်အောင် သတိတရလိုက် ရှာခဲ့တယ်ဆိုတဲ့အသိနဲ့ စိတ်ထဲမှာ ကြည်နူးမိရတာဟာ ဘာနဲ့မှမလဲနိုင်တဲ့ ခံစားချက်မို့ပါ၊ အသက်တွေလည်း ကြီးကုန်ပြီ၊ အားလုံးလည်း ကိုယ့်သားသမီးမြေးတွေနဲ့ ရှိကြပြီဆိုတဲ့ အချိန်မှာ ဟိုစိတ်ဒီစိတ်နဲ့ ပြောပြတာမဟုတ် ပါဘူး၊ စိမ်း ကျုပ်ကို အခုရှယ်ထိ သတိတရရှိတယ်ဆို တာသိရလို့ ဖော်တော်ကြည်နူးရပါတယ်"

သားသမီးမြေးတွေအကုန်လည်း အဘိုးဦးစိုင်းထွန်း လုံနဲ့ အဘွားခေါ်ခင်စိမ်းမြတို့ဇာတ်လမ်းကို သိထားကြပြီးဖြစ်ရာ ဒီစကားကြောင့် အားလုံးပြုံးစေ့စေ့ဖြစ်ကြရလေသည်။

"ကျွန်မလည်း ကိုထွန်းလုံဘဝ အေးအေးချမ်းချမ်းနဲ့ တိုးတက်အောင်မြင်ကြီးပွားနေတာမြင်ရတော့ ဝမ်းသာပြီး စိတ်ချလက်ချဖြစ်သွားပါပြီ"

"စိတ်ချလက်ချဖြစ်ပြီး ချက်ချင်းကြီးမပြန်ကြပါနဲ့ဦးနော်၊ ကျွန်မ နေ့လယ်စာအတွက် ရှမ်းထမင်းချဉ်၊ ရှမ်းခေါက် ဆွဲတွေ ချက်ပြုတ်နေတယ်၊ နေ့လယ်စာစားပြီးမှ မန္တလေး ဆင်းကြပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းထွန်းလုံသမီးအလတ်က မီးဖိုချောင်ထဲမှာ ချက်ပြုတ်နေရာမှ အလျှင်အမြန်ထွက်လာပြီး ပြောလိုက်လေသည်။

အစကတော့ မနက်စာစားပြီးတာနဲ့ မန္တလေးဆင်းကြမည်ဟု တိုင်ပင်ထားပေမယ့်လည်း ခုတော့ အိမ်ရှင်တွေက ထပ်ဆွဲထားသဖြင့် နေ့လယ်စာစားဖို့အထိ ဆက်နေရတော့လေသည်။ တစ်မနက်လုံး အဘွားဂကတော့ အဘိုးဦးစိုင်းထွန်းလုံနဲ့ စကားလက်ဆုံပြောမကုန်ဖြစ်နေပါသည်။ ယင်းမာကတော့ ဝါခေါင်လွန်၏ဂျာကင်ကိုပြန်ပေးဖို့အခန်းထဲဝင်ယူပြီး ထွက်လာတဲ့အချိန် ဝါခေါင်လွန်ကို ရှာမတွေ့၍ ...

"ကိုဝါခေါင် ဘယ်ထွက်သွားလဲ မသိဘူး"

ဦးစိုင်းထွန်းလုံ၏မြေးတစ်ယောက်ကို မေးမိသည်။

"ကျွန်တော့်အစ်ကိုနဲ့ ပွဲရုံဘက်လိုက်သွားတယ်"

"ပွဲရုံ"

ယင်းမာ သံယောင်လိုက်ပြောရင်း မေးသလိုအသံပြုလိုက်မိသည်။

"ကျွန်တော်တို့ခြံကထွက်တဲ့ အသီးအနှံတွေ နယ်အနှံ့မြို့အနှံ့ကိုပို့ဖို့ ပွဲရုံဖွင့်ထားတယ်၊ ဈေးနဲ့နီးတဲ့အခြမ်းမှာရှ ကိုဝါခေါင်က လိုက်ကြည့်မယ်ဆိုပြီး တက်လိုက်သွားတာလေ ခုလေးတင်"

"အစ်မကိုခေါ်တာမဟုတ်ဘူး၊ လိုက်ကြည့်ရတာပေါ့"





"သူတို့ပြန်လာမှာပါ"

ဘာရယ်မဟုတ်ပါပဲ ယင်းမာဟာ ဝါခေါင်လွန်ပြန်အလာကို တစောင့်စောင့်လုပ်နေမိသလိုဖြစ်နေပါသည်။ သူ့ဂျာကင်ကိုလည်း အမှတ်မထင် ရင်ခွင်မှာ ပိုက်ထားလျက် စောင့်မျှော်နေမိသည်ကို ယင်းမာဘာသာပင် သတိမထားလိုက်မိချေ။ အဘွား ဒေါ်ခင်စိမ်းမြကတော့ ဒါကို သတိပြုမိပါသည်။ သူမနဲ့အတူ စကားပြောနေသော ဦးစိုင်းထွန်းလုံကို မေးငေါ့ပြရင်း ...

"ကိုထွန်းလုံ ယင်းမာကိုသဘောကျလား"

ဟု အဖော်ညှိသလိုမေးမိသည်။ ရုတ်တရက်တော့ ဘာကိုဆိုလိုမှန်း ဦးစိုင်းထွန်းလုံ မသိချေ။ ထိုင်နေရာမှ ယင်းမာဆီ အသာကြည့်မိသည်။

"ကျွန်မ မြေးကို သူလေးနဲ့သိပ်သဘောတူမိတယ်ရှင်"

"သူတို့ချင်း ပြေလည်ကြပြီလား"

"မိန်းကလေးက စေ့စပ်ထားပြီးတဲ့သူရှိနေတယ်"

"ဟုတ်လား"

ဦးစိုင်းထွန်းလုံ၏ ဟုတ်လားအသံမှာ အံ့သြသလိုအသံဖြစ်နေသောကြောင့် ဒေါ်ခင်စိမ်းမြက ...

"ဘာဖြစ်လို့ တအံ့တသြ ဟုတ်လားလုပ်ရတာလဲ"

"ကျုပ်က သူတို့ကို စုံတွဲလို့တောင်ထင်တာ"

"ကိုထွန်းလုံ ဘာကိုအကဲခတ်ပြီး ပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူးဗျာ၊ စိမ်းရဲ့မြေးက သူ့ကို ကြည့်ပုံရှုပုံကလည်း တစ်မျိုး၊ သူကလည်း စိမ်းရဲ့မြေးကို ကြည့်တဲ့မျက်လုံးတွေက တစ်မျိုးလေးဖြစ်နေတယ်ထင်တာ၊ ဒီတော့ ကျုပ် ယူဆလိုက်တာက စိမ်းမပြောပြချင်လို့ပဲ ဖြစ်မယ်ပေါ့၊ သူတို့ချင်း ချစ်သူရည်းစားတွေပေါ့၊ အဲဒီလိုယူဆလိုက်တာပါ"

"ဒီခရီးကို အတူတူလာရင်းနဲ့မှ ပြောင်းလဲသွားတာပါ၊ သူတို့ချင်းက သူစိမ်းတွေပါ ...

ကိုထွန်းလုံရယ်။ ဒါပေမဲ့ ကျွန်မကတော့ မြေးနဲ့ ယင်းမာလေးကို သိပ်သဘောတူတာပဲ။ သူတို့ကို အဆင်ပြေစေချင်တယ်"

"ယင်းမာမှာ စေ့စပ်ထားတဲ့သူရှိတယ်ဆိုတော့ ဟိုက ချစ်ရမယ့်သူရှိပြီးသားပေါ့၊ မကြာခင် လက်ထပ်တော့မှာပေါ့ စိမ်းရဲ့"

"ကိုယ့်ဘက်ကိုယ်ယက်ပြောတာမဟုတ်ပါဘူး၊ အဲဒီလူကို သူချစ်ပုံမရဘူး၊ ကျွန်မကတော့လေ ပွင့်ပွင့်လင်းလင်း ဝန်ခံချင်ပါတယ်၊ လွန်ခဲ့တဲ့နှစ်ခြောက်ဆယ်က စိုင်းထွန်းလုံနဲ့ခင်စိမ်းမြလို အဖြစ်မျိုး သူတို့ကို မဖြစ်စေချင်ဘူး၊ ချစ်ရက်နဲ့ လုပ်သင့်လုပ်ထိုက်တာကို ဦးစားပေးဆုံးဖြတ်ခဲ့တာမျိုး မဖြစ်စေချင်ဘူး၊ တစ်ဖက်မှာ နစ်နာရသလို တစ်ဖက်မှာတော့ နောင်တတွေနဲ့ ရှင်သန်ရတာလေ"





ဦးစိုင်းထွန်းလုံက ဒေါ်ခင်စိမ်းမြရဲ့ခံစားချက်ကို နားလည်ဟန်ဖြင့် ဒေါ်ခင်စိမ်းမြ၏လက်ကို အသာဆုပ်ကိုင်ဖျစ်ညှစ်နှစ်သိမ့်လိုက်ပါသည်။ စိမ်း သူ့ကို ထားခဲ့တယ်လို့ ခံစားရတုန်းက ဘယ်လောက်ထိတောင် အသည်းကွဲအောင်ခံစားခဲ့ရသလဲဆိုတာ သူကိုယ်တိုင်သိသလို စိမ်းလည်း သိပါလိမ့်မည်။ ချစ်ကြစဉ်အချိန် အရူးအမူးဖြစ်ကြစဉ်အချိန်မှာ ခံစားရတာတွေဟာ စာနဲ့ရေးပြရင်တောင် နားလည်မယ်မထင်။ အဲဒီလိုပဲ စိမ်းလည်း သူ့အပေါ် လှည့်စားမိသလိုဖြစ်ခဲ့ရ၍ နောင်တရရတဲ့ခံစားချက်နဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသလို Guilty (ဂေးလ်တီး)ဖြစ်ရတယ်ဆိုတာဟာလည်း ဘာနဲ့မှ နှိုင်းယှဉ်မပြနိုင်သော စိတ်ခံစားမှုပင်။

"စိတ်မပူပါနဲ့ စိမ်းရယ်၊ နောက်တစ်ခါ ဒီလိုမျိုးအဖြစ်နဲ့ မကြုံရအောင် စိမ်းရဲ့မြေးကို စိမ်းပဲ ဘေးကနေ တိုက်တွန်းရုံပေါ့"

"သူတို့ တကယ်ချစ်ကြတာ ဖြစ်မှာပါနော်"

ထိုအချိန်တွင် ဝါခေါင်လွှန်တစ်ယောက် ဈေးထဲက ဖွဲ့ရုံကိုသွားသောကားဖြင့် ပြန်လာပါသည်။ တစောင့်စောင့်လုပ်နေသော ယင်းမာက ဝါခေါင်လွှန့်ကိုမြင်တော့ ဝင်းပကြည်လင်သော အပြုံးဖြင့် စောင့်ကြိုလေသည်။

"ကိုဝါခေါင့်ဂျာကင်ကို ပေးမလို့စောင့်နေတာ"

"ရပါတယ် ယင်းမာရယ်၊ ကျွန်တော်လည်း မဝတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာ မေ့ပြီးဝတ်သွားမိတယ်လေ"

"ကိစ္စမရှိပါဘူး"

"ပွဲရုံလိုက်သွားတာ ယင်းမာ သိတောင်မသိလိုက်ဘူး"

"ဘာမှလုပ်စရာမရှိတော့ စိုင်းထွန်းလှံတို့ကခေါ်တာနဲ့ လိုက်သွားမိတယ်၊ ဒီနာမည်ခေါ်ရတာ အပြစ်ရှိသလိုပဲဗျာ၊ အဘိုးကလည်း စိုင်းထွန်းလှံ မြေးကလည်း စိုင်းထွန်းလှံဆိုတော့ နာမည်ခေါ်လိုက်တိုင်း လူကြီးကို မရိုမသေသဘောနဲ့ ခေါ်မိသလိုဖြစ်နေတယ်"

"နေ့လယ်စာစားပြီးတာနဲ့ ချက်ချင်း ဒီကထွက်ရင် မန္တလေးကို ညတော့ရောက်မှာပါနော်၊ မန္တလေးမှာ တစ်ညအိပ်ပြီးတာနဲ့ ဘယ်မှာမှ မနားဘဲ ရန်ကုန်ကို တောက်လျှောက်မောင်းလို့ဖြစ်ပါ့မလား"

"ကျွန်တော့်အတွက်ကတော့ ဖြစ်ပါတယ်၊ ဘွားခံနိုင်ရည်ရှိဖို့ပဲ လိုတယ်၊ ယင်းမာက မနက်ဖြန်ညပိုင်း ရန်ကုန်ရောက်မှ ဖြစ်မှာနော်"

ယင်းမာ အသာခေါင်းညိတ်ပြမိသည်။ ကိုထွတ်က သန်ဘက်ခါမနက်စောစောဆိုက်မည့် လေယာဉ်နဲ့ ပြန်ရောက်မည်ဟု သိထားလေရာ ယင်းမာအနေနဲ့ လေဆိပ်မှာ သွားကြိုနေသင့်သည်။ အသွားတုန်းကလည်း လိုက်မပို့ဖြစ်ခဲ့သလို ဖုန်းနဲ့တောင်မနှုတ်ဆက်လိုက်မိတာမို့ အပြန်မှာတော့ သွားကြိုသင့်သည်။ ကိုထွတ်ဘက်





မိဘအသိုင်းအဝိုင်းရဲ့အမြင်မှာ ယင်းမာကို အပြစ်ဖို့စရာလိုမြင်မှာ စိုးရိမ်မိပါသည်။ လက်မထပ်ခင်မှာရော လက်ထပ်ပြီးတော့ရော နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင်းတို့အလယ်တွင် ဘာပြဿနာမှ မရှိ၊ ဘာအမြင်တိမ်းစောင်းမှုမှ မရှိစေချင်ခဲ့ပါ။

"တကယ်တော့ မနေ့တည်းက ဦးစိုင်းထွန်းလှံ ဖိတ်ခေါ်တာကို ရအောင်ငြင်းပြီး မန္တလေးကိုသာ ဖြစ်ခဲ့ရင် ဒီလောက်ရက်ကကျပ်သွားမှာမဟုတ်ဘူး၊ ယင်းမာတ ဘွားကို အကျိုးအကြောင်းပြောသင့်တယ်"

"ယင်းမာ မပြောရက်ဘူး ကိုဝါခေါင်ရယ်၊ သူတို့က အခုမှ ဒီတစ်ကြိမ်ပဲ ပြန်တွေ့ရတာလေ၊ အသက်အရွယ်တွေ ကြီးရင့်ကုန်လို့ ချစ်ရတာ၊ လွမ်းရတာတွေ မပြောကြတော့ပေမယ့် သူတို့ရင်ထဲမှာ တစ်ယောက်နဲ့တစ်ယောက် အမှတ်မထင်ပြန်ဆုံလိုက်ရတာကို တအားကျေနပ်နေကြတာ၊ ပီတိတွေဝေနေကြတာလေ၊ အဲဒီခံစားချက်ဟာ ဘာနဲ့မှလဲလို့မရတဲ့ ခံစားချက်ပါ၊ ဒါကြောင့် ယင်းမာ အဘွားကို မတားတော့တာပါ"

"ဒါဆိုရင် ယင်းမာပြောပြောနေကျ အချစ်စစ်ဟာ ကျွန်တော့်အဘိုးအတွက်မဟုတ်ဘဲ ဦးစိုင်းထွန်းလှံအတွက်ပေါ့"

"ကိုဝါခေါင်ကလည်းလေ ကလေးဆန်နေပြန်ပြီ၊ မရှိပါဘူး သူလည်း မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... အလကားနောက်တာပါ ယင်းမာရယ်၊ ကျွန်တော့်စိတ်ထဲမှာ အဲဒီလိုမရှိတော့ပါဘူး၊ ဘွား စိတ်ချမ်းသာနေတာတွေ့ရတော့ ကျွန်တော်လည်း ပျော်ပါတယ်"

နေ့လယ်စာစားသောက်ပြီးမှ အားလုံးကို နှုတ်ဆက်ပြီး ထွက်လာသောအခါ ယင်းမာသည် ကားနောက်ဘက်လေကာမှန်မှတစ်ဆင့် တရိပ်ရိပ်ကျန်ခဲ့သော ရှမ်းတောင်တန်းကြီးတွေရဲ့ မြင်ကွင်းကို လွမ်းမောစွာကြည့်ရင်း ပါလာခဲ့မိသည်။ အဘွား ဒေါ်ခင်စိမ်းမြလိုပဲ ယင်းမာလည်း တစ်ခုခုကျန်ခဲ့သလို တကယ်ပင် ခံစားရကြောင်း ရင်ထဲမှာသိနေသည်။

ယင်းမာကျန်ရစ်ခဲ့တဲ့ တစ်စုံတစ်ရာဟာ အေးမြတဲ့ ညရဲ့လရောင်ဆမ်းသော လိမ္မော်ခြံထဲမှာလား။ ဘယ်နေရာမှာလဲ ဆိုတာ ယင်းမာ ခြေရာကောက်မနေချင်တော့ပါ။

♥ ✪ ♥





## ၁၆

မန္တလေးကို ညဆယ်နာရီလောက်မှာရောက်ပါသည်။ အဘွား ဒေါ်ခင်စိမ်းမြကိုညာပြီး မောင်ရသဖြင့် ခရီးကို နားနားပြီးသွားရတာကြောင့် ဒီလောက်ကြာတာဟု ဝါခေါင်လွန်က ပြောပြသည်။ ပုံမှန်အတိုင်းဆိုရင် နေ့လယ်တစ်နာရီကျော်ကမောင်းရင်၊ ကားလည်းကောင်းရင်၊ သိပ်လည်းမနားဖြစ်ကြရင်တော့ ရှစ်နာရီမှာ အလွန်ဆုံးရောက်နိုင်သည်ဟု မှန်းဆ၍ရသည်။

ညဆယ်နာရီမှာရောက်တာမို့ ရေမိုးချိုးတာနဲ့ ဘာနဲ့ဆိုတော့ အဘွားအပါအဝင် အားလုံး အိပ်ရာဝင်နောက်ကျကြပါသည်။ အစောဆုံးအိပ်ရာဝင်သော အဘွားပင် ညဆယ့်နှစ်နာရီစွန်းစွန်းဖြစ်နေသည်။ ကျန်တဲ့လူငယ်နှစ်ယောက်တို့ကတော့ ညတစ်နာရီနှစ်နာရီတွေကျမှ အိပ်ပျော်သည်။ ယင်းမာကတော့ စိတ်လောနေမိ၍ နိုးစက်ပေးပြီး အိပ်ပါသည်။ ယင်းမေ ဟိုတွေး



www.burmeseclassic.com

www.burmeseclassic.com



ဒီတွေးနဲ့ တကယ်အိပ်မပျော်နိုင်ဘဲဖြစ်နေရာမှ နှစ်နာရီထိုးခါနီး လောက်ကျမှ အိပ်ပျော်သွားသည်။

မနက်ကျ နိုးစက်ကို ခြောက်နာရီပေးထားလေရာ အိပ်ရေးမဝစွာနဲ့ဘဲ နိုးလာရသည်။ ယင်းမာကသာ စိတ်စောပြီး အစောကြီးနိုးထကာ ရေမိုးချိုးပြင်ဆင်၊ ပစ္စည်းတွေကိုသိမ်းမိနေ ပေမယ့် ခုနစ်နာရီကျော်တဲ့အထိ အဘွားတို့မြေးအဘွား အခန်း တံခါးက ပွင့်မလာသောကြောင့် ယင်းမာ စောင့်မနေတော့ဘဲ ကိုယ့်ဘာသာပဲ ဟိုတယ်လ်ထမင်းစားခန်းဆင်းလာကာ မနက်စာ အရင်စားနေလိုက်သည်။

ရှစ်နာရီထိုးခါနီးလောက်ကျမှ ယင်းမာ စားပြီးလို့ ထရန်ပြင်မှ အဘွားတို့ဝင်လာသည်။

"ယင်းမာတောင် စားပြီးနေပြီ"

အဘွားက တအံ့တသြပြောသည်။ ယင်းမာ အမှန် အတိုင်းပင် ဝန်ခံလိုက်သည်။

"ယင်းမာ စိတ်စောနေလို့ စောစောထ ပြင်ဆင်နေမိတာ အဘွားတို့ မနိုးသေးတာနဲ့ အရင်လာစားနေမိတာ၊ စောစော ဒီကထွက်နိုင်ရင် ရန်ကုန်ကို ဒီနေ့ရောက်ဖို့သေချာတယ်ဆိုပြီး ပြင်ဆင်နေမိတာပါ"

"ဆောရီးပါ ယင်းမာရယ်၊ ဘွား အကြာကြီးအိပ်ပျော်သွား လို့ပါ"





"ရပါတယ် အဘွားက လူကြီးပဲ၊ များများအိပ်ဖို့လိုတာ ပေါ့"

"ဝါခေါင်က နိုးနေတာကြာပြီတဲ့၊ ဘွားကို စောင့်ပေးနေလို့"

"ကိစ္စမရှိပါဘူး၊ ကိုဝါခေါင်မောင်းပုံမျိုးနဲ့ဆိုရင်တော့ ရန်ကုန် ကို ဒီနေ့ရောက်မှာပါ၊ ညဆယ်နှစ်နာရီ တစ်နာရီမှရောက် လည်း ရပါတယ်၊ ယင်းမာ မနက်ဖြန် မနက်စောစော လေဆိပ်ဆင်းဖို့မီရင် ရပါတယ်"

ယင်းမာပုံစံက ဒါဟာ ဝတ္တရားတစ်ခုလိုမို့ ဒီဝတ္တရား ကို ကျေကိုကျေရမယ်။ ကတိတစ်ခု တည်ကိုတည်ရမယ်ဟူသော ပုံစံလည်းဖြစ်နေသည်။ အဘွားရော ဝါခေါင်လွန်ပါ ယင်းမာကို အကဲခတ်မိလျက် ယင်းမာ ဆန္ဒပြည့်ရန် ရန်ကုန်ကို အမြန်ပြန်ဖို့ လိုကြောင်း ထောက်ခံမိလေသည်။

"ဟုတ်တယ် ယင်းမာရဲ့အမျိုးသားကို အချိန်မီတော့ သွားကြိုဖို့လိုတာပေါ့၊ စိတ်ချပါ၊ ကျွန်တော် မောင်းရင် ရောက်ပါတယ်"

"ဘွားကိုလည်း ငဲ့မနေပါနဲ့၊ ဟိုမှာ ခဏနား ဒီမှာခဏနား လုပ်ဖို့လည်းမလိုပါဘူး၊ ရန်ကုန်ရောက်မှ အတိုးချနားတော့ မယ် ဟုတ်ပြီလား၊ မြေး စိတ်တိုင်းကျမောင်းသာမောင်း တော့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝါခေါင်ကိုလည်း အားနာပါတယ်၊ ယင်းမာကြောင့် နားနားနေနေ မသွားရတော့သလိုဖြစ်နေပြီ"

"ရပါတယ် ယင်းမာရဲ့၊ ဒီလမ်းတွေက ကျွန်တော်မောင်းပြီး သွားနေကျပါ"

"ကိုဝါခေါင်တို့ နားပြီးသွားချင်ရင်တော့ ဒီလိုစီစဉ်လို့ရတယ်၊ ယင်းမာ အဝေးပြေးကားနဲ့ဖြစ်ဖြစ် ပြန်မယ်လေ"

"ဟာ ... မဟုတ်တာ ယင်းမာရယ်၊ အလာတုန်းက အတူလာပြီးမှ အပြန်မှာတစ်ကွဲတပြားဆီ မပြန်ချင်ဘူး၊ ကျွန်တော်တို့ ဒီတစ်ရက်ပဲ အတူတူရှိခွင့် ကျန်တော့တာလေ"

ဝါခေါင်လွင် လွှတ်ခနဲပြောလိုက်သော စကားကြောင့် ယင်းမာရင်ထဲမှာ လှပ်ခနဲဖြစ်သွားပါသည်။ သူ ဒီလို တကယ်ပဲခံစားရလို့ စိတ်မထိန်းနိုင်ဘဲ ပြောလိုက်မိတာဖြစ်ကြောင်း ယင်းမာ အလိုလိုခံစားသိရှိပါသည်။ သူ့လိုပဲ ယင်းမာရင်ထဲမှာ ခံစားနေရကြောင်း ယင်းမာကတော့ ပြောလို့မသင့်တာမို့ မပြောခဲ့ပါ။ ယင်းမာရင်ထဲမှာ ရှုပ်ထွေးနေသည်။ ကိုထွတ်ကိုလည်း ဝတ္တရား အရသွားကြိုရမှာမို့ ရန်ကုန်ကို အမြန်ဆုံးပဲ ပြန်ရောက်ချင်သည်။ ဒါပေမဲ့ ရန်ကုန်ကို မြန်မြန်ပြန်ရောက်ချင်တာဟာ ဝါခေါင်လွင်တို့ကို မြန်မြန်ခွဲခွာနှုတ်ဆက်တာနဲ့ တူနေသဖြင့် မြန်မြန်လည်း ပြန်မရောက်ချင်။





ဝါခေါင်လွင်လည်း စိတ်လွှတ်ပြီး လွှတ်ခနဲပြောလိုက်မိတာပေမယ့် ဒီတစ်ခါတော့ နောင်တမရတော့။ ယင်းမာသူ့ရင်ထဲကို မြင်စေချင်သည်။ သူခံစားနေရတာတွေ ယင်းမာနည်းနည်းပဲဖြစ်ဖြစ် သိသွားစေချင်သည်။ ယင်းမာနဲ့ ဆုံစည်းရဖို့ဆိုတာဟာ သူ့ဘက်မှာ အခွင့်အလမ်း နည်းသွားပြီဖြစ်ပေမယ့် သူ ယင်းမာကို ချစ်သွားခဲ့ပါပြီဆိုတာကိုတော့ ယင်းမာ သိစေချင်လေသည်။ ကိုယ်ချစ်ရတဲ့မိန်းကလေးတစ်ယောက်ဟာ ကိုယ့်ရင်ထဲကအချစ်ကို သိသွားရင် ကျေနပ်ပါပြီ။ တုံ့ပြန်ဖို့ကို မမျှော်လင့်နိုင်တော့ပါဘူးလေ။

အဘွား ဒေါ်ခင်စိမ်းမြသည်ကား မြေးဖြစ်သူရင်ထဲက ခံစားချက်ကို ရိပ်မိလျက် စိတ်မကောင်းဖြစ်နေမိသည်။ ငါ့မြေးဟာ အချစ်ရေးမှာ ဘာကြောင့်များကံခေပါသလဲ။ ချစ်သူက ထားရစ်ခဲ့တာကိုလည်း ခံရတယ်။ အခုကျတော့လည်း လက်ထပ်ရမယ့်သူရှိပြီးသား မိန်းကလေးကိုမှ ချစ်ရပြန်တယ်တဲ့။ ဘယ်သို့များလုပ်ပေးရမလဲ။

မနက်စာစား ပစ္စည်းသိမ်း၊ ကားပေါ်တင်တော့ ယင်းမာက သတိတရတော့ ပြောပါသည်။

"အဘွား အပြန်ကျမှဝယ်မယ့် မန္တလေးဒေသထွက်ကုန်တွေ ဝယ်လိုက်ပါဦးလေ၊ ယင်းမာ လာနေတာနဲ့ အဘွား ဝယ်ချင်တာတွေ မဝယ်ရတော့ဘူးဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ယင်းမာရဲ့"

"ဝယ်ပါ အဘွားရဲ့၊ ဈေးဝယ်တာ ဘယ်လောက်မှမကြာ ပါဘူး၊ အလာတည်းက ဘယ်မှာ ဘာဝယ်မယ်ဆိုတာ မှတ်ထားခဲ့ပြီးပြီပဲ၊ ကောက်ဝယ်လိုက်ရုံပဲဟာ၊ ယင်းမာလည်း ဝယ်မယ်လေ"

ယင်းမာ အတင်းတိုက်တွန်းတာကြောင့် အဘွား ဝယ်ချင်သော ထိုးမုန့်၊ လမုန့်၊ လက်ဖက် စသဖြင့်တွေ ဝင်ဝယ်ကြ သေးသည်။ အဘွားလည်းဝယ်သလို ယင်းမာလည်း အိမ်အတွ ရော ကိုထွတ်တို့မိသားစုကို လက်ဆောင်ပေးဖို့ပါ ဝင်ဝယ်ပါသည် ဝယ်ချင်တာတွေဝင်ဝယ်၊ မြို့ထဲကထွက်ဖို့ ကားပြန်မောင်းနှင် တော့ မွန်းတည့်ချိန်လောက်မှပဲ မန္တလေးမြို့က ထွက်ဖြစ်တော့သည်

မနားတမ်း တောက်လျှောက်မောင်းတယ်ဆိုပေ လူကြီးပီပီ မကြာခဏဆီးသွားချင်တတ်သော အဘွားဒေါ်ခင်စိန် ကြောင့် မကြာခဏတော့ ကားရပ်ဖြစ်ပါသည်။ အဘွား ဆင်း အဘွားကို လိုက်ဖေးမပို့ပေးဖို့ ယင်းမာပါ ဆင်းရတော့ ဝါခေါင်လွ လည်း မိန်းမသားနှစ်ယောက်တည်းကို စိတ်မချတာနဲ့ လိုက်ဆင် ဟိုနားဒီနားရပ်စောင့်၊ အားလုံးပြီးကြရင် ကားပေါ်ပြန်တ ပြန်မောင်းထွက် စသဖြင့် အချိန်က မသိမသာတော့ကုန်ကုန်သွ သည်။



နေ့လယ်စာ ခဏဝင်စားသောအချိန်တွင် နေ့လယ် နှစ်နာရီဖြစ်နေသည်။ ဝါခေါင်လွှန်က အဘွားကို စိုးရိမ်လျက် ...

"ဘွားတော့ အစားမမှန်ဖြစ်နေပြီ၊ နေ့လယ်စာကို နှစ်နာရီ မှစားဖြစ်တော့တယ်"

ဟု ပြောမိသည်။

"မန္တလေးကထွက်တာပဲ မွန်းတည့်နေပြီ မြေးရဲ့၊ အဲဒီအချိန် ကြီးလည်း မစားချင်ကြသေးတော့ စားဖို့ ဘွားမပြောတာပါ၊ အချိန်ရယ်ဘာရယ် သတ်မှတ်မနေပါနဲ့ကွယ်၊ အစားဆိုတာ ဆာတဲ့အချိန်စားရင် ကောင်းပါတယ်။ ဘွား ဘာမှမဖြစ် ပါဘူး၊ ဘာစားစား စားဝင်နေတာပဲလေ၊ လမ်းတောက် လျှောက်မှာလည်း ဆိုင်ကောင်းကောင်းမှမတွေ့တာ၊ ခုမှ ဆိုင်ကောင်းတွေ့တာဆိုတော့ ခုမှစားဖြစ်သွားတာပေါ့၊ ဘွားကို ဘာမှ မပူနဲ့၊ မြေးပဲ တားသေသေချာချာမောင်းပါ၊ ယင်းမာကိုပေးထားတဲ့ကတိတည်ပါ"

"ရပါတယ် အဘွားရဲ့၊ ကတိတွေဘာတွေ သတ်မှတ်မနေ ပါဘူး၊ ယင်းမာအတွက် အဲဒီလောက်လုပ်ပေးဖို့မလိုပါဘူး"

အဘွားက သူ့ကိုယ်သူ စားဝင်တယ်၊ နေကောင်း ယ် ကြွေးကြော်ခဲ့သော်လည်း ထမင်းဝင်စားပြီး မကြာကားဆက် ာင်းလာစဉ်မှာပင် အဘွားမျက်နှာပျက်လာတာကို ဝါခေါင်လွှန် တိထားမိသည်။

"ဘွား ဘာဖြစ်တာလဲ"

www.burmeseclassic.com



ယင်းမာ မှတ်စုစာအုပ်ထဲ ရေးမှတ်နေရာမှ ဝါခေါင်လွန့်အသံကြောင့် ရှေ့ခန်းမှာထိုင်နေသော အဘွားကို ကြည့်တော့သည်။

“ဗိုက်ထဲမှာတစ်မျိုးပဲ သားရယ်”

အဘွားအသံက အားပျော့နေသည်။ ကြားနေကျ အသံခပ်မာမာနဲ့ ပျော်ရွှင်တက်ကြွနေတတ်သောအသံမျိုး မဟုတ်တော့တာကို သိလိုက်သည်။

“ဝမ်းသွားချင်တာလား ဘွား”

“အင်း အဲဒီလိုထင်တာပဲ”

“ဒါဆို သွားလေ အဘွား၊ ယင်းမာကို အားမနာပါနဲ့ ဆိုင်လေးတစ်ဆိုင်ဖြစ်ဖြစ်တွေ့ရင် ကားရပ်ပြီးဝင်ကြတာပေါ့ ကိုဝါခေါင်ကတော့ ထုံးစံအတိုင်း စားချင်ချင်မစားချင်ချင် တစ်ခုခုဝယ်ပြီးစောင့်လို့ရပါတယ်”

“ဘွား ဘာမှဖြစ်တာမဟုတ်ပါဘူး၊ ဝမ်းသွားချင်တာဖြစ်မှာပါ”

သို့သော် ထင်သလိုမဟုတ်ပါ။ အဘွားဟာ နာရီ အတွင်းမှာပင် ဝမ်းပျက်ဝမ်းလျှောဖြစ်သလို လက္ခဏာဖြစ်လာ မအီမသာဖြစ်လာပါတော့သည်။ လူကြီးလည်း လူကြီးမို့ သာသာပင် နွမ်းလာကာ ခုချက်ချင်းမှမနားရင် ပိုဆိုးလာတော့ ကို ဝါခေါင်လွန့်ရော ယင်းမာပါ သတိထားမိလိုက်ကြသည်





“ယင်းမာကို အားနာမနေပါနဲ့၊ အဘွား ဒီတစ်ည နားကို နားသင့်တယ် ကိုဝါခေါင်၊ အနီးဆုံးဖြစ်မယ့်မြို့မှာ နားလိုက်ကြရအောင်၊ လိုအပ်ရင် ဆရာဝန်ခေါ်ပြသင့်ရင်လည်း ပြကြတာပေါ့”

“ရတယ် ... ရတယ် ယင်းမာ ဘွား ရပါတယ်”

ဟူ၍ အဘွား ယင်းမာ၏အဆုံးအဖြတ်ကို လက်မခံချင်ဟန်ဖြင့် နွမ်းလျအားပျော့နေသည့်ကြားက အားယူပြောနေသေးသည်။ သို့သော် ယင်းမာက အဘွားကို အသာဖေးမလျက် ...

“ယင်းမာအတွက် စိတ်မပူပါနဲ့ ဘွားရဲ့၊ ယင်းမာဘာသာ ဖြေရှင်းလို့ပါတယ်၊ သူ့ကို လာကြိုဖြစ်အောင်ကြိုမယ်ပြောထားပေမယ့် တစ်ခါတလေမှာ မထင်မှတ်တာတွေဖြစ်လာရင်လည်း ပျက်ကွက်ရတာမျိုးရှိမယ်ဆိုတာ သူ နားလည်မှာပါ၊ ယင်းမာ လျှောက်အလေလိုက်နေတာမှမဟုတ်တာ၊ မရောက်ရောက်အောင်ပြန်ခဲ့တာပဲ၊ မတော်တဆ လမ်းမှာ အဘွား နေမကောင်းဖြစ်လာလို့ နားလိုက်ရတယ်၊ အချိန်လွန်သွားတယ်ဆိုတာ သူ နားလည်မှာပါ”

ဝါခေါင်လွန့်ကတော့ အဘွားအတွက် စိတ်ပူလှသဖြင့် အနီးဆုံးမြို့မှာ ဝင်နားဖို့သာ အာရုံစိုက်ပြီး ကားကိုမောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖျဉ်းမနားကိုလည်း တော်တော်ကြီးကျော်လာပြီးပြီ။ ပြန်လှည့်နားဖို့လည်း မဖြစ်တော့။ တောင်ငူထိသာ ရောက်အောင် မောင်းသွားရဖို့ရှိတော့တာမို့ တောင်ငူကို အရောက်မောင်းပါသည်။ ဟိုတယ်ရဖို့ကို လိုက်လံရှာဖွေမနေတော့ဘဲ ရရာတည်းခိုခန်းမှာ တည်းမည်ဆိုတော့ ယင်းမာက လက်မခံ။

"ဟိုတယ်ကိုသာ ရွေးလိုက်ပါ ကိုဝါခေါင်၊ ရရာတည်းခိုခန်းဆိုရင် အိပ်ခန်းထဲမှာ ရေချိုးခန်း အိမ်သာတွဲရက်ရှိတာမျိုးမရရင် ဘွား ပိုပြီး ဒုက္ခရောက်လိမ့်မယ်၊ ဒီမြို့ထဲရောက်လာပြီးမှ ဟိုတယ်လ်ကိုရှာပြီး မောင်းရလို့ ပိုမကြာသွားတော့ပါဘူးလေ"

"ယင်းမာပြောတာမှန်ပါတယ်၊ ကျွန်တော် စိတ်လောကြီးနေလို့ပါ၊ ပြီးတော့ ဘွားကို ဆရာဝန်လည်းပြချင်တော့ လူက ထူပူပြီး ဘာအရင်လုပ်ရမှန်းမသိ ဖြစ်နေတာပါ"

ဘွားကတော့ တောက်လျှောက်ဝမ်းသွားလာခဲ့သေရာ လေးငါးခါလောက်သွားအပြီးမှာ တော်တော်ကြီးကို အားပျော့နေပြီ။ ခေါင်းတောင်မထူနိုင်တော့။

ယင်းမာတို့ ပြောဆိုတိုင်ပင် ဆွေးနွေးနေတာလည်း ဝင်မပါနိုင်တော့။

ဟိုတယ်ရှာတွေ့တော့မှ ဟိုတယ်မှာ အခန်းငှား ပစ္စည်းတွေချ။ ဘွားကို အရင်အိပ်ရာထဲ တွဲခေါ်လှဲနိုင်းပြီးမှ





ပါလာသောဆေးတွေထဲက ဆေးတစ်လုံးသောက်အိပ်စေပါသည်။ ဘွား ခဏအိပ်သွားတော့မှ ယင်းမာနဲ့ ဝါခေါင်လွန် ဆွေးနွေးကြသည်။

"ခဏတော့ အိပ်လိုက်ရရင် အားပြည့်သွားမှာပါ၊ ဒါပေမဲ့ ဝမ်းသွားနေတာ ဘယ်လိုလုပ်မလဲ"

"ယင်းမာမှာက ဝမ်းပျက်ဝမ်းလျှောရင် Bodyမှာ ဆုံးရှုံးသွားတဲ့ ရေဓာတ်တို့ ဘာတို့ကိုဖြည့်ပေးတဲ့ ဆေးလုံးပဲပါတယ်၊ ဆေးလုံးကို ရေထဲစိမ်လိုက်ရင် အမြှုပ်ထွက်အရည်ပျော်သွားတာမျိုးပါ၊ အဲဒါလေးကို တစ်ဇွန်းခွက်လောက် နာရီခြားခြားသောက်ရတာမျိုး၊ Gastrolyte(ဂက်(စ)ထရိုလိုက်(ထ်)လို့ခေါ်တယ်"

"လူကြီးဆိုတော့ ဝမ်းသွားဟဲ့ဒဏ် မခံနိုင်ဘူး ယင်းမာရဲ့၊ ဝမ်းသွားတာရပ်ဖို့ပဲလိုတယ်"

"ဝမ်းပျက်ဝမ်းလျှောတဲ့အခါ ဝမ်းကို ချက်ချင်းရပ်သွားအောင် လုပ်ရင် မကောင်းဘူးလို့ ကြားဖူးလို့ပါ"

"ဆရာဝန်ပြရင်ကောင်းမလား"

"ကိုဝါခေါင့်သဘောပဲ၊ ယင်းမာလည်း သဘောတူပါတယ်၊ တကယ်လို့ အိမ်မှာသာဆိုရင် ယင်းမာ ဘွားကို ဆရာဝန်ပြဖို့ လောက်ထိမလိုဘူးလို့ထင်တယ်၊ ခုတော့ ခရီးသွားရက်စ တန်းလန်းကြီးဆိုတော့လေ ပြသင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာလည်း ယင်းမာချစ်သူကို သွားမကြိုရတော့ဘူး၊ အချိန်မမီတော့ဘူးနော်"

ဝါခေါင်လွန်က သတိတရထပ်ပြောရလေသည်။ ယင်းမာတွင် ဘာမှ ပြောစရာလဲမရှိသဖြင့် နားထောင်နေလိုက်သည်။

"ကျွန်တော် ဒီစကားကို မပြောတော့မပြောသင့်ပါဘူးလေ၊ ဒါပေမဲ့ စိတ်ကိုမတားနိုင်တော့လို့ ပြောလိုက်ချင်တယ်၊ တကယ်လို့ ယင်းမာမှာသာ ချစ်သူမရှိရင် ကျွန်တော် ယင်းမာရဲ့ချစ်သူဖြစ်ခွင့်ရချင်တယ်ဆိုတဲ့ခံစားချက် ဖြစ်လာမိတယ်၊ ကျွန်တော် ပြောတဲ့စကားအတွက် ဘယ်လိုမှ စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့နော်၊ ဒီနေ့နဲ့မနက်ဖြန်နဲ့ထလွဲရင် ကျွန်တော့်မှာ ယင်းမာကို ထပ်တွေ့၊ ထပ်ဆုံပြီး ပြောပြခွင့်ရစရာအခွင့်အရေး မရှိတော့လို့ပါ"

ယင်းမာ တအံ့တသြ၊ ရင်ခုန်၊ တုန်လှုပ်၊ ငေးကြောင်စွာ တိတ်နေမိသည်။ သူပြောချင်ရာတွေပြောပြီးသောအခါမှာတော့ ယင်းမာကို အဘွားနဲ့အတူတူ အခန်းထဲတွင်ထားရစ်ခဲ့ကာ ဆရာဝန်ပင့်ရန် သွားစုံစမ်းဖို့ ထမြီးထွက်သွားပါတော့သည်။

ယင်းမာမှာ ရင်ခုန်မှုမပြေနိုင်ဘဲ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်ပြီး ကျန်ရစ်ခဲ့ရသည်။ သူ့အမူအရာ၊ သူ့အကြည့်တွေကို အဓိပ္ပာယ်ဖော်နိုင်ခဲ့တုန်းကတောင် ယင်းမာ ဒီလောက်မခံစားရ





ခုတော့ သူ ဖွင့်ပြောဝန်ခံလိုက်သောအခါ ယင်းမာမှာ တစ်စုံတစ်ခုကိုပဲ ဆုံးရှုံးသွားရသလိုလို ခံစားချက်နှစ်မျိုးရောလျက် တုန်လှုပ်နေသည်။

အခုမှ ဘာလို့ ယင်းမာတို့တွေ့ကြရတာလဲဆိုသော မေးခွန်းကို ရုတ်တရက် ခေါင်းထဲမှာ အလန့်တကြားတွေးလိုက်သောအခါ ယင်းမာသည် ထိတ်လန့်တကြားဖြစ်လျက် ခေါင်းကို ဝင် ယောင်၍ခါမိသည်။ ငါ ဒီလိုမဖြစ်သင့်ဘူး။ မတွေးသင့်ဘူး။ ငါ စိတ်ကြိုက်ရွေးထားတဲ့ ကိုထွတ်ရှိနေပြီ။ ကိုထွတ်ကလည်း ငါ့အပေါ် သစ္စာလုံးဝမဖောက်ဘဲ ငါ့တစ်ယောက်တည်းကိုပဲ ရည်ရွယ်ထားတယ်။ ငါလည်း ဒီလိုပဲဖြစ်သင့်တယ်။ ဖြစ်ရမယ်။

ယင်းမာသည် ကိုယ့်ကိုယ်ကိုယ် အမိန့်ပေးလိုက်၊ ကြာရာမရဖြစ်ပြီး ကြေကွဲသလိုဖြစ်လိုက်၊ ဒီအဖြစ်အပျက် ဒီအခြေအနေကြီးကို အမြန်ကုန်ဆုံးချင်သလိုဖြစ်လိုက်၊ ဒါပေမဲ့လည်း ဒီရက်ပိုင်း နာရီပိုင်းလေးကို မြန်မြန်ကုန်မသွားစေချင်သလိုဖြစ်လိုက်ဖြင့် ခံစားချက်မျိုးစုံ ရှုပ်ထွေးရောပြွမ်းကာ ငေးငိုင်နေမိတော့လေသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com







# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com



## ❋ ၁၇ ❋

"ယင်းမာ အားရင် ကိုယ့်ရုံးခန်းကို ခဏလာပါ၊ ကိုယ် ယင်းမာကို အေးအေးဆေးဆေး စကားပြောချင်တယ်"

ကိုထွတ်ထံမှ ဖုန်းဖြင့် ချိန်းဆိုသံကြားရလျှင် ယင်းမာ ဖြေရှင်းဖို့အသင့်ဖြစ်နေတာမို့ အေးအေးဆေးဆေးပင် ...

"ယင်းမာလည်း ကိုထွတ်ကို လာတွေ့မလို့ပါ၊ ကိုထွတ်ဆီ ဖုန်းဆက်တော့မလို့လဲ"

"ကိုယ် ပြန်ရောက်တာ နှစ်ရက်ရှိပြီ ယင်းမာ"

အဲဒီနှစ်ရက်လုံး ယင်းမာ သူ့ကို ဘာကြောင့်မဆက်သွယ်လဲဟု အပြစ်တင်ချင်ဟန်ပြသော စကားပြောဟန်ကို ယင်းမာ သတိပြုမိပါသည်။ သူပြန်ရောက်သောရက်တွင် ယင်းမာ ရန်ကုန်ကို အမီပြန်မရောက်ခဲ့သောကြောင့် လေဆိပ်ကိုလည်း သွားမကြိုနိုင်။ ယင်းမာ ထိုနေ့က ရန်ကုန်ကို ညဥ့်နက်မှ ပြန်ရောက်နိုင်သည်။





ဒါတောင် အဘွားဒေါ်ခင်စိမ်းမြက အတင်းကုန်းရုန်းထကာ ပြန်ကို ပြန်မယ်။ မပြန်ရရင် ဆေးတွေမသောက်တော့ပါဘူး။ အသေခံမယ် ဆန္ဒပြလို့ ယင်းမာတို့ ထပြန်ခဲ့ရတာ။ ဝမ်းသွားတဲ့အရှိန်နဲ့ အဖျားပါဝင်ခဲ့သောကြောင့် အိပ်ရာထဲလဲနေသည့် အဘွားက ...

"ယင်းမာ ဒီနေ့မှပြန်မရောက်ရင် အဘွားလည်း ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး၊ အဘွားကြောင့် ကိုစိုင်းထွန်းလုံ အသည်းကွဲခဲ့ရပြီးပြီ၊ အခုတစ်ခါလည်း အဘွားကြောင့် ယင်းမာ အသည်းမကွဲရစေချင်ဘူး"

ဟုလည်း တဖွဖွ ပြောလွန်းမကပြောလွန်းတော့ ယင်းမာ မအောင့်ထားနိုင်တော့ဘဲ ရင်ဖွင့်သလိုတော့ ဝန်ခံခဲ့မိသေးသည်။

"ယင်းမာ ကိုထွတ်နဲ့ အမှတ်မထင်ကွဲခဲ့ရရင်လည်း အသည်းမကွဲတော့ပါဘူး အဘွားရယ်၊ ယင်းမာတို့က အဘွားနဲ့ ဦးစိုင်းထွန်းလုံလို အရူးအမူးချစ်ခဲ့ကြတဲ့ လူတွေမှမဟုတ်တာ"

ဒါပေမဲ့ အဘွားကတော့ ပြန်သင့်ပြီဟု အတင်းတိုက်တွန်းသဖြင့် ပြန်ခဲ့ရတာဖြစ်သည်။ အဘွားကိုညာပြီး ခဏခဏနားခေါင်းသောကြောင့် ရန်ကုန်ရောက်သောအချိန်မှာ ညဥ့်ဆယ့်တစ်နာရီကျော်နေလေပြီ။ ဒါကြောင့် ကိုထွတ်ကို ဖုန်းဆက်ပြီးနှုတ်မဆက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်မှ ပြန်ရောက်တာကြောင့်ရော ရောက်ပြီး ရေမိုးချိုး၊ ခေါင်းလျှော်စသဖြင့် အလုပ်ရှုပ်ရသောကြောင့် အိပ်တော့လည်း ညနှစ်နာရီလောက်မှ အိပ်ပျော်သည်။ မနက်ကျတော်တော်နဲ့မနိုးဘဲ မနက်ဆယ်နာရီမှ မနည်းထယူရသည်။ ခရီးသွားရတာကြောင့် စိတ်ပင်ပန်းလူပင်ပန်းရသမျှ အတိုးချနားလိုက်မိသလိုဖြစ်သွားရာ တစ်ခါမှ ဒီလောက်ထိနေမြင့်အောင် မအိပ်ခဲ့မူးဘဲ ဒီတစ်ခါတော့ အကြာကြီး အိပ်ပျော်သွားခဲ့သည်။

ကိုထွဋ် ဖုန်းဆက်သောအချိန်မှာ ညနေလေးနာရီတော့ရှိနေပြီ။ ယင်းမာလည်း ဖုန်းဆက်မလို့ပြင်တုန်း သူ့က အရင်ဦးသွားတာဖြစ်သည်။ အိပ်ရာကနိုးနိုးချင်း ဖုန်းဆက်ဖို့ပေမယ့် ပြန်လာကတည်းက မသိမ်းရသေးသော အဝတ်အစားတွေ လျှော်ဖို့ ကောင်မလေးတွေကို ထုတ်ပေးပြီးချိန်မှာ နောက်ထွက်မည့်စာအုပ်အတွက် မျက်နှာဖုံးအပ်ထားသော ပန်းချီဆရာက အိမ်ကို ဖုန်းဆက်သည်။ ဒါနဲ့ သူ့ဆီသွားပြီး ပြီးနေသောမျက်နှာဖုံးကို ကြည့်ရသည်။ ငွေချေရသည်။

အဲဒီလိုသွားလာလိုက်တော့ အချိန်ကုန်သွားလေရာ အိမ်ပြန်ရောက်တော့ လေးနာရီရှိနေပြီ။ ရောက်ရောက်ချင်း ဖုန်းဆက်တော့မလို့လုပ်တုန်း ကိုထွဋ်ဆီက ဦးအောင်ဖုန်းဆက်လိုက်သလိုဖြစ်သွားလေရာ ယင်းမာကို သူက အပြစ်ပြောစရာ ရသွားသလိုဖြစ်သွားပါသည်။





ယင်းမာကို သူက လာခဲ့ပါပြောသဖြင့် ယင်းမာ ချက်ချင်းပဲ ကားမောင်းပြီးထွက်လာခဲ့သည်။ သူနဲ့တွေ့ရင် ယင်းမာမှာ ဖြေရှင်းစရာ၊ ဆင်ခြေပေးစရာတွေ ရှိပေမယ့် ယင်းမာ စိတ်မပါသလိုဖြစ်နေသည်။

သူ ဘာတွေများအပြစ်တင်မလဲ။ ယင်းမာ ဘာမှမဖြေရှင်းချင်တော့ပါ။

ယင်းမာ သူ့ရုံးခန်းထဲဝင်သွားသောအခါ ထုံးထုံးဆန်းဆန်း ဒီတစ်ခါပဲ သူ့ကို အလုပ်မလုပ်ဘဲ ထိုင်နေတာတွေ့ရသည်။ အမြဲတမ်း ယင်းမာလာတိုင်း သူ့စားပွဲမှာ ဂကော်ပါထူထူ အစဖြန့်ခင်းထားပြီး စိန်ကျောက်မြတ်ရတနာ တစ်မျိုးမျိုးကို ကြည့်ရှုအကဲဖြတ်နေတတ်သူဖြစ်သည်။ ဒီတစ်ခါမှာတော့ သူက တံခါးပေါက်ဘက်ကျောခိုင်းပြီး ဆုံလည်ကုလားထိုင်ပေါ်မှာ လက်ပိုက်ထိုင်ကာ မှန်ပြတင်းပေါက်ကို စိုက်ကြည့်နေလေသည်။

"ယင်းမာ ရောက်ပြီလား"

ယင်းမာ ဝင်လာမှန်းသိပေမယ့် သူက လှည့်မကြည့်ဘဲမေးသည်။

"ရောက်ပြီ ကိုထွဋ်"

ယင်းမာ ဖြေဖြေချင်းပဲ ယင်းမာဘက် ဆုံလည်ခုံကို လှည့်လိုက်ပြီး ယင်းမာကို စိုက်ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထူးဆန်းလိုက်သလဲ။ ယင်းမာတို့ဟာ လက်ထပ်ခါနီး စုံတွဲပေမယ့် တစ်ပတ်ကျော်လောက် မတွေ့ဖြစ်ကြဘဲ တစ်ယောက်တစ်နေရာစီ ခွဲခွာနေရတာတောင် တွေ့တွေ့ချင်း အလွမ်းသယ်နှုတ်ဆက်ဖို့ဆိုတာမျိုး မရှိကြ။ သူ့ရင်ခွင်ထဲဝင်ပြီး တွတ်တီးတွတ်တာပြောတာမျိုးလည်း ယင်းမာမှာမရှိ။ ဘယ်တုန်းကမှလဲမလုပ်ခဲ့ဖူးသောအပြုအမူမို့ သူ့လက်ကမ်းခဲ့ရင်တောင် ယင်းမာ မှီနိုင်ဖို့ သတ္တိရှိလိမ့်မည်မထင်။

"ယင်းမာ သွားချင်တဲ့ ကော်ဖီဆိုင်တစ်ဆိုင် ရွေးလိုက်ပါ၊ အဲဒီသွားကြရအောင်"

"ရှင် ..."

ဘယ်တုန်းကမှ ကော်ဖီဆိုင်သွားဖို့ စိတ်မပါသော သူ့ဆီက ကော်ဖီဆိုင် သွားမည်ဆိုသောစကားကြောင့် ယင်းမာ အံ့ဩကာ အသံတောင်ပြုမိသည်။

"ဘာဖြစ်လို့လဲ"

"ကိုထွတ်ပဲ ဘယ်တုန်းကမှ ကော်ဖီဆိုင်သွားဖို့ စိတ်မပါခဲ့ဘူးဆိုတော့ အံ့ဩသွားတာ"

"ခုချိန်ကစပြီး မင်း စိတ်ဝင်စားတာမှန်သမျှ ကိုယ်ပါလိုက်စိတ်ဝင်စားသင့်ပြီထင်လို့ ကော်ဖီဆိုင်သွားဖို့ကို ဆုံးဖြတ်တာပါ"





"ကိုထွတ် ကော်ဖီဆိုင်ကိုသွားမယ်ဆိုလည်း သွားကြတာပေါ့"

ယင်းမာတို့ အတူတွဲထွက်လာတော့ ကုမ္ပဏီရုံးခန်းမှာ ဝန်ထမ်းတွေရှိနေဆဲအချိန်မို့ အားလုံးက သိသိသာသာလိုက်ငေးမောကြည့်ရှုတာခံရသည်။ "အဲဒါပေါ့ ဦးမင်းထွတ်တင်နဲ့ လက်ထပ်မယ့်သူဆိုတာ"၊ "မဆိုးပါဘူး၊ လှသားပဲ၊ ဒါပေမဲ့ ဦးမင်းထွတ်တင်က ပိုချောတယ်"၊ "စာရေးဆရာမ ယင်းမာမြိုင်ဆိုလို့ အသက်ခပ်ကြီးကြီးထင်နေတာ၊ ငယ်ငယ်လေးပဲ၊ နာမည်က အဘွားကြီးနာမည်ဆန်တယ်"၊ "ဘာပဲဖြစ်ဖြစ် ဦးမင်းထွတ်တင်ကို ရတာ ကံကောင်းတယ်၊ အရမ်းလည်းချမ်းသာ၊ အရမ်းလည်းချောတဲ့ လူကို ရတာနော်"၊ ယင်းမာကို တွေ့ဖူးသူရော မတွေ့ဖူးသူရော ပြောကြဆိုကြ ဝေဖန်ကြတဲ့အသံတွေကို ယင်းမာ သဲ့သဲ့ကြားရသည်။ ဒီလူ့ကိုရတာ ကံကောင်းတယ်ဆိုသော အားကျသံကို ယင်းမာ ရင်ထဲမှာ ပီတိဖြစ်မနေမိတော့ချေ။ သိပ်ချောပြီး သိပ်ချမ်းသာတဲ့ ယောက်ျားကိုရတာနဲ့ လောကကြီးမှာ ကိုယ်ဟာ ကံအကောင်းဆုံးမိန်းကလေး ဖြစ်သွားရောတဲ့လား။

ကားပေါ်ရောက်တော့မှ ကိုထွတ်က စကားစပြောပါသည်။ ကိုထွတ်ရဲ့အသံက တည်ငြိမ်နေသည်။

"ဘယ်လိုလဲ ယင်းမာသွားခဲ့တဲ့ခရီးမှာ ယင်းမာလိုချင်တာ ရခဲ့ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"စာဖဲထည့်ရေးဖို့ မြင်ကွင်းတွေတော့ စာနဲ့ရော ခေါင်း
ဇီဒီယိုနဲ့ပါ မှတ်လာခဲ့တယ်"

"ယင်းမာနဲ့အတူတူသွားတဲ့လူတွေအကြောင်း ပြောပြပါဦး"

"ကိုထွတ်ကိုပြောခဲ့တယ်လေ၊ မြေးအဘွားနှစ်ယောက်နဲ့
သွားတာ၊ အဘွားက ယင်းမာ အနုရေးမယ့်ဇာတ်လမ်းပိုင်
ရှင်ပေါ့"

ယင်းမာ မသွားခင်ကပြောခဲ့ပေမယ့် သူ့ခေါင်းထဲ
မှာ အဲဒီအကြောင်းရှိမနေခဲ့ဘဲ အခုမှဖြန့်မေးနေပြန်သည်။ ဒါပေမဲ့
ယင်းမာ ဒါကို စိတ်လုပ်မနေတော့ဘဲ ပြန်ပြောပြပေးလိုက်ပါသည်။
ကိုထွတ်ခေါင်းထဲမှာ သူ့ကိစ္စတွေကလွဲရင် ယင်းမာအကြောင်းဆို
ဒီဘက်နားကဝင်ရင် ဟိုဘက်နားကထွက်သွားတတ်တာကိုလည်း
ယင်းမာ နေသားကျနေလေပြီ။

ယင်းမာညွှန်သော ကော်ဖီဆိုင်က ကိုထွတ်တို့ရုံးနဲ့
သိပ်မဝေးလှတာကြောင့် သိပ်မမောင်းလိုက်ရဘဲ ရောက်သွားပါ
သည်။ ကားရှိတဲ့သူတွေမို့ ကားနဲ့သွားသလိုဖြစ်နေတာ။ တကယ်
တော့ လမ်းလျှောက်သွားရင်တောင် ဆယ့်ငါးမိနစ်လောက်ဆို
ရောက်ပါသည်။ ကော်ဖီဆိုင်မှာ ထိုင်ပြီးကြတော့မှ ကိုထွတ်က
ကားပေါ်မှာပြောလာသောအကြောင်းအရာကို ဆက်ပြောပါသည်။

"သူ့မြေးဆိုတာ ယင်းမာနဲ့ရွယ်တူလောက်ဆိုတာ ကိုယ်
လုံးဝမသိခဲ့ဘူး"





"ကိုထွတ်ကို ယင်းမာ ခရီးသွားမယ့်အကြောင်းပြောပြတုန်း
က ကိုထွတ် ဘာမှလဲပြန်မမေးဘူး၊ ယင်းမာကိုလည်း
သိပ်စိတ်မဝင်စားခဲ့ဘူးဆိုတော့ ယင်းမာ ပြောပြမနေခဲ့ဘူး
လေ၊ ရွယ်တူယောကျ်ားတစ်ယောက်ဖြစ်တာနဲ့ ဘာကြောင့်
ခရီးအတူမသွားရမှာလဲ၊ အဘွားပါတယ်လေ"

"ဒါပေမဲ့ ယင်းမာတို့ တတွဲတွဲလုပ်ခဲ့ကြတယ်၊ ဟိုတယ်မှာ
အတူတူနေကြတယ်ဆိုတဲ့သတင်းကို ပေးလာတဲ့သူအမြင်မှာ
ဘယ်လိုရှိမလဲ"

"ရှင် ... ကိုထွတ် ... ဟို ... ဘာကိုဆိုလိုတာလဲ၊ ယင်းမာ
နားမလည်ဘူး"

"ကိုယ် ယင်းမာရဲ့ကိုယ်ကျင့်တရားကိုယုံတယ်၊ ယင်းမာ
က ခင်လို့မင်လို့ အတူတူသွားတယ်ဆိုပေမယ့် ကိုယ့်ကို
မနာလိုလို့ စောင့်ကြည့်နေတဲ့သူတွေဘက်ကကျတော့
မင်းထွတ်တင်လက်ထပ်မယ့်အမျိုးသမီးဟာ ယောကျ်ားလေး
တစ်ယောက်နဲ့အတူ တွဲနေတယ်၊ ဟိုတယ်လ်ကထွက်လာ
တာတွေ့လိုက်တယ်ဆိုတဲ့သတင်းနဲ့ အပုပ်ချခံရတဲ့အခါကျ
တော့ ကိုယ် ဘယ်လိုခံစားရမယ်ထင်လဲ ယင်းမာ"

ယင်းမာသည် အံ့သြတုန်လှုပ်ရလွန်း၍ ထူပူနေကာ
ဘာပြန်ပြောရမှန်းမသိဖြစ်နေသည်။ ကိုထွတ်ပုံစံကတော့ ယင်းမာ



www.burmeseclassic.com

www.burmeseclassic.com



တို့ အဖြစ်တင်နေသလား၊ ဒါမှမဟုတ် သူကြားခဲ့သော သတင်းကို အသိပေးပြောနေသလား မှန်းဆ၍မရအောင် တည်ငြိမ်နေသေးသည်။

"ယင်းမာသာ အနေအထိုင်ဆင်ခြင်ခဲ့မယ်ဆိုရင် ဒီသတင်း ထွက်လာစရာမရှိဘူးပေါ့၊ ခုတော့ သိပ်မလိုအပ်လှတဲ့ ခရီးတစ်ခုကိုသွားခဲ့တယ်၊ အရောမဝင်သင့်တဲ့သူကို အရော ဝင်ခဲ့တယ်၊ ဒီတော့ ပြောဆိုတဲ့ရဲ့မယ့်အကွက်ကို စောင့် နေတဲ့သူတွေအတွက် အကွက်ကောင်းဖြစ်သွားတာပေါ့"

"ကိုထွတ်ကို ယင်းမာ ဒီခရီးသွားမယ်၊ ဒီလူတွေနဲ့သွား မယ် အသိပေးတုန်းက ကိုထွတ်စိတ်ထဲမှာ ဒီခရီးဟာ မလိုအပ်တဲ့ခရီး၊ မသွားသင့်တဲ့ခရီးဆိုရင် ယင်းမာကိုတား ပါလား၊ ဘာလို့မတားလဲ"

"ကိုယ့်ကို မင်း ဘာမှ အသေအချာမပြောခဲ့ဘူး"

"ယင်းမာ ပြောပြပါတယ်၊ ကိုထွက် စိတ်မဝင်စားတာပါ"

"ထားပါတော့ ကိုယ့်စိတ်မှာ မသွားခင်ကကိစ္စကို ငြင်းချင် ချင်တဲ့စိတ်မရှိဘူး၊ အခုဖြစ်ခဲ့ပြီးတဲ့ ပြဿနာကို အသိပေး ချင်တာ ယင်းမာ၊ ကိုယ် ပြောပြီးပြီလေ၊ ကိုယ် ယင်းမာကို မယုံတာမဟုတ်ဘူး၊ ယင်းမာ မဖောက်ပြန်ဘူးဆိုတာ ကိုယ်သိတယ်၊ ကိုယ်အပြောခံရတာကို မခံချင်တာ၊ ကိုယ်



ယူမယ့်မိန်းကလေးဟာ ကိုယ်ကိုယ်တိုင်ရဲ့အမြင်မှာရော အများအမြင်မှာရော ခြောက်ပြစ်ကင်းတဲ့မိန်းကလေးဖြစ်စေ ချင်တာ၊ အခုကျတော့ ... ကျွတ် ... စိတ်အခန့်မသင့်စရာ ကြုံရတယ်၊ ကိုယ့်သိက္ခာကို ထိခိုက်သလိုခံစားရတယ်"

ယင်းမာသည် မထင်မှတ်သောကိစ္စကြောင့် ရင်ထဲမှာ ခြင်းရသလို ကိုထွတ်၏အပြောအဆိုတွေကြောင့်လည်း ဒေါသဖြစ် ကာ မျက်ရည်ပင်ဝဲလာသည်။ သူ့သိက္ခာမထိပါးအောင် ယင်းမာ အနေအထိုင်ဆင်ခြင်ပါဆိုသော အပြောက သူ့အတ္တကိုပြနေသလို င်။ သူ့ဘဝဟာ သိပ်ကိုပြီးပြည့်စုံလွန်း၊ Perfectဖြစ်လွန်းသော ဘဝမို့ သူလက်ထပ်မည့် မိန်းကလေးဟာလည်း ဘယ်နေရာ ကြည့်ကြည့် အပြစ်ပြောစရာမမြင်ရလေအောင် ခြောက်ပြစ်ကင်း ပြီးစင်ဖြစ်လျက် Perfectဖြစ်ရမည်ဟူသောစကားကြောင့် ယင်းမာ ဘတယ်အထိနာပါသည်။ ယင်းမာကပဲ အမည်းစက်စွန်းထင်းဖူးခဲ့ သောမိန်းကလေးဖြစ်သွားရသလိုမျိုး သူ ပြောတဲ့စကားက ရည်ညွှန်း နေသည်။

"ဒီတော့ ကိုယ် ယင်းမာကို ပထမဦးဆုံးအကြိမ်နဲ့ နောက် ဆုံးအကြိမ်အဖြစ် သတိပေးချင်တယ်၊ ယင်းမာ အနေအထိုင် ဆင်ခြင်ပါ၊ တစ်ကြိမ်တစ်ခါမှားဖူးတာကို ကိုယ် ခွင့်လွှတ် နားလည်ပေးလို့ရတယ်၊ မိန်းမဆိုတာ အနှုးမှာ တကပ်ကပ်

www.burmeseclassic.com

www.burmeseclassic.com



နေပြီး အလိုလိုက်အကြိုက်ဆောင်ရင် တဒင်္ဂသာယာယစ်မူး သွားတတ်တဲ့စိတ် ရှိကြသူတွေဆိုတော့ အဲဒီကောင်အပေါ် ယင်းမာ သာယာရင်သာယာခဲ့မယ်ဆိုတာ ကိုယ် နားလည် ပေးလို့ရတယ်"

တစ်ဖက်သတ်ကြီး သတိပေးခံရတာရော၊ သူ့ထင် ကြေးနဲ့သူ စွပ်စွဲနေတာရောကြောင့် ယင်းမာ မျက်ရည်တွေ ပိုးပိုး ပေါက်ပေါက်ကျလာတော့သည်။

"ယင်းမာ မမှားဘူး၊ ယင်းမာ ဘာမှ မမှားခဲ့ဘူး ကိုထွတ်၊ တစ်ဖက်သတ်ကြီးမစွပ်စွဲပါနဲ့၊ ယင်းမာမှာ အဲဒီလိုပျော့ညံ့ တဲ့စိတ်မရှိဘူး"

"မင်းကို ခုချိန်ကစပြီး ကိုယ် အချိန်ပေးမယ်၊ မင်းအနား မှာ အချိန်ပြည့်မဟုတ်တောင် မင်း ကျေနပ်လောက်တဲ့ပုံစံ နဲ့ နေပေးမယ်၊ အဲဒါမျိုး မင်း ကြိုက်တယ်မဟုတ်လား"

"ကိုထွတ် ယင်းမာကို ဘာမှ သံသယမရှိဘူးဆိုတာသာ တစ်ခွန်းပြောပါ"

"မင်း သူနဲ့အတူ တွဲသွားတွဲလာလုပ်ရတာကို မသာယာ ခဲ့ဘူးလားပြော"

"သာယာတယ် မသာယာဘူးဆိုတာက ယင်းမာစိတ်မှာ မရှိခဲ့ဘူး၊ ယင်းမာတို့ ဘယ်သွားသွား အဘွားပါခဲ့တယ်"





"ဒါပေမဲ့ ငါ့ကို ပြန်ပြောတဲ့သူက ဘာကြောင့် မင်းတို့နှစ် ယောက်တည်း ဟိုတယ်လ်ထဲက အတူတူထွက်လာတယ်၊ တစ်နေရာကို [illegible]ာသွားတယ်၊ အတူပြန်ဝင်လာတယ်လို့ အတိအကျပြောနိုင်တာလဲ"

"ယင်းမာ စဉ်းစားမရဘူး၊ အဲဒါ ဘယ်တုန်းကဆိုတာ မှတ်လည်းမမှတ်မိဘူး"

"မမှတ်မိရင် ငါ နေ့ရာအတိအကျပြောလို့ရတယ်၊ မန္တလေး (---)ဟိုတယ်လ်မှာ"

ယင်းမာ ဘာပါလိမ့်ဟု၊ ဘာကြောင့်ပါလိမ့်ဟု တော်တော်စဉ်းစားယူရသည်။ ဘယ်သွားသွား အဘွားပါခဲ့တာ၊ နံနက်ဟိုတယ်လ်မှာ အတူတူစားတာကအစက အဘွားရှိခဲ့တာ တွေကြောင့် စွပ်စွဲပြောဆိုတဲ့သူကိုပင် အံ့ဩပြီး ဘယ်မှာပါလိမ့် လို့ စဉ်းစားယူရသည်။ နောက်ဆုံးတော့ ယင်းမာဟာ သွားခဲ့လာခဲ့ သမျှကို တစ်ကွက်ချင်းပြန်မြင်ယောင်ကြည့်သောအခါ တစ်ရက်ကို ရှုတ်ခနဲသွားသတိလိုက်ပါသည်။

ယင်းမာ ခေါင်းတော်တော်ကိုက်နေတဲ့အချိန် အဘွား သည် အိပ်ပျော်နေတုန်းမို့ ဝါခေါင်လွှန်နဲ့ ယင်းမာ နှစ်ယောက် တည်း ဆေးဆိုင်ကို ခဏထွက်သွားပြီး ဆေးသွားဝယ်ခဲ့တာကို သတိရလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းထွတ်တင်ကတော့ အကြာကြီးငြိမ်နေကာ အသံတိတ်သွားသဖြင့် သူပြောလိုက်တဲ့အချက်ဟာ ယင်းမာကို တိုက်ရိုက်ထိသွားသည်ဟု ယူဆပုံရသည်။ အသ[illegible]က်ပိုက်စောင့်ကြည့်နေလေသည်။

"ယင်းမာ ဟုတ်တယ်၊ သူနဲ့တစ်ခါပဲ အပြင်ကို နှစ်ယောက်တည်းအတူတူသွားခဲ့ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်တုန်းက ယင်းမာ ခေါင်းသိပ်ကိုက်နေလို့ ဆေးထွက်ဝယ်တာပါ၊ သူ့ကို ဝယ်ခိုင်းရင်ရပေမယ့် ယင်းမာကိုယ်တိုင်ပဲ သူနဲ့အတူ လိုက်ဝယ်ခဲ့မိတယ်၊ ယင်းမာ ပြန်ပြောပြနေတာဟာ ကိုထွတ် အမြင်ရှင်းစေချင်လို့၊ ယင်းမာကို ခွင့်လွှတ်နားလည်ပေးစေချင်လို့ဆိုတဲ့ ရည်ရွယ်ချက်မဟုတ်ဘူး၊ ယင်းမာ အနေမှန်ခဲ့တယ်ဆိုတာ သိစေချင်တာပါ"

"ထားပါတော့လေ၊ ယင်းမာ ရှေ့လျှောက် အနေအထိုင်ဆင်ခြင်ပါ၊ ဒီလိုမျိုး နောက်ထပ် ကိုယ် မကြားချင်ဘူး၊ မင်းထွတ်တင်ယူမယ့်မိန်းကလေးဟာ မင်းထွတ်တင်နဲ့ပဲ တွဲဖူးရမယ်၊ ဘယ်သူနဲ့မှ တွဲခဲ့ဖူးတာမျိုး မဖြစ်စေချင်ခဲ့ဘူး၊ ဒါပေမဲ့ မင်း တစ်ချက်မှားသွားတော့ ဒါဟာပြောစရာအချက်ကြီးတော့ဖြစ်သွားတာပေါ့၊ ကဲ ကဲ ... ကော်ဖီသောက်လိုက်ဦး၊ နောက်ဆို မင်းလိုအပ်တာပြော၊ ကိုယ် မင်းအနားမှာ လိုက်ကူညီပေးမယ်"





ယင်းမာကို ခုထိ မှားခဲ့တယ်ဆိုတာ ခဏခဏထည့်ပြောတာကို ယင်းမာ မခံချင်။ ယင်းမာ မမှားခဲ့ဘူးဆိုတာ သူ ဘာကြောင့် လက်မခံနိုင်ရတာလဲ။

"ယင်းမာ တစ်ခုတော့ပြောမယ်"

မင်းထွတ်တင်က ယင်းမာကို စိုက်ကြည့်ကာ နားထောင်လေသည်။

"ယင်းမာ မှားခဲ့တယ်လို့ ကိုထွတ်ထင်နေသမျှ ယင်းမာနဲ့ ကိုထွတ် လက်ထပ်ဖို့ကို နောက်တစ်ခေါက်ပြန်စဉ်းစားရတော့မယ်"

"မဟုတ်သေးဘူးလေ၊ လက်ထပ်ဖို့ကစပြီး စီစဉ်နေပြီပဲ၊ ဘာစဉ်းစားစရာလိုတော့လဲ"

"ပိုက်ဆံပုံအောဖြုန်းနိုင်ရင် ဟိုတယ်လ်မှာ ယူထားတဲ့ Date ကို ကြိုက်သလောက်ရွှေ့ယူလို့ရတယ်လေ၊ လက်ထပ်တယ်ဆိုတာဟာ ယင်းမာဘဝတစ်ခုလုံးနဲ့ဆိုင်သွားပြီ၊ ယင်းမာ ဘာကြောင့်နောက်တစ်ခေါက် မစဉ်းစားရမှာလဲ"

♥ ◎ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

"မြေး ဒီမှာကြည့်စမ်း"

ဒေါ်ခင်စိမ်းမြက ဝါခေါင်လွှန် အိမ်ပြန်ရောက်ရောက်ချင်း ဂျာနယ်တစ်စောင်၏ စာမျက်နှာတွင်ရှိသော ကြော်ငြာဆိုဒ်အရွယ် အကွက်တစ်ကွက်ကို ထောက်ပြပါသည်။

"မေတ္တာစစ်နဲ့ ဆက်သွယ်ထားတယ်"

ဟူသော ခေါင်းစဉ်တစ်ခုကို တွေ့လေသည်။

"ဘာလဲ ဘွား"

"ဖတ်ကြည့်ပါကွယ်"

"မေတ္တာစစ်နဲ့ဆက်သွယ်ထားတယ်တဲ့၊ ဘာလဲ ဗီဒီယိုလား ရုပ်ရှင်လား"

"ဝါခေါင်ဟာလေ တစ်ခါတလေကျ ဒုံးဝေးတယ်၊ ခေါင်းစဉ်ပဲဖတ်နိုင်းတာမဟုတ်ဘူး၊ အောက်မှာဖတ်ကြည့်ဦး"





ဝါခေါင်လွှန် အဘွားဖြစ်သူစိတ်ကြိုက် အောက်မှာရေးထားသောစာတချို့ကို ဖတ်ကြည့်လိုက်ရာ ...

"ဩော် ... ယင်းမာရဲ့ဆယ်အုပ်မြောက်ဝတ္ထုပဲ၊ ပထမဦးဆုံးထွက်လာတဲ့နေ့မှာ သူ့ဝတ္ထုစပြီးဖြန့်တဲ့ဆိုင်မှာ လာဝယ်တဲ့သူတွေကို ကိုယ်တိုင်လက်မှတ်ထိုးတွေ့ဆုံမယ်တဲ့၊ အဲဒါဘွားရဲ့ဇာတ်လမ်းကိုရေးတာပဲပေါ့ ဟုတ်လား၊ မဆိုးပါဘူး၊ ခေါင်းစဉ်လေးကလှသားပဲ"

"ဘွား ဇာတ်လမ်းတွေဘာတွေလုပ်မနေနဲ့၊ မြေး အဲဒီကိုသွားရမယ်"

"ဟာ ... ဘွားကလည်း သူ ကတိပေးထားသားပဲ။ စာအုပ်ထွက်ရင် ပို့ပေးမယ်လို့။ ဘာကြောင့်သွားဝယ်နေတော့မလဲ"

"မြေး သူနဲ့ တစ်ခေါက်မှ ပြန်မဆုံရသေးဘူးလေ၊ မြေး သူ့ကိုတွေ့ချင်ရင် ဒါဟာ အကောင်းဆုံးအခွင့်အရေးပဲ၊ မြေး ဘာကြောင့် သူ့ကို နောက်တစ်ခေါက် ပြန်မဆုံစရာအကြောင်းရှိလဲ"

ဝါခေါင်လွှန်မှာ ဘာမှ ဖြေစရာမရှိ၍ ခြောက်ကပ်ကပ်အသံဖြင့်ရယ်မိသည်။ အသည်းထဲမှာ ကွဲနေခဲ့တာကြာပြီမို့ အက်ကြောင်းအကြီးနေပြီ။ ဒဏ်ရာက မကျက်သေး။ ဒီတော့ မကျက်သေးတဲ့ဒဏ်ရာကို ထပ်ဆွသလိုဖြစ်မယ့် အကြောင်းအရာမျိုးကိုရှောင်သင့်တယ်။ သူ့ကို ထပ်မဆုံသင့်တော့ဘူး။ ဒါကို ဘွားဘွားလည်အောင် ဘယ်လိုရှင်းပြရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း လက်ထပ်မယ့်သူရှိနေပြီ ဘွားရယ်၊ ထပ်ဆုံတော့ရော ဘာထူးမှာမို့လဲ"

"မြေးကို ဘွားလိုပဲ နှစ်ပေါင်းခြောက်ဆယ်လောက် တမြေ့မြေ့ခံစားရတာမျိုး မခံစားရစေချင်ဘူး"

"ဘွားတို့က နှစ်ဦးနှစ်ဖက် ချစ်ခဲ့ကြတာလေ။ ကျွန်တော်ကတော့ တစ်ဖက်သတ်ကြီးဖြစ်နေတာ"

"တစ်ဖက်သတ်လို့တော့ ဘွား မထင်ပါဘူး"

"ထားလိုက်ပါတော့ ဘွားရယ်၊ ကျွန်တော် မေ့ဖို့ကြိုးစားလိုက်ပါပြီ"

"ဘွားကတော့ မမေ့ဘူး၊ မင်းတို့ကို ထွန်းလုံရဲ့အိမ်မှာ တည်းတဲ့ညတုန်းက ခြံထဲမှာ လရောင်အောက်မှာ နှစ်ယောက်တွဲလာတုန်းကမြင်ကွင်းကို မမေ့ဘူး"

ဝါခေါင်လွှန် လန့်သွားပါသည်။ ဘွား ဒါကို သိနေခဲ့တယ်ပေါ့။

"ကိုယ့်မြေးမို့ကိုယ်ပြောတာ မဟုတ်ဘူး၊ မင်းနဲ့ ယင်းမာဟာ ဘွား မျက်စိထဲမှာတော့ သိပ်လိုက်ဖက်တာပဲ၊ မင်းလောက်လည်း ယင်းမာအပေါ် နားလည်မှုရှိမယ့်လူ ရှာမရနိုင်သလို ယင်းမာလောက်လည်း မင်းအပေါ် နားလည်ပေးနိုင်မယ့်လူ ရှာမတွေ့နိုင်ဘူးလို့ ဘွား ခံစားရတယ်"



ဝါခေါင်လွှန် ထပ်၍ ခြောက်ကပ်ကပ်ရယ်မိပြန်သည်။ ဘွားကတော့ ဖြစ်စေချင်တဲ့ဆန္ဒနဲ့ပြောနေတာ။ တကယ်တော့ ဒါတွေဟာ စိတ်ကူးယဉ်ဆန်လွန်းတယ်။ သူ့ဟာနဲ့သူရေးပြီးသားဇာတ်လမ်းတစ်ပုဒ်ကို ပြန်ဖျက်ပြီး အသစ်ပြန်ရေးလို့သာရရင်ရမယ်။ တကယ့်တကယ်တော့ အပြင်မှာ တကယ်ဖြစ်နေတာတွေဟာ ပြင်ဆင်ချင်လည်း ပြင်ဆင်လို့မှမရတော့တာကို ဘွား ဘာကြောင့် နားမလည်နိုင်ရတာလဲ။

"သွားလိုက်ပါ မြေးရယ်၊ ဘွားကိုချစ်ရင် အဲဒီနေ့တော့ သွားလိုက်ပါ၊ သူ လက်ဆောင်ပေးတာလည်း ပေးပေါ့၊ ကိုယ်က သူ့ကိုအားပေးတဲ့အနေနဲ့ သွားဝယ်လိုက်ပါ၊ ဘွားကိုယုံရင် သွားသာသွား၊ တစ်ခုခုထူးခြားမှာပါ မြေးရဲ့"

နောက်ဆုံးတော့ ဝါခေါင်လွှန်ဟာ အဘွားဖြစ်သူရဲ့ ဆန္ဒကိုဆို ဘယ်တော့မှ ငြင်းဆန်လေ့မရှိလေရာ အဘွားဆန္ဒအတိုင်း သွားပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ဘွားပါ လိုက်ခဲ့ပေါ့"

"မလိုက်ပါဘူး မြေးရယ်၊ ယင်းမာက ဘွားကိုမြင်ရင် ဒါ ဘွားရဲ့ဇာတ်လမ်းပါလို့ပြောမိရင် ဘွား ရှက်တယ်၊ သက်ကြီးရွယ်အိုကြီးက အချစ်ဇာတ်လမ်းရေးပေးတယ်ဆိုပြီး ကဲ့ရဲ့ခံရပါမယ်"

www.burmeseclassic.com



ယင်းမာကို သွားတွေ့ပြီး စာအုပ်ဝယ်ရမယ့်နေ့ မရောက်ခင်တစ်ရက်မှာတော့ ဦးစိုင်းထွန်းလုံမိသားစုထံမှ ဖိတ်စာနှစ်စောင် လက်ခံရရှိပါသည်။ တစ်စောင်က ဘွားနဲ့ဝါခေါင်လွှန် အတွက်ဖြစ်ကာ တစ်စောင်ကတော့ ယင်းမာအတွက်ဖြစ်သည်။

"စိမ်း ...

ကျုပ်သားသမီးမြေးထွေရဲ့ ကြီးပမ်းမှုနဲ့ စပျစ်ဝိုင် တစ်မျိုးကို စမ်းသပ်ထုတ်လုပ်ဖြစ်ပါပြီ။ ရန်ကုန်ဈေးကွက် ထဲဝင်တိုးဖို့ ဟိုတယ်လ်ကြီးတစ်ခုမှာ စာနယ်ဇင်းတွေနဲ့ ဆုံပြီး မိတ်ဆက်ပွဲလုပ်ရမယ်ဆိုတာနဲ့ Traders hotel (ထရိတ်ဒါး(စ)ဟိုတယ်)မှာ မိတ်ဆက်ပွဲလုပ်ဖို့ စီစဉ်ကြ တယ်၊ ဖိတ်စာပို့ပေးလိုက်ပါတယ်၊ ဆက်ဆက်လာကြပါ။ ကျုပ်လည်း ဒီတစ်ကြိမ် ရန်ကုန်ကိုလာတာ နောက်ဆုံးဖြစ် လိမ့်မယ်၊ ရန်ကုန်ကို နှစ်နှစ်ဆယ်နေမှ တစ်ခေါက်ရောက် ဖြစ်တာပါ၊ စိမ်းရဲ့မိတ်ဆွေစာရေးဆရာမလေး လိပ်စာတော့ မသိလို့ သူ့အတွက်ဖိတ်စာကို စိမ်းတို့နဲ့တစ်ပါတည်း ထည့်ပေးလိုက်တယ်၊ ဆက်ဆက်လာဖို့ပြောပြီးဖိတ်ပေးပါ နော်၊ ကျုပ်တို့တစ်မိသားစုလုံး စိမ်းတို့အားလုံးကို ပြန်စုံဖို့ မျှော်နေကြမယ် ...

စိုင်းထွန်းလုံ"





ဘွားသည် စာကို ဝါခေါင်လွှန်ကိုပါ ပေးဖတ်ပြီး လျက် ဝမ်းသာအားရပင် ...

"မြေး စာအုပ်သွားဝယ်တဲ့အခါ ဒီဖိတ်စာကိုပါ ပေးလိုက်ရတာ ပေါ့၊ စာအုပ်ဝယ်ဖို့အကြောင်းပြပြီး လာတွေ့တဲ့ပုံစံမဖြစ် တော့ဘဲ ဒီဖိတ်စာပေးဖို့အတွက်ပါ လိုအပ်လို့လာသလို ဖြစ်တာပေါ့"

ဟူ၍ ပိုပြီး အဆင်ပြေသောအခြေအနေကို ကျေနပ် စွာပြောလေသည်။ ဝါခေါင်လွှန့်အတွက်လည်း ဒီဖိတ်စာ သွားပေး ဖို့အကြောင်းပြတာဟာ အကောင်းဆုံးလိုဖြစ်နေသည်။ ဘာပဲဖြစ် ဖြစ် ဘွား စီစဉ်၍ပဲဖြစ်ဖြစ် ယင်းမာကို တစ်ကြိမ်တစ်ခါတော့ ဆုံရဦးမည်ဆိုသောအချက်က သူ့ကို များစွာစိတ်လှုပ်ရှားရင်ခုန် စေပါသည်။

စိတ်လှုပ်ရှားခြင်းတစ်ဝက်၊ မျှော်လင့်ခြင်းတစ်ဝက် ဖြင့် စောင့်နေမိသောရက်ကို ရောက်လာသောအခါ နာရီတကြည့် ကြည့်နဲ့ဖြစ်နေမိပြန်သည်။ နောက်ဆုံးတော့လည်း ထိုအချိန် ထိုအခါကို ရောက်လာရသောအခါ ဝါခေါင်လွှန်တစ်ယောက် စာအုပ်ဖြန့်ချိရေးအရောင်းဆိုင်ကြီးရှေ့မှာ ချိတုံချတုံဖြင့် အကြာကြီး ရပ်နေမိပြန်သည်။ စာအုပ်ဝယ်ပြီးတော့ပဲ လက်မှတ်ထိုးခိုင်းရင်း ဖိတ်စာကိုပေးရမလား။ ဒါမှမဟုတ် ဖိတ်စာပဲ သီးသန့်သွားပေးရ မလားဆိုတာ ရွေးရခက်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နဲ့မနီးမဝေးမှာ ကားကိုရပ်ထားပြီး လမ်းလျှောက်လာခဲ့သည်မို့ ဆိုင်ရှေ့ရောက်သောအခါ လက်မှတ်ထိုးခိုင်းဖို့ တန်းစီနေသော လူစုကိုကြည့်ရင်း ဝေခွဲမရဖြစ်နေတာပင်။ ယင်းမာကို ခိုးကြည့်လိုက်တော့ စားပွဲကုလားထိုင်နှင့် အကျအနထိုင်လျက် သူမရှေ့ရောက်လာသူတိုင်းကို ပြုံးပြုံးရယ်ရယ်၊ ဖော်ဖော်ရွေရွေ စကားတွေပြောကာ စာအုပ်ကို လက်မှတ်ရေးထိုးပေးနေတာ တွေ့ရသည်။

ဝါခေါင်လွန်ကသာ ယင်းမာတို့ရေးသော စာအုပ်မျိုးတွေမဖတ်သဖြင့် ယင်းမာဟာ သူ့အတွက် ဘယ်လိုမှ သတ်မှတ်ချက်ထားစရာမိန်းမတစ်ယောက် မဟုတ်ခဲ့ပေမယ့် ယင်းမာရဲ့ စာအုပ်ကိုမှ စွဲလမ်းနှစ်ခြိုက်စွာ ဖတ်ရှုအားပေးသော သူ့ရဲ့ပရိသတ် အစစ်အမှန်တွေအတွက်တော့ ယင်းမာဟာ Hero (ဟီးရိုး)တစ်ယောက်လို၊ စံပြပုဂ္ဂိုလ်တစ်ယောက်လို၊ အားကျအတုယူစရာတစ်ဦးလိုမျိုး ဖြစ်နေခဲ့ကြောင်း ဒီလက်မှတ်ရေးထိုးပွဲကိုမြင်ရမှ သတ်မှတ်ချက်တစ်ခုရသလို ဖြစ်သွားပါသည်။

နောက်ဆုံးတော့ ပြုံးနေသော ယင်းမာမျက်နှာလေးကို အနီးကပ်တွေ့ချင်တာနဲ့ပဲ အထဲဝင်တွေ့ဖို့ ဆုံးဖြတ်လိုက်ပါသည်။ ဝါခေါင်လွန် အထဲဝင်မလို့ပြင်စဉ်မှာ နောက်ဆုံးပေါ် လင့်ခရူဇာကားအဖြူဆွတ်ဆွတ်ကြီးပေါ်မှ လူတစ်ယောက် ကားတံခါးဖွင့်ဆင်းလာ၊ ပြောနေဆဲဟန်းဖုန်းကိုလည်း ပြောရင်း သူ့





ရှေ့ကဖြတ်ဝင်သွားတာကို ကြုံရသည်။ ချိတုံချတုံဖြင့် ခြေလှမ်းနှေးနေခဲ့မိတာကြောင့် ခြေတစ်လှမ်းနောက်ကျသွားသလို ဖြစ်နေခဲ့၍ ထိုလူရဲ့ခြေလှမ်းမှန်မှန်တွေက ဝါခေါင်လွန့်ကို ကျော်တက်သွားပါသည်။ ထိုသူဝင်သွားသောအခါ ပတ်ဝန်းကျင်တစ်ခုလုံးဟာ လင်းထိန်သွားသလိုပဲ အရှိန်အဝါတစ်မျိုးဖြစ်ထွန်းသွားစေလျက် ဘယ်သူမဆို ထိုသူ့ကို လိုက်ကြည့်မိစေတော့သည်။

ဘယ်သူနဲ့မှမတူသော ကိုယ့်ကိုယ်ကိုယ် အထင်ကြီးယုံကြည်စိတ်ချမှုတွေအပြည့်ရှိနေခဲ့သော ထိုသူ့ဟန်ပန်အမူအရာကို ဝါခေါင်လွန်ပင် ငေးကြည့်ရသည်။ ထိုသူက တန်းစီနေသောလူတွေကို ဖြတ်တက်သွားပြီးလျှင် ယင်းမာထံ တည့်တည့်လျှောက်သွားနေတာတွေ့ရသည်။

ဝါခေါင်လွန့်ရင်ထဲမှာ သတိပေးသောအချက်ပေးခေါင်းလောင်းသံတွေ မြည်သွားပါသည်။ ယင်းမာက ထိုသူ့သူမအရှေ့လာအရပ်မှာ အံ့သြသလို(သို့သော်) အနည်းငယ်ကျေနပ်နှစ်သက်သလိုဖြစ်သွားသော မျက်လုံးတွေဖြင့် မော့ကြည့်လိုက်တာတွေ့ရ၏။

"ယင်းမာ မပြီးသေးဘူး လား၊ ကိုယ် ကားထဲမှာစောင့်နေတာကြာပြီ"

"နေ့ခင်းဆယ့်တစ်နာရီကနေ နေ့လယ်တစ်နာရီထိလို့ ကြော်ငြာထားတယ်လေ၊ ယင်းမာ အဲဒီထိ နေပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တန်းစီစောင့်နေတဲ့သူ လေးငါးယောက်လောက်ပဲကျန်တော့တာလေ၊ တစ်နာရီထိနေစရာမလိုဘူး မဟုတ်လား"

"ဘယ်သူမှ လက်မှတ်လာမထိုးနိုင်းတော့ရင်တောင် ယင်းမာ ကတိအတိုင်း တစ်နာရီထိနေကိုနေရမယ်"

"ဒါဆို ကိုယ်က ဘာလုပ်ရမလဲ"

"ကိုထွတ် မစောင့်နိုင်ရင်ပြန်ပါလို့ အလာတည်းက ယင်းမာ ပြောပြီးသားပဲ၊ ကိုထွတ်သွားရင် သွားပါတော့၊ ဟိုမှာ ရပ်စောင့်နေတဲ့ပရိသတ်ကို အားနာဖို့ကောင်းတယ်"

ယင်းမာတို့၏ပြဿနာကိုတော့ ဝါခေါင်လွှန် မကြား ရပေမယ့် ဝါခေါင်လွှန်ဟာ ယင်းမာနဲ့ တရင်းတနှီးစကားအပြန် အလှန်ပြောနေသူကို အကဲခတ်လိုက်တာနဲ့တင် ဒီလူဟာ ယင်းမာရဲ့ တစ်စုံတစ်ယောက်ဆိုတာ အလိုလိုခံစားသိရှိလိုက်ပါသည်။ ယင်းမာ ကို ဝင်တွေ့ချင်စိတ်၊ စကားပြောချင်စိတ်လည်း လုံးဝမရှိတော့ တာမို့ ...

"ဒီဖိတ်စာလေးကို စာရေးဆရာမယင်းမာမြိုင်ကို ပေးလ ပါ၊ ဆက်ဆက်ပေးပေးပါခင်ဗျာ"

စာအုပ်ဖြန့်ချိရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးအား ပေးခဲ့ပြီး လှည့်ထွက်လာခဲ့တော့လေသည်။

♥ ○ ♥





## ၁၉

Traders ရှေ့မှာ ကားရပ်ပြီးလျှင် ယင်းမာသည် အပေါ်ကခြုံလာသော ပဝါပါးလေးကို ပြင်ခြုံလိုက်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ညနေခင်းဝတ်စုံက လက်ပြတ်ပြီး ရင်ဟိုက်လေးမို့ ကြည့်ကောင်းအောင် ပိုးပဝါပါးလေး အပေါ်ကခြုံထားသော ကြောင့် နွေးနေခဲ့ပေမယ့် ယင်းမာရဲ့ရင်တွေခုန်ပြီး လက်ဖျားလေး တွေတော့ အေးနေသည်။ ဒီပွဲကို သူတို့မြေးအဘွားပါ လာကိုလာ မယ်ဆိုတာ သိထားလေရာ ယင်းမာသည် ပြန်ဆုံကြရမည့်အဖြစ်ကို ရင်ခုန်စိတ်လှုပ်ရှားနေမိသည်။

ယင်းမာမှာ ရှင်နဲ့တွေ့ရင် ပြောပြစရာတွေလည်း ရှိတယ် ဝါခေါင်ရယ် ... ဟု ယင်းမာ ထပ်ခါထပ်ခါရွတ်ရင်း ဟိုတယ်လ်၏ခတ်လှေကားကိုနိုပ်ပြီး ရပ်စောင့်နေစဉ် အပေါ်ကပြန် ဆင်းလာသော ခတ်လှေကားက ယင်းမာရှိရာအထပ်မှာရပ်တန့်



www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် အထဲကထွက်လာမယ့်သူတွေ ထွက်လာလို့ရအောင် ဘေးအသာဖယ်ရပ်လိုက်သည်။

"ဟင်"

"ယင်းမာ"

အထဲကထွက်လာသူကို မျက်လုံးချင်းဆုံဆုံချင်း ယင်းမာ အာမေဋိတ်သံပြုမိသလို ထိုသူကလည်း ယင်းမာအမည်ကို ဝမ်းသာအားရ နှုတ်ဆက်လိုက်သံကြားရသည်။ ထိုသူကား ဝါခေါင်လွှန်ပွင့်ဖြစ်သည်။ သို့သော် သူတစ်ယောက်တည်းမဟုတ်ခဲ့။ သူ့လက်မောင်းကို တွဲထားသော ငယ်ငယ်ချောချောမိန်းကလေးတစ်ယောက် အတူတွဲပါခဲ့ပါသည်။ ယင်းမာရဲ့ရင်ထဲမှာ အဆောက်အအုံအကြီးကြီးတစ်ခု လဲပြိုသွားသလိုပဲ ခံစားလိုက်ရသည်။

"ယင်းမာ လာတယ်လား၊ နောက်ကျနေလို့ ဦးစိုင်းထွန်းလုံတို့က တမေ့မေးလုပ်နေတာ"

"အဟင်း ... ဟုတ်တယ်၊ ယင်းမာနောက်ကျသွားတယ်"

"ဘွားလည်း အပေါ်မှာရှိတယ် ယင်းမာတက်သွားနှင့်လေ"

"ဟုတ်ကဲ့"

"ဪ ... မိတ်ဆက်ပေးရဦးမယ် ဒါလီနဲ့၊ ဒါလီ သူက ယင်းမာမြိုင်တဲ့၊ စာရေးဆရာမလေ၊ ဘွားရဲ့ဓာတ်လမ်းဟောင်းကို အခုထုတ်တဲ့ ဆယ်အုပ်မြောက်အမှတ်တရရှာ ရေးထားတယ်"



"ဟုတ်တယ် ... ဟုတ်တယ်၊ ဘွား ပေးဖတ်လို့ဖတ်ရပါတယ်၊ ဒါလီက ဝတ္ထုတော့ဖတ်ပါတယ်၊ စွဲစွဲလမ်းလမ်းကြီး စွဲဖတ်တာမျိုးတော့မရှိဘူး၊ ကြုံရင်ဖတ်တယ်၊ ဘွားဇာတ်လမ်းလေးကို ခပ်ရိုးရိုးလေးနဲ့ Romanticဖြစ်အောင်ရေးထားတယ်နော်"

ယင်းမာ ဖြူးရှုသာခေါင်းညိတ်မိသည်။ သူတို့၏အရင်းတနှီးရှိမှုက ယင်းမာကို ပြောစရာစကားတွေကုန်ခန်းနေသလိုခံစားရစေသည်။ ဒါလီ့လှပမှုကို ယင်းမာ မယှဉ်နိုင်တာသေချာသည်။ ဝါခေါင် သူ့ကိုရွေးချယ်ထားတယ်ဆိုရင် ခွင့်မလွှတ်စရာမရှိပါဘူး ဝါခေါင်ရယ်။ ယင်းမာက ဝါခေါင့်အတွက် မျှော်လင့်ချက်ထားရမယ့်သူမှ မဟုတ်ခဲ့တာ။

"ဒါလီတို့က စင်ကာပူမှာနေကြတာလေ၊ အခုတစ်ခေါက်ခဏလာလည်တုန်း ထရိတ်ဒါးစ်ထဲ မရောက်ဖူးသေးဘူးဆိုလို့ ဘွားရော ကျွန်တော်ကပါ လိုက်လာနိုင်းလို့ပါလာတာ၊ ဧည့်မြှောင်လုပ်တာလေ"

"အံမယ် ... လူကို လှောင်စရာလား"

"ယင်းမာ သွားနှင့်တော့မယ်နော်"

"ရတယ် ... ရတယ် ယင်းမာ၊ ကျွန်တော်တို့လည်း ပြီးရင်ပြန်တက်လာမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လွန်သည် ခပ်ညိုညိုနှင့် ဆွေးမြည့်နေသော ယင်းမာ၏မျက်လုံးလေးတွေကို မျက်စိထဲကပျောက်လို့မရဘဲ ဖြစ်နေတော့သည်။ ဒါလီက ကားထဲမှာ ပဝါသွားယူချင်တယ်ဆိုလို့ ပြန်ဆင်းလာရတာပေမယ့် တကယ်တော့ ယင်းမာနဲ့အတူတူ ပြန်လိုက်သွားချင်နေလေသည်။ ယင်းမာရဲ့အမျိုးသားကရော ဘာလို့ မပါလာရတာလဲ။ တကယ်ဆို ယင်းမာခေါ်ရင် လိုက်လာလို့ရတာပဲ။

ဝါခေါင်လွန့်ထံတွင် တွေးစရာတွေများနေတော့သည်။ ဒါလီ ပဝါယူပြီး အပေါ်ပြန်တက်လာသောအခါမှာ ယင်းမာက တခြားစားပွဲမှာထိုင်နေသည်။ ဝါခေါင်လွန့်တို့ ဘွားတို့စားပွဲက လူပြည့်နေပြီးသားဖြစ်၍ ယင်းမာ တခြားစားပွဲ ရောက်သွားတာဖြစ်သည်။

ယင်းမာက သူတို့ကို မျက်လုံးတစ်ချက်ဝေ့ပြီးကြည့်ကာ ပြန်၍ မျက်နှာလွှဲသွားပါသည်။ ဆင်စွယ်ရောင်ညနေခင်းဝတ်စုံလေးနဲ့ ပတ္တမြားနီနီလေးတွေဆင်ထားသော ယင်းမာပုံစံလေးက အေးမြပြီး ချစ်စရာကောင်းနေသည်။ သို့သော် ယင်းမာ၏အမူအရာက လန်းဆန်းတက်ကြွမှုမရှိဘဲ တွေတွေငေးငေးလေးဖြစ်နေပါသည်။

"ယင်းမာ နောက်ကျသွားလို့ ဘွားတို့နဲ့မထိုင်ရတော့ဘူး ကွယ်၊ သူတစ်ယောက်တည်းဖြစ်နေပြီ"

"သူ့ကြည့်ရတာ ဗီလင်တက်နေသလိုပဲနော်"





ဒါလီက အကဲခတ်မိသလိုဖြင့် ပြောလေသည်။

"ဘွားကို လာနှုတ်ဆက်တော့ ဘွားမေးကြည့်မိတယ်၊ ယင်းမာတို့ ဘယ်တော့လက်ထပ်ကြမလဲ၊ လက်ထပ်ရင်လည်း ဘွားတို့ကိုဖိတ်ဖို့ မမေ့နဲ့လို့မေးမိတော့ ယင်းမာက သူတို့ လက်မထပ်ဖြစ်တော့ဘူး၊ စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်းပစ်လိုက်ပြီလို့ပြောသွားတယ်၊ အဲဒါကြောင့် သူ့မျက်နှာလေး နွမ်းနေတာဖြစ်မယ်၊ ဘာများဖြစ်ကြပါလိမ့်ကွယ်၊ ဘွားဖြင့် သူ့အတွက် စိတ်မကောင်းဖြစ်နေမိတယ်"

"ဟင်း ဟင်း ... ဟုတ်လား တကယ်လား ဘွား"

ဝါခေါင်လွန် ဝမ်းသာအားရအသံဖြင့် မေးမိလျှင် ဘွားက ပြုံး၍ ခေါင်းညိတ်သည်။ ထိုအချိန်တွင် အခမ်းအနားမှူးက စင်မြင့်ပေါ်တက်လာပြီမို့ အားလုံး စကားပြောသံတွေ တိတ်သွားရပါသည်။

အခမ်းအနားကတော့ ထုံးစံအတိုင်း ဒီဝိုင်စတင်ဖြစ်ပေါ်လာပုံ၊ ဘယ်ရွှေ့ဘယ်ပုံချက်ပုံ၊ ထိန်းသိမ်းပုံ၊ ထုပ်ပိုးပြင်ဆင်မှုအဖြင့်တွေကို ဦးစိုင်းထွန်းလုံမိသားစုဝင်တွေထဲမှ သားအကြီးဆုံးဖြစ်သူက ရှင်းပြပြောဆိုခြင်းပြီးမှ တာနယ်ဇင်းမှဖိတ်ကြားထားသော ဂျာနယ်လစ်(စ)များ၏ မေးခွန်းကို အပြန်အလှန်ဖြေကြားခြင်း၊ ဈေးကွက်ထဲ ဘယ်နေ့ဘယ်ရက်မှာ ရောက်ပါမည့်အကြောင်း ကြေညာခြင်း၊ ပရိုမိုးရှင်း ဘာတွေညာတွေပါဝင်ပါတယ်ဆိုတာအသိ



www.burmeseclassic.com

www.burmeseclassic.com



ဆေးခြင်း စသဖြင့်တွေ တော်တော်ကြာကြာလေး ပြောဆိုကြတာမျိုးဖြစ်သည်။

ဝါခေါင်လွန်ကတော့ ခပ်ငေးငေးလေးထိုင်နေသော ယင်းမာဆီပြေးသွားချင်လှပြီ။ စကားပြောချင်လှပြီမို့ ပြောကြတာတွေကို ကြာမြင့်လွန်းလှသည်ဟု ထင်လေသည်။ ယင်းမာက သူ့ဘက် တစ်ချက်မှမကြည့်ဘဲ နေနေနိုင်လွန်းတာကြောင့် အားမလိုအားမရဖြစ်နေရပြန်သည်။

"အခုချိန်ကစပြီး ဦးစိုင်းထွန်းလုံမိသားစုမှ တည်ခင်းဧည့်ခံသော ညနေစာများကို စတင်သုံးဆောင်ရင်း လေးစီးကလပ်တေးဂီတအဖွဲ့နဲ့အတူ နိုင်ငံကျော်အဆိုတော်များရဲ့ တေးသံသာများဖြင့် ဖျော်ဖြေမှုကို ခံစားနားထောင်နိုင်ကြပါကြောင်း ဦးစိုင်းထွန်းလုံမိသားစုကိုယ်စား လေးစားခင်မင်စွာ ပန်ကြားအပ်ပါသည်ခင်ဗျား"

ညနေစာ စတင်ဧည့်ခံနေချိန်ဖြစ်သဖြင့် လူကြားထဲထသွားကာ စကားပြောလို့လည်း မသင့်ပြန်တာမို့ ထပ်မံ၍အောင့်ထားရပြန်သည်။ ယင်းမာကိုယ်တိုင်လည်း တို့ကနန်းဆိတ်ကနန်းစားနေသလို ဝါခေါင်လွန်လည်း ယင်းမာကိုသာ တကြည့်ကြည့်လုပ်နေမိသဖြင့် ဘာမှ မစားဖြစ်။

ဦးစိုင်းထွန်းလုံ မိသားစုကတော့ စားပွဲဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်း ကိုယ်စီကိုယ်င လိုက်လံနှုတ်ဆက်ပါသည်။





"ဘယ်လိုလဲ စိမ်း၊ ခုလေးတင် စာရေးဆရာမလေး စားပွဲက လာခဲ့တာ၊ ကျုပ်တို့အကြောင်းရေးထားတဲ့ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ဖို့ဝယ်သွားပြီလို့ သတင်းပေးတယ်မျို့၊ စိမ်းကို သူ ပြောပြီးပြီလား"

ဦးစိုင်းထွန်းလုံ သတင်းပေးတော့ ဘွားက ရှက်ပြုံးရယ်သည်။

"သူနဲ့တစ်စားပွဲတည်းမဟုတ်တော့ စကားတောင် အသေအချာမပြောဖြစ်ပါဘူး၊ ကျွန်မ မရည်ရွယ်ဘဲပေးလိုက်တဲ့ဇာတ်လမ်းက ဒီလောက်ထိခရီးရောက်မယ်လို့ ထင်တောင်မထင်ဘူး၊ အခုမှ ပြန်စဉ်းစားပြီး ရှက်တောင်ရှက်တယ်"

"နာမည်တိုက်ရိုက်သုံးထားတာမှမဟုတ်တာ ဘွားရဲ့၊ ဘာမှရှက်စရာမရှိပါဘူး"

ဒါလီက ဝင်ပြောပြီးလျှင် ဝါခေါင်လွန့်ကို သူမ၏ပခုံးဖြင့်တိုက်ကာ ...

"စာရေးဆရာမရဲ့ နောက်ရေးမယ့်ဇာတ်လမ်းက ကိုခေါင်ရဲ့ဇာတ်လမ်းပဲဖြစ်မယ်၊ ဟုတ်တယ်မဟုတ်လား"

ဟု စနောက်သလိုပြောနေစဉ်မှာပင် ယင်းမာ ဒီဘက်လျှောက်လာတာတွေ့ရသည်။

"အဘိုးဦးစိုင်းထွန်းလုံကို လာနှုတ်ဆက်တာပါ၊ ယင်းမာ ပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရောက်တာဖြင့်မကြာသေးဘူး၊ ဒင်နာတောင် ခုမှ စကျွေးတာလေ ဆရာမရဲ့၊ ပြန်တော့မလို့လား"

"ယင်းမာ စားပြီးပါပြီ၊ အိမ်မှာလုပ်စရာလေးရှိလို့ စောစော ပြန်ချင်တာပါ၊ ယင်းမာကို သတိတရဖိတ်တဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်၊ အဘိုးတို့ရဲ့ဝိုင်လုပ်ငန်း အောင်မြင်ပါစေလို့ ဆုတောင်းတယ်နော်"

"ကောင်းပါပြီဗျာ၊ ဆရာမလေးကိုလည်း အဘိုးက ပြန်ကျေးဇူးတင်ရမှာပါ၊ ဖိတ်တာကို အချိန်ပေးပြီးတက်ရောက်တဲ့အတွက် ဝမ်းလည်းသာပါတယ်၊ ဒီလိုမှ မဆုံကြရင်လည်း ပြန်ဆုံဖြစ်ဖို့ခက်တယ်မဟုတ်လား"

"ယင်းမာ သွားပြီနော်၊ အားလုံးပဲ နှုတ်ဆက်ပါတယ်"

ယင်းမာက အဘွားကိုတော့ ခါးကိုင်းပြီး ပခုံးလေးပွေ့ကာနှုတ်ဆက်သလို ကျန်တဲ့သူတွေကိုတော့ မျက်လုံးဝေ့ကြည့်ပြီး နှုတ်ဆက်စကားပြောပါသည်။ ယင်းမာ အခန်းထဲက ထွက်သွားသောအခါ ဦးစိုင်းထွန်းလုံရော ဒေါ်ခင်စိမ်းမြတို့ကပါ ...

"ဝါခေါင် သူ့နောက်ကလိုက်သွားသင့်တယ်"

ဟု ပြိုင်တူနီးပါး ပြောလိုက်သံအဆုံးမှာ ဝါခေါင်လွန်လည်း အားလုံးကို ရှက်မနေအားတော့ဘဲ ယင်းမာ ထွက်သွားရာခြေတော်လျှောကားဆီ အပြေးခြေလှမ်းတွေနဲ့ လိုက်လာခဲ့မိတော့လေသည်။

♥ ○ ♥



# ရင်ခုန်သံချင်း နီးခဲ့ရင် ...

www.burmeseclassic.com

www.burmeseclassic.com



"ယင်းမာ ... ယင်းမာ ... ခဏနေပါဦး"

ကားသော့ကိုဖွင့်နေစဉ်မှာပင် နောက်ကအပြေးလိုက်လာသောခြေသံနှင့်ခေါ်သံကြောင့် ယင်းမာ လှည့်ကြည့်လိုက်ပါသည်။

အနားရောက်လာသော ဝါခေါင်လွန့်ကို ယင်းမာ အသာမော့ကြည့်မိ၏။

"ယင်းမာကို ကျွန်တော် တစ်ခါကပြောခဲ့ဖူးတာမှတ်မိမလားတော့မသိဘူး"

ယင်းမာ ဘာမှ မတုံ့ပြန်ဘဲ သူ့ကို ပြန်ငေးကြည့်လိုက်ပြန်သည်။ ယင်းမာ ဘာမှကို နားမလည်နိုင်တော့။ သူ ဘာပြောလို့ပြောမှန်းပင် မမှတ်မိ။

"ယင်းမာ မမှတ်မိဘူးနော်"

"မမှတ်မိပါဘူး၊ ပြောခဲ့ဖူးတယ်ဆိုတာ ဘယ်ဟာကိုပြောခဲ့ဖူးတာမို့လဲ"





"ယင်းမာနဲ့ လမ်းမခွဲခင်မှာ ကျွန်တော် ပြောခဲ့တယ်လေ၊ အကယ်၍ ယင်းမာမှာသာ ချစ်သူမရှိခဲ့ရင် ကျွန်တော် ယင်းမာရဲ့ချစ်သူဖြစ်ခွင့် ရချင်တယ်လို့"

"ကိုဝါခေါင့်ကို အမှန်အတိုင်း ဝန်ခံရရင် ကိုထွတ်ကို ရွေးချယ်သင့်တဲ့လူလို့ ခေါင်းထဲမှာ ဆုံးဖြတ်ပြီးရွေးခဲ့တာပါ၊ သူဟာ ဘယ်တုန်းကမှ ယင်းမာရဲ့ချစ်သူမဖြစ်ခဲ့ဘူး"

"ဒါဆို ကျွန်တော် ..."

"ကိုဝါခေါင့်မှာလည်း ချစ်သူရှိနေပြီပဲ၊ ယင်းမာကို ဘာကြောင့် အဲဒီစကားတွေ လာအစဖော်နေရတာလဲ"

"ဟင် ... ဘယ်သူလဲ၊ ဘယ်သူ့ကို ယင်းမာပြောတာလဲ၊ ကျွန်တော့်ချစ်သူ ဘယ်သူမို့လို့လဲ"

ယင်းမာ သူ့ကို တအံ့တဩ ပြန်စိုက်ကြည့်ကာ ...

"ခုနကတင်တွဲနေခဲ့တာပဲ၊ ဒါလီလေ၊ ကိုဝါခေါင် ဘာလို့ပြန်မေးနေတာလဲ"

"ဟာ ... မဟုတ်ဘူး လွဲကုန်ပြီ၊ အကုန်လွဲကုန်ပြီ၊ အဲဒါ ကျွန်တော့်ကိုသိပ်ချစ်တဲ့ ညီမဝမ်းကွဲတစ်ယောက်ပါ၊ ကျွန်တော်နဲ့နှစ်ဝမ်းကွဲတော်တယ်၊ မေမေ့ရဲ့ တစ်ဝမ်းကွဲညီမကမွေးတာ၊ ငယ်ငယ်တည်းက ကျွန်တော်တို့နှစ်ယောက် ကစားဖော်ကစားဖက် ရန်ဖြစ်ဖက်တွေ၊ ဝမ်းကွဲတွေထဲမှာ

www.burmeseclassic.com



သူနဲ့ ကျွန်တော်က အနီးစပ်ဆုံး အချစ်ဆုံးမောင်နှမပါ၊ သူတို့မိသားစု စင်ကာပူပြောင်းသွားပြီးတာတောင် ကျွန်တော်တို့ အဆက်အသွယ်ရှိကြတုန်းပဲ၊ အခု သူက စင်ကာပူမှာလုပ်မယ့် သူ့မင်္ဂလာဆောင်အတွက် ထိုင်မသိမ်း လာချုပ်ရင်း ဒီမှာ တစ်ပတ်နေနေတာ၊ ဘွားအိမ်မှာတည်းတော့ ကျွန်တော်တို့ ဘယ်သွားသွား သူပါနေတာပေါ့"

ယင်းမာ အားနာပြီး သူမ၏နှုတ်ခမ်းလေး လက်ညှိုးလက်ခလယ်တို့ဖြင့် အသာဖိပိတ်သလိုလုပ်ရင်း ...

"အို ... ဆောရီး ... ဆောရီး၊ ယင်းမာ မှားသွားတယ်"

ဟု တောင်းပန်လိုက်ပါသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်လည်း သေသေချာချာပြောပြီး မိတ်ဆက်ပေးဖို့မေ့သွားတော့ ..."

"ယင်းမာကလေ ..."

"နေ ... နေ ... ယင်းမာ ဘာမှမပြောနဲ့တော့၊ ယင်းမာကိုပဲ ကျွန်တော်ပြောတော့မယ်၊ နားထောင်မလား"

ဝါခေါင်လွှန်၏နူးညံ့ရွှန်းစိုသော မျက်လုံးတွေကြောင့် ယင်းမာ ရှက်ပြုံးလေးပြုံးကာ အသံတိတ်သွားပါတော့သည်။

"ကျွန်တော့်ကို ယင်းမာရဲ့ချစ်သူအဖြစ် ရွေးချယ်နိုင်မလားဟင်၊ ချစ်သူအဖြစ် လက်ခံသင့်တဲ့သူလို့ ယင်းမာရဲ့ခေါင်းထဲမှာ ထည့်တွေးထားပေးနိုင်မလားဟင်"





စကားအဆုံးတိုင်းမှာ ဟင် ... ဟင်ဖြင့် ပေးသံပြုကာ ပူဆာသလိုမေးဟန်ကြောင့် ယင်းမာ ပြုံးစေ့စေ့ဖြစ်သွားပါသည်။

"ဘာပြုံးတာလဲ ယင်းမာ"

"လိုချင်တာကိုတောင်းဆိုနေတာ တဟင်ဟင်နဲ့ ကလေးကျနေတာပဲ၊ ပူဆာသလိုမျိုးနဲ့"

"ယင်းမာ ပြောလိုက်တာနဲ့ ရှက်တောင်ရှက်သွားပြီ ... ဟဲ ဟဲ"

"ယင်းမာ သွားတော့မယ်နော်"

"ဟာ ... အဲဒီလိုမထားခဲ့ပါနဲ့ ယင်းမာရယ်၊ တစ်ခုခုတော့ ပြန်ပြောခဲ့ပါ၊ ကျွန်တော် ဒီည အိပ်ပျော်အောင် တစ်ခုခုတော့ပြောပေးခဲ့ပါ ယင်းမာရယ်"

ယင်းမာ ကားထဲဝင်ထိုင်ကာ သော့ပေါက်ထဲ သော့ကိုထည့်၊ စက်နှိုးလိုက်ပြီးမှ ...

"ရင်ခုန်သံချင်းနီးနေခဲ့ပြီပဲ ကိုဝါခေါင်ရယ်၊ ယင်းမာ ဖြေဖို့လိုသေးလား"

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com




ရင်ခုန်သံချင်းနီးခဲ့ရင် ...

"သူတို့နှစ်ဦးကြားမှာ

ချစ်စကားချင်းမလှယ်မို့

မလိုတော့ဘဲ အလိုလို နားလည်သွားကြပြီးသား

ဖြစ်နေခဲ့တော့တယ်"



ရှင်မိုး

(ဆေးတက္ကသိုလ်)

16th December

Thursday

2010

www.burmeseclassic.com